

www.burmeseclassic.com
တက္ကသိုလ်
တင်ဖြူး
ပြန်လည်ဆုံတွေ့ကြရာဝယ်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


တက္ကသိုလ်တင်မြင့်

ပြန်လည်ဆုံတွေ့ကြရာဝယ်

၂၀၁၃ ခုနှစ်၊ မေလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃

တက္ကသိုလ်တင်မြင့်

ပြန်လည်ဆုံတွေ့ကြရာဝယ်၊ တက္ကသိုလ်တင်မြင့်၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၃


၃၀၀-စာ၊ ၅ × ၇

(၁) ပြန်လည်ဆုံတွေ့ကြရာဝယ်




# တက္ကသိုလ် တင်မြင့်

# ပြန်လည် ဆုံတွေ့ကြရာဝယ်




စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com







၁၉၇၄-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

"ဟေး ... တို့သွားကြပြီ၊ ကောင်းကောင်းနေခဲ့တော့"

အသံဗလံတွေစုံသွားတော့သည်။

ဝေဝေရဲ့စကားကြောင့် မစိုးစိုရဲ့ရင်ထဲ ဟာပြီးကျန်ရစ်၏။

တော်တော်ကံကောင်းကြတယ်။

သူတို့ကျတော့ မိန်းကလေးချင်းတွဲလို့။

မနာလိုစရာ။

ခဲတံချွန်ရင်း သူမအား နှုတ်ဆက်ပြီးထွက်သွားသော ဝေဝေ့ကိုကြည့်၍ မစိမ်းစို တွေးနေမိခြင်းပါ။

ပထမနှစ်ကျောင်းသူတွေပါ။

ပရယ်တီကယ်လုပ်ရန်အတွက် ဓာတ်ခွဲခန်းကိုဝင်ကြသောအခါ ခင်မင်ရင်းနှီးသူချင်း အတူတူထိုင်ခွင့်မရပေ။

ခုံနံပါတ်ကျရာ အစဉ်လိုက် ထိုင်ခွင့်ရပါတယ်။ ထို့ကြောင့် ခုံနံပါတ်ချင်းမနီးသော မစိမ်းစိုနှင့် ဝေဝေတို့နှစ်ဦး ဝေးကြရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝေဝေကတော့ ကိစ္စမရှိပါ။

ဝေဝေရဲ့ခုံပါတ် အထက်အောက်တွင် မိန်းကလေးတွေလေ။

မစိမ်းစိုကျတော့ သည်လိုမဟုတ်ပေ။

အို ... မစိမ်းစို ကံဆိုးလေသလား။

မစိမ်းစို စိတ်ညစ်မိသည်။ ဘာကြောင့်လဲ ဆိုတော့ မစိမ်းစိုခုံနံပါတ်နှင့်ကပ်လျက်တွေက ယောကျ်ားလေးတွေ။

တစ်ယောက်က ကိုထွန်းဦးတဲ့။

ယခုအချိန်ထိ သူတို့ ရောက်မလာကြသေး။

ဓာတ်ခွဲခန်းဆရာမတောင် ရောက်လို့လာပြီ။

ပရယ်တီကယ်သင်ခန်းစာကို မစိမ်းစိုအဖို့ တက္ကသိုလ်ရောက်မှ ပထမဦးဆုံး အတွေ့အကြုံပါ။

သည်တော့ ပုံဆွဲခဲတံကလေးတွေကို ချွန်မြနေအောင် ချွန်ထားလိုက်သည်။

ဖူးစကတ်စက္ကူ ဖြူဖြူဖွေးဖွေးကလေးနှစ်ရွက်သုံးရွက်ကိုလည်း အဆင်သင့်ဖြစ်အောင် ထုပ်ထားပြီးဖြစ်၏။

အနက်ရောင် ကျောက်သင်ပုန်း အလျားရှည်ကြီးကိုပင် ဆရာမက ဖျက်နေပြီ။

ဒါကို မစိမ်းစို ငေးမောကြည့်နေမိသည်။

"အဟမ်း ... ဟမ်း"

ချောင်းဆိုးသံလိုလို လည်ချောင်းရှင်းသံလိုလို အသံကြောင့် မစိမ်းစို အသံလာရာကို လှမ်းကြည့်လိုက်မိသည်။

ဆံပင်ဘုတ်သိုက်နှင့် ယောကျ်ားလေးတစ်ယောက်။



သူ့ကြည့်ရတာ အိပ်ရေးမဝသော မျက်လုံးအစုံနှင့် မစိမ်းစိုကို စိုက်ကြည့်နေ၏။

နှုတ်ခမ်းမွှေးရေးရေး၊ မျက်ခုံးမွှေးထူထူနှင့် တည်တည် စိုက်ကြည့်နေသည်။

အင်္ကျီကော်လာ လည်ကတုံးအဖြူရောင်နှင့် အပေါ်အင်္ကျီ ပင်နီတိုက်ပုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားလေသည်။

"ဒီမှာ ... ဒါ ခုံနံပါတ်တစ်ရာ့တစ်နေရာလား"

မစိမ်းစိုက ခုံနံပါတ်တစ်ရာ။

သည်တော့ မစိမ်းစို ခေါင်းညိတ်ပြလိုက်သည်။

ကျောက်သင်ပုန်းဆီသို့ မစိမ်းစို ပြန်ကြည့်ပြီး ဆရာမ စာရေးနေတာကို ကြည့်နေလိုက်ပြန်သည်။

ခွေးခြေကို ဟိုရွှေ့သည်ရွှေ့နဲ့ အလုပ်များနေပြီး ...

"ဟင်း"ခနဲမြည်အောင် သက်ပြင်းချ၏။

သူ၏ လွယ်အိတ်အနီရောင်လေးကို စားပွဲပေါ် ပစ်တင်လိုက်သံများကို မစိမ်းစို ကြားနေရပေသည်။

"ဒါတွေကို အရင်လိုက်ကူးကြ"

ဆရာမက ပြောလိုက်သောကြောင့် မစိမ်းစို လိုက်ကူးနေမိသည်။

မစိမ်းစိုရဲ့ဘေးနားက ကိုယ်တော်ချော ခန့်ချောကြီးကတော့ လိုက်မကူးပေ။

လွယ်အိတ်ထဲက စာအုပ်တွေ ပစ္စည်းတွေအားလုံး ထုတ်နေသည်။ စာအုပ်များကလည်း ကျောင်းစာအုပ်များမဟုတ်။

"ကဗျာစာအုပ်သေးသေးလေးတွေ"

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်လေးတွေကို ဟိုလှန်ကြည့် သည်လှန်ကြည့် လိုက်လုပ်နေတာကိုလည်း မစိမ်းစို လှည့်မကြည့်ဘဲ တစေ့တစောင်း တွေ့နေရသည်။

သူ့ကို အချိန်ပေးပြီး အကဲမခတ်နိုင်ပေ။

မစိမ်းစိုမှာကလည်း ဆရာမရေးထားသည့်စာကို အမီလိုက်၍ကူးနေရတာကိုး။

ဆရာမကလည်း ရေးလိုက်ဖျက်လိုက်နှင့်ဆိုတော့ အာရုံကို မလွှင့်ပါးဘဲ လိုက်ကူးနိုင်မှ တော်ရုံကျသည်။

မစိမ်းစိုရဲ့ လက်ရေးကလည်း ခပ်နွေးနွေးပဲ။

"ဟာ ... ဒုက္ခပါပဲဗျာ"

သူ့ရဲ့အသံကို မစိမ်းစို ကြားရပြန်သည်။

"ဒီမှာဗျ ... ဒီမှာ"

ခုံနံပါတ် တစ်ရာတစ်က ခေါ်နေပါသည်။

မစိမ်းစို လှမ်းကြည့်လိုက်၏။

"ဒီမှာ ... စိတ်မရှိပါနဲ့နော်၊ စာရွက်ပိုလေးများ ပါမလားလို့၊ တစ်ရွက်နှစ်ရွက်လောက်"

"အဲ ... ဘယ်လိုလူပါလိမ့်"

အံ့ပဲအံ့ပါရဲ့။

ပရယ်တီကယ်လာတာ သုံးဖို့လို့ စာရွက်ပါမလာဘူးတဲ့လေ။

သည်လူ ဘာများလုပ်နေသလဲ။

ကျောင်းပြေးနေလို့ မသိတာနေမှာပေါ့ဟု သက်ပြင်းကို ပြင်းပြင်းထန်ထန်ချလိုက်တယ်လေ။



"ပြန်ပေးဆပ်ပါ့မယ်ဗျာ၊ စိတ်ချပါ၊ နောက်တစ်ပတ် ပရယ်တီကယ်ကျရင် ပြန်ပေးပါ့မယ်"

သူ့ခမျာ သနားစရာပါပဲ။

တကယ်လည်း ပြန်ဆပ်မည့်ပုံပါပဲ။

ပြန်ဆပ်တာမဆပ်တာကို မစိမ်းစို စိတ်ထဲ အကြောင်းမဟုတ်ပါ။ ပြန်ပြီးမပေးဆပ်လည်း သည်စာရွက်နှစ်ရွက်နှင့်တော့ မစိမ်းစို ဘာမှ မဖြစ်ပါ။

သူ့ကို သေချာစွာ မစိမ်းစို ကြည့်မိသည်။ ကြည့်ကောင်းသည်။ ထောင်ထောင်မောင်းမောင်းရှိသည်။ ဆံပင်လေးတွေက လှိုင်းအိထနေသည်။ ဆံပင်ကို မဖြီးဘဲ ဘုတ်သိုက်ထားပေမယ့် ကြည့်လို့ကောင်းသည်။

သို့ပေမဲ့ ...

သည်လို သူနမော်နမဲ့နိုင်တာကို မစိမ်းစို မကျေမနပ်ဖြစ်နေမိသည်။

မစိမ်းစိုသည် ဖူးစကတ်စာရွက် သုံးရွက်ကို ယူ၍ လှမ်းပြီးပေးလိုက်တော့ ...

"ကျေးဇူးပါပဲဗျာ၊ ခဲတံပိုရင် တစ်ချောင်းလောက်"

အလို ...

ဟန်ကျလိုက်တာနော်။

ခဲတံလည်း ပါမလာပြန်ဘူးပေါ့။

ဒါဆို ဘယ်လိုလုပ်မှာလဲ။

သူ့အစား မစိမ်းစို စိတ်ညစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် မစိမ်းစို စာကူးပျက်လာပြီးနောက် ခဲတံဘူးဖွင့်ကာ ခဲတံတစ်ချောင်းကို မြန်မြန်ထုတ်ပေးလိုက်သည်။

"ဟာ ... ခဲတံက အကျိုးကြီးဗျ၊ ဒုက္ခပါပဲ၊ ချွန်စက်ပါ လား၊ ခဏလောက်"

ဟာ ...

လုပ်ပြန်ပြီ။

သည်လူ ခက်ပဲခက်ရချည်ရဲ့။

သည်တစ်ခါတော့ မစိမ်းစို ကျွဲမြီးတိုချင်ပြီ။

ဒါကြောင့် လွယ်အိတ်ထဲက ခဲတံချွန်စက်ကို ထုတ် ပေးပြီး မသိမသာ ဆောင့်အောင့်ပြီး ပေးလိုက်၏။

"ကျေးဇူးပဲဗျာ"

မစိမ်းစို စိတ်မရှည်တော့မှန်း ရိပ်မိပုံရလေသည်။

"ဟဲ ဟဲ ဟဲ ... စိတ်မရှိပါနဲ့ဗျာ၊ ကုသိုလ်ရပါတယ်"

မျက်နှာချိုလုပ်နေပြန်ပြီ။

မစိမ်းစို သူ့ကို ကြည့်လည်းမကြည့်တော့ပါ။ စိတ် လည်းမရှည်ချင်တော့၍ ဆရာမဆွဲပြနေသည့်ပုံတွေကိုပဲ ကြိုးကြိုး စားစား ကူးဆွဲနေမိသည်။

မစိမ်းစို ရင်ထဲမှာ မချိတင်ကဲ ကျိတ်ခံနေရပြီလေ။

ဒါကြောင့် ငိုတောင်ငိုချင်လာမိသည်။

မျက်ရည်မကျအောင် မနည်း စိတ်ကိုပင်တင်းထား ရင်း ပုံတွေကို ဖိဆွဲနေရသည်။

သို့သော် ပုံတွေက ပီပြင်ခြင်းမရှိ။ မကောင်း။

သည်တော့ မစိမ်းစို အခက်တွေ့ရတာပေါ့။



မစိမ်းစို ငယ်ငယ်ကတည်းက ပုံဆွဲတာကို ဝါသနာ မပါ။ ပုံဆွဲရမှာ အသေကြောက်သည်။

ခုတော့ မစိမ်းစို ချွေးများပြန်ချင်လာ၏။

ခဲဖျက်နှင့်ဖျက်လိုက်၊ ပြန်ဆွဲလိုက်နှင့် မစိမ်းစို စာ ရွက်များမှာ ညစ်ပတ်လာပြီ။

ဖြူဖွေးသောစာရွက်များမှာ အညိုကွက်တွေပေါ်လာ လေသည်။ မစိမ်းစို စိတ်တိုင်းမကျတော့ပေ။

မစိမ်းစိုသည် အမှတ်မထင် သူဆွဲထားသောပုံတွေ ကို လှမ်းကြည့်မိလေသည်။

အဲ ... သူ ဆွဲထားသော ပုံတွေကတော့ အမိစား အပျံစား ကြွရွလို့၊ သပ်သပ်ရပ်ရပ်နှင့် လှလှပဲ။

သူ့လိုမျိုး မစိမ်းစို ဆွဲတတ်ချင်လိုက်တာ။

သူက ပန်းချီဆရာလား၊ ဝါသနာပါလို့လား တွေးမိ ပါသည်။

မစိမ်းစို အားကျမခံ ကြိုးစားဆွဲပါသည်။ မရပါ။ သူ့လိုမဖြစ်ပေ။

မစိမ်းစိုသည် မျက်လုံးအစုံမှာ မျက်ရည်စို့ဝဲလာရပြီး ဘေးလူမမြင်ခင် လက်ကိုင်ပဝါနီနီရဲရဲလေးဖြင့် သုတ်လိုက်မိ၏။

"ဟိတ် ... ဘာပြုလို့ငိုနေတာလဲ"

သဲ့သဲ့ရှိုက်သံကြောင့်လား၊ မစိမ်းစိုကို လှမ်းကြည့်မိ လို့ပဲ လားမသိပါ။

သူမမေးလာပါသည်။

"ဘာပြုလို့ ငိုနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစို ရှက်သွားမိသည်။

ဒါကြောင့် ခေါင်းငုံ့ပြီးနေလိုက်ရသည်။ သူသည် မစိမ်းစိုဆွဲထားသောပုံများကို သူ မြင်သွားပြီထင်သည်။

“အို ... မင်းပုံမဆွဲတတ်ဘူးလား”

မစိမ်းစို ဘာမှ ပြန်မပြော။

“တို့ ကူဆွဲပေးမယ်နော်”

သူ ချော့တာလား၊ ကူညီတာလား၊ ကွဲကွဲပြားပြား မသိပါ။

မစိမ်းစို အလွတ်တစ်ရွက်မှာ နောက်ထပ်ပုံတွေ ဆွဲပြီး မစိမ်းစိုအား လှမ်းပေးလေသည်။

သူဆွဲပေးသောပုံတွေကို မစိမ်းစို ကြည့်မိပါသည်။ ပီပီပြင်ပြင် လှလှပပရှိသည်။ သပ်ရပ်သည်။ မြန်လည်းမြန်လိုက်သည့်ဖြစ်ခြင်း။

“ကဲ ... ကျေနပ်ပြီလား၊ မငိုနဲ့တော့နော်၊ ဘိုင်အိုယူရင် ပုံတွေအများကြီး ဆွဲရမှာ၊ ပုံဆွဲကျင့်ထားပေါ့”

သူ ထလာပြီး လူကိုဆရာလုပ်လိုက်သေး။ သူပြောတာကို မစိမ်းစို ခံရမှာပဲ။ ကိုယ်က ညံ့တာကိုးလေ။

“ပုံဆွဲပြီးတဲ့သူတွေ ဆရာမဆီ လာပို့ကြပါ”

ဆရာမအသံ ထွက်ပေါ်လာသည်။

သူ ခဲတံကို ပြန်ပေးပြီး ...

“စာရွက်ထိပ်မှာ ခုံနံပါတ်တပ်လိုက်ဦးလေ၊ ပြီးရင် တို့သွားပေးပေးပါ့မယ်”

မစိမ်းစို သူခိုင်းသမျှ လုပ်လိုက်သည်။



စာရွက်တွေယူပြီး သူ ဆရာမဆီ သွားပေးလိုက်သည်။ သူ သွားနေတုန်း မစိမ်းစို မျက်နှာကို လက်ကိုင်ပဝါလေးနှင့် သုတ်နေသည်။

ပရယ်တီကယ် အခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။

ဆရာမထံ စာရွက်ပို့သူတွေ သွားပို့ပေါ့။

သွားပေးသူပေး ပြန်သူပြန်နဲ့။

ဝေဝေလည်း မစိမ်းစိုရဲ့အနား ပြန်ရောက်လာလေသည်။

“ဟိတ် ... တော်တော်ကြည်သွားကြပြီလား”

မစိမ်းဆိုသည် မျက်စောင်းထိုးပြီး ဝေဝေကိုပြန်ကြည့်ရင်း နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ်၍ “ရှူး”လို့ မစိမ်းစို လုပ်လိုက်သည်။

ကြည့်လိုက်တော့ ...

ကိုယ်တော်ချော ပြန်လာနေပြီကိုး။

ဝေဝေလည်း ကိုယ်ရှိန်သတ်လိုက်၏။

သူက နေရာကိုပြန်ရောက်တော့ ကဗျာစာအုပ်တစ်အုပ်ကို လက်ထဲမှာ ကိုင်ရင်း ...

“တို့ရေးထားတဲ့ကဗျာ ပါတယ်၊ ဝယ်ပါဦး”

မစိမ်းစို ဝေဝေကို ကြည့်လိုက်မိသည်။

ဝေဝေကတော့ ယောင်ယောင်မှားမှားနှင့် သူ့ရဲ့ကဗျာစာအုပ်ကို လှမ်းယူလိုက်မိ၏။

“အားပေးပါနော်”

www.burmeseclassic.com

www.burmeseclassic.com



ခွတ်ပဲ သူ အတင်းထိုးပြီး ရောင်းနေသည်။

ဝေဝေ ကဗျာစာအုပ်တစ်အုပ်ကို လှမ်းပြီးယူရုံတင် မက လှန်လှော၍ပင် ကြည့်နေလိုက်သေး။

မစိမ်းစိုသည် ဝေဝေရဲ့လုပ်ပုံတွေကိုကြည့်၍ စိတ်တိုနေမိသည်။

"ဒီကလည်း ကဗျာဝါသနာပါပုံရတယ်၊ တစ်အုပ်သပ်သပ် ဝယ်ပေါ့နော်"

မစိမ်းစိုအတွက် နောက်ထပ်တစ်အုပ် ထပ်ပေးနေပြန်သည်။

"လက်ဆောင်မပေးဘူးလား၊ အတန်းသားချင်းတွေပဲဟာ"

ဝေဝေ တစ်ယောက်တော့ ခက်ပြီ။ ဘုန်းကြီးရှူးနှင့် လှေလှူး တွေ့နေကြရောပေါ့။

"ဟင့်အင်း ... လက်ဆောင်တော့ မပေးပါရစေနဲ့ဗျာ။ ကျုပ် နာရီမပတ်နိုင်တာကိုသာ ကြည့်တော့"

သူ့လက်မှာ အမှန်တကယ် လက်ပတ်နာရီမရှိပါ။

ဝေဝေက မျက်စပစ်ပြသည်။

ဝယ်ရကောင်းမလား၊ မဝယ်ရကောင်းမလား အဖော်ညှိသည့် သဘောပင်။

မစိမ်းစို လက်ပွေ့အိတ် အနီရဲရဲလေးကိုဖွင့်ပြီး ပိုက်ဆံထုတ်ပေးလိုက်သည်။

"ကျေးဇူးပဲဗျာ"

ပြောပြောဆိုဆို လွယ်အိတ်ကြီးလွယ်ပြီး ထွက်သွားသည်။



တစ်လှမ်း နှစ်လှမ်းပဲ ရောက်ဦးမည်။ သူ ပြန်လှည့်လာပြန်ပေသည်။

"တို့ကို ကူညီပါဦး"

မစိမ်းစိုကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြောသည်။ မစိမ်းစိုကလည်း လွယ်အိတ်ထဲ စာအုပ်တွေထည့်ရင်း သူ့ကိုမော့ကြည့်လျက်သား ဖြစ်မိသွားသည်။

"တို့ ကလပ်မတက်နိုင်တဲ့အခါတို့၊ ရိုးရှိ(တ်)နေရာမှာ တို့နာမည် ထိုးပေးပါဦး"

"အို ... နာမည်ပြောဦးမှပေါ့"

ဝေဝေ လျှာရှည်လိုက်တာပင်။

"ထွန်းဦးတဲ့၊ ဦးလို့ တစ်လုံးတည်း ထိုးပေးရင် ရပါတယ်"

မစိမ်းစိုလည်း ခေါင်းညိတ်ပြမိသလားပဲ။

သူပြောတာကို မစိမ်းစို ဘာပဲဖြစ်ဖြစ် လုပ်ပေးမှာပဲလို့များ သူ ထင်နေသလား သိ။

သူ ပြောဆိုပြီး ချက်ချင်း ပြန်လှည့်ထွက်သွားပြန်သည်။ မစိမ်းစို သက်ပြင်းချမိသည်။

"ဟိ ... ဟိ ... မစိမ်းစိုတော့ သိန်းထီမထိုးဘဲ ထီပေါက်နေပြီ၊ ဘာတဲ့ ... နာမည်က ထွန်းဦး၊ အဲ ... ထွန်းဦးတဲ့၊ ဦးလို့ထိုးရင် ရပါတယ်တဲ့၊ ဟား ... ဟား"

အရေးထဲမှာ ဝေဝေကဝင်ပြီး ဟားနေပြန်ပြီ။

"စိတ်ညစ်ရတဲ့အထဲ ဝေဝေရယ်။ လာစမ်းပါဦး၊ ... တော်ကြာ ကားထဲမှာ စောင့်နေရတဲ့ အဖေကြီး ဒေါသပွ နေမှ အခက်နော်"

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစို ခြေလေးဆောင့်၍ ထွက်ပြေးရင်း ပြောသွားသည်ကို ဝေဝေ တစ်ယောက် ကြည့်ပြီး တခစ်ခစ် ရယ်မောကျန်ရစ်လေသည်။

❄ ❄ ❄



## အခန်း(၂)

စိတ်တိုပြီး ဒေါပွနေမည်ထင်သော ဖေကြီး စိတ်မတိုပါ။ ခါတိုင်းနေ့တွေထက်တောင် ဖခင်ကြီးသည် ပြုံးရွှင်လန်းဆန်းပြီး ကြည်ကြည်လင်လင်နှင့် ပျော်ရွှင်နေသည်။

ကားအနီးနားထိ လိုက်ပို့ပေးသော ဝေဝေကိုပင် လိုက်ခဲ့ပါလားလို့ ခေါ်နေသေး၏။

ဝေဝေက ကျောင်းဖယ်ရီကားနှင့် ပြန်မည်ပြောသဖြင့် ဖေဖေကြီး သူ့ကားကို စက်နှိုးထွက်ခဲ့သည်။

ခါတိုင်းဆိုရင် ကားမှာစောင့်ရတာ ကြာခဲ့လျှင် မျက်နှာသုန်မှုန်ပြီး ဆူပူကြိမ်းမောင်းလေသည်။ ကားပေါ်တွင် အကြာကြီး ထိုင်စောင့်ရသည့် အလုပ်ကို ဖေဖေ ဝါသနာမပါ။ စိတ်လည်းတိုလေသည်။

သည်ကနေ့တော့ ဆယ့်ငါးမိနစ်လောက်ထိ စောင့်ရတာတောင် ဖေဖေ စိတ်မဆိုးပေ။ မျက်နှာလည်း မဆို။ ရွှင်မြူးပြီး နေလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး မစိမ်းစို၊ ဖေဖေ ဘာပြုလို့ ပျော်နေတယ်ဆိုတာ သိရဲ့လား"

ဖေဖေ့စကားကြောင့် ကားမောင်းနှင်နေသော ဖေဖေ့ကို အံ့အားသင့်စွာ လှမ်းပြီးကြည့်လိုက်မိပါသည်။

"မသိပါဘူး ဖေဖေ"

ဟုတ်တယ်လေ၊ ဒါဟာ အမှန်အတိုင်း မစိမ်းစို ပြောလိုက်တာပါ။

ဖေဖေ့မှာ ဘာတွေ ပျော်ရွှင်စရာရှိတယ် ဆိုတာ မစိမ်းစို တိတိကျကျ ဘယ်သိနိုင်ပါ့မလဲ။

"အဲ ... မေမေတော့ သိမှာပေါ့။ ဖေဖေက စိတ်ညစ်စရာ မတွေးဘူး၊ ပျော်ပျော်နေတတ်တာ"

ကျောင်းအားနေ့များ မစိမ်းစို သူငယ်ချင်းတွေအိမ်ကို အလည်လာကြပြီး စုစုဝေးဝေးနှင့် စားကြသောက်ကြလျှင် ဖေဖေ့မှာ ပျော်လို့ပဲ။

"ဖေဖေ ပင်စင်ယူခွင့် ရုံးမှာကျလာပြီလေ"

သည်ကိစ္စတွေကိုတော့ မစိမ်းစို မျှော်လင့်ထားခြင်း မရှိပါ။ ဖေဖေကတော့ အလုပ်ခွင်မှ အနားယူခွင့်ရတာကို များစွာဝမ်းသာပျော်ရွှင်တယ်တဲ့။

မစိမ်းစို နားမလည်။

"ဖေဖေ ပင်စင်ရပြီဆိုတော့ နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်ဖို့ နီးလာပြီပေါ့ သမီးရယ်"

သည်ကိစ္စကို မစိမ်းစို သိတာ ကြာခဲ့ပြီ။



ဖေဖေရဲ့အမျိုးတွေ နိုင်ငံခြားမှာရှိသည်။ အစ်ကိုတစ်ယောက် ကနေဒါမှာ ရောက်နေပါသည်။ ဆရာဝန်ပါ။

ဘွဲ့လွန်သင်တန်းသွားရင်းက ပြန်မလာတော့ခြင်းပင်။ ဟိုမှာပဲ အလုပ်လုပ်ပြီး နေပါသည်။

ဖေဖေ့ရဲ့ညီမတစ်ယောက် အန်တီစုငယ် ကတော့ အင်္ဂလန်မှာလေ။

သူက အင်္ဂလိပ်လူမျိုးတစ်ယောက်နှင့် အိမ်ထောင်ကျပြီး သျှောင်နောက် ဆံထုံးပါပေါ့လေ။

ဖေဖေကတော့ အင်ဂျင်နီယာတစ်ဦးပါ။

အစိုးရဌာနတစ်ခုမှာ အလုပ်လုပ်ပါသည်။

မစိမ်းစို အသက်မကက ရှိနေပြီလေ။

"ဖေဖေ တိုင်းပြည်တာဝန်ကို အနှစ်သုံးဆယ်တိတိ ထမ်းဆောင်ခဲ့ပြီးပြီ သမီးရယ်။ တိုင်းပြည်ကို ကိုယ်တတ်တဲ့ပညာနဲ့ ထိထိရောက်ရောက် အကျိုးပြုပြီးပြီပေါ့လေ၊ အဲဒါကြောင့် ဖေဖေရဲ့အမျိုးတွေဆီ တစ်လှည့်သွားမယ်၊ ဟိုမှာ အလုပ်လုပ်မယ်၊ တွေးပြီး ဖေဖေ ပျော်နေတာကွယ့်"

ရှင်းသွားပါပြီ။

ဖေဖေ ဘာကြောင့် ပျော်နေသည်ကို မစိမ်းစို ရှင်းသွားရပါပြီ။

တစ်ခါတုန်းက ဖေဖေ ပြောခဲ့ဖူးသော စကားလေးတစ်ခွန်းကို မစိမ်းစို သတိရမိပါသည်။

"ဖေဖေတို့ကို နိုင်ငံခြားသားတွေက သိပ်အထင်သေးကြတာ၊ ဒါကို ဖေဖေ မခံနိုင်ဘူး၊ ဖေဖေ့အစ်ကိုဝင်းသိန်းဆို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တော်သလဲ၊ အခု ကနေဒါဆေးရုံမှာ ဆေးရုံအုပ် လုပ်ကိုင်နေတယ်၊ အားလုံးကို ကျော်တက်သွားတာပဲ၊ သူတို့ ဘာတတ်နိုင်သေးလဲ၊ ဖေဖေလည်း ကိုဝင်းသိန်းလို လူတော်လူကောင်း လုပ်ပြမယ် သမီး၊ တစ်နေ့နေ့မှာ ဖေဖေ အစွမ်းပြခွင့် ကြုံရမှာပေါ့ကွယ်”

ဖေဖေ့ရဲ့ ရည်မှန်းချက်က ကြီးမားလှသည်။

ရည်မှန်းချက် ကြီးမားသလို မဖြစ်မနေလည်း ကြိုးစားတတ်တာဆိုတာ မစိမ်းစို သိပါ၏။

အခုတော့ ဖေဖေ့ရည်မှန်းချက်တွေ ပြည့်လုနီးပြီဆိုပါတော့။

“ဖေဖေ အရင်သွားနှင့်မယ်၊ ဟိုမှာ အလုပ်အကိုင် အတည်တကျ ဖြစ်တဲ့အခါကျရင် သမီးနဲ့ သမီးမာမီကို ပြန်လာခေါ်မယ်၊ မာမီရဲ့သဘောထားနဲ့ဆန္ဒ ဘယ်လိုရှိမယ်မသိဘူးနော် သမီး”

“အင်း”

ဟုတ်ပါသည်။

မာမီရဲ့ဆန္ဒ သဘောထား ဘယ်လိုရှိမလဲဆိုတာ မသိနိုင်ပါ။ မခန့်မှန်းနိုင်ပါ။

“ဟွန်း”

မစိမ်းစို တစ်ယောက်တည်း ပြောနေသည်။

ဘဝကုသိုလ်ကံ အကြောင်းပါပဲလေ။

ဖြစ်ဖို့ကံကိုက ပါလာတော့ ကြုံဖန်ပြီး ဖြစ်လာရတယ်လို့ ပြောရလိုပါပဲ။



မေမေက ဖေဖေ့လို မဟုတ်ပါ။

အစစအရာရာမှာ ရောင့်ရဲတိမ်းတိမ်နိုင်စွမ်း ရှိသည်။ သည်းခံတတ်သည်။ စိတ်ထားကြီးပြီး မြန်မာဆန်ဆန် နေတတ်သည်။ ရှေးရိုးအစဉ်အလာတွေကို ယုံကြည်သည်။ မြတ်နိုးသည်။

မြတ်နိုးရုံတင်မက ခင်တွယ်မှု ရာနှုန်းပြည့်ရှိ၏။ တကယ်တော့ မေမေက မြန်မာအမျိုးသမီးပီသစွာ ဝတ်စားဆင်ယင်နေထိုင်သည်။

ဆံပင်ကို နောက်လှန်ဖြီးပြီး ဆံထုံးလေးနှင့် အင်္ကျီလက်ရှည် ရင်ဖုံးလေးဝတ်ကာ ချိတ်လုံချည်လေးကို ဝတ်လေ့ရှိသည်။

မေမေကြိုက်နှစ်သက်တဲ့ အဝတ်အစား အရောင်ကတော့ အနီရောင်ပါပဲ။ သူချစ်မြတ်နိုးတဲ့ အနီရောင်ကို အလွန်တရာ အသုံးချတယ်။

ဖေဖေကတော့ ဗိုလ်ဆန်မလားလို့ ဆိုရမလားပဲ။

ဖေဖေက မေမေ့ကို အလွန်တရာ မြတ်နိုးတယ်။ အားကိုးတယ်၊ ချစ်လည်း ချစ်ပါတယ်။

ဒါပေမဲ့ ...

မေမေက ရိုးရိုးသားသား ဝတ်စားဆင်ယင်နေတော့ ဖေဖေက ခေတ်မမီဘူးလို့ ပြောသည်။

ဒါကိုလည်း မေမေက ဂရုမစိုက်ပါ။

သူ့ရဲ့ခံယူချက်မှုကို တစ်ပြားမှမလျှော့။ ခြံဝင်းထဲတွင် ပန်းပင်စိုက်တယ်။ သီးပင်စိုက်တယ်။ ဒါနဲ့ပဲ သူ ပျော်နေတယ်။ ပန်းတွေပွင့်ရင် ဘုရားတင်တယ်၊ အိမ်နီးနားချင်းပေးတယ်၊ မိတ်ဆွေသင်္ဂဟတို့ကို ပေးရတာ အမောပဲ။

www.burmeseclassic.com

www.burmeseclassic.com



စားပင်တွေက မာလကာသီး၊ သရက်သီး၊ ဒန့်ဒလွန်သီးတွေ သီးရင်လည်း ဒီလိုပါပဲ။

အားရပါးရ လျှူတယ်၊ ဝေပေးတယ်၊ မေမေ့မှာ ပီတိဖြာနေတတ်သည်။

မေမေက အိမ်လည်ခြင်း မရှိဘူး။

အားရင် အိမ်မှုကိစ္စတွေကိုပဲ ရှာလုပ်တယ်။

မေမေ့ရဲ့စရိုက် တည်တည်ငြိမ်ငြိမ် အေးဆေးလွန်းပါသည်။ စကားလည်း သိပ်မပြောတတ်။ လိုတာပဲပြောပြီး နေတတ်သည်။

မေမေ့ရဲ့စိတ်နေသဘောထားကိုသိသော ဖေဖေဟာ သူနဲ့အတူ သူ့နောက်ကို မေမေ လိုက်ပါ့မလားဆိုသည့် ကိစ္စကို စဉ်းစားနေသည်။

ဒါပေမဲ့ အပြတ်ပြောလို့တော့ မရ။

မေမေက ဖေဖေ့ကို သိပ်ချစ်သည်။ ဖေဖေရဲ့အလိုကို လိုက်စမြဲ။

ဖေဖေ ဘာလုပ်လုပ် မေမေ့ထံမှ ကန့်ကွက်သည့်စကား မကြားရ။ အမြဲတမ်း ပြုံးရွှင်လိုက်လျောတာများ၏။

ဖေဖေ့ရဲ့သူငယ်ချင်းတွေလာပြီး နှိပ်စက်ကြလည်း မေမေ သည်းခံနိုင်တယ်။

"သမီးရယ် ... သူ့မှာ ဒီအပေါင်းအသင်းတွေပဲ ရှိတာ၊ ဆွေမျိုးတွေ အားလုံးကလည်း နိုင်ငံခြားရောက်ကုန်ကြပြီ မဟုတ်လား၊ သူ ပျော်သလို နေပါစေကွယ်၊ သူစိတ်ချမ်းသာပြီး ပျော်နေရင် 'မေမေ ကျေနပ်ပါတယ်"



"ကဲ ... ကြည့်စမ်း"

စိတ်ထားကောင်းလိုက်တာ။

သည်စကားကို မေမေ တစ်ခါတုန်းက မစိမ်းစိုကို ပြောဖူး၏။

ဒါကိုကြည့်မည်ဆိုလျှင် မေမေ ဖေဖေ့ကို ဘယ်လောက်ထိ ချစ်သည်ဆိုတာ အထင်အရှား။

သည်တော့ မေမေ ဖေဖေခေါ်တဲ့နောက်ကို လိုက်ချင်လည်း လိုက်နိုင်ပါသည်။

ဆင်ပြောင်ကြီးသွားရာနောက် ဆင်မယဉ်သာလိုက်ပါရစမြဲပါ။

သူတို့က ချစ်ကြတာကိုး။

အဲ ... မေမေ မလိုက်ဘူး ဆိုခဲ့ရင် မစိမ်းစိုလည်း မလိုက်နိုင်ဘူး၊ မေမေနှင့်ပဲ နေခဲ့မယ်ဟု ဆုံးဖြတ်မိသည်။ မေမေ လိုက်မယ်ဆိုရင် မစိမ်းစိုလည်း လိုက်သွားမယ်။

"မစိမ်းစို"

"ရှင်"

ဖေဖေ ကားမောင်းရှင်းမှ ခေါ်လိုက်သဖြင့် မစိမ်းစို ကပျာကယာ အတွေးတွေဖြတ်ကာ ထူးလိုက်ရပါသည်။

"သမီးရော ဖေဖေနဲ့ လိုက်မယ် မဟုတ်လား"

"မေမေလိုက်ရင် သမီးလိုက်ပါ့မယ်"

"ဒါဖြင့် မေမေမလိုက်ရင် သမီး မလိုက်ဘူးပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစို တွေဝေသွားသည်။

မစိမ်းစို ဖေဖေ့ကို ချစ်ပါတယ်၊ ချစ်တာမှ သိပ်ချစ်။

ဖေဖေကလည်း သမီးမစိမ်းစိုကို ချစ်တယ်၊ မစိမ်းစိုကို ဖေဖေဟာ ဘယ်သွားသွား ခေါ်ခေါ်သွားတတ်ပါသည်။

ဖေဖေက အားတဲ့နေ့ဆိုရင် ဈေးဝယ်သွားလေ့ရှိတယ်။ သူကြိုက်တဲ့ အစားအစာတွေဝယ်ပြီး အိမ်မှာချက်ပြုတ်စားသောက်လေ့ရှိတယ်။

မေမေကတော့ မီးဖိုထဲမှာ မျိုးစုံချက်ပြုတ်တာ ဝါသနာပါတယ်၊ မငြီးငြင်ဘူး။

ဖေဖေက အစားအသောက် သောင်းကျန်းတယ်။ ကောင်းပေ့ ညွှန့်ပေ့ဆိုသည့် နေရာမျိုးက အစားအစာတွေကို ဝယ်စားတယ်။

ဖေဖေက ခရစ်ယာန်ဘာသာ ကိုးကွယ်တယ်။

မေမေက ဗုဒ္ဓဘာသာ ကိုးကွယ်တယ်။

ဘာသာမတူသူနှစ်ယောက် ပေါင်းဖက်နေကြတာလေ။

မစိမ်းစိုကတော့ ချစ်တဲ့မေမေရဲ့ဘာသာ ဗုဒ္ဓဘာသာကိုပဲ ကိုးကွယ်တယ်။

ဒါပေမဲ့ ဖေဖေရဲ့ ဘာသာရေးပွဲတော်တွေကျရင်လည်း မစိမ်းစို ပါဝင်ဆင်နွှဲတတ်ပါတယ်။

ခရစ္စမတ်တို့။

နှစ်သစ်ကူးပွဲတော်တို့ပေါ့။



အဲဒီတော့ ငယ်ငယ်လေးတည်းက မစိမ်းစိုကို ဖေဖေက သိပ်ချစ်တယ်၊ တစ်ဦးတည်းသော သမီးလေးမို့ အချစ်တွေ စုပုံထားရှာလေရော့သလားပဲ။

"ဟိတ် ... ဘာတွေစဉ်းစားနေသလဲ သမီး၊ ဖေဖေမေးနေတာ ဘာဖြစ်လို့ မဖြေတာလဲ"

မစိမ်းစို မလိုက်ချင်ဘူးလို့ ဖြေလိုက်ရင် ဖေဖေ စိတ်ထိခိုက်သွားမှာပဲလို့ တွေးမိသည်။

ဘယ်လိုဖြေရမယ်ဆိုတာ မစိမ်းစို စဉ်းစားလို့မရတော့ဘူး။

"ရှင်းရှင်းပဲလေ"

ဖေဖေ စိတ်မကောင်းဖြစ်မယ့် စကားမျိုးကိုတော့ မစိမ်းစို မပြောရက်ပါဘူး။

"မသိသေးပါဘူး ဖေဖေရယ်၊ မစိမ်းစို မဆုံးဖြတ်တတ်သေးဘူး"

ဖေဖေ စိတ်သက်သာရာရသွားအောင် ပါးစပ်ထဲမှာရှိသည့် စကားလုံးများကို အဆီအငေါ်သင့်အောင် စဉ်းစားပြီး ပြောလိုက်ရပါသည်။

"ဖေဖေကျေနပ်လိမ့်မယ် ထင်ပါရဲ့"

ဖေဖေ ဘာမှဆက်ပြီး မပြောတော့ဘဲ ခြံထဲကိုကားချိုးကွေ့ဝင်လိုက်သည်။

ထုံးစံအတိုင်း မေမေကတော့ ခြံထဲမှာပဲပေါ့။

ခါတိုင်းလို သစ်ခွပန်းမျိုးစုံကို ပြုပြင်လုပ်ကိုင်နေတာတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို တွေ့လိုက်တော့ မစိမ်းစိုစိတ်ထဲ စိုးရိမ်သွားမိတယ်။

ဖေဖေက မစိမ်းစိုကို ပြောသလို ရုတ်တရက်ကြီး မမေ့ကို ပြောချလိုက်ရင် ဒုက္ခပါပဲ။ မမေကတော့ မစိမ်းစိုကို စိတ်မကောင်း ဖြစ်သွားမှာလား။

ဒါမှမဟုတ် ...

မစိမ်းစို တွေးမိသလို ဖေဖေမလုပ်ဘူး။ သူ့မိန်းမ အကြောင်း သူသိလို့ ထင်ပါရဲ့။ ဖေဖေကလေ ...

"မိန်းမရေ ... ကိုယ်တော့ ပင်စင်ကျပြီကွ၊ အဲဒါကြောင့် အထိမ်းအမှတ်ပွဲကလေးတစ်ခု လုပ်ရအောင်"

"ဒါပေါ့ ... ဒါပေါ့ လုပ်တာပေါ့"

မမေက ပြုံးရွှင်စွာ ပြောသည်။

သိပ်ပြီး ပျော်သည့်အမူအရာမပြ။

မစိုးစိုလို အလကားနေရင်း စိုးရိမ်ပူပင်သောက ပွားနေသည့်ပုံလည်းမရှိ။ နဂိုအခြေအတိုင်း ...

တည်တည်ငြိမ်ငြိမ်။

ဒါပေမဲ့ ...

မကြာခင် ဖေဖေပြောလာမည့်စကားတွေကို မမေ ကြားရင် မစိမ်းစိုထက်ပိုပြီး ဆိုးဆိုးဝါးဝါး ဖြစ်သွားမှာကိုတော့ မစိမ်းစို ရင်လေးသည်။

❄ ✳ ❄



## အခန်း(၃)

"နင် ထိုးလိုက်လေ"

ဝေဝေ့စကားကြောင့် မစိမ်းစို ကြောင်သွားသည်။ အဓိပ္ပာယ်မရှိ ဘာကြောင်နေတာလဲဆိုသည့် အကြည့်မျိုးနှင့်လည်း မစိမ်းစို ဝေဝေကို ပြန်ကြည့်လိုက်၏။

ဝေဝေကတော့ ရှီး(လ်)ရှီ(တ်)ကြီးကိုကိုင်၍ ခေါင်းက ဟိုကြည့်သည်ကြည့်နှင့် ဂနာမငြိမ်ပေ။

တစ်စုံတစ်ယောက်ကို ရှာနေသည့်ပုံ။

"ဦးဆိုပြီး ထိုးလိုက်လေဟယ် ... နင်ကလည်း၊ သူလာတာ ငါ မတွေ့ဘူး"

အခုမှ မစိမ်းစို သိတော့သည်။

လက်စသတ်တော့ ဝေက ကိုထွန်းဦးကို ရှာနေတာကိုး။

ပရယ်တီကယ်နေ့က ထွန်းဦး ပြောခဲ့တဲ့စကားကို ဝေဝေက အမှတ်တရ ဖြစ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင်နေတာလဲ မစိမ်းစို၊ တော်ကြာ သူ့ခမျာနာသွားပါဦးမယ်၊ လက်မှတ်ထိုးထားပေးလိုက်ပါ"

"ဒီလောက်တောင် ဖြစ်နေရင် နင်ပဲ ထိုးပေးလိုက်ပါလား ဟင်"

စိတ်ပေါက်ပေါက်နှင့် မစိမ်းစို ပြောလိုက်သည်။

မစိမ်းစိုရဲ့စကားသံ ဒေါသပါသွားသလားမသိ။

ဝေဝေ လျှာလေးတစ်လစ် ဖြစ်သွားရှာသည်။

ပခုံးကလေးလည်း တွန့်ပြလိုက်၏။

"အို ... သူက ငါ့ကိုထိုးခိုင်းတာမှ မဟုတ်တာ၊ နင့်ကို ထိုးခိုင်းထားတာ၊ နင်ထိုးရမှာပေါ့၊ ငါက အနေသာကြီးပဲ၊ နင့်ကို သူ စိတ်ဆိုးမှာစိုးလို့ ငါက ကြားတည်းကဝင်ပြီး သတိပေးတာပေါ့"

"ဆိုးဆိုးပေါ့ဟာ၊ သူဆိုးလည်း ငါက ဂရုမစိုက်ပါဘူး၊ ဒီလောက်တောင် နင် ဖြစ်နေစရာ မလိုပါဘူး"

မစိမ်းစိုကတော့ ခေါင်းမာဆဲ။

ဝေဝေကလည်း အလျှော့မပေးသေး။ ရီး(လ်)ရှိ(တ်) စာရွက်ကို လက်ဆင့်မကမ်းသေးဘဲ လက်မှာကိုင်ထားရင်းက ...

"နင့်ကို သူ ကူညီထားတယ်မို့လား"

"အို ... ဘာကူညီဟာလဲ၊ ရှုပ်ရှုပ်ယှက်ယှက် လာမပြောနဲ့"

"အောင်မယ် ... အောင်မယ်၊ ဟို ပရယ်တီကယ်နေ့ကလေ၊ နင် ပုံမဆွဲတတ်လို့ သူ ပုံကူဆွဲပေးခဲ့တယ် မဟုတ်လား၊ နင် မေ့သွားပြီလား၊ ကျေးဇူးရှင်ကို ကျေးမစွပ်ပါနဲ့၊ ကိုယ့်ကို သူက ..."



ဝေဝေက သည်လိုအကျပ်ကိုင်လိုက်သည်။

ဝေဝေပြောတာလည်း ဟုတ်နေသည်။

လောလောဆယ်တော့ ထွန်းဦးဟာ မစိမ်းစိုရဲ့ကူညီထားတဲ့ ကျေးဇူးရှင်။

ပရယ်တီကယ်နေ့က ဖြစ်ခဲ့တဲ့ အကြောင်းရင်းတွေပေါ့ကိုပြောလိုက်မိခြင်းကတော့ မစိမ်းစိုရဲ့အမှား။

မစိမ်းစိုလို လူယုံသတ်ပြီလား။

"ဟိတ် ... မပြီးသေးဘူးလား၊ ရီး(လ်)ရှိ(တ်)ကြီးကို ကိုင်ပြီး ဘာလုပ်နေကြတာလဲ"

နောက်တန်းမှာ ထိုင်နေကြသော အေးအေးတို့ အုပ်စုကလည်း တစ်မျောင့်။

ရီး(လ်)ရှိ(တ်)ကို စောင့်နေတာကြာပြီ။

"ကဲ ... မြန်မြန်လုပ်ပေးလိုက်၊ ဟိုမှာ တောင်းကုန်ကြပြီ၊ ကဲပါ ... ထိုး ... ထိုး၊ မြန်မြန်ထိုးပေးလိုက်"

ဝေဝေကလည်း လောပြီ။

မစိမ်းစိုနှင့် ဝေဝေထံမှ ရီး(လ်)ရှိ(တ်)ကို ယူလိုက်ပြီး ခုံအမှတ်တစ်ရာ့တစ်အတွက် ဦးလို့ တစ်လုံးတည်း ထိုးပေးလိုက်သည်။

မစိုးစို ရီး(လ်)ရှိ(တ်)ကို နောက်တန်းရှိ အေးအေးတို့အုပ်စုကိုပေးရန် အကဲခတ်လိုက်၏။

အေးအေးတို့ အုပ်စုများ သိသွားကြလေသလားလို့လေ။

www.burmeseclassic.com

www.burmeseclassic.com



အေးအေးတို့အုပ်စုက မစိမ်းစို လှုပ်ရှားတာကို သိပုံမရပါ။

“စောလိုက်တာနော်”

အေးအေးက သည်လောက်ပဲပြောသည်။

“တော်ပြီ ... ဒီတစ်ခေါက် ငါထိုးပေးမယ်၊ နောက်မထိုးပေးဘူး”

မစိမ်းစိုက ပြောလိုက်ခြင်းပေ။

“အို ... ဘယ်ရမလဲ”

“သူ အတန်းမတက်ရင် နင် အမြဲတမ်းထိုးပေးနေရမှာပဲ၊ ကူညီမယ်ဆိုရင်လည်း ရေဆုံးရေဖျား ကူညီပေးရမယ်ဟဲ့”

ဝေဝေက ဆရာ လုပ်နေပြန်သည်။

“သူက ငါ့ကို တစ်ခါပဲ ကူညီဖူးတာပဲ”

“ဘယ်ပြောနိုင်ပါ့မလဲ၊ နောက်တစ်ခါ ပရယ်တီကယ်ဝင်ရင် နင့်မှာ အခက်အခဲ ရှိတော့လည်း သူ ကူညီဦးမှာပေါ့ဟာ”

မစိမ်းစို ငြိမ်ပြီးငိုင်သွား၏။

ဝေဝေရဲ့စကားက မှန်နိုင်တာကိုး။ မစိမ်းစိုကလည်း ပုံဆွဲရမှာ ညံ့ညံ့ရယ်။

အခု အိမ်ရောက်တော့ အိမ်မှာ ကျင့်တော့ကျင့်ဆွဲနေတာပါပဲ။ ဒါပေမဲ့ သိပ်မစွံချင်သေးဘူး။

ထွန်းဦးကို အကူအညီ တောင်းရမှာတော့ အသေအချာရယ်။



“ဘယ်လိုလဲ ... နောက်အပတ် နင်ပဲလက်မှတ်ထိုးမယ် မဟုတ်လား”

“ဝေဝေ တစ်ယောက် ဘယ်လိုဖြစ်နေမှန်းမသိ၊ ထွန်းဦးကိုယ်စား လိုက်ပြီး အကျပ်ကိုင်နေတော့တာပဲ”

“သြော် ... ဟုတ်ကဲ့”

“နောင်ခါလာ နောင်ခါရေးပေါ့ဟာ”

မစိမ်းစိုက ခပ်ပြတ်ပြတ်ပြောပြီး ဆရာမစာသင်နေသည်ကို အာရုံစိုက် နားထောင်နေသည်။

မစိမ်းစိုက ခပ်တည်တည် နေလိုက်တော့ ဝေဝေလည်း စကားဆက်ပြီး မပြောရဲပေ။

ငြိမ်သွားပြီ။

ဘာမှမတတ်နိုင်။

မစိမ်းစိုကနေ ဝေဝေကို စိတ်တိုလိုက်တာ အရမ်းပဲ။ စိတ်လည်း စိတ်ညစ်တယ်။ မပြောချင်ဘူး တကယ်ပဲ”

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သွားပါပြီ"

မစိမ်းစို ပါးစပ်က လွှတ်ခနဲ ထွက်လာ၏။

"စိတ်ညစ်လိုက်တာဟယ်၊ အရေးထဲမှာ ဖိနပ်ကပြတ်သွားပြန်ပြီ"

မစိမ်းစိုသည် အမြဲတမ်း အင်္ဂလိပ်စာအချိန်ပြီးတိုင်း အတန်းကထွက်ပြီး မုန့်စားဆင်းချိန် ရောက်သည်။

အင်္ဂလိပ်စာအချိန်နှင့် မြန်မာစာတစ်ချိန်ကို ပင်မ ဝိဇ္ဇာစာသင်ဆောင်ဘက်ဆီသို့ သွားတက်ရသည်။

ဒါကြောင့် မုန့်စားဆင်းချိန်ဆို မစိမ်းစိုတို့ အဓိပတိလမ်းကို ပြန်ဖြတ်ပြီး သိပ္ပံဆောင် အယ်လ်စီအာကို ပြန်ကြလေ့ရှိသည်။

ဝိဇ္ဇာစာသင်ဆောင်ထွက်ပေါက် တရုတ်စံကားပင်ခြေရင်းအရောက်၌ မစိမ်းစို ဖိနပ်ပြတ်သွားခြင်းပါ။

ဝေဝေကတော့ လွယ်အိတ်ထဲနှိုက်ပြီး ဟိုရှာသည်ရှာလုပ်နေ၏။

မစိမ်းစိုမှာတော့ မုန့်စားဆင်း ကျောင်းသူကျောင်းသားတွေ အသွားအလာများချိန် သူ့မှာ ဖိနပ်နီရဲရဲလေး ပြတ်နေတာမို့ အရှက်ကြီးရှက်ပြီး ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ။



ကြောင်တက်တက်နှင့်။

"ခါတိုင်းဆို ငါ့မှာ ချိတ်အမြဲပါတယ်ဟ၊ ကနေ့မှ ပိုက်ဆံအိတ်လဲပြီး ကိုင်ခဲ့လို့ ပါမလာဘူး၊ ကဲ ... မစိမ်းစို အခုမှ ရှက်မနေနဲ့တော့၊ နင့်လွယ်အိတ်ထဲကိုလည်း ပြန်ရှာကြည့်ဦးလေ"

"အေး ... အေး"

သည်တော့မှ မစိမ်းစို သူ့လွယ်အိတ်ထဲကိုနှိုက်။ ခဲတံဘူးကိုထုတ်ဖွင့်ပြီး ကြည့်မိသည်။

"ဟင့်အင်း ... ငါလည်း မပါဘူး"

"ပင်အပ်ကလေးတောင် မပါဘူးလားဟာ"

မစိမ်းစို ခေါင်းခါပြလိုက်၏။

မစိမ်းစိုထက် ဝေဝေက အသေးစိတ် ပူပင်တတ်သည်။

ဝေဝေ သူခေါင်းကိုကုတ်ရင်း ဟိုကြည့်လိုက် သည်ကြည့်လိုက် နေပြန်၏။

"သေချင်တာပါပဲဟယ်"

မစိမ်းစို ထပ်မငြီးလိုက်၏။

"ငါလည်း သေချင်တာပါပဲဟာ၊ ဟော ... ဟော ... ဟိုမှာ ဟိုမှာ၊ ထွန်းဦး ... ထွန်းဦး"

ဝေဝေ ညွှန်ပြသည့်နေရာကို မစိမ်းစို လိုက်ကြည့်မိသည်။

ထွန်းဦး အဓိပတိလမ်းမကြီးကို ဖြတ်ကူးလာနေတာ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း။

ခေါင်းကို သပ်သပ်ရပ်ရပ်မဖြီး။

ပင်နီတိုက်ပုံအင်္ကျီနှင့်။

ယောကွက်ပုဆိုး လုံချည်ဝတ်ထား၏။ လွယ်အိတ်အညိုရောင်လွယ်ပြီးထားသည်။

"ငါ ခေါ်လိုက်ရမလားဟင်"

ဝေဝေက မေးလိုက်လေသည်။

"ဘာလုပ်မလို့လဲ ဝေရဲ့"

မစိမ်းစို စိတ်တိုသွားသဖြင့် ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ဘာလုပ်ရမလဲဟ ... အကူအညီတစ်ခုခု တောင်းရအောင်ပေါ့"

"ဟာ ... သူက ယောက်ျားလေးပဲ၊ ချိတ်တို့ ဘာတို့ဘယ်ပါမလဲဟယ်"

"အို ... ပင်အပ်တို့၊ စာရွက်ညှပ်တဲ့ ကလစ်တို့ ပါလိုပါငြားပေါ့ဟ"

သူတို့ အငြင်းပွားနေကြစဉ် ထွန်းဦး အနားရောက်လာသည်။

"ဟေး ... ဘယ်သွားမလို့လဲ"

ဝေဝေကတော့လုပ်ပြီ။

သည်လောက်ကဲတဲ့ မိန်းမမျိုး ရှိပါ့မလား။ သူကကို စခေါ်ပစ်လိုက်တာလေ။ ဝေဝေ သည်လောက်နှုတ်ရဲမှန်း မစိမ်းစို အစက မသိခဲ့ပါ။



ခေါင်းငိုက်စိုက်ချလာလို့လား။

တစ်ခုခုကို တွေးတောလာလို့လား။

တကယ်ပဲ ထွန်းဦး သူတို့ကိုမမြင်။

ဝေဝေက လှမ်းခေါ်လိုက်တော့ ပြူးတူးပြဲတဲ ကြောင်တောင်တောင် လှမ်းကြည့်ရင်း ...

"ဟာ ... ခင်ဗျားတို့"

ထွန်းဦး နှုတ်ဆက်ပုံကလည်း ကြောင်တောင်တောင်။

"သူ့နာမည်က မစိမ်းစိုတဲ့၊ သိတယ် မဟုတ်လား၊ တို့ကတော့ ဝေဝေပါ"

အေးအေးလူလူ မိတ်ဆက်ပေးနေလိုက်သေး။

"နာမည်တော့ မသိဘူးပေါ့ဗျာ၊ လူတော့ သိပါတယ်၊ ခင်ဗျားတို့ ... အဲ ... မစိမ်းစိုတို့ ဘာလုပ်နေကြတာလဲ"

သည်စကားတစ်ခွန်းတည်းနှင့် ထွန်းဦးဟာ ရိုးသားမှန်း မစိမ်းစို သိသွားရသည်။

"ဟင်း ... ပြောလိုက်လေဟယ်"

ဝေဝေလေ လာလာချည်သေး။

သူကတော့ ဆက်မပြောဘဲ မစိမ်းစိုကို ပြောခိုင်းနေသည်။

"ဘာလဲဗျ၊ ဟိုနေ့က ပြန်အမ်းဖို့ကျန်နေတဲ့ ငွေတစ်ကျပ်ပြန်တောင်းချင်လို့လား၊ ရပါတယ်ဗျာ၊ ရော့ ... ရော့"

"အို ... မဟုတ်ပါဘူး၊ ဟို ... ဟို ... မစိမ်းစို ဖိနပ်ညှပ်ကြိုးပြတ်သွားလို့၊ အဲဒါ"

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစိုက ဝေဝေ့ကို ကွက်ကြည့် ကွက်ကြည့်လုပ်ရင်း အထစ်ထစ် အငေါ့ငေါ့နှင့် ပြောလိုက်၏။

သည်တော့ ထွန်းဦး ငုံ့ကြည့်မိသည်။

နောက် ဆတ်ခနဲ ပြန်မော့ပြီး ...

“တို့ ဘာလုပ်ပေးရမှာလဲ၊ ပြောပါ၊ ဖိနပ်တော့မချုပ်တတ်ဘူးဗျ၊ ကဗျာပဲ စပ်တတ်တယ်နော်”

ထွန်းဦး ခပ်ရွှန်းရွှန်းလေးပြောပြီး သွားဖွယ်လေးနှစ်ချောင်း ပေါ်သည့်တိုင် ပြုံးပြလိုက်သည်။

“ဘယ်ကလာပြီး ဖိနပ်ချုပ်ခိုင်းရမှာလဲ ထွန်းဦးရယ်၊ တို့ကို ပင်အပ်တို့ ကလစ်တို့ပါရင် ပေးခဲ့စမ်းပါဟာ”

ဝေဝေက ဝင်ပြီးမနေသာဘဲ ပြောရသည်။

“သြော် ... ဒါလေးများ၊ ရတယ် ... ရတယ်၊ စောစောက ပြောရောပေါ့ဗျာ”

ထွန်းဦး သူ့အင်္ကျီအိတ်ကပ်တစ်ဖက်ကို နှိုက်လိုက်၏။

အိတ်ထဲမှ စာရွက်တစ်ထပ် ထွက်လာသည်။

စာရွက်အောက်၌ ညှပ်ထားသော ကလစ်ကိုဖြုတ်လိုက်ပြီး ...

“ကဲ ... ကဲ၊ ဖိနပ်ပေး”

“ရှင်”

မစိမ်းစို မျက်လုံးပြူးသွားသည်။

အရမ်းကို အံ့အားသင့်သွား၏။



သိပ်လည်း အားနာသွားမိသည်။ ကျေးဇူးလည်း တင်မိသည်။

“အို ... မဟုတ်တာရှင်၊ မစိမ်းစိုတို့ ဘာသာ လုပ်ပါ့မယ်၊ အဲဒီကလစ်ကိုသာ ပေးပါ”

မစိမ်းစိုထံမှ အားတုံ့အားနာသံ ထွက်လာ၏။

“ဟာ ... မစိမ်းစိုတို့အားနဲ့ မရပါဘူး၊ တို့ပဲ အစအဆုံး လုပ်ပေးပါ့မယ်”

ထွန်းဦးက ပြောပြောဆိုဆိုနှင့် မစိမ်းစို ဖိနပ်သဲကြိုး ပြတ်ကလေးကို ကောက်ယူပြီး ကလစ်ကလေးနှင့် တုပ်နှောင်ပေးနေ၏။

“အို”

မစိမ်းစိုက ဝေဝေ့ကို လှမ်းကြည့်လိုက်သည်။

ဝေဝေက မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။

နေပါစေပေါ့။

လုပ်ပေးပါစေပေါ့။

ဝေဝေ ဆိုသည့်မိန်းမက တတ်လည်း တတ်နိုင်သည့်မိန်းမပဲ။

ဒါကြောင့် မစိမ်းစို ဝေဝေ့ကို မျက်စောင်းထိုးလိုက်မိပါ၏။

“ကဲ ... ရော့၊ ပြီးပြီ”

မစိမ်းစို ဖိနပ်ကို ထွန်းဦးက ကတ္တရာလမ်းပေါ် ပြန်ချပေးပြီး သူ့လက်ဖဝါး လက်နှစ်ခုမှ ဖုန်များကို ခါထုတ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲနော်"

မစိမ်းနီ ပြောလိုက်သည်။

"ရပါတယ်ဗျာ ... ရပါတယ်၊ စီးလည်းကြည့်ပါဦး၊ ကဲ ... လျှောက်ကြည့်ဦးလေ"

ထွန်းဦး ပြောသည့်အတိုင်းပင် မစိမ်းနီခမျာ လိုက်လုပ်နေရသည်။

"ရပါတယ်၊ ဘာမှမဖြစ်တော့ဘူး၊ ကျေးဇူးပဲနော်"

မစိမ်းနီ ကျေးဇူးတင်ကြောင်း ထပ်မံပြောလိုက်ပြန်သည်။

"သွားမယ်နော် မစိမ်းနီ၊ ဟို ..."

"ဝေဝေလေ"

"အဲ ... ဝေဝေ၊ သွားပြီဗျာ"

ထွန်းဦး နှုတ်ဆက်ပြီး ခပ်လောလော ထွက်ခွာသွားလေသည်။

တစ်လှမ်း နှစ်လမ်းလောက် ရောက်ပြီးမှ ပြန်လှည့်လာကာ ...

"ဟို ... ဆိုင်းထိုးပေးထားတယ်နော်"

မစိမ်းနီကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။ မစိမ်းနီက ခေါင်းညိတ်ပြလိုက်၏။

"အဲ ... ကျေးဇူးပဲဗျာ"

"ရပါတယ်၊ ကျေးဇူးအပြန်အလှန်ပေါ့၊ ဟုတ်တယ် မဟုတ်လား မစိမ်းနီ"

ဝေဝေ တစ်ယောက် အူမြူးနေသည်။



"သြော် ... ဒါနဲ့ ဟိုနေ့က ပိုက်ဆံတစ်ကျပ်"

မစိမ်းနီနှင့် ဝေဝေမှာ ကြောင်သွားကြပြန်သည်။

မစိမ်းနီနှင့် ဝေဝေပေါ့။

မစိမ်းနီ လှမ်းယူပြီး ...

"ကျေးဇူးပဲ"

"နောက်တစ်ခါထုတ်ရင်လည်း အားပေးကြပါဦးနော်"

"နောက်တစ်ခါ ထပ်ထုတ်ဦးမယ်"

မျက်လုံးပြူးပြီး ဝေဝေက မေးလိုက်၏။

"ဟုတ်တယ် ... ထပ်ထပ်မယ်၊ ဘာလဲ ... ခင်ဗျား ... အဲ ... ဝေဝေက အားမပေးချင်လို့လား"

"အို ... မဟုတ်ပါဘူး၊ အားပေးမှာပါ၊ ဟော ... မစိမ်းနီကလည်း အားပေးမှာပါ၊ ကဗျာဆရာကြီး ဦးထွန်းဦးရဲ့ ပရိသတ်တွေပါ၊ ဟဲ ... ဟဲ"

ဝေဝေကတော့ ခပ်ရွှင်ရွှင်မြူးမြူးလေး ဝင်ပြောလိုက်၏။

အရယ်အပြုံးနည်းသော ထွန်းဦးပင် ပြုံးလိုက်ပြီး ...

"သွားတော့မယ်ဗျာ"

နှုတ်ဆက်ပြီး ထွက်သွား၏။ သည်တစ်ခါတော့ ပြန်မလှည့်လာတော့ပါ။

ဘာရယ်မဟုတ်၊ မစိမ်းနီ သူ ထွက်သွားရာလမ်းကို စူးစိုက်ငေးကြည့်လိုက်မိသည်။

ဒါကို ဝေဝေက ...

www.burmeseclassic.com

www.burmeseclassic.com



"မိပြီ ... မိပြီ၊ သူခိုး မိပြီဟေ့၊ ကရော် ... ကရော် ရှက်ပါတယ်"

ရှက်ပြုံးလေးပြုံးရင်း ဝေဝေ၏ ကျောပြင်ကို မစိမ်းစို လိုက်ပြီး ထုနေတော့သည်။

❄ ⁕ ❄



## အခန်း(၄)

"မစိမ်းစို ...

ညက ငါ့အဖေ လေဖြတ်သွားတယ်။ ညတွင်းချင်းပဲ ဆေးရုံတင်လိုက်ကြတယ်။

ငါ့အဖေအနားမှာ စောင့်နေရမှာမို့ ငါ ကျောင်းမတက်နိုင်တော့ဘူး။

လောလောဆယ်တော့ ငါ ဘယ်တော့ ကျောင်းပြန်တက်နိုင်မယ်ဆိုတာ ခန့်မှန်းလို့ မရသေးဘူး။

ဖေဖေ့အတွက် ဆေးသွားဝယ်ရင်း ရွှေဘုံသာလမ်းထဲမှာ ထွန်းဦးကိုတွေ့လို့ ငါ နင့်အတွက် စာရေးပေးလိုက်တာ။

ဒါပဲနော် ...

ဝေဝေ"

စာရွက်လေးကို ခေါက်ရင်း ...

"ဘယ်ဝပ်ဒ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦး ခေါင်းကုတ်လိုက်၏။

မစိမ်းစို မေးသည်ကို မဖြေနိုင်။

"မသိဘူးဗျ၊ ဘာလဲ ... မစိမ်းစိုက သွားချင်လို့လား"

"သွားချင်တာပေါ့၊ သတင်းသွားပြီး မေးချင်လို့ပါ"

ဟုတ်တယ်လေ။

မစိမ်းစိုနှင့် ဝေဝေ ဆိုတာ အင်မတန်မှ ချစ်ခင်ကြသည့် သူငယ်ချင်းတွေ။

သည်တက္ကသိုလ်ရောက်မှ သိကြခင်ကြပေမယ့်လည်း တစ်ဦးနှင့်တစ်ဦးက စိတ်တူသဘောတူဆိုတော့ သံယောဇဉ် ဖြစ်နေကြ၏။

သူ့ရဲ့အရေးလည်း ကိုယ့်အရေးပဲ။

ကိုယ့်ရဲ့အရေးလည်း သူ့အရေးပဲ။

သည်လိုသဘောမျိုး ထားကြသည်။

ဒါကြောင့် မစိမ်းစို ဝေဝေ့ဆီကို သွားချင်သည်။

ဝေဝေ စိတ်နှလုံး ညှိုးနွမ်းနေချိန်ကာလမှာ အားပေးစကား ပြောချင်သည်။

ကိုယ်က ဒါပဲ တတ်နိုင်သည် မဟုတ်ပါလား။

"မစိမ်းစို ဘာတွေစဉ်းစားနေသလဲ၊ ဝေဝေ့ဆီ သွားချင်ရင် တို့ လိုက်ပို့ပေးမယ်လေ"

လောလောဆယ် မစိမ်းစိုမှာ ခက်ခဲနေသည်။ ပြဿနာကတော့ သည်ပြဿနာပါပဲ။

တက္ကသိုလ်ကျောင်းသူသာ ဖြစ်လာရသည်။ မစိမ်းစို ခများ တစ်ယောက်တည်း ဘယ်ကိုမှ မသွားဘူးပါ။



ဖေဖေနှင့်ဖြစ်ဖြစ် ...

မေမေနှင့် ဖြစ်ဖြစ်သာ အမြဲ သွားလာလေ့ရှိ၏။ ဘတ်စ်ကားနဲ့ ဘယ်ကိုမှ မသွားတတ်။ သူငယ်ချင်းအိမ်တွေကိုလည်း မလည်တတ်။ သွားစရာ လာစရာရှိခဲ့ရင် အိမ်ကကားနဲ့ မိဘနှင့်သာ သွားတတ်သည်။

ဘယ်ဘတ်စ်ကားကိုစီးလျှင် ဘယ်ကိုရောက်တတ်မှန်း မစိမ်းစို မသိ။

တကယ်ပါ။ ပြင်ပဗဟုသုတအဖြစ် ဘာမှမရှိပါ။

မစိမ်းစိုဘဝက မိဘအလိုလိုက်ပြီး ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရွှေအိမ်ပေါ်မှာ စံရတဲ့ဘဝမျိုး။

ဖေဖေနဲ့ မေမေတို့၏ မေတ္တာစေတနာတွေပါ။

"တို့ကို မယုံဘူးလား၊ တို့က မစိမ်းစိုကို လိုက်ပြီးစောင့်ရှောက်မှာပါ"

ထွန်းဦးက ထပ်ပြောနေပြန်သည်။

"တို့တွေ ဘာနဲ့သွားမှာလဲ"

"ဘတ်စ်ကားနဲ့ပေါ့ဟာ"

အိုး ... ဘာနှင့်ပဲဖြစ်ဖြစ် သွားမယ်။

ဝေဝေ့ဆီရောက်အောင် သွားမယ်။

အိမ်ကိုပြန်ပြီးမှ သွားဖို့ကလည်း ခက်သည်။

ဖေဖေကြီး လိုက်ပို့တာ အားနာသည်။

ထွန်းဦးကို စေ့စေ့စိုက်ကြည့်မိသည်။

စတက်ကော်လာနှင့် ရှပ်အင်္ကျီ တိုက်ပုံအင်္ကျီနှင့် တစ်ပတ်ရစ် ခရုပုဆိုးနှင့် ရိုးသားတည်ကြည်သည့်ပုံစံ။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်သည့် မျက်လုံး။

ရှင်းသန့်သည့် မျက်နှာလေးတို့ကြောင့် မစိမ်းစို လွယ်အိတ်ကို ကောက်လွယ်လိုက်ရင်း ...

"ကဲ ... သွားမယ်လေ"

မစိမ်းစို စကားဆုံးတာနှင့် ထွန်းဦး မစိမ်းစိုရှေ့က လျှောက်သွားနှင့်၏။ မစိမ်းစိုကို ဘာမှပြန်မပြောတော့ပါ။

မစိမ်းစိုလည်း ထွန်းဦးနောက်က လိုက်ခဲ့သည်။

ယောက်ျားလေးတစ်ယောက်နှင့် သည်လိုမျိုး တစ်ခါဖူးမှ မစိမ်းစို မသွားဘူးပါ။

အခုလို သွားရတော့ ရင်ထဲမှာ တစ်မျိုးပါပဲ။

ရှက်လည်း ရှက်မိပါရဲ့။

ကြောက်လည်း ကြောက်မိပါရဲ့။

ရင်လည်း အရမ်းခုန်မိပါရဲ့။

တကယ်ပါ။ တကယ်ပါ။

ဘယ်လို ... ဘယ်လို၊ ဘတ်(စ်)ကားဂိတ်ကိုရောက်သွားမှန်းတောင် မစိမ်းစို မတွေးမိ။

ဘတ်(စ်)ကားတစ်စီး ထိုးရပ်လိုက်တော့ ...

"တက်လေ ... တက်"

ထွန်းဦးရဲ့အသံကြောင့် မစိမ်းစို ကားပေါ်လှမ်းတက်လိုက်ရ၏။

ပြီး လူတွေအများကြီးထဲ တိုးဝှေ့ဝင်လိုက်သည်။

သူ၏နောက်က ထွန်းဦး ကပ်ပါလာသည်။



သည်တော့ မစိမ်းစို ပို၍ပင် မိန်းမအုပ်ထဲရောက်အောင် တိုးလိုက်၏။

ထွန်းဦးက မစိမ်းစိုနောက် ဆက်မလိုက်လာတော့ဘဲ ခပ်လှမ်းလှမ်းမှာပဲ နေခဲ့သည်။

မစိမ်းစိုရဲ့မျက်လုံးအစုံကတော့ ထွန်းဦးကို မျက်ခြည်မပြတ် ကြည့်နေ၏။

အို ... မစိမ်းစို စိတ်ထဲမှာ သည်လို သွားလာရတာ ဝမ်းသာသလိုလို ပျော်ရွှင်မိသလိုလို။

❄ ✳ ❄

www.burmeseclassic.com

www.burmeseclassic.com



“အယ် ... ဝမ်းသာလိုက်တာ မစိမ်းစိုရယ်၊ ငါဝမ်းသာလိုက်တာယ်”

သနားစရာကောင်းတဲ့ ဝေ။

အားရပါးရ ဆီးကြိုနှုတ်ဆက်ရှာသည်။

ဝေ့အဖေကို မစိမ်းစို လှမ်းကြည့်လိုက်သည်။ အိပ်နေသည်။

“ဘယ့်နှယ် နေသေးလဲ”

မစိမ်းစို တိုးတိုးလေး မေးလိုက်၏။

“သိပ်တော့ မသက်သာသေးပါဘူးဟယ်”

ညှိုးညှိုးငယ်ငယ်လေး ဝေက ပြန်ဖြေသည်။

“တဖြည်းဖြည်း ကောင်းသွားမှာပေါ့ဟာ”

“မသိပါဘူးဟာ၊ ငါလည်း စိတ်ညစ်နေတယ်”

“ဪ ... ထွန်းဦး”

ဝေသည် မစိမ်းစိုကို ပြန်ဖြေရင်း တစ်ဆက်တည်း ထွန်းဦးကို လှမ်းခေါ်လိုက်သည်။

လက်ကိုင်ပဝါဖြင့် မျက်နှာမှချွေးများကို သုတ်နေသော ထွန်းဦးက ဝေ့ကို လှမ်းကြည့်လိုက်သည်။



“နင့်ကို ငါ ကျေးဇူးတင်ပါတယ်ဟာ၊ နင့်ကြောင့် မစိမ်းစို ဆေးရုံကို လာကြည့်နိုင်တာဟ”

“ရပါတယ်ဟာ၊ နင်ကော ဘာလိုသေးလဲ၊ ခိုင်းစရာရှိရင် ခိုင်းပါ၊ ငါ ကူညီပါ့မယ်၊ အားမနာနဲ့နော်”

“ကျေးဇူးအထူးပဲဟာ၊ ကျေးဇူးပဲ၊ ငါ မစိမ်းစိုကို သိပ်အံ့သြတာပဲ”

“ဘာဖြစ်လို့လဲ”

“အို ... နင် ငါ့ဆီ လာရဲလို့ပေါ့ဟ”

“လာရမှာပေါ့ဟယ်၊ နင့်အတွက် ငါ ဘာဝယ်ပေးရမလဲ ပြော၊ စာကူးပေးဖို့အပြင်လေ”

“မလိုပါဘူး၊ နင် ငါ့ဆီလာတာပဲ ငါဝမ်းသာလှပြီ၊ နင် ကလပ်စ်ဖျက်လာရမှာပေါ့နော်”

“ဒါပေါ့ဟ၊ ခု ငါ ကျောင်းပြေးဖူးပြီ”

“နင့်ကိုငါ ဒုက္ခပေးသလို ဖြစ်သွားတယ်”

“ဘာဒုက္ခလဲ၊ ဒါ ဒုက္ခမဟုတ်ဘူး၊ လူ့ဝတ္တရားကို ပြောပါဟ”

“ကဲ ... ထိုင်ပါဦး မစိမ်းစို၊ အမောပြေပေါ့ ထွန်းဦး၊ နင့်အတွက်တော့ ထိုင်ချင်ရင် ဟိုဘက်ကခုံ ခဏဆွဲပြီးထိုင်လေ”

“နေပါစေ ... ငါ မထိုင်တော့ဘူး၊ ရတယ်”

ထွန်းဦးက သည်လိုပြောပြီး လူနာခြေရင်းမှာပဲ ရပ်နေသည်။

မစိမ်းစိုကတော့ ဝေ့ဘေးမှ ကပ်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစို၏ လက်ဖဝါး ဖွေးဖွေးနုနုလေးနဲ့ ဝေ့ဝေ့ လက်ဖဝါးကို ပွတ်သပ်နေသည်။

ဝေဝေတစ်ယောက် မစိမ်းစိုတို့လာ၍ သိပ်ပြီးဝမ်းသာနေသည်။ အားရှိသွားတယ် ထင်ပါရဲ့။

"ဒါနဲ့ နင့်အဖေ သွေးတိုးရှိလား"

မစိမ်းစိုလည်း လူနာကို မေးလိုက်သည်။

"သွေးတိုးကတော့ နဂိုကတည်းက နည်းနည်းရှိတယ်၊ သွေးကျလိုက်၊ တိုးလိုက်ပေါ့ဟာ၊ ဖြစ်ချင်တော့ မှိုကြော်စားတယ်၊ ငါးမြင်းဗိုက်သားကို ချက်စားတယ်၊ ပုစွန်ဆီရယ်ပေါ့ဟယ်၊ အားရပါးရစားလိုက်တာ ညလည်းကျရော ဖြစ်တော့တာပဲ၊ အဖေက အစားအသောက်မဆင်ခြင်ဘူး၊ အစားသိပ်ရမ်းတာပဲဟာ"

ဝေဝေက သူ၏အဖေအဖြစ်အပျက်ကို ရှင်းပြနေသည်။

"လိမ္မော်သီး စားကြပါဦးလား"

ခုတင်ဘေးမှ စားပွဲလေးပေါ်မှာ တင်ထားသည့် လိမ္မော်သီးများကို စားပါဦးလို့ ဝေဝေ ညွှန်ခဲ့လေသည်။

"နေပါစေဟာ၊ နင့်အဖေအတွက် ထားပါ၊ ငါတို့က ဘာစားစား ရတယ်၊ နေမကောင်းတဲ့သူအတွက် ထားပါ"

မစိမ်းစိုက ပြောသည်။

"ငါတော့ အဖေ ဒီလိုလည်းဖြစ်ရော အရမ်းကို ငိုမိတယ်၊ စိတ်ထဲ အရမ်းပဲ မကောင်းဖြစ်ရတယ်ဟာ"

"ဒါပေါ့၊ ငါဆိုရင်လည်း ငိုမိမှာပဲ"



မစိမ်းစို သူ့အဖေအတွက် ပူမိသည်ကို သတိရသွားသည်။

ဖေဖေတစ်ယောက်လည်း ခက်ပါသည်။

သူ့မှာသွေးတိုးရှိတယ်၊ ရှိပေမယ့် အစားအသောက်လုံးဝမဆင်ခြင်။

စားချင်တာဆို စွတ်စွတ်စား၏။

ဒါပေမဲ့ ... ဖေဖေက လမ်းလျှောက်တယ်။ ဂေါ့ဖ်လည်းရိုက်လို့လားမသိ။ ဆိုးဆိုးရွားရွားမဖြစ်သေး။

"ပြန်ချင်ပြီလား မစိမ်းစို"

မစိမ်းစို ငြိမ်သွားလျှင် ဝေဝေ မေးလာသည်။

မစိမ်းစို၏လက်ပတ်နာရီကို ငုံ့ကြည့်၏။

အဲ ... နှစ်နာရီတောင် ထိုးပြီးပါပေါ့လား။

မစိမ်းစို ရင်တွေတုန်သွားရပြန်သည်။

ဖေဖေ ကျောင်းကိုလာမကြိုမီ ပြန်နှင့်မှ။

"အေး သွားတော့မယ်နော်၊ ငါ လာခဲ့ပါဦးမယ်"

"နေပါစေဟယ်၊ မလာပါနဲ့တော့၊ နင် ကျောင်းပျက်နေဦးမယ်"

"သွားမယ်နော် မဝေ"

ထွန်းဦးက ဝေဝေ့ကို နှုတ်ဆက်လိုက်သည်။

"အေး ... အေး၊ ငါ့ရဲ့သူငယ်ချင်းကို ကောင်းကောင်းခေါ်သွားနော် ထွန်းဦး"

"စိတ်ချပါဟာ၊ မှဲ့တစ်ပေါက် မစွန်းစေရဘူး"

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရအောင်"

လှည်းတန်းမီးပွိုင့်အရောက်မှာ ထွန်းဦး ပြောလိုက်တာပင်။

"မီးပွိုင့်ကြီးမှာ ဆင်းလို့ ရပါ့မလား"

"ဖြစ်ပါတယ်၊ လာ ... လာ ... မြန်မြန်လာ၊ တော်ကြာ မီးပွိုင့်စိမ်းသွားလိမ့်မယ်"

ကားပေါ်မှ ထွန်းဦး အရင်ပြေးဆင်းသွားလေသည်။ မစိမ်းစိုလည်း ထွန်းဦးနောက်က အပြေးအလွှား လိုက်ရသည်။

ထွန်းဦး လှည်းတန်းဈေးဘက် လမ်းဖြတ်ကူးရန် တာစူလိုက်သည်။

"ဘယ်ကိုသွားမလို့လဲ ထွန်းဦး"

မစိမ်းစို မေးလိုက်ရသည်။

"တစ်ခုခု သွားစားမလားလို့လေ"

"ထမင်းမစားရသေးဘူးလား"

ထွန်းဦး ခေါင်းညိတ်ပြသည်။

"အို"

မစိမ်းစို ကရုဏာ သက်သွားမိသည်။



လက်ပတ်နာရီကို မစိမ်းစို ကြည့်လိုက်တော့ နှစ်နာရီခွဲ ရှိသေးသည်။

ဖေဖေလာကြိုဖို့ နာရီဝက် လိုသေးသည်။

"လာလေ ... အချိန်ရပါတယ်ဟ"

ထွန်းဦး ပြောပြောဆိုဆို လမ်းကိုဖြတ်ကူးနှင့်သည်။

မစိမ်းစိုလည်း လိုက်ကူးမိ၏။

"လာ ... ဆီချက်ခေါက်ဆွဲ စားရအောင်"

ဆီချက်ဆိုင်ထဲ ဝင်လိုက်သည့်အခါ မစိမ်းစို ခြေလှမ်းတွေတုန်ပြီး ရင်ခုန်မိနေသည်။

မစိမ်းစိုတစ်သက် တစ်ခါဖူးမျှ သူစိမ်းယောကျ်ားတစ်ဦးနှင့် မသွားလာဘူး။ ဆိုင်တွေမှာ မျက်နှာချင်းဆိုင်ထိုင်ပြီး မုန့်လည်း လိုက်မစားဘူးပါ။

အဲဒါ ပထမဦးဆုံးအကြိမ်။

ပထမဦးဆုံး စွန့်စားခြင်း။

ကိုယ့်ကိုယ်ကိုယ်ပင် ခန့်မှန်းလို့မရ။

ဘာပြုလို့ သည်လောက် ရဲရဲတင်းတင်း လုပ်နေပါလိမ့်လို့။

"ဘာစားမလဲ မစိမ်းစို၊ ဆီချက်လား၊ ကော်ရည်လား"

"ဆီချက်"

ထွန်းဦး ဆီချက်ခေါက်ဆွဲနှစ်ပွဲ မှာလိုက်သည်။

မစိမ်းစို စိတ်ထဲမှာ ဆိုင်ထဲက လူတွေအားလုံး မစိမ်းစိုတို့ကို ကြည့်နေကြသလိုပဲ ထင်မိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းဆို ဆိုင်အတွင်း တစ်ချက်ဝေ့ကြည့်ပြီး ခေါင်းငုံ့ထားလိုက်မိသည်။

"ရှက်နေသလား"

တိုးတိုးလေး ထွန်းဦးက မေးလိုက်သည်။

မစိမ်းစို ဘာမှပြန်မပြောမိ။

ပါးစပ်လေးကို မပွင့်တပွင့် ပြုံးပြလိုက်သည်။

မစိမ်းစို ထွန်းဦးကို ဘာစကား ပြန်ပြောရမှန်းကို တကယ်ပင် စဉ်းစားမရ။

မစိမ်းစိုရဲ့စိတ်တွေက ပတ်ဝန်းကျင်ဆီပဲ တဝေ့ဝေ့ တဝဲဝဲရယ်။

ဆိုင်ထဲကလူတွေ သူတို့နှစ်ယောက်ကို ဘယ်လိုများ ထင်ကြမလဲပေါ့။

မောင်နှမလို့ပဲ လျှော့လျှော့ပေါ့ပေါ့ ထင်ကြမလား။

သမီးရည်းစား လာကြတယ်လို့ပဲ ထင်မလား။

ဆီချက်နှစ်ပွဲ ရောက်လာသည်။

"စားလေ ... ရော့ ... စား၊ တို့တော့ မနေနိုင်တော့ဘူးဟာ၊ အရမ်းဆာနေပြီ၊ စားတော့မယ်"

ထွန်းဦး ဆီချက်ခေါက်ဆွဲတွေ ငုံ့စားနေသည်။

တကယ်ဆို သူစိန်းမိန်းကလေးရှေ့မှာ ဟန်လေးပြပြီး ဘယ်ယောကျ်ားလေးမှ အားရပါးရ စားကြမှာ မဟုတ်ဘူး။

နည်းနည်းပါးပါး ဟန်လုပ်ကြမှာပဲ။

ကြည့် ...

ထွန်းဦးကတော့ ရိုးရိုးသားသားပဲ။



အားရပါးရ ပလုပ်ပလောင်း စားနေရှာ၏။

သူ့ခမျာ သိပ်ဆာနေလို့နှင့်တူသည်။

မစိမ်းစိုကတော့ နည်းနည်းဖြည်းဖြည်းပဲ စားနေလိုက်သည်။

ငါးမိနစ်အတွင်း ထွန်းဦး ဆီချက်ကုန်သွားသည်။

ထွန်းဦး စားပွဲထိုးကို ပိုက်ဆံပေးနေသည်။

"အို ... မစိမ်းစို ပေးပါ့မယ်"

"နေ ... နေပါ၊ ဒါ တို့ကကျွေးတာ၊ ကျွေးချင်နေရင် နောက်မှကျွေး"

ဆီချက်ပန်းကန်ကို မစိမ်းစို မြန်မြန်လက်စသတ် စားလိုက်သည်။

ထွန်းဦး သွားကြားထိုးရင်း ...

ပြောလျက် ဆိုင်ထဲမှ အရင်ထွက်သွားသည်။

ထွန်းဦး တစ်လမ်းလုံး အရှေ့မှ လျှောက်လာ၏။

မစိမ်းစိုနှင့် တွဲမလျှောက်ပါ။

ထွန်းဦးရဲ့ခြေလှမ်းများက ကျဲလေသည်။

မစိမ်းစိုမှာ မနည်းမီအောင် နောက်ကအပြေးအလွှားလိုက်ရ၏။

"ရိုးပုံရိုးလက်နဲ့ နောက်တော့လည်း အတူတူနဲ့ အနူးနူးပါပဲကွာ"

"ဟော့ ... သိပ်လည်းအထင်မကြီးကြနဲ့ဦး၊ ဟိုကောင်က အထိန်းဖြစ်ဦးမယ်"

"ဘာ ... ဘာပြောတာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်းထဲ အဝင်မှာဖြစ်သည်။

အဝင်ဝကနေပြီး ဘောင်းဘီရှည် ကိုယ်စီဝတ်ထားကြသည့် လူသုံးယောက်၊ ဟီးလေးဟားလေးနေတဲ့လူစု။

ထွန်းဦးတို့နှစ်ယောက်ကိုကြည့်ရင်း နောက်ပြောင်လိုက်ကြတာပင်။

တစ်ခွန်း နှစ်ခွန်း ဟိုပြော သည်ပြောကိုတော့ ထွန်းဦး သည်းခံလိုက်ပါသေးသည်။

သည်းခံနေမှန်းသိ၍ သူတို့က ပါးစပ်ပိုပြီး သောင်းကျန်းလာကြသည်။

နောက်ဆုံး ထွန်းဦးက ထိပ်တိုက် တွေ့ပစ်လိုက်ခြင်းဖြစ်၏။

"ဘာလဲ ... မင်းက နာလို့လား၊ ငါတို့က ဟုတ်တာတွေပဲ ပြောတာပါကွ ... ဟား ဟား ဟား"

မစိမ်းစို သူတို့သုံးယောက်ရဲ့မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

အတန်းထဲက အကောင်တွေ။

အမြဲတမ်း စာကိုကောင်းကောင်းမသင်ဘဲ ဇရုတ်ကျလေ့ရှိသည့် ငလောင်တွေ။

နာမည်တွေတော့ မစိမ်းစို မသိ။

"နာတာပေါ့ကွ၊ မောင်နဲ့နှမ သားနဲ့အမိ ဣန္ဒြေပျက်အောင် မလုပ်ပါနဲ့"

"အို ... တို့ဘာသာတို့ ဘာလုပ်လုပ် ဘာပြောပြော မင်းပိတ်ပင်စရာ မလိုဘူးကွ"



"ငါတို့ကို နောက်တာ ပိတ်ပင်ရမှာပေါ့ကွ၊ အတန်းသားအချင်းချင်းပဲ ကြည့်ပြီးနောက်ပေါ့"

"အေး ... ငါတို့ကလည်း တမင်ကြည့်နောက်တာပဲ၊ ကဲကွာ ... ဒီလောက် လူစွာလုပ်ချင်တဲ့ အကောင်တော့ ..."

"ခွပ်"

"အို"

မစိမ်းစို ဘာလုပ်ရမှန်းမသိ။

ထွန်းဦး နှုတ်ခမ်းမှာ သွေးများရဲသွား၏။

သူတို့ကစပြီး ထိုးမှတော့ ထွန်းဦးလည်း ဘယ်ခံတော့မလဲ။

ထွန်းဦး လက်သီးများက သူ့ကိုစထိုးတဲ့ကောင်၏ မျက်နှာဆီသို့ တရစပ်တီးတော့၏။

ထွန်းဦးမှာလည်း အသက်နဲ့ပဲ။

"ထွန်းဦး ... ထွန်းဦး၊ တော်တော့လေ"

မစိမ်းစို ထွန်းဦးရဲ့လက်ကို လိုက်လံဆွဲနေရသည်။ ပျန်ဖြေခြင်းပါ။

ထွန်းဦး သိပ်ပြီးနာသွားမှာစိုးလို့ တားဆီးနေမိခြင်းပါ။

ဒါကို ဟိုတစ်ဖက်က အလျှော့မပေး။

လက်သီးများ ထွန်းဦး မျက်နှာပေါ်သို့ ပြန်ဝင်လာ၏။

"ဟေ့ ... ဘာဖြစ်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တခြားကျောင်းသားတွေ ဝိုင်းအုံလာကြသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုကြလျက်။

တိုက်ပုံအင်္ကျီဝတ်ဆင်ထားတဲ့ လူတစ်ယောက်၊ ဆရာလို့ ထင်ရသည်။ ဝင်လာပြီး ဖျန်ဖြေပေးလေသည်။

"တော်ကြတော့ ... တော်ကြတော့"

တိရစ္ဆာန်ကောင်သုံးကောင် ထွက်ပြေးကြသည်။

သတ္တိရှိတာလည်းမဟုတ်။ ရင်မဆိုင်ရဲသူတို့က ရန်စကြသူတွေကိုး။

မစိမ်းစို မရှက်နိုင်တော့။

လဲကျနေသည့် ထွန်းဦးလက်ကိုဆွဲရင်း ထူပေးနေမိသည်။

"မစိမ်းစို"

သည်အသံကို မစိမ်းစို သိပါသည်။

မစိမ်းစို မွေးကတည်းက ကြားဖူးနေသည့်အသံ။

ဖေဖေ့ရဲ့အသံပေါ့။

"ဖေဖေရယ် ... လုပ်ပါဦး၊ ကူညီပါဦး၊ သမီးရဲ့သူငယ်ချင်းကို ကယ်ပါဦး"

ဖေဖေ့ကိုဖက်ပြီး မစိမ်းစို ငိုရင်းပြောလိုက်မိသည်။

"ကဲ ... ကဲ ... ကားပေါ်တက်ကြ"

မစိမ်းစိုတို့ နှစ်ယောက်စလုံးကို ဖေဖေ ကားပေါ်တက်ခိုင်းလိုက်သည်။

မစိမ်းစို ကားပေါ်တက်ပေမယ့် ထွန်းဦးက မတက်ပါ။



"ဟော့ ... သူငယ်၊ တက်လေ"

ထွန်းဦး သူ၏ပါးစပ်ကို လက်ကိုင်ပဝါဖြင့် ပိတ်ထားရာမှခွာပြီး ...

"ရပါတယ် အန်ကယ်၊ ကျွန်တော့်ဘာသာ ကျွန်တော်သွားပါ့မယ်၊ မစိမ်းစို ... တို့ သွားပြီ"

ထွန်းဦး ချာခနဲ လှည့်ထွက်သွားတော့၏။

အိမ်သို့အပြန် တစ်လမ်းလုံး မစိမ်းစိုက အဖြစ်အပျက်တွေကို ရှင်းပြလာသည်။

ဖေဖေက သဘောပေါက်လွယ်သည်။

"အေးကွယ်၊ ဒီလို ရိုးသားတဲ့ သူငယ်မျိုး ရှားတယ်၊ သူ့ကို ဖေဖေ ကျေးဇူးတင်စကား ပြောချင်လိုက်တာ၊ ဪ ဒီလိုလုပ်၊ ဖေဖေ သူငယ်ချင်းတွေနဲ့ ဧည့်ခံပွဲတစ်ခုလုပ်ဖို့ စီစဉ်ထားတယ်၊ အဲဒီနေ့ကျ သူ့ကို ဖိတ်လိုက်ပါလား သမီး"

မစိမ်းစို ခေါင်းညိတ်ပြရင်း အခုနက သူနှင့်ထွန်းဦးတို့ စားသောက်ခဲ့ကြသည့် ဆီချက်ဆိုင်ကို ကားနဲ့ဖြတ်သွားစဉ် ခပ်လွမ်းလွမ်းလေး မျှော်ကြည့်လိုက်သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

မျှော်လိုက်ရတာ လည်ပင်းတောင် ညောင်ရေအိုး ဖြစ်လှပါပြီ။

ဘယ်သူ့ရှိမှာလဲ။

ထွန်းဦးပေါ့။

ကနေ့ ဖေဖေက သူ့သူငယ်ချင်းတွေကို ပင်စင်ယူသည့် အထိမ်းအမှတ်အဖြစ် သောက်စားပွဲကလေးတစ်ခု လုပ်သည်။

သည်ပွဲကိုတက်ဖို့ ထွန်းဦးကို ဖိတ်ခိုင်းလို့ မစိမ်းစို ဖိတ်ထားပြီးပြီ။

အခုတလော ထွန်းဦး ကျောင်းကို မှန်မှန်တက်နေသည်။

ဒါပေါ့ ... ဒါပေါ့။

မစိမ်းစိုဘေးမှာ ဝေဝေ ကျောင်းမတက်လို့ အဖော်မရှိ ဖြစ်နေတာနှင့် အတော်ပင်။

ဟိုတစ်နေ့က ကျောင်းမှာ ရန်ဖြစ်တဲ့ကိစ္စကို ပါမောက္ခခေါ်တွေ့ပြီး မေးမြန်းခံရသည်လို့ ထွန်းဦးက ပြောပြသည်။



ထွန်းဦးလည်း အဲသည်နေ့က ရရှိခဲ့တဲ့ ဒဏ်ရာဒဏ်ချက်ကို နှစ်ရက် သုံးရက်လောက်တော့ ခံလိုက်ရသေးသည်။

ထွန်းဦး သည်လိုဖြစ်ရသည့်အတွက် မစိမ်းစို အတော်ကို စိတ်မကောင်းဘဲ ရင်ထဲမှာ ခံစားရသည်။

ဟုတ်တယ်လေ။

မစိမ်းစိုကြောင့် ထွန်းဦး အပြောင်ခံရတာ။ မစိမ်းစိုက ဝေဝေဆီ သွားချင်တာကိုး။ သည်တော့လည်း ထွန်းဦးက လိုက်ပို့ရတာပေါ့။

အဲသည်လို မစိမ်းစို အကျိုးဆောင်ပေးလို့ ထွန်းဦး ပြဿနာဖြစ်ရတာဆိုပြီး မစိမ်းစို ယူကျုံးမရပေ။

ထွန်းဦးကို မစိမ်းစို တောင်းပန်ခဲ့သေးသည်။

"ကိစ္စမရှိပါဘူးဗျာ"ဟု ထွန်းဦး ပြန်ပြောခဲ့သည်။

မုန့်စားဆင်းချိန်မှာ မစိမ်းစို တစ်ယောက် ထွန်းဦးကို အဖော်ညှိပြီး အအေးသွားပြီး သောက်တတ်သည်။

ထွန်းဦးကတော့ စပါယ်ရှယ်တီး။

အဲသည်လို သောက်ရင်း စားရင်း ထွန်းဦးနဲ့စကားလက်ဆုံကျကြတာပေါ့။

ထွန်းဦးက ကဗျာအကြောင်း စာအကြောင်းတွေကို နားထောင်ကောင်းအောင် ပြောပြတတ်သည်။

မစိမ်းစိုကတော့ ထွန်းဦး ကဗျာတွေကို သိပ်ပြီး စိတ်မဝင်စားခဲ့ပါဘူး။

ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ပြောပါများတော့လည်း ရေးတေးတေး သဘော ပေါက်လာရသည်။

"သမီးရဲ့သူငယ်ချင်းကို သေသေချာချာ ဖိတ်ခဲ့ရဲ့လား"

ပြတင်းပေါက်မှာ ရပ်နေသော မစိမ်းစိုကို မေမေက မေးလိုက်ခြင်းပါ။

"သေသေချာချာ ဖိတ်ခဲ့ပါတယ် မေမေ"

"နောက်တောင်ကျနေပြီ သမီးရယ်"

"ဟုတ်ပါရဲ့နော်"

ထွန်းဦး လာဖို့ အချိန်ရောက်နေပါပြီ။

ပေါ်မလာသေး။

ဖေဖေရဲ့သူငယ်ချင်း အပေါင်းအသင်းတွေတောင် တဖွဲဖွဲနှင့် ရောက်လာကြပြီး လူစုံသလောက် ဖြစ်နေပြီ။

ဆောင်းတွင်းရောက်နေတော့ နေစောစောဝင်၍ မိုး ချုပ်မြန်သည်။

ငါးနာရီခွဲရုံနှင့် မှောင်စပျိုးနေ၏။

နေမျှားမကောင်းလို့လား။

အိမ်လိပ်စာပဲ ပျောက်သွားလို့လား။

တခြားအရေးကြီးတဲ့ကိစ္စများ ပေါ်နေလို့လား။ ဘာ တွေဖြစ်နေလို့လဲ။

မစိမ်းစိုမှာ အတွေးရေယာဉ်ကြောမှာ တစ်ပုံတစ် ခေါင်းကြီး ဖြစ်လာသည်။

ကဲ ... ထွန်းဦး လာပြီဆိုပါတော့။

ထွန်းဦးကို ဘယ်နေရာမှာ ချပေးမလဲ။



ဖေဖေတို့ဝိုင်းက ယမကာဝိုင်း။

လူကြီးတွေဝိုင်း။ အကြီးဝိုင်း။

ထွန်းဦးနှင့် သူတို့နှင့် ရောလို့မလွယ်။

အခက်အခဲ ရှိနိုင်သည်။

လူကြီးတွေဝိုင်းဆိုတော့ အရက်ကလည်း ခပ်ထွေ ထွေ။ ပေါက်ကရတွေ ပြောကြမှာမလွဲ။ လူကြီးတွေ စိတ်တိုင်းကျ ပျော်ကြမည်။

သည်တော့ ထွန်းဦး အနေခက်မှာ မုချ။

ထွန်းဦးကို ကြည့်ရတာ အရက်သောက်ပုံမရ။ ဆေးလိပ်လည်း မသောက်တတ်။ ကွမ်းလည်း မစားတတ်။ စပါယ်ရှယ်တီးတော့ သိပ်ကြိုက်သည်။

ကဲ ... သောက်တတ်တယ်ထားဦး။

လူကြီးတွေနှင့်တော့ တစ်ဝိုင်းတည်း ထ မည် မထင်ပါ။

သည်လိုဆို ထွန်းဦးကို အိမ်ထဲခေါ်ပြီး သီးသန့် ဧ ည့်ခံမှာလား။

မေမေရယ်၊ မစိမ်းစိုရယ် အိမ်ထဲခေါ်ပြီး ကျွေးမွေး ဧည့်ခံရင်ကော ထွန်းဦးက နေရဲပါ့မလား။

ဖေဖေ သဘောကျပါ့မလားမသိ။

မစိမ်းစို တွေးရင်း တွေးရင်း ခြံဝင်းဂိတ်ဆီ မျှော် ငေး၍သာ နေမိ၏။

ဒါပေမဲ့ ...

ထွန်းဦး အရိပ်အယောင်ကို မမြင်မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစို မျှော်နေလျက်။

ဖေဖေတို့ဝိုင်းတောင် တော်တော်အရှိန်ရစပြုနေကြပြီ။

ဖေဖေက ထိုင်ရာမှထပြီး တယ်လီဗီးရှင်းကို အသံကျယ်လိုက်တာကို တွေ့ရသည်။

တယ်လီဗီးရှင်းမှ သီချင်းများကို လိုက်၍ပင် ညည်းနေကြသေး။

"မစိမ်းစို ... သမီး"

ဖေဖေ ဘယ်တုန်းက အနားသို့ ရောက်လာနေမှန်းပင် မစမ်းစို သတိမထားလိုက်နိုင်။

ခေါင်းကြားမှ အလန့်တကြား လှမ်းကြည့်လိုက်သည်။

"သမီး သူငယ်ချင်းကောင်လေးကို မျှော်နေသလား"

ဖေဖေ့ရဲ့မေးခွန်းကတော့ ရိုးရိုးကလေးပါပဲ။

ဒါပေမဲ့ ...

မစိမ်းစို၏ရင်ထဲမှာတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

မစိမ်းစို ဘာကိုမှ ပြန်မပြောပါ။ ဖေဖေ့ကိုသာ စိုက်ကြည့်နေလိုက်မိသည်။

ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်သည့်သဘောပင်။

"မလာတော့ဘူး ထင်ပါရဲ့ကွယ်၊ ခုနစ်နာရီတောင် ကျော်သွားပြီ မဟုတ်လား"



မစိမ်းစိုက တွေတွေဝေဝေလေးနှင့် ညည်းတွားလိုက်ပါတော့သည်။

ဖေဖေ့ကို မစိမ်းစို ရှက်မိသည်။

ကိုယ့်သူငယ်ချင်းဘက်က တာဝန်ပျက်ကွက်တာကိုး။

ဖေဖေ ဘာမှပြန်ပြီးမပြောပါ။ မစိမ်းစို အနားက ပြန်ထွက်သွားသည်။

ဖေဖေ့ကြည့်ရတာ စိတ်မကောင်းပုံပဲ။

သူက လေးလေးစားစား ဖိတ်ပါလျက်သားနှင့် မလာသည့်အတွက် ဖေဖေ စိတ်ပျက်နေဟန်တူသည်။

မစိမ်းစိုကတော့ တကယ် စိတ်ဆိုးမိတယ်။

နေနှင့်ဦးပေါ့။

ကျောင်းမှာတွေ့ရင် ကောင်းကောင်းကို စိတ်တိုင်းကျပြောပစ်လိုက်မယ်။ ငါ့ကို သက်သက် အရှက်ခွဲတဲ့လူ။

သူ မလာနိုင်ရင် အစောကြီးကတည်းက မလာနိုင်ကြောင်း ပြောပါလားလို့။

အခုတော့ ထွန်းဦးဟာ လူကြီးလူကောင်းမဆန်ဘူး။

လာပါမယ်လို့ ပြောထားပြီး ပျက်ကွက်သည်။

သည်က မစိမ်းစိုကတော့ အဟုတ်မှတ်လို့။

ဟင်း ... သင်းတော့လား သိမယ်။

ဝေဝေနှင့် တိုင်ပင်ပြီးရင် ကျကျနန အပြစ်ပေးလိုက်ဦးမယ်။

မစိမ်းစိုရင်ထဲ ဒေါသငွေ့တွေ တလူလူ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦး ရင်ထဲမှာလည်း ဒေါသမီးတွေ တထောင်းထောင်းထနေ၏။

ဘယ်သူ့ကိုလဲ။

သူ့အဖေကိုပေါ့။

အဖေ့ကြောင့် မစိမ်းစို ဖိတ်ခေါ်ထားတာ သွားချင်လျက်နှင့် မသွားနိုင်တော့ပါ။

မစိမ်းစို သူ့ကို ဘယ်လိုထင်မလဲ။

သူ ကတိပျက်သွားရပြီပေါ့။

မစိမ်းစိုနှင့်တွေ့လျှင် သူ့ကို ကောင်းကောင်းထုချေလွှာ တင်ရပေတော့မည်။

အလျှောက်ကောင်းမှ အထောင်း သက်သာမှာပါလား။

“ဟီး ... ဟီး ... ဟီး”

ရယ်သံကြီးထွက်လာ၍ ထွန်းဦး လှမ်းကြည့်လိုက်တော့ ...

ထုံးစံအတိုင်း သူ့အဖေ ရယ်မောမပျက်။



ထွန်းဦးရဲ့အဖေမှာ ယဉ်ယဉ်ကလေး ရူးနေရှာသူ တစ်ဦးပါ။

ထွန်းဦး ဆယ်နှစ်သားလောက်ကတည်းကပဲ။

ထွန်းဦးရဲ့အဖေက ရုံးတစ်ရုံးမှာ စာရေးကြီးတစ်ဦး ဖြစ်ခဲ့သည်။

တစ်နေ့။

အမေရဲ့အဖေ ထွန်းဦး၏အဘိုး အသည်းအသန် ဖြစ်နေသည့် သတင်းကြားရ၍ အမေနှင့် အဖေတို့ အဘိုးရှိရာ တောင်ငူကို လိုက်ကြရသည်။

လမ်းခရီးမှာ အဖေတို့စီးခဲ့သည့်ကားကို ဓားပြတိုက်ခံရ၏။

အမေကတော့ ဓားပြများလက်ချက်ဖြင့် ပွဲချင်းပြီး သေဆုံးသွားရသည်။

အဖေကတော့ ဓားပြတို့ကို ပြန်လည်ခုခံနိုင်ပြီး အပြေးကောင်း၍ လွတ်ခဲ့ရသည်။

ဒါပေမဲ့ ခေါင်းမှာ သေနတ်ဒင်ဖြင့် ပြင်းထန်စွာ အရိုက်ခံရသော ဒဏ်ရာကြောင့် တောထဲတွင် မေ့မြောသွားရသည်။

ထင်းခွေလာကြသူများကတွေ့လို့ ကယ်တင်ခဲ့၍ အသက်ချမ်းသာရာရသော်လည်း စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေရှာ၏။

သူဟာ စိတ္တဇဝေဒနာသည် ဖြစ်ခဲ့ရရှာသည်။ ဒါပေမဲ့ ဖေဖေ့ရောဂါက ယဉ်ယဉ်ကလေးရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သူ့ဘာသာသူနေရင်း လန့်ပြီး "ဓားပြ ဓားပြ"ဟု အော်ကာ ဟိုပြေးသည်ပြေး၊ ဟိုနားပုန်း သည်နားပုန်း လုပ်တတ်တယ်။

တစ်ခါတလေတော့လည်း တစ်ယောက်တည်းရယ်လိုက်၊ တဟီးဟီးငိုလိုက် နေတတ်၏။

တစ်ယောက်တည်း တတွတ်တွတ်နှင့် စကားပြောချင် ပြောနေမည်။

အဆိုးဆုံးကတော့ အဖေဟာ သတ္တိကြောင်သလို ဖြစ်သွားခြင်းပင်။

တစ်ယောက်တည်း မနေရဲသလို တစ်ယောက်တည်း မအိပ်ရဲဘူး။

သူ့အနားမှာ အဖော်တစ်ယောက်ယောက် မရှိလျှင် အဖေ့ရဲ့မျက်လုံးအစုံဟာ ဝိုင်းဝိုင်းလည်နေပြီး ကျီးကန်းမျက်စိလို တောင်ကြည့် မြောက်ကြည့် ဖြစ်နေတော့သည်။

ထွန်းဦး တက္ကသိုလ်မရောက်ခင်တုန်းကတော့ အဖေနှင့် အတူတူအိပ်သည်။

သူ တက္ကသိုလ်တက်တော့ အဖေ့ခမျာ တူဝမ်းကွဲတစ်ယောက်နှင့် အတူအိပ်ရပြီး နှမအပျိုနှင့် အတူတူနေရရှာသည်။

ထွန်းဦး အဖေ့ကို ပစ်မထားပါ။

ရန်ကုန်နှင့် သာယာဝတီက ဘာဝေးလို့လဲ။

အလွန်ဆုံးရှိ မိုင်ခုနစ်ဆယ်ကျော်ကျော်လေး မဟုတ်လား။



လေးနာရီခရီးပါပဲ။

ကားနှင့်ပဲသွားသွား၊ ရထားနှင့်သွားသွား။

ဒါကြောင့် စနေနေ့တိုင်း ထွန်းဦး ကျောင်းဆင်းတာနှင့် သာယာဝတီ ပြန်ပြေးရစမြဲ။

စနေနှင့် တနင်္ဂနွေ နှစ်ညအိပ်ပြီး တနင်္လာနေ့မနက်စောစော ကားနှင့် ကျောင်းချိန်အမီ ပြန်လာနေကျ။

အဖေရဲ့ညီတစ်ယောက်က ရန်ကုန်မှာနေ၍ ထွန်းဦးအတွက် နေရေးထိုင်ရေး အဆင်ပြေနေသည်။

ဦးလေးအိမ်မှ ထွန်းဦး ကျောင်းတက်နေခြင်းပါ။

အဖေ့ညီက လူပျိုကြီး ရုံးအုပ်ကြီးတစ်ယောက်၊ ထွန်းဦးကို ကျောင်းထားပေးသူ ဖြစ်ပါသည်။

မစိမ်းစိုတို့က တနင်္ဂနွေနေ့ညနေဘက် ထမင်းစားပွဲလာရန် ဖိတ်ထားခဲ့ခြင်းပင်။

"ဆက်ဆက်လာခဲ့နော်၊ ဒါ မစိမ်းစိုတင် မကဘူး၊ တစ်အိမ်လုံးက ဖိတ်ခေါ်တာ၊ ဖေဖေက သူလုပ်တဲ့ပွဲကို တော်ရုံတန်ရုံလူကို ဖိတ်တာမဟုတ်ဘူး၊ သိပ်ကိုရင်းနှီးမှ ခင်မှ ဖိတ်တတ်တာရယ်၊ သူ့ကိုလည်း ဖေဖေက ခင်မင်လွန်းလို့ ဖိတ်ခိုင်းလိုက်တာ၊ လာခဲ့နော်"

အဲသည်နေ့က အဲသည်စကားတွေကစပြီး မစိမ်းစိုတစ်ယောက် ထွန်းဦးကို ယူနှင့်အိုင် စ,သုံးတာပင်။

"စိတ်ချ ... စိတ်ချ၊ အစားအသောက်ဆိုရင် မပျက်မကွက်ပြေးပြီး လာခဲ့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦး အလွယ်တကူပင် မစိမ်းစိုကို ကတိပေးခဲ့မိသည်။

ခါတိုင်းလို စနေနေ့ သာယာဝတီ ပြန်လိုက်ဦးမယ်။

ဒါပေမဲ့ တစ်ညပဲအိပ်မယ်။

တနင်္ဂနွေနေ့ မနက်စာ စားပြီးတာနှင့် ရန်ကုန်ကို ပြန်မည်။

ဒီလို ထွန်းဦး စီစဉ်ထားတာပါ။

အခုတော့ အဲသည်အစီအစဉ်တွေ ပျက်စီးရပြီပေါ့။

အဖေ့ကြောင့်ပါ။

အဖေဟာ စနေနေ့ညမှာ မုန့်ဟင်းခါးတွေစား၊ ငါးချဉ်တွေ အရမ်းစားပြီး တစ်ညလုံး ဝမ်းတရဟောသွားနေသည်။

ထွန်းဦးလည်း အဲသည်ညဟာ တစ်ညလုံး မအိပ်ရတော့ပါ။

အဖေ့ကို အိမ်သာတွဲပို့ရလို့လေ။

မနက်ကျမှ ဆရာဝန်အိမ်ကိုသွားပြီ ပြလိုက်ရသည်။

ဆရာဝန်က ဝမ်းပိတ်ဆေးရော၊ အားဆေးတွေရော ပေးသည်။

ဒါပေမဲ့ ဝမ်းက တော်တော်နှင့် မရပ်သေးပါ၊ အစားလည်း မစားနိုင်ရှာပါ။

အဖေလည်း ဝမ်းသွားရလွန်း၍ ပျော့နေပြီ။

ဆေးရုံတင်ရ ကောင်းမလားဟုပင် တစ်အိမ်လုံး ဝိုင်းစဉ်းစားနေရသည့်အချိန်။ စိတ်ပူနေကြချိန်။



သည်လိုအခြေအနေမျိုးမို့ ထွန်းဦး ကိုယ်လွတ်ရုန်းပြီး ရန်ကုန်ကို ထွက်မလာရက်ပါ။

အခုလို အဖေ တစ်ခုခုဖြစ်တိုင်း ထွန်းဦး သာယာဝတီမှာ နေပေးလေ့ရှိသည်။

ဒါကြောင့် ကျောင်းပျက်ရပေါင်းလည်း များလှပြီ။

အဖေ့ကို စောင့်ကြည့်နေဆဲမှာပင် အဖေ ဝမ်းသွားနေခြင်းမှ ရပ်သွားသည်။

တော်တော်ဆိုးသည့်ဝမ်း။

ရပ်မည့်ရပ်တော့ နေ့လယ်နှစ်နာရီကျော်ကျော်မှ ရပ်တော့သည်။

သည်အချိန်ကျမှတော့ ထွန်းဦး ရန်ကုန်သွားလို့ မဖြစ်တော့။

လက်လျှော့လိုက်တော့ ထွန်းဦးရေ။

စိတ်လျှော့လိုက်ပေတော့။

“ဟဲ ... ဟဲ ... ဟဲ”

အဖေကတော့ ဝေဒနာသက်သာသွားပြီမို့ ရယ်လို့ မောလို့။

အဖေ ရယ်မောနိုင်ပေမယ့် ထွန်းဦးခမျာ မရယ်မောနိုင်ရှာ။ အဖေ့ကိုပဲ ဒေါသထွက်ရမလား။

အဖေ့ အရေးပေါ်ဝေဒနာကိုပဲ စိတ်ဆိုးရမလား။

အဖေ့ကို ထွန်းဦး ကြည့်နေရင်းမှ ဆက်ပြီးကြည့်၍ မရတော့ပေ။

စိတ်ညစ်တာမှ အရမ်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်ဆီသို့ သွားရောက်ခဲ့သည်။

အဖေကတော့ ပြုံးရယ်ပြီး ကျန်ရစ်ခဲ့လေသည်။

❊ ✳ ❊



## အခန်း(၆)

တွေ့တာနှင့် အရင်ဆုံး ပြုံးပြနှုတ်ဆက်သူက ဝေ။

ထားပါ။

ဝေ့အပြုံးက ထွန်းဦးရင်ကို ဘယ်လိုမှ မထိခတ်၊ မတုန်လှုပ်၊ မလှုပ်ရှားနိုင်။

ဝေဝေထက် နည်းနည်းလေး နောက်ကျပြီး ပြုံးလိုက်သော မစိမ်းစိုကမှ ထွန်းဦး ရင်ထဲကို တိုက်ရိုက်ထိတာပင်။

ထွန်းဦးရင်ကို နာကျင်စေအောင် ပြုံးပြနိုင်သည့် မစိမ်းစို၏အပြုံး။

မစိမ်းစို ပြုံးပြသည့်အပြုံးကို ထွန်းဦး သရုပ်ခွဲ၍မရ။

သရော်ပြုံးလား၊ စိတ်နာစွာ အပြုံးလား၊ ခနဲ့အပြုံးမျိုးလား။

မသိပါ။ ထွန်းဦး မသိ။

ဒါပေမဲ့ ခါတိုင်း ထွန်းဦး မြင်နေကျ တွေ့နေကျ အပြုံးမျိုး မဟုတ်တာတော့ သေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နှုတ်ခမ်းထောင့်ကလေး မသိမသာ ရိပ်ခနဲ မဲ့ပြီးမှ ပြုံးလိုက်သည့် အပြုံးမျိုး။

မစိမ်းစို သည်အပြုံးမျိုးကို ထွန်းဦး သည်တစ်ခါပဲ မြင်ဖူးသည်။

သူတို့နှစ်ယောက် တိုင်ပင်ထားကြသလိုပင်။

ထွန်းဦးကို ပြုံးပြကြပြီး အယ်လ်စီအာရ်ရှေ့က စကြံအတိုင်း အက်စ်ဝမ်း၊ အက်စ်တူး စာသင်ခန်းတွေဘက် ဆက်လျှောက်သွားကြသည်။

ထွန်းဦးကို နှုတ်မှအသံထွက်ပြီး နှုတ်မဆက်ကြပေ။

သူတို့ စိတ်ကောက်နေကြမှန်း ထွန်းဦး ချက်ချင်း ရိပ်မိလိုက်ပါပြီ။

မစိမ်းနို စိတ်ကောက်တာတော့ ထားပါ။

မစိမ်းစိုနှင့် သူက အကြောင်းရှိတာကိုး။

ဝေဝေက ဘာကြောင့်ရောပြီး စိတ်ကောက်ရမှာလဲ လို့။

•

ဝေ ကျောင်းပြန်တက်နေပြီဆိုတော့ ဝေ့အဖေ သက်သာသွားပြီလား။

ဝေ့ကို ထွန်းဦး ကိုယ်ချင်းစာမိပါသည်။

ဝေဒနာရှင် အဖေကို ပြုစုနေရတာချင်း အတူတူမို့ပါ။

ထွန်းဦး ရင်ထဲမှ ဝေဝေ့အဖေ အခြေအနေ ဘယ်လို နေလဲလို့ မေးချင်သည့် ဆန္ဒတွေ တလိပ်လိပ် တက်လာသည်။

ထွန်းဦး မနေနိုင်တော့။



ထို့ကြောင့် ...

"ဝေဝေ ... မဝေ ... နေပါဦးဗျာ"

နောက်ကနေ ထွန်းဦး အပြေးလိုက်ခေါ်မိသည်။

အလို ...

နှစ်ယောက်စလုံး လှည့်မကြည့်ကြ။

ဆက်လျှောက်မြဲ လျှောက်နေကြလျက်။

မကြားတာတော့ မဖြစ်နိုင်။

ထွန်းဦး အသံ တော်တော်ကျယ်ပါသည်။

နောက်ပြီး နှစ်ယောက်စလုံး နားလည်းကောင်းကြသားပဲ။ နားမလေးကြပါဘူး။

မခေါ်ကြစတမ်းလို့များ တိုင်ပင်ထားကြပြီထင့်။

"မဝေ ... မဝေ ... ခဏလေးပါဗျာ"

ထွန်းဦး ထပ်ခေါ်ရင်း နောက်ကလိုက်သွားသည်။

ယောကျာ်းလေး ခြေလှမ်းပဲ ဘယ်ရမလဲ။

နှစ်ယောက်စလုံးကို မီလာသည်နှင့် ...

"နေပါဦး မဝေရဲ့၊ မဝေအဖေ အခြေအနေ မေးချင်လို့ပါ"

အမောတကော အသံကြီးနှင့် ထွန်းဦး မေးလိုက်သည်။

ဝေ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။ မဝေ ရပ်သွားတော့ မစိမ်းစိုလည်း ရပ်ရပြီပေါ့။

နှစ်ယောက်စလုံးကို ထွန်းဦး ကျော်တက်ပြီး မျက်နှာချင်းဆိုင်လိုက်၏။

"မဝေအဖေ ဘယ်လိုနေသေးလဲ၊ ဆေးရုံက ဆင်းပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းပြီ"

ဝေ့ထံမှ ခြောက်ခြောက်သွေ့သွေ့ စကားသံမထွက်ချင် ထွက်ချင် ထွက်လာ၏။

"လာ ... မဝေ၊ ကတိမတည်သူနဲ့ စကားမပြောနဲ့၊ သွားမယ်"

မစိမ်းစိုက ဝေ့လက်ကိုဆွဲ၍ ဆက်လျှောက်သွားသည်။

ရုတ်တရက်မို့ ထွန်းဦး ဘာလုပ်ရမှန်း မသိတော့ပါ။

သူတို့နှစ်ယောက်နောက်ကိုပဲ ဆက်လိုက်သွားရမလား။

ရောက်တဲ့နေရာကပဲ လှည့်ပြန်ရမလား။

ဟိုနေ့ကိစ္စအတွက် လိုက်ပြီးတောင်းပန်ရမလား။

နောက်မှပဲ အေးအေးဆေးဆေး တောင်းပန်ရမလား။

ထွန်းဦး ဘာမှဝေခွဲ၍မရ။

စိတ်က ဝေခွဲမရလို့လားမသိ။ ထွန်းဦး ခြေလှမ်းအစုံကလည်း ရပ်တဲ့လျက်။ ထွန်းဦး ဆုံးဖြတ်ချက်ကို ငံ့လင့်နေသည့်အလား။

ဟော ... ကြည့်။

ခပ်လှမ်းလှမ်းရောက်ကာမှ ဝေဝေ သမင်လည်ပြန်ပြန်လှည့်ကြည့်သည်။

ထွန်းဦးအခြေအနေကို မစိမ်းစို ကြည့်ခိုင်းလို့ ဝေက ပြန်လှည့်ကြည့်ပေးတာလို့ ထင်ပါရဲ့။



ပြီးတော့ ...

နှစ်ယောက်စလုံး ဟားတိုက်ရယ်မောလျက် အဓိပတိလမ်းကို အေးအေးဆေးဆေး ကူးသွားကြတော့သည်။

ထွန်းဦး ဆုံးဖြတ်ချက် ချလိုက်သည်။

မစိမ်းစိုတို့နောက် ဆက်မလိုက်ဖို့။

ထွန်းဦး နောက်ကြောင်းပြန်လှည့်ခဲ့တော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ပတ် အလှည့်ကျတာကတော့ ဇူး(Zoo) ပရယ်တီကယ်။ ဖယောင်းခင်းထားသော စတုဂံပုံ သွပ်ဇန်းထဲက ဖားကလေးကို မစိမ်းစို စိုက်ကြည့်လိုက်၏။

ဖားကလေးမှာ ပက်လက်အနေအထား ရင်ဘတ်က နေ ဆီးစပ်အထိ ခွဲထားလိုက်သေး။

လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်ကိုလည်း မလှုပ်ရှားနိုင်။ မသွားနိုင်အောင် ပင်အပ်ကလေးများဖြင့် စိုက်ထားသည်။

ခွဲထားသည့်ရင်ထဲမှာတော့ ဖားကလီဇာတို့ ဘာတို့ အပြည့်အစုံပင်။

ဖားနှလုံးသားကလေးကလည်း ဖုတ်လှိုက် ဖုတ်လှိုက် ခုန်နေဆဲ။

ဖားမေးအောက်က အသားတွေကလည်း လှုပ်လှုပ် လှုပ်လှုပ်နှင့်။

သည်လောက် ရင်ကိုခွဲထားတာတောင် ဖားကလေး မှာ မသေသေး။

တော်တော်ကို အသက်ပြင်းသည့် ဖားကလေး။



မစိမ်းစို ကြည့်ရင်း ကြည့်ရင်း အသည်းယားလာသည်။

ဖာလေးရဲ့ဘဝကိုလည်း သနားမိ၏။

ဖားကလေးခမျာ သူတို့တစ်တွေ ပညာရအောင် ဒုက္ခခံနေရရှာပါလားလို့။

"ကဲ ... ဝအောင်ကြည့်ပြီးကြပြီလား"

ဆရာက တစ်တန်းလုံးကြားအောင် အော်ပြောလိုက်သည်။

"ကြည့်ပြီးပါပြီ"

အတန်းထဲမှာ အာကျယ်ကျယ် ပြောတတ်သည့် ကျောင်းသားတစ်ယောက်က အဖြေပေးလိုက်ခြင်းပါ။

"ကြည့်ပြီးပြီဆိုရင် ဖားကလေးပုံကို လိုက်ဆွဲကြ‌ေ‌ပော့။ ဖားမှာ တပ်ထားတဲ့ လေဘယ်(Lebel)တွေပါ ပါပ‌ေ‌စေနော်"

သွားပြီ။

မစိမ်းစို စိတ်ညစ်သွားပြီလေ။

ဖားပုံကို ပီပြင်အောင်ဆွဲဖို့ မစိမ်းစို တော်တော်အား ထုတ်ရမှာပါလား။

မစိမ်းစို မသိမသာ ထွန်းဦးကို ခိုးကြည့်လိုက်သေးသည်။

ထွန်းဦးကတော့ ခြေကားယား လက်ကားယားနှင့် ဖားပုံကလေးကို အပီအပြင် လိုက်ဆွဲနေပြီ။

သည်တစ်ခါတော့ ထွန်းဦးမှာ ပုံဆွဲဖို့ရော ဖူး(လ်) စကက်စက္ကူနှင့် ဘာနှင့်။

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစိုဆိုမှာ အကူအညီ မကောင်းတော့ပါ။

မစိမ်းစိုလည်း သူမရှေ့က ဖားပုံကို ကူးဆွဲလိုက်ရသည်။

ပုံဆွဲနေရင်း မစိမ်းစို ငိုချင်လာမိသည်။

အရမ်း အရမ်းကို စိတ်ညစ်သွားရ၏။

သူမဆွဲလိုက်သည့် ဖားခမျာ အလွန်အလွန် အရုပ်ဆိုးနေသည်။ အချိုးအစား လုံးလုံးမကျဘဲ ပုံပျက်နေသည်။

ပါးစပ်ကရှုံ့ပြီး မေးရိုးကားသင့်သည်ကို ပြောင်းပြန်ဖြစ်အောင် ဆွဲထားမိ၏။

မစိမ်းစို ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြသွားရသည်။ တော်လှချည်လားလို့လေ။

လည်ပင်းနေရာသိမ်ပြီး ဗိုက်နေရာစုစုကလေးက ကားသင့်ပါ့လျက် ယောင်ယောင်ကလေးပဲ ကားထားမိ၏။

တကယ်ပါပဲ။

မစိမ်းစိုဖားက အီသီရိုပီးယားဖားလို့ပင် ကမ္ဘည်းတင်ရမလိုပဲ။

ညံ့မှညံ့။

အို ...။

မစိမ်းစိုဖားပုံက လက်ချောင်းတွေ ကြည့်ပါဦး။

အုန်းတံမြည်စည်းချောင်းတွေအလား လုံး၀၊ လုံး၀ မပီပြင်။

ကိုယ့်ပုံကိုကြည့်ပြီး မစိမ်းစို ငိုချင်သည့်ကြားကပင် ရယ်မိသွားရ၏။



စိတ်တိုင်းမကျ။

လုံး၀မကျေနပ်။

ခဲဖျက်နှင့်ပင် ဖျက်မနေတော့ဘဲ စာရွက်အသစ်တစ်ရွက်ထပ်ယူပြီး ပြန်ဆွဲရပြန်သည်။

သည်တစ်ခါလည်း မစိမ်းစိုပုံက ထူးမခြားနားပေ။

သည်လောက်ပဲ ပုံဆွဲညံ့ရသလားဆိုပြီး ကိုယ့်ကိုယ်ကိုယ်ပင် မကျေနပ်။ ဒေါသထွက်လာသည်။

စာရွက်နောက်တစ်ရွက် ၀ယ်ယူကာ ပြန်ဆွဲပြန်သည်။

ပို၍ ပို၍ပင် ဆိုးလာသည်။

အရင်ဆုံးဆွဲလိုက်သည့် ပုံလောက်ပင် ပုံမလာတော့ပေ။

မစိမ်းစို အရှုံးပေးချင်လာသည်။

ချွေးစေးတွေပင် ထွက်စပြုလာသည်။

ဟိုဘက်က ထွန်းဦးကလည်း မလှုပ်။

ဖားပုံ ဘယ်နှပုံများ ဆွဲနေသလဲမသိ။

ငုံ့ပြီးဆွဲနေတာပဲ။

မျက်၀န်းအစုံဟာ မျက်ရည်ဥကလေးများပင် ဥချင်လာသည်။

မစိမ်းစို ဖားကို စိုက်ကြည့်နေလိုက်သည်။

ဖားကလေးကတော့ အသက်ရှင်နေဆဲ။ နှလုံးသားကလေးများ တဖျပ်ဖျပ် ခုန်နေသေးလျက်။

မစိမ်းစို နှလုံးသားများမှာလည်း တဆတ်ဆတ်တုန်ဆင်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သောကများ မစိမ်းစို ရင်မှာ လွှမ်းမိုးဝင်ရောက်လာနေသည်။

"ရော့"

ထွန်းဦးအသံနှင့်အတူ အကျအန ဆွဲထားသော ဖားပုံကလေးတစ်ပုံပါသည့် စာရွက်တစ်ရွက် မစိမ်းစို ရှေ့မှောက်ရောက်လာသည်။

ထွန်းဦးကို အမြင်ကတ်သည်နှင့် မစိမ်းစို လက်မခံပါ။ စာရွက်ကလေးကိုပင် ထွန်းဦးဆီ ပြန်ထိုးပေးလိုက်သည်။

"ကိုယ့်အားကိုယ်ကိုးမယ်၊ အကူအညီ မလိုဘူး"

ထွန်းဦး ကြားလောက်အောင် သည်လို ပြောလိုက်ပြန်သည်။

မစိမ်းစို နောက်ထပ် ဖားပုံဆွဲပြန်သည်။

ထွန်းဦးကတော့ သူဆွဲပြီးပုံကို ဆရာ့ဆီ သွားအပ်နေသည်။

မရ ... မရတော့။

မစိမ်းစို ပုံဆွဲလို့မရတော့။

ခဲတံကို ဆောင့်ချပစ်လိုက်သည်။ ခဲတံမှ ခဲဆန်ကလေးပင် ပဲ့ကျသွားရရှာသည်။

"ပုံဆွဲပြီးတဲ့သူတွေ စာရွက်လာအပ်နိုင်ပြီ"

ဆရာ့ရဲ့အသံဟာ မစိမ်းစိုအတွက်တော့ မိုးကြိုးပစ်သံအလားပင်။

ပရယ်တီကယ် အခန်းတစ်ခန်းလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။



ပုံဆွဲပြီးတဲ့သူတွေက စာရွက်တွေ သွားတင်ကြလေပြီ။

မစိမ်းစို နှုတ်ခမ်းကို အပြတ်ကိုက်ပြီး ဖားကိုပဲစိုက်ပြီး ကြည့်နေသည်။

မစိမ်းစို ကြည့်နေဆဲပင် ခုန်နေသော ဖား၏နှလုံးသားကလေးက ရပ်တန့်သွား၏။

ဖားကလေး သေသွားရှာပြီပေါ့။

မစိမ်းစိုလည်း စိတ်လျှော့လိုက်ပါပြီ။

ထွန်းဦး ဆွဲပြီးထားခဲ့သည့် စာရွက်ကလေးကို မစိမ်းစို ပြန်ယူကာ ခုံနံပါတ်တပ်၍ ဆရာ့ထံ သွားအပ်ပါသည်။

ဖားရဲ့နှလုံးသားကလေး ငြိမ်သက်သွားသလို မစိမ်းစို နှလုံးသားလည်း ငြိမ်သက်သွားရပါပြီ။

ကျေးဇူးတင်စကားပြောရန် ထွန်းဦးကို ရှာမိပါသေးသည်။

မတွေ့တော့။

ထွန်းဦး ခတ်ခွဲခန်းထဲက ပျောက်ကွယ်သွားပါပြီ။ သူမကိုပင် နှုတ်မဆက်ရှာပေ။

သည်ကနေ့ တစ်နေ့လုံး ထွန်းဦး အပေါ် ဆက်ဆံခဲ့သည့် အပြုအမူတွေအတွက် မစိမ်းစို အားနာလိုက်တာ။

တကယ်ပါ ထွန်းဦးရယ်။

❄ ✳ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

တကယ်ပါ။

မစိမ်းစို ထင်ကိုမထင်ဘူး။

အားလုံးသည် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာသည်။

သည်လိုဖြစ်ပါစေတော့ဆိုပြီး တမင်တကာ ဖန်တီးရယူလိုက်ခြင်း မဟုတ်ဘဲ သူ့ဘာသာ အလိုအလျောက် ဖြစ်လာခြင်းသာ။

ထွန်းဦး တစ်ယောက် မစိမ်းစို အိမ်ကို ရောက်လာလိမ့်မယ်ဆိုတာလေ။

ပြီးတော့ ...

အခုလို မေမေနှင့် အေးအေးဆေးဆေး ထိုင်စကားလက်ဆုံပြောနေလိမ့်မယ် ဆိုတာကိုလည်း ဘယ်အခါကမှ မစိမ်းစို စိတ်ကူးထဲ မထည့်မိပါ။

ကြည့်ပါဦး ...။

မေမေကလည်း ထွန်းဦးကို ဘယ်တုန်းကမှ မတွေ့ခဲ့၊ မမြင်ခဲ့၊ မသိခဲ့ဖူးပါလျက် လှိုက်လှိုက်လှဲလှဲ ခင်ခင်မင်မင် ဧည့်ခံပြီး စကားပြောဆိုလို့။



မစိမ်းစို တအံ့တဩနှင့် အိမ်ထဲဝင်ခဲ့၏။

"ဒီမယ် အဖေကြီး၊ ဒါ သမီးသူငယ်ချင်း ထွန်းဦးတဲ့၊ ဟိုနေ့က သူ့အဖေ အတော်နေမကောင်းလို့ မလာနိုင်ခဲ့တာ လာတောင်းပန်နေလေရဲ့"

မစိမ်းစို နောက်မှ အိမ်ထဲဝင်လိုက်လာသည်။

"အို ... ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး၊ အန်ကယ်တို့ကတော့ မျှော်နေမိတယ်၊ မစိမ်းစိုလည်း တစ်ချိန်လုံး ပြတင်းပေါက်နားက မခွာဘူး၊ မျှော်နေတာပဲ၊ ဟိုနေ့က မကျွေးရတဲ့အတွက် ကနေ့ညနေစာ အန်ကယ်တို့ကျွေးမယ်၊ ဟုတ်လား"

ကဲ ... ကြည့်။

ဖေဖေကလည်း ဖော်ဖော်ရွေရွေ။

အောင်မယ် ... ဟိုနေ့က လာမစားဖြစ်တာကိုသည်နေ့ညနေစာ ကျွေးမယ်တဲ့။ ဟင်း ... ဟင်း။

ဖေဖေကတော့ ထားပါ။

လူတကာအပေါ် သည်လိုပဲ ဖေဖေက သဘောသိပ်ကောင်းတတ်တာပဲ။

မစိမ်းစို ဧည့်ခန်းထဲ ဝင်လာတုန်းက ထွန်းဦး မော့ကြည့်လိုက်ပါသေးသည်။

ပြီးတော့မှ ပြန်ခေါင်းငုံ့သွားသည်။

ဖေဖေ ညနေစာကျွေးမယ့် အစီအစဉ်ကိုတော့ ထွန်းဦးခေါင်းပြန်မော့ပြီး ငြင်းရှာပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ အန်ကယ် ... နေပါစေ၊ ကျွန်တော် မစားပါရစေနဲ့"

"စားသွားပါကွယ်၊ အန်တီတို့ကို ခင်တယ်ဆိုရင် အန်တီ့ရဲ့လက်ရာလေးကို မြည်းသွားပါဦးကွယ် ... နော်"

"အလို"

မေမေကလည်း အလာကြီးပါလား။

ထွန်းဦးကတော့ ဘာမှပြန်မပြောဘဲ ဧည့်ခန်းထောင့်မှာရှိသည့် စန္ဒရားကြီးကို လှမ်းမျှော်ကြည့်နေ၏။

"ဖေဖေ ဂေါ့(ဖ်)ကွင်း သွားလိုက်ဦးမယ်"

"အို ... ဒီမှာ ထမင်းစားတော့ ဖိတ်ထားပြီးမှ ..."

မေမေက ဖေဖေ့ကို သတိပေးလိုက်၏။

"မေမေနဲ့ မစိမ်းစိုပဲ ဧည့်ခံလိုက်ပါ၊ ဟိုမှာလည်း ချိန်းပြီးသား ဖြစ်နေလို့၊ ကဲ ... ငါ့တူ၊ အန်ကယ့်ကို ခွင့်လွှတ်နော်"

ဖေဖေက ထွန်းဦးကိုပါ နှုတ်ဆက်ပြီး အဝတ်အစားလဲရန် အိပ်ခန်းထဲ ဝင်သွားသည်။

"ထိုင်လေ ...၊ မစိမ်း ... သမီးရဲ့သူငယ်ချင်းကို ဧည့်ခံလိုက်ပါဦး၊ စကားပြောနေကြဦး၊ မေမေ မီးဖိုချောင်ဝင်လိုက်ဦးမယ်"

ကြောင်တောင်တောင်ကလေး ရပ်နေသည့် မစိမ်းစိုသည်တော့မှ ဧည့်ခန်းကုလားထိုင် ဆိုဖာတစ်လုံးမှာ ဝင်ထိုင်ဖြစ်သည်။



အခုထိ နှစ်ဦးသား စကားတစ်ခွန်းမှ မပြောဖြစ်သေးဘဲ ငြိမ်နေကြသည်။

ဖေဖေ အဝတ်အစားလဲပြီးသည်နှင့် သူတို့နှစ်ယောက်ကို လက်ပြနှုတ်ဆက်ပြီး အိမ်ထဲက ပြန်ထွက်သွားပြန်သည်။

ထွန်းဦး ရီဝေသော မျက်ဝန်းအစုံဖြင့် မစိမ်းစိုအား ကြည့်ကာ ...

"တို့ကို ခွင့်လွှတ်ပါ မစိမ်းစို၊ တို့ အဲဒီနေ့က ရန်ကုန်မှာ မရှိပါဘူး၊ တို့မြို့ကို ပြန်ရောက်နေတယ်၊ အဲ ... တို့အဖေက ကောက်ကာငင်ကာ နေမကောင်းဖြစ်တာနဲ့ တို့ မလာဖြစ်တာပါ၊ ဆောရီးပဲကွယ်"

"ယူက ရန်ကုန်က မဟုတ်ဘူးလား"

"ဟင့်အင်း ... သာယာဝတီကပါ"

သာယာဝတီဆိုသည့်မြို့ကို မစိမ်းစို မကြားဖူးပါ။

မစိမ်းစိုမှာလည်း သည်လောက်ထိ ဗဟုသုတခေါင်းပါးပါသည်။

"သာယာဝတီဆိုတာ ဘယ်နားမှာလဲ"

"ရန်ကုန်–ပြည်လမ်းမှာပဲ၊ ရန်ကုန်ကနေ မိုင်ခုနစ်ဆယ်ရှစ်ဆယ်လောက်တော့ ဝေးတယ်။ နေ့ချင်းပြန် သွားလို့ရပါတယ်"

"ဒါဖြင့် ယူ စနေ တနင်္ဂနွေ ကျောင်းပိတ်ရင် အိမ်ကို ပြန်တာပေါ့နော် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ပြန်ရတယ်၊ မဖြစ်ဘူးလေ၊ တို့အဖေက သာမန်နေမကောင်းတာ မဟုတ်ဘူး မစိမ်းစိုရဲ့။ ဟိုလေ … ယဉ်ယဉ်လေးနဲ့ ရူးနေတာ"

"အို … ရူးနေတယ်"

တကယ်ပဲ ထွန်းဦးရယ်။

ထွန်းဦးစကား ကြားရတာ မစိမ်းစို အရမ်းကိုစိတ်မကောင်းဖြစ်မိတာပဲ။

ယုံပါဟာ။

ထွန်းဦးကို အသေအချာ ကြည့်မိသည်။ မစိမ်းစို အကြည့်များ ပြောင်းလဲသွားရသည်။

အခုကြည့်သည့် အကြည့်က …

သာမန်မိတ်ဆွေ ကြည့်သည့်အကြည့်မျိုး။

အခုအကြည့်ကတော့ ကရုဏာအပြည့်။

ကြင်နာသောအကြည့်၊ သနားသောအကြည့်။

"အဲဒီလို ရူးနေရတဲ့အထဲ ဝမ်းက ကောက်ကာငင်ကာ သွားလိုက်တော့ တို့လည်း သူ့ကို ပစ်ထားပြီး ထွက်လာလို့မရတော့ဘူးပေါ့ဟာ"

ရှင်းသွားပါပြီ။

မစိမ်းစို စိတ်ထဲ ရှင်းလင်းရပါပြီ။

ထွန်းဦးအပေါ် မစိမ်းစို အထင်လွဲနေမိသည်။ ညှော်ခံပွဲကို အထူးဖိတ်ပါလျက်နှင့် သက်သက်မလာဘဲနေခြင်းဟု လွဲမှားစွာ ထင်မိသည်။



ထွန်းဦးတို့ကို သက်သက် အိုက်တင်ခံတာဟု ထင်မိခဲ့တာ အမှန်။

ဒါကြောင့် မစိမ်းစို အရမ်းစိတ်ဆိုးတာပေါ့။

အခုတော့ ထွန်းဦးရဲ့ဘဝကို မစိမ်းစို သိရပါပြီ။

ထွန်းဦး ဆက်ပြောပြန်သည်။

"အဖေက ချူချာတယ်၊ ခဏ ခဏ ဒီလိုမျိုးဖြစ်တတ်တယ်၊ ဒါကြောင့် တို့လည်း ကျောင်းခဏခဏ ပျက်နေရတာ၊ မစိမ်းစိုကိုတောင် ရိုး(လ်)ခိုးထိုးခိုင်းရတာပေါ့"

ဒါလည်း မစိမ်းစို အထင်မှားခဲ့ဖူးပါသည်။

ကဗျာရေးချင်လို့၊ ကဗျာစာအုပ်တွေ လျှောက်ရောင်းချင်လို့ ကျောင်းပျက်တာ။ ကျောင်းပြေးတာဟု ထွန်းဦးအပေါ် အထင်မှားခဲ့ဖူးပါသည်။

အခုတော့ မစိမ်းစို အထင်တွေ တက်တက်စင်အောင် လွဲနေရပါသည်။

မစိမ်းစိုရင်ထဲမှာ နည်းနည်းမှ မကောင်းတော့ပါ။

"ယူကလည်း အစကတည်းက ဒါတွေပြောထားရောပေါ့၊ တို့မှမသိတာ၊ တစ်ခါတည်း အထင်တွေလွဲမှားနေမိတာပေါ့"

မစိမ်းစို ပြောသော စကားကို ထွန်းဦး ဖြူဖွေးလှပသော သွားစွယ်လေးနှစ်ချောင်းပေါ်အောင် ပြုံးရယ်လိုက်သည်။

သူ့အပြုံးက နွေးထွေးသည့်အပြုံး။

ခင်မင်ရင်းနှီးသည့် အပြုံးမျိုး။

သည်းခံခွင့်လွှတ်သည့် အပြုံးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မစိမ်းစိုရယ်၊ ရပါတယ်၊ မစိမ်းစိုမှ မသိတာပဲ၊ အထင်အမြင် လွဲမှားသင့်ပါတယ်"

"ကဲ ... လာကြဟော့၊ လာကြ ... ထမင်းပွဲပြင်ပြီးပြီ၊ စားကြရအောင်"

မေမေ့စကားကြောင့် သူတို့နှစ်ယောက် စကားပြတ်သွားကြသည်။

"လာ ... ထမင်းသွားစားကြရအောင်"

မေမေ့စကားအတွက် အားဖြည့်ပြီး မစိမ်းစို ထပ်ပြီးခေါ်လိုက်သည်။

ထွန်းဦး ကုပ်ကုပ်ကလေး ထမင်းစားခန်းထဲ လိုက်ခဲ့သည်။

❄ ❄ ❄



အမှတ်တမဲ့ သတိမထားမိလိုက်လို့ မတွေ့ခဲ့။

ယခုမှ ...

"ဒီစန္ဒရားကြီးက မစိမ်းစို တီးတာလား"

ထမင်းစားအပြီး ဧည့်ခန်းထဲအရောက် စန္ဒရားကြီးကိုကြည့်ရင်း ထွန်းဦးက မေးလိုက်သည်။

"တစ်ခါတလေ အပျင်းပြေ တီးတာပါ"

"ဘာသီချင်းတွေရသလဲ၊ ချစ်သမျှကိုတို့ ဘာတို့လား"

"ဟင့်အင်း ... မစိမ်းစိုက သိပ်ပြီး မတီးတတ်သေးပါဘူး၊ ယူကော တီးတတ်လား"

"နည်းနည်းပါးပါးပါ၊ ရန်ကုန်မှာ အတူတူနေခဲ့တဲ့ ဦးလေးက သင်ပေးလို့လေ"

"ဒီလိုဆို တစ်ပုဒ်လောက် ဆိုတီးပြပါဦးလား"

"ဟာ ... မလုပ်ပါနဲ့ မစိမ်းစိုရယ်၊ တော်ကြာ ကြောင်တစ်ရာအော်သံဆိုပြီး အရပ်က ဝိုင်းရိုက်နေပါဦးမယ်"

"အိုကွယ် ... ဒီလောက်တောင်ပဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချရသလား၊ တီးပြစမ်းပါဆို"

မနေသာတော့။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားကြီးအဖုံးကို ထွန်းဦး ဖွင့်လိုက်သည်။

စန္ဒရားအသံ နည်းနည်းစမ်းလိုက်သည်။

သီချင်းအတောကလေးတစ်ခုကို တီးလိုက်သည်။

မစိမ်းစို နားထဲတွင် ထွန်းဦး စန္ဒရားသံက စမ်းရေစီးကျသံလားပါ။

ကောင်းလိုက်သည့် ထွန်းဦးလက်သံ။

သည်လိုလက်သံကောင်းကောင်း မစိမ်းစို တစ်ခါမှ မကြားဖူးသေး။

မစိမ်းစို နားမှာ ယဉ်ပါးနေတာက ဖေဖေရဲ့စန္ဒရားလက်သံ။

အခုလို မြန်မာဆန်ဆန် တေးသွားမျိုးကို မစိမ်းစို မကြားဘူးပါ။

ထွန်းဦး စန္ဒရားကို ဘယ်ပြန်ညာပြန် တီးလုံးသက်သက်ချည်းပဲတီးပြီး ဖြုန်းခနဲ ရပ်ပစ်လိုက်၏။

သည်တော့ ထွန်းဦး၏ ဂီတသံက တီးခတ်ပြတ်တောက်သွား၏။

တော်လိုက်တာ ထွန်းဦးရယ်။

ဒါကြောင့် မစိမ်းစိုမှာ မနေနိုင် မထိုင်နိုင် လက်ခုပ်ကလေးကို အားပါးတရတီး၍ အော်ဟစ်လိုက်တော့သည်။

"ဝမ်းစမိုး ... ဝမ်းစမိုး"

ထွန်းဦးကတော့ သွားစွယ်နှစ်ချောင်း ပေါ်လွင်အောင် ပြုံးပြလျက်။



စန္ဒရားကို သူ့လက်ဖျားကလေးနှင့် တို့ကနန်းဆိတ်ကနန်း ထိကစားနေပြန်၏။

"သီချင်းလည်း ဆိုတတ်မှာပေါ့"

ဖိုးဆိုချင်ထွန်းဦး ခေါင်းညိတ်ပြ၏။

"ဒါလိုဆိုရင် တစ်ပုဒ်လောက်"

မစိမ်းစို ပွဲတောင်းလိုက်သည်။

စန္ဒရားခလုတ်တွေကို ဆော့ကစားနေရင်း ဘာသီချင်း ဆိုရမလဲဆိုတာ ထွန်းဦး စဉ်းစားနေ၏။

သီချင်းကြီး။

အို ... မေမေ သိပ်ပျော်သွားပါဦးမယ်။

ထွန်းဦးက စိန်ဝေလွှဲ လက်ရာတွေကိုသွားပြီး သတိရမိသည်။ ပြည်လှဖေဆိုတဲ့ ပပဝင်းဝင်း အဲဒီသီချင်းကို ထွန်းဦး ကြိုက်သည်။

"ဆွတ်ချူရန် ခက်ပါရဲ့ ... မျက်ပါနဲ့သက်လယ် ...
အုံပုန်းမောင့် မျက်နှာငယ်မှာ အကွက်မလယ်နိုင်ဘဲ ...
ရွှေငုံမင်း အမြီးမျှော်သလို ခရီး ... ဖြော် ... နီးရက်နဲ့ဝေး ...
ဘယ်သောအခါများ တူနှစ်ကိုယ်နီးရပါ့မယ် မောင်ကြံရွယ်
တဲ့ နတ်ပန်းခက်ကို ခူးရခက်သေးတယ် ..."

သည်နေရာရောက်တော့ ထွန်းဦး မစိမ်းစိုကို မော့ကြည့်လိုက်သည်။

မစိမ်းစိုကလည်း ထွန်းဦးကို ကြည့်နေခိုက်မို့ နှစ်ဦးသား မျက်လုံးချင်း ဆုံသွားရ၏။

ရင်တွေ ခုန်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားဆိုသည်မှာ ခက်လှဘိကောင်း။ နှလုံးသားသည် မာကျောခက်ထန်သည်။ လူ၏သဘာဝဖွဲ့စည်းသည်က နုနယ်၏။

ထွန်းဦး ရင်ထဲ ထိတ်ခနဲ ခုန်သွားသလို မစိမ်းစို နှလုံးသားလည်း ထိတ်ခနဲ ခုန်သွား၏။

တစ်ဖန် ...

"ဩော် ... ဝင်းဝင်းပပ လှတဲ့ပျိုနှမရယ် ... မောင့်အသည်းမှာ အမြဲတမ်းပဲ စွဲလမ်းမိတော့တယ်၊ တူမောင်မယ် နီးဖို့ရယ် ခင်ပျိုနှမရယ် ခက်သေးတယ် ... အမြင်သာနီးရက်နဲ့ ခရီးက ဝေးလှတယ် ... မိဘမောင်ဘွား အစ်ကိုတွေကြားဝယ် ယက္ခဂုမ္ဘာန်ပိုင်းရုံပတ်လို့ရယ်၊ စောင့်ကြပ်တဲ့ နတ်ပန်း အာသာဝတီနွယ် ...

"မောင့်အသည်းမှာ အမြဲပဲစွဲကာရယ်၊ ခင်နဲ့မောင် နီးဖို့ခက်ပါတယ်"

ထွန်းဦး ထပ်မဆိုတော့ဘဲ အဆုံးသတ်လိုက်သည်။

သည်တစ်ခါတော့ မစိမ်းစို လက်ခုပ်မတီးဖြစ်။ မတီးရဲလို့ရယ်ပါ။

ကြည့်ဦးလေ။

သီချင်းစာသားတွေက။

မိန်းကလေးတစ်ယောက်ကို ချစ်သည့်စကားပြောရန် ခက်နေသည့် သီချင်းမျိုး။

ဒါကြောင့် မစိမ်းစို လက်ခုပ်မတီးရဲတာပေါ့။

မစိမ်းစို စိတ်တွေမလုံမလဲ။



ထွန်းဦးကို ကြည့်တောင်မကြည့်ရဲတော့ပါ။

စန္ဒရားအဖုံးပိတ်သံ ကြားလိုက်ပြီးနောက် ...

"တို့ ပြန်ဦးမယ် မစိမ်းစို"

နှုတ်ဆက်စကားဆိုသံ ကြားရသည်။

မစိမ်းစို ခေါင်းညိတ်ပြလိုက်၏။

ထိုအခိုက် ...

သူတို့နား မေမေရောက်လာသည်။

"ပြန်တော့မလို့လားကွယ်"

"ဟုတ်ကဲ့ အန်တီ၊ ပြန်ပါဦးမယ်"

"အေးကွယ် ... နောက်များလည်း လာလည်ပေါ့"

"ဟုတ်ကဲ့ အန်တီ"

မေမေသည် ထွန်းဦးကို ဆင်ဝင်အောက်ထိ လိုက်ပို့ပေးလေသည်။

မစိမ်းစိုကတော့ လိုက်မပို့နိုင်။

မစိမ်းစို ဘာတွေဖြစ်နေပါလိမ့်။

မစိမ်းစို ရင်တွေ လှုပ်ရှားနေပြီမို့လား။

မစိမ်းစိုရဲ့နားထဲမှာ ထွန်းဦးရဲ့သီဆိုတဲ့ သီချင်းသံဟာ ပျံ့ဝဲနေဆဲ။

"ဘာတဲ့"

"မောင့်အသည်းမှာ အမြဲပဲစွဲကာရယ်၊ ခင်နဲ့မောင်နီးဖို့ရာ ခက်ပါတယ်"

ချစ်ခင်မေတ္တာ ဆိုသည်မှာကလည်း ကြံကြံဖန်ဖန် ဤနှလုံးသားမှာပင် သန္ဓေတည်တတ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ကနေ့ မစိမ်းစိုတို့ အတန်းတင်စာမေးပွဲ နောက်ဆုံးနေ့။

နောက်ဆုံးဖြေဆိုရမည့် ဘာသာကတော့ ဘော်တနီ ပရယ်တီကယ်။

မစိမ်းစို အကြောက်ဆုံးဘာသာ။

သို့သော် ...

မစိမ်းစို ကံကောင်းသည်။

ဖြေဆိုရန်မေးသည့် မေးခွန်းကို မစိမ်းစို ပိုင်ပြီးသား။

စာမေးပွဲမတိုင်မီက ထွန်းဦးနှင့်သူ အကြိမ်ကြိမ်ပုံဆွဲလေ့ကျင့်ခဲ့သည်။ အပင်ပုံကို မစိမ်းစို ဆွဲရန် အလှည့်ကျသည်။

ဒါကြောင့် မစိမ်းစို ကောင်းမွန်စွာ ဖြေနိုင်ခဲ့သည်။

မစိမ်းစို ပျော်ရပြီပေါ့။

ကော်ရစ်တာကနေပြီး ထွန်းဦးနှင့် ဝေဝေတို့က မစိမ်းစိုကို ရပ်စောင့်နေကြသည်။

အပြုံးတွေ ကိုယ်စီကိုယ်င။



"ဖြေနိုင်တယ် မဟုတ်လား"

ထွန်းဦး မေးတော့ မစိမ်းစို ခေါင်းညိတ်လိုက်၏။

"တို့ကျတဲ့ပုံကတော့ဟော့ ... ကျွတ်ရော"

ဟု ဝေဝေ ညည်းညူလိုက်သည်။

"ဟင် ... ဒါဖြင့် မဖြေနိုင်ဘူးပေါ့"

စိတ်မကောင်းသော အသံလေးနှင့် မစိမ်းစို မေးလိုက်သည်။

"သိပ်တော့ မပိုင်ဘူးပေါ့၊ ဒါပေမဲ့ အောင်မှတ်တော့ရမှာပါ"

"အောင်ရင် ပြီးတာပါပဲဗျာ၊ ဘာလဲ ... ဂုဏ်ထူးလိုချင်သေးလို့လား၊ လောဘကိုကြီးတယ်"

"အေးပေါ့ဟာ ... ယူချင်တာပေါ့၊ နင်တို့နှစ်ယောက်က ကျိတ်ပြီးလုပ်ကြပြီးတော့"

"အို ... အို ... စိတ်မဆိုးပါနဲ့ဗျာ၊ မစိမ်းစိုက ပုံဆွဲညံ့လွန်းလို့ပါနော်"

"သိပါတယ်တဲ့ရှင် ... သိပါတယ် ... သိပါတယ်"

ထွန်းဦးကို မျက်စောင်းကလေးထိုးပြီး ပြောလိုက်သည်။

"တော်ကြပါတော့၊ တော်ကြပါတော့"

"ဒီနှစ်ယောက်ကလည်း ခွေးနဲ့ ကြောင် ကျနေတာပဲ၊ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့"

မစိမ်းစို စကားမဆုံးမီ ထွန်းဦးက ဖြတ်ပြီးတော့ ...

"သူ ကိုက်တာနော် မစိမ်းစို"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦး စကားကြောင့် ဝေဝေ နှုတ်မမ်းစူလိုက်ပြီ။

"ထွန်းဦး ... ဒါ နင်ငါ့ကို ခွေးလို့ပြောလိုက်တာပေါ့လေ"

"ဟာ ... မပြောရပါဘူးဗျာ၊ ဝေ့ကို ခွေးလို့မမှတ်ပါဘူး နော်"

"အို ... ဘာရမလဲ၊ ငါကကြောင်၊ နင်ကခွေး"

"ခွေးပဲဖြစ်ဖြစ် ကြောင်ပဲဖြစ်ဖြစ် ကိုက်တတ်တဲ့အမျိုးကြီး ပဲဟာ ဝေကလည်း၊ ဟား ဟား ... ဘာများထူးလို့လဲ၊ ဟဲ ဟဲ ... နာတယ်ဗျ"

ဝေ ထွန်းဦးရဲ့လက်မောင်းကို လိမ်ဆွဲလိုက်ခြင်းပါ။

"တော်ပြီ ... တော်ပြီ၊ ငါ နင်တို့နဲ့ မလိုက်တော့ဘူး"

ဝေဝေက ခြေကိုဆောင့်ပြီး မစိမ်းစိုတို့အနားမှ ထွက်သွား၏။

ဘာရမလဲ။

မစိမ်းစိုက အချိန်မီ ဝေဝေ့လက်မောင်းကို သူ့ရဲ့ နူးညံ့လှပသော လက်ဖဝါးလေးက ဆွဲဖမ်းလိုက်သည်။

"စတာပဲဟာ ... ဝေကလည်း၊ လာ ... သွားကြစို့"

"မလိုက်တော့ဘူး၊ သုံးယောက်တည်းရှိတာ ဂိုဏ်းကွဲနေပြီ၊ နင်တို့နှစ်ယောက်က တစ်ဂိုဏ်း၊ ငါက တစ်ယောက်တည်း ဆိုတော့"

အားငယ်သည့်စကား ဝေကပြောလိုက်သည်။

"လာပါ သူငယ်ချင်းရယ်"

"အသက်ရှည်ရှည် ခင်ခင်မင်မင် ရေးကထက် ပိုချစ်ကြမယ်"



ထွန်းဦးက လက်ရေတစ်ပြင်စီးသီချင်း ဆိုပြီး စ, လိုက်ပေသည်။

"မချစ်ဘူး ... မချစ်ဘူး၊ နင့်ကို မုန်းတယ်"

ဝေဝေကတော့ မလျှော့။

ဝေ စိတ်ဆိုးသွားပုံရသည်။

ဝေက သည်လိုပဲ။

ခပ်စွာစွာနဲ့ ကျယ်ကျယ်ပဲ။

မစိမ်းစိုက အေးဆေးသလောက် ဝေဝေက စွာသည်။

မဟုတ်လျှင် မခံ။ စွာမှစွာပဲ။

ဟိုတစ်လောကတုန်းကလည်း သည်လိုပဲ။ ဝေက မျက်နှာလေး ချစ်စရာကောင်းသလောက် ကိုယ်လုံးခန္ဓာက မလှ။

ခါးမရှိ၊ လုံးလုံးကစ်ကစ်လေး။

ဒါကို အတန်းထဲက ငနဲတစ်ယောက်က ...

"လိပ်စာကလေး"

သည်လို ပါးစပ်သရမ်းလိုက်သည်။

ပေါက်ပေါက်ဆုပ်ကို ဆိုလိုခြင်းဖြစ်သည်။

အို ... ဘာပြောကောင်းပါ့မလဲ။

အဲသည်သူ ရှေ့တည့်တည့်မှာ ခါးထောက်ရပ်ပြီး မျက်နှာကို စေ့စေ့ကြည့်ပြီး ...

"ဒီမယ် ... ဒါ ဘယ်သူ့ပြောတာလဲ လိပ်စာဆိုတာ၊ နှမ ချင်းစာနာပါ"

ရန်ထောင်ပြောလိုက်သည်။

အဲသည်လူကလည်း မလျှော့။

www.burmeseclassic.com

www.burmeseclassic.com



"စာနာရအောင် ငါ့မှာ နှမ,မရှိဘူး"

"နှမ,မရှိရင် အမေရှိမှာပေါ့"

"ရှိတယ်၊ ဘာဖြစ်လဲ"

"ရှိရင် အဲဒီ နှင့်အမေကို သွားပြောချေ၊ ဟင်း ... နောက် တစ်ခါ ပြောရဲပြောကြည့်၊ ပါမောက္ခနဲ့တိုင်မယ်၊ ဘာမှတ် သလဲ၊ လူကိုယ်က စုတ်ချွန်းချွန်းနဲ့ ကြွက်စုတ်ရုပ်က"

အပြတ်ကို စွာပစ်လိုက်သည်။

တခြားကျောင်းသားတွေ ဝိုင်းဟားကြလို့ အဲသည် လူလည်း တစ်ချိုးတည်း လစ်ရောပဲ။

ဝေက အဲသည်လိုမျိုး။

အခုလည်းကြည့်၊ တကယ့်ကို စိတ်ဆိုးသွားပုံပါပဲ။

ဝေဝေက သူ့အိမ်မှာ အငယ်ဆုံးလေ။

အစ်ကိုသုံးယောက်ပဲရှိတယ်။

မိန်းကလေးဆိုလို့ သူတစ်ယောက်တည်းပါတော့ အားလုံး အစ်ကိုတွေက ဖူးဖူးမှုတ်ထားသည်ဟု ဝေဝေ ပြောထား ဖူးသည်။

"ဝေ တကယ် စိတ်ဆိုးသွားပြီ၊ ယူ ရှေ့နားကစောင့်နေ၊ တို့ သွားချော့လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် မစိမ်းစို ဝေဝေ့နောက်က အပြေး အလွှားလိုက်သွားသည်။

ထွန်းဦးကတော့ အားနာသည့် မျက်နှာနှင့် ကျန် ရစ်ခဲ့ရှာသည်။

တကယ်ပင် ထွန်းဦး စိတ်မကောင်း။



ထွန်းဦးနှင့် မစိမ်းစိုကလည်း ခုတလော တော်တော် လုံးမိကြသည်။

မစိမ်းစိုအိမ်ကို ထွန်းဦး ခဏ ခဏ သွားတတ်သည်။

ကျောင်းစာတွေ အတူတူ လေ့ကျင့်ကြ၏။

ကျောင်းစာ ငြီးငွေ့သည့်အခါ ထွန်းဦးက စန္ဒရား တီးသီချင်းဆိုသည်။

မစိမ်းစို သင်ပေးခိုင်း၍ ထွန်းဦး သင်ပေးတာ မြန်မာသီချင်းနှစ်ပုဒ် သုံးပုဒ်ပင် မစိမ်းစို တီးတတ်နေလေပြီ။

လက်ရေးတစ်ပြင်စီး သီချင်းလိုပဲ မစိမ်းစိုနှင့်ထွန်းဦး တို့ရှေ့ကထက် ပိုရင်းနှီးလာကြသည်။

ဒါကို ဝေဝေသိသည်။

ဝေဝေ့ခမျာ လူမမာနှင့်မို့လို့ ကျောင်းမှာသာ မစိမ်းစို နှင့် အဖွဲ့ကျနိုင်သည်။

မစိမ်းစို အိမ်အထိ လိုက်မလာနိုင်။

သည်လို ထွန်းဦးနှင့် မစိမ်းစို ရင်းနှီးမှုတွေ ဝေဝေ မရှုစိမ့်နိုင်ဘူး ထင်ပါရဲ့။

ပြောင်ဖွင့်မပြောသာပေမယ့် စိတ်ထဲမှာတော့ အစိုင် အခဲ မကျေနိုင် ဖြစ်နေပုံရသည်။

အခုကြည့်လေ။

စာမေးပွဲပြီးလို့ ပျော်ပျော်ပါးပါး စလိုက်နောက် လိုက်တာကို ဝေ တစ်ယောက် အရမ်းအရမ်း စိတ်ကောက်ပစ်လိုက် ပြီ။

ငိုချင်လျက်လက်တို့ ဖြစ်သွားသည်ထင့်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ထွန်းဦး တကယ်ပဲ စိတ်မကောင်းပါ။

**ထွန်းဦး** တောင်းပန်ပါဦးမယ် ဝေရယ်။

❄ ❄ ❄



"တို့ တောင်းပန်ကြည့်ဦးမယ်လေ"

ကျောင်းထဲက မစိမ်းစိုတစ်ယောက်တည်း ပြန်ထွက်လာသည်။

ဝေ ပါမလာ၍ ထွန်းဦး ဆီးပြောလိုက်ခြင်းပင်။

ဝေ တစ်ယောက်တည်း ငိုနေသည်ပဲ။

ထွန်းဦးကို စိတ်ကောက်နေသည်ပဲ။

သူ ခင်သလို ထွန်းဦး ပြန်မခင်ဘူးပေါ့။

ရုပ်ရှင်မလိုက်တော့ဘူးတဲ့။

မစိမ်းစို ထွန်းဦးကို ရှင်းပြီးပြောပြလေသည်။

"ဒီလောက်ဖြစ်သွားလိမ့်မယ်လို့ တို့ မထင်မိဘူး၊ ဒါကြောင့် စလိုက်တာပါ၊ တို့တောင်းပန်ချင်တယ်၊ ဝေ့ကို ပြန်ခေါ်ပေးပါလား မစိမ်းစို"

အယ်စီအာရ်ထဲကို ထွန်းဦးတို့ အမျိုးသားတွေ ဝင်ခွင့်မရပါ။

ဒါကြောင့် မစိမ်းစိုကို အကူအညီ တောင်းရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ ဝေက သိပ်ပြီး စိတ်ကြီးတာ၊ ကဲပါ ... ယုနဲ့ အိုင်နဲ့ပဲ သွားကြတာပေါ့"

စာမေးပွဲနောက်ဆုံးနေ့မှာ သူငယ်ချင်းသုံးယောက် ပျော်ပျော်ပါးပါး ရုပ်ရှင်ကြည့်ကြဖို့ စီစဉ်ထားကြတာ ဖြစ်သည်။

ကြိုတင်လက်မှတ်ပင် ထွန်းဦး ဝယ်ထားပြီးပြီ။

ထွန်းဦး အိတ်ထဲက ရုပ်ရှင်လက်မှတ်တွေကို ဆွဲထုတ်ပြီး ...

"မကြည့်ချင်တော့ဘူး မစိမ်းစိုရယ်။ ဆုတ်ပစ်လိုက်တော့မယ်"

ထွန်းဦး ဆွဲဆုတ်ရန် ရည်ရွယ်လိုက်သည်။

"အို ... မလုပ်ပါနဲ့ဟာ၊ နှမြောစရာကြီး၊ ဘာလဲ ... ယုက အိုင်နဲ့ ရုပ်ရှင်မကြည့်ချင်လို့လား"

လာပြန်ပြီ တစ်ယောက်။

ထွန်းဦး ခေါင်းကိုကုတ်လိုက်သည်။

"ဘာမှ စဉ်းစားမနေနဲ့၊ ဖေဖေက ရုပ်ရှင်ရုံကိုလာပြီး ကြိုမယ်တဲ့၊ လာ ... မထူးဘူး၊ ကြည့်ကိုကြည့်မှ ဖြစ်မယ်၊ သွားစို့"

မစိမ်းစို၏ ပြတ်သားမှုကြောင့် ထွန်းဦး ရင်ထဲလှိုက်ခနဲ ဖြစ်သွားရတော့၏။

❄ ❄ ❄



မရဲဘဲ ကျဲပြစီးမိတာက မစိမ်းစိုပါ။

ရုပ်ရှင်က ဆမ်းမားပလေ့(စ်)တဲ့။

အချစ်ကားသက်သက်။

ရုပ်ရှင်ထဲမှာ မင်းသားကလည်း ချောချောငယ်ငယ်လေး။

မင်းသမီးကလည်း သိပ်လှသိပ်ချော။

နှစ်ယောက်စလုံး အတွဲညီသည်။

ရုပ်ရှင်ထဲက မင်းသား မင်းသမီးဟာ သိပ်ချစ်၊ အရမ်းချစ်ပြကြသည်။

မစိမ်းစိုရင်တွေ ရုပ်ရှင်ကြည့်ရင်း သိမ့်သိမ့်တုန်ပြီး ခြေလက်တွေ အေးနေတော့၏။

သည်လိုပဲ။

ထွန်းဦး ရင်တွေကလည်း ကဗျာမဆန်နိုင်တော့။ ဗလောင်ဆူဝေနေပြီ။

ရုပ်ရှင်ရုံထဲမှာ ဘယ်လောက်ပဲ အမှောင်ချထားထား အလင်းရောင်နုနုကလေး နည်းနည်းကလေး တစ်ခုကိုတော့ မြင်နေကြရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



စက်ခန်းကနေ ပိတ်ကားကြီးဆီသို့ ထိုးသည့်မီး အလင်းရောင်ခန်းမှ လွင့်စဉ်ဖြတ်ထွက်လာသည့် အလင်းရောင် နုနု။

အဲသည်အလင်းရောင်နုနုကို အားကိုးပြီး ထွန်းဦး မစိမ်းစို မျက်နှာကလေးကို ခဏ ခဏ ခိုးခိုးကြည့်မိသည်။

လုလိုက်တာ။

မစိမ်းစိုထံမှ သနပ်ခါးနံ့လေး သင်းနေပေသည်။ တစ်ကိုယ်လုံးမှာလည်း သန့်စင်လတ်ဆတ်လျက်ရှိသည်။ မစိမ်းစို သည် နိုင်ငံခြားဖြစ် မိတ်ကပ်ပေါင်ဒါ၊ နှုတ်ခမ်းနီတို့ကို မသုံးဘဲ နေသည်တော့မဟုတ်။ လိုအပ်သော ပွဲလမ်းသဘင်မျိုးတွင် ခြယ်သ မှုရှိ၏။ သို့တစေ မစိမ်းစိုသည် သနပ်ခါးကို ပိုမိုနှစ်သက်သည်။ နေ့စဉ် ကျောင်းတက်သည့်၌လည်းကောင်း သနပ်ခါးကိုသာ စွဲစွဲ မြဲမြဲ လိမ်းတတ်သည် လိမ်းသည်မှ ခြေဆုံးခေါင်းဆုံး။

မစိမ်းစိုကတော့ ထွန်းဦး မျက်နှာကို ကြည့်ချင်ပေ မယ့် မကြည့်ရဲ။

ထွန်းဦးထံမှ မကြာမကြာ ထွက်ပေါ်လာသည့် သက်ပြင်းချသံ မှုန်းမှုန်းလေးကိုပင် မစိမ်းစို ကြောက်ကြောက် လာသည်။

ရုပ်ရှင်ကလည်း နောက်ပိုင်းကျလေ ပိုပြီးအချစ် ဇာတ်လမ်းက ကဲ,ကဲလာလေပင်။

မင်းသားနဲ့ မင်းသမီးက အရမ်းချစ်ပြီး ပြနေကြ သည်။

ရုပ်ရှင်ကိုကြည့်ပြီး မစိမ်းစို ရင်တွေမောလာသည်။



လိုက်ဖိုရပါ၏။

ထွန်းဦးထံမှလည်း ဟံတွေးမျိုချသံတွေ ခဏ ခဏ ကြားနေရပြန်သည်။

နေမထိ ထိုင်မသာဖြစ်ပြီး ထွန်းဦး မကြာမကြာ ခိုးကြည့်နေတာကိုလည်း မစိမ်းစို ခဏ ခဏ တွေ့မိသည်။

"ထွန်းဦး တစ်ယောက် ဘာဖြစ်နေပါလိမ့်"

တစ်ဦးနှင့်တစ်ဦး ဘာစကားမှ ဟုတ်တိပတ်တိ မပြောဖြစ်ကြ။

သည်လိုနှင့် ရုပ်ရှင်ပြီးသွားသည်။

ရုပ်ရှင်ရုံအထွက်မှာ ထွန်းဦး ရုပ်ရှင်လက်မှတ်ဖြတ် ပိုင်းကလေး မစိမ်းစိုကို လှမ်းပေးတော့ ...

"ဘာလုပ်ဖို့လဲ"

"အမှတ်တရ သိမ်းထားပေါ့"

မစိမ်းစို ဘာမှပြန်ပြောမနေ။

လက်မှတ်ကလေးကို လှမ်းယူရင်း အသာဆုပ်ကိုင် ထားမိ၏။

ဖေဖေ လာကြိုနေသည်။

ကားနားအထိ ထွန်းဦး လိုက်ပို့သည်။

ထွန်းဦးနှင့် နှစ်ယောက်တည်း ရုပ်ရှင်ကြည့်တာကို ဖေဖေ့မျက်နှာ ဘယ်လိုမှ ပြောင်းလဲသွားတာကို မတွေ့ရ။

ဖေဖေကပဲ ခေတ်မီလွန်းနေသလား။

ရိုးသားတည်ကြည်သော ထွန်းဦးမှာပဲ ယုံကြည်လို့ လား။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦးကို ဖေဖေ ရယ်ရယ်မောမော နှုတ်ဆက်ပြီး ကားမောင်းထွက်ခဲ့သည်။

မစိမ်းစို လက်ထဲမှာတော့ ထွန်းဦး ပေးလိုက်သည့် ရုပ်ရှင်လက်မှတ်ကလေးကို ဆုပ်ကိုင်ထားလျက် ...။

❋ ✳ ❋



အိမ်ရောက်ရောက်ချင်း မစိမ်းစို တန်းပြီး အိပ်ခန်းထဲဝင်ပြီး အိပ်ရာပေါ် လှဲအိပ်ခဲ့သည်။

တစ်လမ်းလုံး လက်တွင်ဆုပ်ကိုင်ခဲ့သည့် လက်မှတ်ကလေးကို တရိုတသေ ဖြန့်ကြည့်လိုက်၏။

တကယ်ကို မစိမ်းစို အမှတ်တရ ထိန်းသိမ်းထားမလို့ပါဘဲ။

လက်မှတ်ကိုလေးကို ဖြန့်ပြီး လက်ကိုပြန်အရုပ်လိုက် မစိမ်းစိုလက်နှင့် လက်မှတ်ကလေး ကပ်ပါလာပြီး ပြောင်းပြန်လန်သွားသည်။

"ဟင်"

မစိမ်းစို တအံ့တသြ ရေရွတ်မိလိုက်သည်။

စာတန်းလေး တစ်ခုကြောင့်ပါ။

"မစိမ်းစိုကို ချစ်တယ်၊ အရမ်း ... အရမ်းကိုချစ်တယ်... ထွန်းဦး"

မစိမ်းစို ရင်တွေ ခိုက်ဖိုသွားရသည်။

တစ်နေ့နေ့တော့ ထွန်းဦး ချစ်ရေးဆိုမယ်လို့ မစိမ်းစို ဘွက်ဆပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် …

သည်လိုနေရာမျိုးမှာ သည်လိုစာရွက်ကလေးနှင့် ကောက်ကာငင်ကာ ချစ်ရေးဆိုလာလိမ့်မယ်လို့တော့ မစိမ်းစို လုံးဝမမျှော်လင့်ခဲ့။

ရုပ်ရှင်ဇာတ်ကားကြောင့်လား။

လွတ်လွတ်လပ်လပ် မစိမ်းစိုနှင့် သွားနေရသည့် အခွင့်အရေးကြောင့်လား။

ရုတ်တရက်ကြီးပင် ထွန်းဦး အချစ်စိတ်တွေပေါက်ကွဲသွားရပြီ။

အို … မစိမ်းစို နှလုံးသားထဲမှ ချစ်ခြင်းမေတ္တာပြပွဲကို ဖယ်လိုက်သောအခါ ရဲရဲတောက်နေသည့် မီးကျီခဲလေးလိုပါပဲ။ ခံစားနေရတယ် အချစ်ရယ်။

❄ ❄ ❄



## အခန်း(၉)

"ဖေဖေ သွားတော့မယ် သမီး၊ မေမေ့ကို ဂရုစိုက်နော်၊ သွေးကို ခဏခဏချိန်ကြည့်ပါ၊ ဖေဖေ စာရေးလိုက်မယ်၊ ဟုတ်လား၊ ကဲ … မောင်ထွန်းဦး၊ အန်ကယ် သွားမယ်နော်၊ မစိမ်းစိုတို့ သားအမိကို တတ်နိုင်သလောက်တော့ ေ...င့်ရှောက်ပေးပါကွယ်"

ဖေဖေ၏အသံတွ တုန်ယင်နေသည်။

တကယ်ခွဲရတော့မည် ဆိုတော့လည်း ဖေဖေ ဝမ်းနည်းနေသလိုပဲ။

ဖေဖေ နိုင်ငံခြားသွားပြီလေ။

မေမေ ရုတ်တရက် သွေးပေါင်တက်နေလို့ ဖေဖေ့ကိုတောင် လေယာဉ်ပျံကွင်း လိုက်မပို့နိုင်ပါ။

မစိမ်းစိုနှင့် ထွန်းဦး လိုက်ပို့ကြသည်။

ထွန်းဦးကို အဖော်ခေါ်ခဲ့ရန် ဖေဖေကပဲ စီစဉ်ပေးခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဆီ လျှောက်သွားနေသည့် ဖေဖေ့ခြေလှမ်းတွေ နှေးကွေးနေသလိုပဲ။

မစိမ်းစိုမှာလည်း ဖခင်နှင့် ခွဲရမှာမို့ မျက်ရည်တွေကြားက ဖေဖေ့ကို ကြည့်ရတာ မိုးတဝါးပေါ့။

လေယာဉ်လှေကားထိပ်ရောက်မှ ဖေဖေ ပြန်လှည့်ပြီး လက်လှမ်းပြနေသေးသည်။

ဒါကိုမြင်ပေမယ့် မစိမ်းစို လက်ပြန်မပြနိုင်။

ထွန်းဦး လက်ပြပြီး နှုတ်ဆက်လိုက်သည်။

ထွန်းဦးကို မစိမ်းစို ချစ်တဲ့ပြန်ပြီးလို့ တစ်လလောက်အကြာမှာပင် နိုင်ငံခြားက အလုပ်ခန့်စာ ဖေဖေ ရရှိသည်။

ဖေဖေ နိုင်ငံခြားသွားပြီး အလုပ်လုပ်မှာကို မေမေ မကန့်ကွက်။ လိုက်လျောခဲ့သည်။

ဖေဖေ့နောက်လိုက်မည်ဟုလည်း မေမေ ဆုံးဖြတ်ထားသည်။

မေမေလိုက်မည်ဆိုတော့ မစိမ်းစိုလည်း လိုက်ရတော့မှာပေါ့။

နို့မို့ မစိမ်းစို ဘယ်သူနဲ့ နေခဲ့မှာလဲ။

မစိမ်းစိုမှာက ညီအစ်ကို မောင်နှမ ရှိတာမှမဟုတ်တာ။

သည်အဖေနှင့် အမေသာ ရှိသည့်ဥစ္စာ။

လောလောဆယ် မစိမ်းစိုတို့သားအမိ ဖေဖေနှင့် တစ်ပါတည်း လိုက်လို့မရသေး။



ဖေဖေ အရင်သွားနှင့်ပြီး နေရေးထိုင်ရေးတွေ စီစဉ်ပြီးကာမှ မစိမ်းစိုတို့သားအမိကို တစ်ခေါက် ပြန်လာခေါ်မည်။

ထွန်းဦးကတော့ မစိမ်းစိုကို လိုက်မသွားစေချင်ပါ။

အဆောင်မှာနေခဲ့ပြီး ကျောင်းတက်ဖို့ တိုက်တွန်းသည်။

မစိမ်းစိုကလည်း ထွန်းဦးကို မခွဲနိုင်ပေ။

တစ်သက်နှင့်တစ်ကိုယ် သည်မိသားစုက ခွဲပြီးမနေခဲ့ကြဘူးပါ။

အမြဲတမ်း တစ်လုံးတစ်စည်းတည်း ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြသည်။

မြန်မာပြည်ထဲ၌ ခွဲရတာဆို တော်သေး။

အရေးအကြောင်းရှိလျှင် ချက်ချင်း ထလိုက်လို့ရတာပေါ့။

အခု ခွဲကြရမှာက ရေခြား မြေခြား ပြည်ခြား။

မေမေ မခွဲနိုင်သလို မစိမ်းစိုကလည်း မေမေတို့ကို မခွဲနိုင်ပါ။

ဖေဖေတို့ မေမေတို့ကို မစိမ်းစို မခွဲနိုင်သလို ထွန်းဦးကိုလည်း မခွဲချင်ဘူး၊ မခွဲနိုင်ဘူးလေ။

ဖေဖေကတော့ အလုပ်ခန့်စာရလို့ အရမ်းပျော်နေချိန်မှာ မစိမ်းစိုဖြင့် တွေးတွေးမိပြီး ငိုလို့နေရသည်။

အခုလို ဖေဖေနှင့် တစ်ပါတည်း လိုက်မသွားရတာကိုပဲ မစိမ်းစိုမှာ ဖြေသာနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦးနှင့် ချစ်စခင်စ ကြင်နာစမှာ ဖေဖေနှင့် သည်နေ့သာ တစ်ပါတည်း လိုက်ရမယ်ဆိုလျှင် မစိမ်းစို ရင်ကွဲရမှာ အမှန်ပင်။

မစိမ်းစို ချစ်တဲ့သူအပေါ်တွင် စေတနာ မေတ္တာ ရာနှုန်းပြည့် ရှိနေသောကြောင့် ဘယ်ကိုမှ ခွဲခွာ၍ မသွားနိုင်ပေ။

မစိမ်းစို ရင်ကွဲသလို ထွန်းဦး ရင်ကျိုးမှာပင်။

အခုပဲကြည့်။

နှစ်ယောက်စလုံး စာမေးပွဲအောင်ကြပေမယ့် မပျော်နိုင်ကြပါ။

"ကဲ ... ပြန်ကြစို့"

ဖေဖေ့လေယာဉ် ဦးမော့ပြီး တက်သွားသည်နှင့် ထွန်းဦးက ပြောလိုက်သည်။

မစိမ်းစို စိတ်ကို မထိန်းနိုင်တော့။

ထွန်းဦး ပခုံးကိုမှီ၍ တရှုံ့ရှုံ့ ငိုနေပြီး ထွန်းဦး ခေါ်ဆောင်ရာ လိုက်ပါခဲ့သည်။

❄ ❄ ❄



မစိမ်းစို ကိုယ်တိုင် ကားလေးကိုမောင်းသည်။

မစိမ်းစိုမှ မမောင်းလို့ ဘယ်သူမောင်းမှာလဲ။

ထွန်းဦးမှ ကားမမောင်းတတ်တာ။

မစိမ်းစို ဆန်နီကား ကိုးမိုင်လောက်ရောက်ခါနီးမှာပဲ ပြုန်းခနဲ ဒိုင်းခနဲ မိုးရွာချလိုက်သည်။ မစိမ်းစို ကားကိုသတိထားပြီး မောင်းခဲ့သည်။

မှောင်စလည်း ပျိုးနေပြီလေ။

ညခုနစ်နာရီတောင် ကျော်သွားပြီကိုး။

မစိမ်းစို မငိုနိုင်တော့ပါ။

မျက်ရည်စများကိုသုတ်ပြီး ဆန်နီကား အနီရဲရဲလေးကိုသာ ဂရုစိုက် မောင်းနေရသည်။

ထွန်းဦးကတော့ မစိမ်းစို ဘေးမှ ကုတ်ကုတ်ကလေး ထိုင်လိုက်လေသည်။

နှစ်ဦးသား ဘာစကားမှ မပြောဖြစ်ကြ။

တစ်ခါတစ်ခါ မစိမ်းစို ကားတွေကျော်တက်သည့်အခါ ထွန်းဦး ကားရှင်းမရှင်း လှမ်းလှမ်းကြည့်ပြီး ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကလည်း သဲသဲမဲမဲ ရွာနေဆဲ။

"ဟာ ... ကား ဘာများဖြစ်တာလဲ"

ထွန်းဦး အလန့်တကြား အော်လိုက်သည်။

ကားက တုံ့ခနဲ ... တုံ့ခနဲ တစ်ချက် တစ်ချက် ဖြစ်ပြီး စက်မမှန်ပေ။

ခက်တာက မစိမ်းစို ကားပဲမောင်းတတ်သည်။

ကားအကြောင်း လုံးဝနားမလည်ပါ။

ကားလီဗာကို ဖိနင်းလိုက်သည်။

ကားစက်သံကြီး တအားမြည်လာပြီး ဆက်ပြီး မောင်း၍ရသွားသည်။

သို့သော် ...

ကားက ချက်ချင်းပဲ ခုနလို တုံ့ဆိုင်း တုံ့ဆိုင်း ဖြစ်ပြန်သည်။

မစိမ်းစို လီဗာကို တအားဖိနင်းလိုက်ပြန်သည်။

မရ။

သည်တစ်ခါတော့ ကားစက်ပါ သေသွားသည်။

ကားစက်ကို မစိမ်းစို ပြန်နှိုးသည်မရ။

မိုးကလည်း တအားရွာနေဆဲ။

ညဥ့်ဦးယံသာရှိသေးပေမယ့် ကားအသွားအလာက လည်း အတော်ပြတ်နေသည်။

မစိမ်းစိုကလည်း ဘာလုပ်ရမှန်းမသိ။



မစိမ်းစို ကားမောင်းတတ်သည်မှာ ဘာမှမကြာသေး။

သုံးလလောက်သာရှိမည်။

ဖေဖေ နိုင်ငံခြားသွားခါနီးမှာ ဖုတ်ပူမီးတိုက် ဖေဖေ သင်ပေးသွားခြင်းပါ။

မောင်းရုံမောင်းတတ်သည့် အဆင့်ပဲရှိသည်။

"ဘယ့်နှယ် လုပ်ကြမလဲ"

စိုးရိမ်သံနှင့် ထွန်းဦး မစိမ်းစိုကို လှမ်းမေးသည်။

မစိမ်းစို ပခုံးလေး တွန့်ပြလိုက်သည်။

"ဒီလိုဆို ကားတွေလာရင် တို့ ထွက်တားပြီး အကူအညီတောင်းမယ်"

"မိုးရွာနေတယ်လေ"

"ဒုက္ခပါပဲ၊ ထီးလည်း ပါမလာဘူး"

"တော်ကြာ မိုးတိတ်ချင် တိတ်သွားမှာပဲ၊ ခဏစောင့်လိုက်တာပေါ့"

ကားမောင်းနေတုန်းက ချမ်းမှန်း အေးမှန်းမသိသာ။

မိုးရေထဲကို ကားထိုးရပ်နေမှ တစိမ့်စိမ့်နှင့် အေးပြီး ချမ်းလာသည်။

"ချမ်းနေပြီလား အချစ်"

ထွန်းဦးက မေးလိုက်သည်။

"အင်း"

"တို့ ပွေ့ဖက်ထားရမလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့ရင်ခွင်ထဲမှာ နေလိုက်ရတော့ မစိမ်းစို နည်းနည်း အချမ်းပြေပြီး နွေးထွေးသွားသလိုပဲ။

"ချစ်လိုက်ရတာ အချစ်လေးရယ်"

ထွန်းဦးက ပြောပြောဆိုဆို မစိမ်းစိုရဲ့ ပါးမို့မို့လေးကို ငုံ့နမ်းလိုက်ပြန်သည်။

နမ်းပါစေလေ။

နမ်းစမ်းပါစေ။

ထွန်းဦး ခမျာ ချစ်သူကို သည်တစ်ခါပဲ အားရပါးရ နမ်းဖူးသေးသည်။

နမ်းချင်ရာမှာပေါ့လေ။

"ချစ်ကို ပြောစရာရှိတယ်"

"ပြောပေါ့ ... ပဏာမတွေ နိဒါန်းတွေ ရှိနေသေးလို့လား၊ ဘာလဲ ... အာကာကို လွှာပုံပြု၊ သမုဒ္ဒရာကို မင်ရေဖျော်ပြီး မေယုကို စုတ်တံချီမယ့်စကားတွေလား"

မစိမ်းစို ပြောသည်။

ထွန်းဦးထံမှ အချစ်ရယ်၊ ချစ်တယ်ကွယ်လို့ အနမ်းပန်းတွေ ပွင့်နေလျက်။

"အချစ်ရယ် ... တော်တော့နော်"

တောင်းပန်သံလိုလို။

တိုးလျှိုးသံလိုလို။

ကြာရင် လွန်ကုန်မှာစိုးလို့ မစိမ်းစို ပြောမိသည်။



ကားခေါင်မိုးပေါ်မှာ မိုးစက် မိုးပေါက်သံတွေက တဖြန်းဖြန်း မစဲတမ်း ကျဆင်းနေသလို ထွန်းဦး အချစ်အနမ်းပန်းများကလည်းမစဲ။

"တော်တော့ကွယ်"

"အသက်ရှုကျပ်လာပြီ"

တိုးညှင်းသံလေးဖြင့် နှစ်ကိုယ်ကြား မစိမ်းစို ပြောလိုက်မိသည်။ ထွန်းဦး တားမရ။

သူ့အရှိန်သူ မသပ်နိုင်ပေ။

ကားတစ်ကားလုံးရှိ မှန်တွေမှာလည်း မိုးရေငွေ့များနှင့် မှုန်ဝါးပြီး ဘာကိုမှမမြင်ရ။

မိုးက သိပ်ပြီးရွာနေလို့လားမသိ။

ကားအသွားအလာလည်းပြတ်၊ လူသွားအလာလည်း မရှိလောက်ပင်။

ချစ်သူနှစ်ဦးသား၏ အသက်ရှုသံများ ပြင်းပြနေသည်။

ရင်ခုန်သံများ မြန်ပါဘိနှင့် နှလုံးသွေးမှတ်တိုင်ကလည်း အထွတ်အထိပ်။

"အချစ်ရယ် ... သိပ်ကို ချစ်တယ် အချစ်ရယ်"

မစိမ်းစို နှုတ်ဖျားက ညည်းသံကလေး ထွက်နေပြန်သည်။

"အို ... အိုကွယ်"

"တော်တော်ဆိုးတဲ့ ကိုထွန်းဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလောကကြီးမှာတော့ မိုးက သဲသဲမဲမဲ ရွာနေဆဲပါ။

"တော်ပါ အချစ်ရယ် ... ကိုဦးရယ်"

"ဘယ်လို ... ကိုဦး ... ဟုတ်လား၊ ဟဲ ဟဲ"

ထိုချစ်သူနှစ်ဦးမှာလည်း ...။

❄ ❄ ❄



## အခန်း(၁၀)

"ပြောပါဦး ကိုဦးရယ်၊ ဘယ်လိုလုပ်ကြမလဲဟင်"

တုန်ယင်သော အသံကလေးဖြင့် မစိမ်းစို မေးလိုက်သည်။

မစိမ်းစိုတို့ ကျောင်းတွေပြန်ဖွင့်နေပြီ။

သည်နှစ်တော့ မစိမ်းစိုကို ကျောင်းပို့ကျောင်းကြိုမည့် ဖေဖေမရှိတော့။ မစိမ်းစို ကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်ရသည်။

နို့မို့ရင် မစိမ်းစို ကျောင်းဖယ်ရီစီး တက်ရမှာမလွဲ။ ကျောင်းကားဖယ်ရီကလည်း အရှုပ်သား။

အခုတော့ အိမ်မှာအဆင်သင့်ရှိတဲ့ ကားလေးကို အချိန်မီ အမောင်းသင်ထားလိုက်မိပေလို့ပေါ့။

မေမေကလည်း မစိမ်းစို အိမ်ကကားလေး ဆန်းနီဆလွန်းနီရဲရဲလေးကို ကိုယ့်ကားကိုယ်မောင်းပြီး ကျောင်းသွားတက်စေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ နိုင်ငံခြားသွားတာ နှစ်လကျော်ပင် ရှိသွားပါပြီ။

မနေ့က ဖေဖေကြီးထံမှ စာရသည်။

စာထဲမှာ မစိမ်းစိုတို့ သားအမိနှစ်ယောက် လိုက်လာနိုင်မည်ဆိုလျှင် ရပြီတဲ့။

သူ့နောက်ကို လိုက်လာဖို့ သေချာလျှင် လေယာဉ်လက်မှတ် ပို့လိုက်မယ်တဲ့။

ဖေဖေ လာခေါ်မလို့ဟာ အလုပ်က ခွင့်ယူမရ၍ မစိမ်းစိုတို့ကို လာမကြိုနိုင်တော့ပါတဲ့။

ဖေဖေ့စာဖတ်ပြီး မေမေကတော့ အလွမ်းတွေပြေပြီး ပျော်နေရှာသည်။

သို့သော် ...

မစိမ်းစိုကတော့ မပျော်နိုင်ရှာပါ။

ဒါကြောင့် ...

ကနေ့ မစိမ်းစို ကလပ်(စ်)လစ်ပြီး ထွန်းဦးကိုခေါ်၍ ဂျူးဘန်းဘက်သို့ ကားဖြင့်ထွက်ခဲ့ကြသည်။

မနေ့ကလာတဲ့ ဖေဖေ့ရဲ့စာကို ထွန်းဦးအား ပေးဖတ်လိုက်သည်။

ထွန်းဦး ဖေဖေ့ရဲ့စာကို ဖတ်ပြီးနောက် အင်းလျားရေပြင်ကို ငေးကြည့်နေတော့သည်။

တို့ ရင်ခုန်ရတာပေါ့။ ဘာဖြစ်မှန်းမသိဘူး။

အဟုတ်။

"ကဲ ... ဘာပြောရမှာလဲ"



"ရင်ထဲက အသည်းစကားတွေပါ"

အသည်းစကားဆိုတာ ချစ်ရတဲ့ စကားလုံးလေးလေ။ တို့ရင်ထဲမှာ မျိုသိပ်မထားနိုင်တော့လို့ အသည်းထဲက ချစ်စကားလုံးတွေ ပေါက်ထွက်ကုန်ပါပြီ။

ထွန်းဦး ရင်ထဲရှိတာတွေ ပြော်မပြတတ်။

ဘာမှ ပြန်မပြောချင်။

ဘာထင်မြင်ချက်မှ မပေးချင်။

ထွန်းဦး သည်လို မတုန်မလှုပ် လုပ်နေတာကိုပင် မစိမ်းစိုမှာ အားမလို အားမရဖြစ်ပြီး မေးခွန်းထုတ်လိုက်ရခြင်းပါ။

ထွန်းဦး သက်ပြင်းတစ်ခု အရင်ရှိုက်လိုက်ပြီးတော့မှ ...

"တို့ ဘာလုပ်ရမလဲကွယ်၊ မစိမ်းစို သဘောအတိုင်းပါ၊ တို့ ဖြစ်စေချင်တာကို မစိမ်းစို သိပါတယ်၊ တို့ပြောပြီးပြီပဲ"

ကြည့်ပါဦး။

ထွန်းဦးစကားက တစ်ချက်ကလေးမှ အားရစရာမရှိ။

မစိမ်းစို ထွန်းဦးထံမှ အကြံတောင်းသည်။ ဘာလုပ်ရမယ်ဆိုတာ လိုချင်၍ တိုင်ပင်နေရခြင်းပါ။

သို့သော် ...

ထွန်းဦးထံမှ မစိမ်းစို လိုက်လျောမယ့် အကြံတစ်ခုခုတော့ ထွက်လာစေချင်သည်။

ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦးဘဝကိုလည်း ကြည့်ပါဦးလေ။

သူ့အဖေက စိတ္တဇဝေဒနာသည်ဘဝသာမက တိုက်ဖို့ကျက်ခေါ် အရှုရောင်ငန်းဖျားပင် ခံစားနေရသည့်အချိန်။

ဖေဖေ့ကို လေယာဉ်ကွင်းလိုက်ပို့ပြီး နောက်တစ်နေ့မှာ ထွန်းဦး သာယာဝတီကို ပြန်ပြေးခဲ့ရသည်။

သာယာဝတီက လူကြုံဖြင့် ထွန်းဦးအဖေ ဖျားနေ၍ အမြန်ဆုံးပြန်လာရန် အကြောင်းကြားစာ ရသည့်အတွက်ကြောင့်ပင်။

ဟိုရောက်တော့ ထွန်းဦးခမျာ အမောဆို့မတတ်ဖြစ်သွားရသည်။

သူ့အဖေကို အရိုးပေါ် အရေတင်ပုံစံဖြင့် တွေ့လိုက်ရ၍ဖြစ်သည်။

"ငါတို့လည်း တတ်နိုင်သမျှ လုပ်ပေးတာပဲကွယ်၊ ဒါပေမဲ့ အဖျားက တော်တော်နဲ့မကျဘူး၊ ဆေးရုံက ဆရာဝန်ကြီးကတော့ ဆေးရုံတင်ခိုင်းနေတယ်ကွယ့်"

"တို့လည်း မင်းနဲ့တွေ့ပြီးမှ တိုင်ပင်ပြီး တင်မယ်လို့ စောင့်နေကြတာ"

အဖေနှင့်အတူနေမည့် ဒေါ်လေး နှုတ်ခွန်းဆက်စကားကြားရပြန်သောအခါ ထွန်းဦးမှာ တော်တော်လေး စိတ်မကောင်း ဖြစ်သွားရှာသည်။

"နောက်ပြီး ဆေးဖိုးဝါးခအတွက် ပိုက်ဆံတစ်ထောင်လည်း ထပ်ဆွဲထားရသေးတယ်"

ထွန်းဦး နားလည်ပါသည်။



သည်အိမ်က ထွန်းဦးတို့အိမ်ပါပဲ။

အမေ့ဘက်ကရသည့်အမွေ။ အဖေ အလုပ်မှအနားယူရသည့်အတွက် ဌာနမှပေးသည့် ဆုကြေးတို့ဖြင့် ဝယ်ထားသည့်အိမ်ပါ။

အိမ်ကို တစ်ခြမ်းကို ငှားစားထားပြီး ရသည့်အိမ်လခဖြင့် ထွန်းဦးတို့ အိမ်ထောင်စုကြီး ရုန်းကန်နေရသည်။

အဒေါ်က အိမ်တွင် အချဉ်အချို မုန့်မျိုးစုံဆိုင်ကလေး ဖွင့်ထားရှာသည်။

ထွန်းဦး ဆယ်တန်းအောင်သောနှစ်က ထွန်းဦး တက္ကသိုလ်တက်ဖို့ရာ တစ်လုံးတစ်ခဲတည်း သုံးစွဲရန် ငွေများလိုလာသည်။

ထို့ကြောင့် ဤအိမ်ကို ငွေငါးထောင်နှင့် ပေါင်လိုက်ရသည်။

တစ်ခါ အဖေနေမကောင်းသည့်အခါ ငါးရာမျိုး တစ်ထောင်မျိုး ထပ်ထပ်ဆွဲသုံးနေရ၍ တစ်သောင်းနီးပါးပင်ရှိသွားပြီ။

အဖေ ဆေးရုံတစ်လလောက် တက်လိုက်ရသည်။

ခက်တာက အဖေဟာ စိတ်မမှန် အရူးပါ။

အစားကို ဘာကျွေးကျွေးရသည်။

ဆေးတော့ တိုက်၍မရ။

ဆေးကြောက်သည်။

ဒါကြောင့် အဖျားရက်ရှည် ရှည်ရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေနေကောင်းစမှာ ထွန်းဦးလည်း ကျောင်းပြန်ဖွင့်ပြီမို့ ထွန်းဦး ကျောင်းတော့ မပျက်လိုက်ရပါ။

"ဟေး ... ဘာတွေ စဉ်းစားနေသလဲ"

အလန့်တကြား ထွန်းဦး မစိမ်းစိုကို ကြည့်လိုက်သည်။

"ဘာတွေစဉ်းစားနေသလဲဟင်၊ စကားလေး ဘာလေးပြောစမ်းပါဦးကွယ်"

ထွန်းဦး၏လက်ဖဝါးကို နူးညံ့လှသော လက်ဖဝါးလေးနှင့်ကိုင်ရင်း မေးလိုက်၏။

"တို့ဘဝအကြောင်းတွေပါ မစိမ်းစိုရယ်၊ မသိချင်ပါနဲ့၊ မစိမ်းစို စိတ်ညစ်သွားပါ့မယ်"

"မစိမ်းစို ဘာလုပ်ပေးရမလဲ၊ ကိုဦးနဲ့ မစိမ်းစိုက သမီးရည်းစားထက် ပိုချစ်ကြပြီးပြီနော်၊ ကိုဦး မစိမ်းစိုကို လက်ထပ်နိုင်မလား၊ ဒါမှမဟုတ် မစိမ်းစိုနောက်ကို ကိုဦးလိုက်နိုင်မလား"

စဉ်းစားပါ ကိုဦးရယ်။

မစိမ်းစိုရဲ့အသံလေးနှင့် မျက်နှာလေးဟာ သနားစဖွယ်ပင်။

"ကိုဦး ပြောသလို မစိမ်းစို မြန်မာပြည်မှာ နေခဲ့ပါဆို နေခဲ့နိုင်ပါတယ်၊ မစိမ်းစို ဖေဖေ မေမေတို့ကို ခွဲနိုင်ပါတယ်၊ ကိုဦးကိုတော့ ခွဲမနေနိုင်ဘူး"

ဒါပေမဲ့ ...



"ကိုဦး ပြောသလို မစိမ်းစို အဆောင်မှာ မနေချင်ဘူး၊ ကိုဦးနဲ့ပဲ ဘယ်ဘဝနေရနေရ အတူတူနေချင်တယ်၊ ကိုဦးနဲ့ လက်ထပ်ပြီး နေခဲ့မယ်၊ ဘယ်လိုလဲ ကိုဦး"

ထွန်းဦး သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"မဖြစ်နိုင်ဘူးပေါ့ ကိုဦး၊ ကိုဦးနဲ့ မစိမ်းစိုတို့နှစ်ယောက် လုပ်ကိုင်စားသောက်ရုံပါ၊ မချမ်းသာရင်နေမယ်၊ ကိုဦးနဲ့ မစိမ်းစိုရဲ့လုပ်စာဟာ အိမ်ထောင်တစ်ခုအနေနဲ့တော့ လူတန်းစေ့ နေနိုင်ရမှာပေါ့လေ"

ထွန်းဦး ငိုင်တွေနေလျက် ...။

ထွန်းဦး မျက်လုံးအစုံထဲမှာတော့ အဖေရဲ့မျက်နှာပဲ မြင်ယောင်နေမိသည်။

ငါ ဘာလုပ်ရပါ့မလဲ။

ယဉ်ယဉ်ကလေး ရှုနေသည့် အဖေ။

မကြာခဏ မကျန်းမမာ ဖြစ်နေသည့်အဖေ။

အကြွေးပတ်လည် ဝိုင်းနေသည့် ထွန်းဦး။

သည်လို အခြေအနေမျိုးအပြင် ထွန်းဦးကလည်း ပညာမစုံ၊ ပညာတစ်ပိုင်းတစ်စ။

သည်လိုအချိန်မှာ ထွန်းဦး မစိမ်းစိုကို ဘယ်လိုလုပ်ပြီး လက်ထပ်ယူပါ့မလဲ။

"ဟာ ... ကိုဦးကလည်း၊ ဘဝကို ရင်မဆိုင်ရဲဘူးလား၊ ကြောက်တတ်ရန်ကော"

ကိုယ့်ဘဝက ကြမ်းတယ်။ မလှဘူး။ သည်ဘဝမျိုးထဲ ကိုယ့်ချစ်သူကို ဘယ်လိုဆွဲနှစ်ရက်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာက ကဗျာကလေး မတောက်တခေါက်တတ်တာ။

"ကိုဦး ... ပြောလေ၊ မစိမ်းစိုကို ယူမလားဆို"

ထွန်းဦး မစိမ်းစိုကို မကြည့်ရဲ။

မစိမ်းစို အမေးကို မဖြေဘဲလည်း မနေရက်။

ဒါကြောင့် မကြည့်ဘဲ ပြောလိုက်သည်။

"ကိုဦးရဲ့ဘဝကိုလည်း မစိမ်းစို သိသားပဲကွာ၊ ကိုဦး အခု လောလောဆယ် ဘယ်လိုလုပ်ပြီး ယူနိုင်ပါ့မလဲ မစိမ်းစိုရယ်၊ အသည်းနှစ်အောင်ချစ်တဲ့ စိမ်းရယ်"

"ဒီလိုဆို ကိုဦး စိမ်းနဲ့လက်ထပ်ပြီး စိမ်းတို့အိမ်လိုက်ခဲ့"

"စိမ်းဖေဖေနဲ့ မေမေတို့ သဘောကရော"

"အို ... ဖေဖေတို့က စိမ်းသဘောအတိုင်း ဖြစ်မှာပါ၊ ဒါတွေအားလုံး စိမ်း တာဝန်ယူထားလိုက်မယ်၊ ကိုဦးရဲ့ သဘောက အရေးကြီးဆုံးပဲ"

ထွန်းဦး သက်ပြင်းချမိပြန်သည်။ မစိမ်းစိုနောက် ထွန်းဦး လိုက်ဖို့ဆိုသည့် ကိစ္စကတော့ မဖြစ်နိုင်ဆုံး ကိစ္စတစ်ခု။

သူ့ကို တစ်သက်လုံး ကျွေးမွေးလာသည့် မိဘကို ခုလို ဒုက္ခတွေကြားထဲမှာပင် ပစ်ထားခဲ့ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။ စိတ်ကူးထဲပင် ထည့်ဖို့မကောင်း။

အဖေက ကျန်းမာသူတစ်ဦးဖြစ်ပြီး ငွေကြေးဥစ္စာ အောင်မြင်ပြည့်စုံ၍ ဆိုလျှင်တော့ ဘာအရေးလဲ။

ထွန်းဦး ဘယ်သူ့ဂရုစိုက်ရမှာလဲ။

မစိမ်းစိုနောက် ကောက်ကောက်ပါသွားမှာပေါ့။



ချစ်တာကိုး။

ဘယ်ခွဲနိုင်ပါ့မလဲ။

ခုတော့ ...

ဟော ... အသံက တုန်တုန်ယင်ယင် ငိုသံပါလေးနှင့်။

"မစိမ်းစိုရယ် ... စိမ်းရယ်"

"ပြောပါ ကိုဦး"

"ကိုဦးကို ခွင့်လွှတ်ပါတော့"

"ဘယ်လို ... ဘယ်လို"

"တို့လေ ... စိမ်းနောက်လည်း မလိုက်နိုင်ဘူး"

သည်စကားကို ထွန်းဦး ခန္ဓာကိုယ်တွင်းမှာ ရှိသမျှ အင်အားတွေကို ဖျစ်ညှစ်စုစည်းပြီး ပြောနေရခြင်းပါ။

ဒါပေမဲ့ ခင်တွယ်စရာ၊ ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ထွန်းဦး စိမ့်စိမ့်စေ့ကြည့်ပြီး ပြောဆိုနိုင်သည့် အင်အားမရှိပါ။

ဒါကြောင့် မျက်နှာကိုလွှဲပြီး မျက်စိအစုံမှိတ်ပြော နေရခြင်းပင်။

"ကိုဦးရယ် ... စိမ်းမျက်နှာကို ကြည့်ပါဦး"

ထွန်းဦး သိပြီးသားပါ။

စိမ်းလိုပဲ ထွန်းဦးရင်ထဲမှာ ငိုရှိုက်နေပါတယ် အချစ်ရယ်။

"ကိုဦးရယ် ... စိမ်းကိုကြည့်ပါဦး၊ စိမ်းမျက်နှာကို ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



စိမ်းရဲ့အသည်းတွေ အက်ကွဲတုန်ယင်နေပြီ။

"စဉ်းစားပါဦး ကိုဦးရယ်"

ငိုရှိုက်သံတွေဖြင့် ဗလုံးဗထွေး စိမ်းပြောရင်း ထွန်းဦး ပခုံးကို ကိုင်လှုပ်နေပြန်သည်။

"ကိုဦး စဉ်းစားမယ်ဆိုရင် စဉ်းစားချိန် ရပါသေးတယ် ကိုဦးရယ်"

ထွန်းဦး မလှုပ်။ ကျောက်ရုပ်ပမာ မျက်စိစုံမှိတ်ပြီး ခေါင်းကြီးငုံ့ထားလိုက်သည်။

ကားတံခါးကိုဖွင့်ပြီး ထွန်းဦး ကားပေါ်မှဆင်းလိုက်ပြန်သည်။

အောက်ရောက်သည်နှင့် အင်းလျားလေကို တစ်ဝကြီး ရှူရှိုက်သွင်းလိုက်သည်။

သူ့ရင်ထဲမှာ ပူလောင်တင်းကျပ်နေတာတွေ ပြေလိုပြေငြားပေါ့။

မစိမ်းစိုလည်း ကားပေါ်မှ ဆင်းလိုက်သည်။

"ကိုဦး ဆုံးဖြတ်ချက်တွေကို စိမ်း အတည်မပြုနိုင်သေးဘူး ကိုဦး၊ ကိုဦး အေးအေးဆေးဆေး အချိန်ယူပြီး စဉ်းစားပေးပါဦးနော်"

စိမ်းကို ထွန်းဦး ဘာမှပြန်မပြော။

ရုတ်တရက် ခေါင်းငိုက်စိုက်ချပြီး မစိမ်းစို အနားက ထွန်းဦး ထွက်သွားသည်။

"ကိုဦး"

မစိမ်းစို လှမ်းခေါ်လိုက်သည်။



ထွန်းဦး လျှောက်သွားသည့် ခြေလှမ်းများ ပင် ပို၍သွက်လာသည်။

"ကိုဦး ... ကိုဦးရေ"

စိမ်း ထပ်ခေါ်သည်။

ဒါကြောင့် ...

ထွန်းဦး ထွက်ခွာသွားသည့်နောက် မစိမ်းစို မလိုက်တော့။

မစိမ်းစိုကြောင့် ထွန်းဦး စိတ်အနှောင့်အယှက်ဖြစ်သွားမှာ စိုးပါသည်။

မစိမ်းစို ကိုဦးကို အသည်းနစ်အောင် ချစ်တာပါကွယ်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မစိမ်းစို ခများ ထွန်းဦးကို မတွေ့ရတာ တစ်ပတ်လောက်တောင် ရှိသွားပြီ။

သည်ကြားထဲမှာ ဖေဖေ့ထံမှ တယ်လီဖုန်းလာသည်။

"ဘယ်တော့ လာကြမှာလဲ"တဲ့။

"မြန်မြန်လိုက်လာနိုင်အောင် လုပ်ပါ"ဟု ဖုန်းထဲမှာ ဖေဖေ အမှာစကားဆိုသည်။

မေမေကတော့ ဖေဖေ့ထံမှ တယ်လီဖုန်းလာသည်ဆိုတာနှင့် ပျော်သွားပြီ။ လာပါတော့လို့ ခေါ်ပြန်တော့ မေမေကတော့ သွားချင်လှပြီ။

ဖေဖေ့နောက်လိုက်ဖို့ကိစ္စတွေ လုပ်ကိုင်လို့ မပြီးသေးဘူးလား၊ မြန်မြန်ထက်ထက် လုပ်ပါဦးလို့ မေမေ မစိမ်းစိုကို လောနေပြီ။

မစိမ်းစိုကတော့ ထွန်းဦးနှင့် မတွေ့ရသေးလို့ အချိန်ကို ဆွဲနေမိ၏။

ကနေ့တော့ မေမေက ...



"ဟေး ... ငါပြောရဦးမယ်၊ ညည်း မလိုက်ချင်လည်းနေ၊ လိုက်ချင်လည်းလိုက်၊ ငါသွားရအောင်လို့တော့ မြန်မြန်လုပ်ပေးဟေ့"

သည်လို မေမေ ဒေါပွပြီး ပြောလာသည်။

ရာဇသံပေးပြီ။

သို့နှင့် မစိမ်းစို သက်ဆိုင်ရာဌာနတွေကို ဖေဖေ့မိတ်ဆွေ အန်ကယ်အောင်စိန်ထံ အကူအညီပေးရန် သွားဆက်သွယ်သည်။

သက်ဆိုင်ရာဌာနတွေကလည်း အကူအညီပေးကြ၍ နောက်အပတ်လောက် သွားရဖို့ ဖြစ်လာသည်။

စိတ်ရောလူပါ နွမ်းနေသည့်ကြားမှ မစိမ်းစို အလုပ်များပြီး ပန်းသွားရပြန်တာပေါ့။

ဒါနဲ့ မပြီးသေး။

မစိမ်းစို ကျောင်းသားရေးရာဌာနမှာသွားပြီး ထွန်းဦးလိပ်စာကို ရှာပြီးတော့ ရန်ကုန်က ထွန်းဦး့ဦးလေးအိမ်ကို ဆက်လိုက်ရပြန်သည်။

ထိုအိမ်မှာလည်း ထွန်းဦးကိုမတွေ့ပါ။

သူ့ရဲ့ဦးလေးဆိုသူကိုပဲ တွေ့လိုက်ရသည်။

"မောင်ထွန်းဦး သာယာဝတီကို ပြန်သွားတယ်ကွယ့်၊ သူ့အဖေ တိုက်ဖွိုက်ထပ်ပြီး ဖြစ်တယ်လေ၊ ဘယ်သူလာသွားတယ်လို့ ပြောပြရမလဲကွယ်"

"မစိမ်းစိုပါ အန်ကယ်"

"မစိမ်းစို ... မစိမ်းစို"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦးရဲ့ဦးလေးက နာမည်ကို ရေရွတ်ရင်း စဉ်းစား နေပုံရသည်။

"ဟို ... **စွေ့စ**တောင်ကြားလမ်းထဲမှာနေတဲ့ မစိမ်းစိုလား"

"ဟုတ်ပါတယ် အန်ကယ်"

"မစိမ်းစိုတို့ နိုင်ငံခြားသွားတော့မလို့ဆို"

"ဟုတ်ကဲ့ပါ၊ သူ့ကို နှုတ်ဆက်ချင်လို့ လာတာပါ"

"ဘယ်တော့ သွားရမှာလဲ"

"**နောက်အပတ်**ထဲမှာပါပဲ"

"အို ... နောက်အပတ်ထဲ ဟုတ်လား"

"ဒီလိုဆိုရင် အန်ကယ် သာယာဝတီကို လိုက်သွားပြီး အကြောင်းကြားပေးမယ်ကွယ်၊ အန်ကယ်လည်း အန်ကယ့် ရဲ့အစ်ကို့ကို သွားကြည့်မှာလေ"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ရက်အတိအကျသိရင် လာပြောပါဦးမယ် အန်ကယ်၊ မစိမ်းစိုကို ခွင့်ပြုပါဦးနော်"

**မစိမ်းစို** နည်းနည်းလေးမှ စိတ်မကောင်းပါ။ မျက်ရည်မကျမိအောင် မနည်းထိန်းနေရ၏။

စိမ်းကားရက်စက်လိုက်တာ ကိုဦးရယ်။

❄ ❄ ❄



## အခန်း(၁၂)

မစိမ်းစိုရဲ့နှလုံးသားတွေ နာကျင်ပြီးနေပါပြီ။

သည်နေ့ ထူးထူးခြားခြား မစိမ်းစိုရဲ့နှလုံးခုန်သံ ပိုပြီးမြန်နေသည်။ မျက်ရည်မကျမိအောင် စိတ်ကိုမနည်းတင်း၍ မင်္ဂလာဒုံလေယာဉ်ကွင်း အဆောက်အအုံထဲ ဝင်လိုက်သည်။

မေမေကတော့ အရမ်း အရမ်းပျော်နေရှာ၏။

ဆွေမျိုးမိတ်ဆွေတွေနှင့် စကားလက်ဆုံပြော ရယ် ရယ်မောမော ပြုံးပြုံးရွှင်ရွှင် အမှာစကားတွေ ပြောဆိုနှုတ်ဆက်နေ လေရဲ့။

မစိမ်းစိုကတော့ ဘာစကားမှ မဆိုနိုင်။

ချစ်တဲ့ချစ်သူ ထွန်းဦးနှင့် မြန်မာပြည်ကြီးကို ခွဲခွာ သွားရတော့မှာကိုး။

ထွန်းဦး့ဦးလေးနှင့် တွေ့ပြီးနောက် ထွန်းဦးနှင့် ထပ်ပြီးမတွေ့ရပါ။

ကနေ့ သွားတော့မယ့်အကြောင်း လွန်ခဲ့သည့်နှစ် ရက်က ထွန်းဦး ဦးလေးကို မစိမ်းစို သွားပြောလိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် သွားခေါ်ပေးမယ် သမီး ... စိတ်ချ"

ထွန်းဦး ့ဦးလေးကတော့ သည်လို ကတိပေးရှာသည်။

အဘိုးကြီး ပြောသည့်အတိုင်း ခေါ်ဖြစ်ရဲ့လား။

ဒါမှမဟုတ် ...

အဘိုးကြီးခေါ်လျက်နှင့် ထွန်းဦး မလာတာလား။

ဒါမှမဟုတ်သေးလည်း ထွန်းဦးအဖေ အတော် အသည်းအသန်ဖြစ်နေလို့ သိပါလျက်နှင့် မလာနိုင်တာများလား။

မစိမ်းစို အတွေးသံသရာထဲမှာ တဝဲလည်လည်။

မနက်ငါးနာရီခွဲနေပြီ။

လေယာဉ်ပျံက ခုနစ်နာရီတိတိမှာ ထွက်မှာဆိုတော့ တစ်နာရီခွဲလောက်တော့ အချိန်ရသေးတာပေါ့။

သည်အချိန်လေးအတွင်းမှာများ ထွန်းဦး ရောက် လာရင် ဘယ်လောက်ကောင်းမလဲနော်။

မစိမ်းစို စိတ်ကို လျှော့ထားသည့်ကြားက ထွန်းဦး ကို မျှော်နေမိဆဲ။

ထွန်းဦးနှင့်တွေ့ရင် သူ ဘယ်လိုခံစားနေရတယ်၊ ရင်ကွဲလုမတတ် ဖြစ်နေတာ၊ သူ့ကို ရက်စက်လှတာ။ အို ... ပြောစရာတွေမှ အားကြီး။ အချိန်ရပါ့မလားလို့ တွေးပူနေမိသည်။

လေယာဉ်ထွက်ရန် အချိန်နီးကပ်လာပြီ။

မစိမ်းစို ရင်တွေတုန်လာပြီ။

ဟိုကြည့်သည်ကြည့်နှင့် ဝိုင်းဝိုင်းလည်အောင် ကြည့် နေမိသည်။

မျှော်မိသည်မှ တအား။



မစိမ်းစိုခမျှာ မျှော်သာမျှော် ပေါ်မလာသေးတဲ့ ချစ်သူအား ရင်နာမိသည်။

အခုတစ်ခါတည်း မလိုက်နိုင်တောင် နောက်မှလိုက် လာဖို့အကြောင်း ...

ဘယ်တော့ဖြစ်ဖြစ်ပါ။

ထွန်းဦးသာ လိုက်လာမယ်ဆိုရင် အခြေအနေအား လုံးကို မေမေတို့ကို ဖွင့်ပြောလိုက်မယ်။

မေမေနှင့် ဖေဖေတို့ကလည်း သဘောပေါက်နား လည်ကြမှာပါ။

ကိုယ်ချင်းစာနာတတ်ကြသူတွေကိုး။

ဒါကြောင့် ထွန်းဦး လိုက်မယ့်အရေးအတွက် အခက် အခဲတော့ မရှိနိုင်ပါ။

အဲ ... ထွန်းဦး မလိုက်ဘူး ဆိုရင်တော့ ...။

မစိမ်းစို ... မစိမ်းစို မျှော်လင့်ချက်တွေ နိဂုံးချုပ် သွားရပြီပေါ့ အချစ်ရယ်။

"ဟော့ ... မစိမ်းစို၊ ဓာတ်ပုံရိုက်ရအောင်"

မစိမ်းစို စီးသွားရမည့် ဆိုက်ထားသည့် လေယာဉ် ကြီးကိုနောက်ခံ၍ ရင်ထဲမှာ ဆွေးနေမိသော မစိမ်းစိုကို အစ်ကိုတစ် ဝမ်းကွဲတော်သူက လာခေါ်လေသည်။

"မစိမ်းစို မရိုက်ချင်ဘူး အစ်ကို"

"အို ... သမီးကလည်းကွယ်၊ ဒါ အမှတ်တရ ဓာတ်ပုံ ရိုက်တာပဲ၊ အားနာစရာ မလိုပါဘူးကွယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တရတဲ့၊ ဘာအမှတ်တရလဲ"

" မစိမ်းစိုရဲ့နှလုံးသား အမှတ်တရကတော့ ထွန်းဦး။

အို ... ကိုဦးရယ်၊ လာပါတော့လား။

❄ ✳ ❄



လေယာဉ်အဆောက်အအုံအဝင် မှန်တံခါးဝမှာ ရပ်လိုက်တာနှင့် ထွန်းဦး မစိမ်းစိုတို့ကို မြင်လိုက်သည်။

မစိမ်းစိုတို့ သားအမိအား ခတ်ပုံမှတ်တမ်း တင်နေကြသည်။

ထွန်းဦး မှန်တံခါးကြီးကို ဖွင့်လိုက်သည်။

ထို့နောက် ...

တစ်လှမ်းချင်း လေယာဉ်ကွင်း အဆောက်အအုံထဲ ဝင်လိုက်တော့ ...

"ကိုဦး"

မစိမ်းစို မပြေးရုံတမယ် ထွန်းဦးဆီ လျှောက်လာသည်။

ထွန်းဦး ခြေစုံရပ်ပြီး မစိမ်းစိုကို စောင့်ကြိုနေလိုက်၏။

"ကိုဦး ... စိမ်းဆီလာတယ်နော်"

ထွန်းဦး ခေါင်းညိတ်ပြလိုက်။

"ကိုဦးကို မစိမ်းစို မျှော်နေတာကြာပါပြီ။ ကိုဦး ဘာဖြစ်လို့ မလာတာလဲဟင်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစို အသံတွေတုန်ပြီး မျက်ရည်ဝဲနေ၏။

မေးခွန်းအဆုံးမှာ ငိုသံပင်ထွက်ပေါ်သွား၏။

"အဖေ နေမကောင်းဘူး၊ အခုလည်း အခြေအနေ သိပ်ဆိုးနေတယ်"

ထွန်းဦး စိတ်ကို မနည်းထိန်းရင်း ပြောလိုက်၏။

ဟုတ်ပါသည်။

ထွန်းဦးအဖေမှာ ဒုတိယအကြိမ်မြောက် တိုက်ဖွိုက်ရောဂါ ပြန်ဖြစ်နေသည်မှာ အတော်လေးပင် ကြာသွားပြီ။ အခြေအနေမကောင်း။

စိတ်မနှံ့သူမို့ ဆေးကုသရ အတော်ခက်နေပါသည်။

ထွန်းဦး ချော့ချော့မော့မော့တိုက်မှ ဆေးကိုသောက်လေသည်။

ထွန်းဦးမှလွဲ၍ ဘယ်သူမှ ဆေးတိုက်၍ မရပါ။

သည့်အတွက် ...

ထွန်းဦးမရှိရင် အဖေအနားက ဘယ်လိုမှသွားလို့မရပါ။

"ဒါကြောင့် ကိုဦး မစိမ်းစိုတို့နောက် မလိုက်နိုင်တာပေါ့နော်"

မျက်ဝန်းအစုံထဲက စီးကျလုလု မျက်ရည်ဥတွေကို မျက်တောင်ကော့ကလေးခတ်ပြီး မစိမ်းစို ထိန်းနေရရှာသည်။

သနားစရာ ကောင်းလိုက်တာ မစိမ်းစိုရယ်။

မစိမ်းစိုအဖြစ်ကို ကိုဦး မကြည့်ရက်ပါဘူး အချစ်ရယ်။



ထွန်းဦးလည်း တံတွေးကို အကြိမ်ကြိမ် မျိုချနေရင်းမှ ...

"ဟုတ်တယ် ... စိမ်းရယ်၊ တို့ကို ခွင့်လွှတ်ပါ"

"နောက်မလိုက်လာနိုင်တော့ဘူးလားကွယ်၊ အခွင့်သာတဲ့နေ့ပေါ့၊ ကိုဦးကို မစိမ်းစို မျှော်နေပါ့မယ်နော်"

မစိမ်းစို မမေးချင်ဆုံး မေးခွန်းတစ်ခုကို ရှိသမျှခွန်အားကလေးကို ဖျစ်ညှစ်ပြီး မေးနေရှာသည်။

"နောက် ... ဟုတ်လား မစိမ်းစို"

"ဟုတ်တယ်၊ ကိုဦး နောက်မှ အေးအေးဆေးဆေး ဖြစ်တဲ့အခါကျရင်ကော မလိုက်လာနိုင်ဘူးလားဟင်"

စိမ်းကို ကိုဦး ဘယ်လိုဖြေရပါ့ စိမ်းရယ်။

အဖေ့အကြောင်းလည်း စိမ်းသိသားနဲ့။

အဖေအသက်ရှင်နေသမျှ အဖေ့အနားမှာ ထွန်းဦးရှိမှဖြစ်မယ်လေ။

ထွန်းဦးမရှိရင် အဖေ ဘယ်လိုဖြစ်သွားမလဲ။

"ကိုဦး ... ပြောလေ၊ စိမ်းမေးတာကို"

မစိမ်းစိုကို ထွန်းဦး စေ့စေ့ကြည့်လိုက်ပြီးမှ ...

"မဖြစ်နိုင်တာတွေကို စိတ်ကူးမယဉ်ပါနဲ့တော့ စိမ်းရယ်၊ ပြည်ဖုံးကား ချလိုက်ပါတော့ကွယ်၊ ဒီလောကကြီးမှာ ထွန်းဦး ဆိုတဲ့အကောင် မရှိတော့ဘူးလို့သာ သဘောထားလိုက်ပါတော့ စိမ်းရယ်"

ပြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"  ထွန်းဦး စကားက ပြတ်သားလွန်းသည်။ မာကျော လွန်းသည်။ မစိမ်းစို မျှော်လင့်ထားသလိုမဟုတ်။

"သမီးရေ ... ဟော ... မောင်ထွန်းဦးပါလား၊ အန်တီတို့ သွားတော့မယ်နော်၊ သမီးရေ လာတော့၊ အထဲဝင်နိုင်းနေပြီ၊ သွားကြစို့"

မစိမ်းစို နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားလိုက်သည်။

မစိမ်းစို မေမေ့စကားကို အရေးမလုပ်။ ထွန်းဦးကိုသာ စူးစူးစိုက်စိုက်ကြည့်ပြီး မျက်ရည်များ စီးကျနေမိသည်။

မေမေ မစိမ်းစိုနားမှ သွားရင်း ဆွေမျိုးများကို လိုက်လံနှုတ်ဆက်နေပြန်သည်။

"မစိမ်းစို သွားတော့မယ် ကိုဦး၊ ကိုဦးကို မစိမ်းစို လုံးဝမကျေနပ်ဘူး၊ စိတ်လည်းနာတယ်၊ အို ... မုန်းတယ်၊ တစ်သက်လုံး မုန်းပစ်လိုက်မယ်၊ အခု မစိမ်းစို ဝမ်းထဲမှာ ကိုဦးရဲ့ရင်သွေး ရှိနေပြီ၊ အဲဒါ သိရဲ့လား၊ အဲဒီရင်သွေးရဲ့အဖေဟာ ဘယ်တော့မှ ကိုဦး မဖြစ်စေရဘူး၊ ဒီကလေးကို ကိုဦး ဘယ်တော့မှ မမြင်စေရဘူး၊ တစ်သက်လုံးမတွေ့စေရဘူး ကိုဦး"

ထွန်းဦး နားထဲကို သံပူရည်ကျိုပြီး လောင်းချလိုက်သလို ခံစားလိုက်ရသည်။

ရင်ထဲမှာလည်း မဖြေသာ လှိုက်ဖိုသွား၏။

"မစိမ်းစို ဝမ်းထဲမှာ ရင်သွေး"

မစိမ်းစို ဆွေးရတာ ပြောမပြတတ်။



ထွန်းဦး နားနှစ်ဖက်ကို ပိတ်ထားလိုက်သည်။

မစိမ်းစိုကို လှမ်းကြည့်လိုက်တော့ စိမ်းတစ်ယောက် သိပ်ကို ခံစားနေရသည်။

"ဝင်လို့မရဘူး ခင်ဗျ"

အိတ်(စ်)တာနယ်တံခါးဝမှာ ကျနေသော ပုဂ္ဂိုလ်ကြီးက ဆီးပြောသည်။

ထွန်းဦး ဘာမှမပြောဘဲ အပေါ်ထပ်ကို အပြေးအလွှား တက်လိုက်သည်။

လေယာဉ်ကွင်းထဲ ထိုးထွက်နေသည့် ဆင်ဝင်အပေါ်ထပ် ဝရန်တာဘက်ကို ထွန်းဦး ထွက်လိုက်သည်။

မစိမ်းစိုနှင့် သူ့အမေတို့ လေယာဉ်ဆီ လျှောက်သွားနေကြပြီ။ မစိမ်းစိုသည် ချိတ်ထဘီအဝါရင့်နှင့် ဇာပေါက်အင်္ကျီလက်ရှည်အဝါရောင်လေး ဝတ်ဆင်ထားသည်။ ကိုယ်လုံး ကိုယ်ခန္ဓာ အချိုးကျ လှပသူမို့ ကြည့်လို့မဝပါ။ သူသုံးနေကျ ရေမွှေးကလည်း မွှေးမွှေးပဲ။

"မစိမ်းစိုရေ ... မစိမ်းစို"

ထွန်းဦး အသံကုန် အော်ဟစ်ခေါ်လိုက်၏။

မစိမ်းစို လှည့်မကြည့်။

"မစိမ်းစို"

"မစိမ်းစိုရေ"

ထွန်းဦး အော်ခေါ်ရလွန်းလို့ အသံတွေပင် ဗြဲလာသည်။

ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းစိုကတော့ လေယာဉ်ပေါ် ရောက်သည့်အထိ ထွန်းဦးကို လှည့်ကြည့်ဖို့နေနေသာသာ ငဲ့စောင်း၍ပင် ပြန်ကြည့်မသွားပါ။

အို ... မစိမ်းစိုရယ်။

ကိုဦးကို တကယ်စိတ်နာသွားပြီလား။

ကိုဦးကို တကယ် မုန်းသွားပြီပေါ့လေ။

ကိုဦးရဲ့ဘဝကို တစ်ချက်ကလေးတော့ ကြည့်သင့်ပါတယ် အချစ်ရယ်ကွယ်

မစိမ်းစိုရယ်။

မစိမ်းစို နောက်ဆုံးပြောခဲ့တဲ့ စကားလေးတွေဟာ ဘာလဲကွယ်။

"မောင့်ကိုသာ အချစ်ဆုံး"တဲ့လား။

အချစ်ရေ ...

ကိုဦးလေ မစိမ်းစိုကိုရော ရင်သွေးသားကလေးကိုရော တစ်သက်လုံး မမေ့မရပါ။

လွမ်းဆွေးပြီး နေမှာပါနော်။

ဪ ... ဤသည်ပင် ထွန်းဦးဆိုသည့် လုလင်ငယ်နှင့် စိမ်းစို ဆိုသည့် လုံမငယ် ချစ်သူနှစ်ဦး၏ ရေခြားမြေခြားသို့ ရင်နာနာနှင့် ခွဲခွာကွဲကွာသွားကြသည်။ တစ်ရံရောအခါက ကြေကွဲဖွယ်ဇာတ်လမ်းတစ်ခု ဖြစ်ခဲ့ပါ၏။

တစ်နေ့ဝင် တစ်နေ့ထွက် ကြာညောင်းခဲ့လေပြီကော။

❄ ✻ ❄



## အခန်း(၁၃)

BURMESE CLASSIC .com

"ကလင်"

"ကလင်"

"ကလင်"

စက်ဘီးခေါင်းလောင်းသံများ ဆူညံနေသည်။ ပွင့်သစ်တို့ကျောင်း ပထမနေ့ ကျောင်းသူကျောင်းသားတွေက မိန်းမှာ မတက်ရသေး။

"ကလင် ... ကလင်"

စက်ဘီးတစ်စီး၏ ခေါင်းလောင်းသံကြောင့် ပွင့်သစ် သူမစက်ဘီးကို လမ်းဘေးသို့ တိမ်းရှောင်ပေးလိုက်သည်။

"ကလင် ... ကလင်"

နောက်ကစက်ဘီးမှာ ကျော်တက်မရ။

ပွင့်သစ်ရှောင်သည့်ဘက်ကိုလိုက်ပြီး ခေါင်းလောင်းသံအဆက်မပြတ် ပေးနေပြန်၏။

ပွင့်သစ်စက်ဘီးကို မှန်မှန်နင်းနေရာမှ ခပ်မြန်မြန်လေး နင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမစက်ဘီးကို မြန်မြန်နင်းခိုင်းနေသည် ထင်လို့ပါ။

ဒါလည်းပဲ ...

"ကလင် ... ကလင်"

နောက်ဘက်က စက်ဘီး၏ခေါင်းလောင်းသံကား ထွက်ပေါ်လာလေသည်။

ပွင့်သစ် သဘောပေါက်သွားပြီ။

ဒါလမ်းဖယ်ပေးရန် လမ်းတောင်းသည့် ခေါင်းလောင်းသံ မဟုတ်တော့။

ပွင့်သစ်တို့လို ကိုယ့်စက်ဘီး ကိုယ်စီးပြန်ကြသည့် မိန်းကလေးတွေကို လိုက်ပြီးအနှောင့်အယှက်ပေးတတ်သူတွေရဲ့ ခေါင်းလောင်းသံ။

ပွင့်သစ် စက်ဘီးကို ဖိနင်းလိုက်သည်။

အကောင်တွေနှင့် ဝေးရန်အတွက်ပင်။

သို့သော် ...

နောက်က စက်ဘီးလောင်ကတော့ မလျှော့။

ကလင် ... ကလင် ... ကလင်နှင့် လိုက်နှောင့်ယှက်နေဆဲ။

ပွင့်သစ်တစ်ယောက် စိတ်ဆိုးလာပြီ။

ဘယ်သူဘယ်ဝါ လိုက်လာသည်ကိုလည်း သိချင်သည်။

ထို့ကြောင့် ...

ပွင့်သစ် ဖျတ်ခနဲ နောက်ပြန်လှမ်းကြည့်လိုက်၏။

BURMESE CLASSIC .com



အလို ...

အတန်းထဲက ငလောင်အုပ်စုဝင် ကိုကိုလတ်တို့ ပါလား။

ကိုကိုလတ် ဆိုသူသည် အသားကလည်းမည်းမည်း အကျီဝတ်တော့လည်း အသွေးအရောင် ခပ်ရဲရဲ၊ ပါးစပ်ကလည်း ဘယ်သောအခါမှ ပိတ်မဖြစ်တဲ့ စပ်ဖြဲပဲ။

မိန်းကလေးတွေကို ဘယ်လိုစမယ် ဘယ်လိုနောက်ရမလဲဆိုတာ တွေးနေတဲ့ ငနဲမျိုး။

တော်တော်လည်း ပေါမည့်သူ။

အခုလည်း မျက်နှာက စပ်ဖြဲဖြဲ၊ အာကလည်းချောင်ပါဘိ၊ လူတစ်ကိုယ်လုံး ဘာမှသုံးစရာမရှိ။

ပွင့်သစ် မျက်စောင်းတစ်ချက် လှည့်ထိုးပြီး စက်ဘီးကို ရှေ့ဆက်နင်းခဲ့သည်။

"ကလင် ... ကလင်"

လုပ်ပြန်ပြီ။

ပွင့်သစ် ပြန်လှည့်မကြည့်ပေ။

စက်ဘီးကိုသာ ဂရုတစိုက်နင်းနေလိုက်၏။

ကားအသွားအလာ ရှုပ်ထွေးသည့် မီးပွိုင့်နားရောက်လာပြီကိုး။

ပွင့်သစ်စ ကမ္ဘာအေးလမ်းမကြီးကနေ ပါရမီဘက်ကို နင်းရမှာဖြစ်သည်။

ပွိုင့်မှာ မီးစိမ်းပြထားပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ပွင့်သစ်လည်း ဘယ်ကိုရှိုးကွေ့လိုက်သည်။

ကိုကိုလတ်ကလည်း ပွင့်သစ်စက်ဘီးနား ကပ်လာပြီး ပွင့်သစ်လိုပဲ ရှိုးကွေ့လိုက်သည်။

သို့သော် ...

ကိုကိုလတ်က ရိုးရိုးသားသားမျိုး ကွေ့ခြင်းမဟုတ်။

ပွင့်သစ်ကို ပညာပြလိုက်သည်။

သူ့စက်ဘီးကို မနင်းဘဲ လက်ကိုင်ယမ်းပြီး ဘေးချင်းယှဉ် မှုတ်သွားသည်။

အဲဒီလို အကျင့်ယုတ်သွားတာကြောင့် ပွင့်သစ်စက်ဘီးကို ထိန်းလိုက်ပါသေးသည်။

ဒါပေမဲ့ သတိမထား အမှတ်တမဲ့ ခံလိုက်ရတာဆိုတော့ ...။

"ဝုန်း"

မာကျောသော အရာဝတ္ထုတစ်ခုနှင့် ပွင့်သစ် ခန္ဓာကိုယ် ထိမိုက်ပြီး တစ်ဖန် ပြန်လွင့်စဉ်လျက် ကတ္တရာလမ်းပေါ် ရောက်သွားရ၏။

ပွင့်သစ် မျက်လုံးတွေ ပြာဝေသွားသည်။

အို ... ဘယ်လိုလုပ်ပါလိမ့်။

ပွင့်သစ် လက်နှစ်ဖက် အထောက်မြန်၍သာ ခေါင်းနှင့်ကတ္တရာလမ်း မိတ်မဆက်ဖြစ်တာ။

ချက်ချင်း လဲရာမှ ပွင့်သစ် လူးလဲပြီးထဖို့ ကြိုးစားလိုက်သည်။



မရ။

"တောက်"

ဒေါသထွက်လာသည့် တောက်တစ်ချက်ပင် ခေါက်လိုက်မိ၏။ ထလို့မရပါ။

ထလို့မရသည့်ကြားက ဝေဝါးဝါး ကိုကိုလတ်ကို မျက်စိဖြင့် ရှာကြည့်လိုက်လေသည်။

မတွေ့။

ဘယ်ရှိတော့မလဲ၊ လစ်ပြီပေါ့။

နှမချင်း မစာနာတတ်တဲ့ သဏ္ဍာဂါတွေ။

သည်လိုအကောင်မျိုးကို လူလို့မသတ်မှတ်ချင်တော့။ လူစိတ်မှ မရှိဘဲကိုး။

ရှက်စိတ်ကလေးတွေကလည်း ပွင့်သစ် ရင်ထဲမှာ တလှလှ ထွက်လာပြန်သည်။

လမ်းဘေးဈေးဆိုင်က လူတွေကလည်း ပြေးထွက်လာကြပြီး ဘယ်နာသွားသလဲ၊ ဘာလုပ်ပေးရမလဲ မေးကြသည်။

လမ်းသွားလမ်းလာတွေလည်း ဝိုင်းဝိုင်းအုံလာသည်။

ပွင့်သစ် ကြိုးစားပြီးထရန် ကြိုးစားပြန်သေးသည်။

ဒါပေမဲ့ မရ။

ခြေကျင်းဝတ်နားမှာ ညိုမည်းလာပြီး အရမ်းနာလာသည်။

"အလာ ... လား"

"ကျွတ် ... ကျွတ်"

နာလွန်းလို့ စုပ်သတ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားလဲကွယ့်"

ပွင့်သစ် အသံရှင်ကို ခေါင်းမော့ပြီး ကြည့်လိုက်ပါသည်။

"တို့ ဒေါက်တာရဲမင်းဌေးပါ၊ မင်းကို တို့ ဆေးကုပေးပါ့မယ်၊ ဘာမှမကြောက်နဲ့ သိလား"

ဒေါက်တာရဲမင်းဌေး ဆိုသူက ပွင့်သစ်ကို ဘေးလူများ အကူအညီဖြင့် သူ့ဆေးခန်းထဲ ခေါ်သွား၏။

ဒေါက်တာရဲမင်းဌေး၏ ဆေးခန်းက ပွင့်သစ်လဲကျသည့်နေရာနှင့် ဘာမှမဝေး။

ပွင့်သစ်ကို လူနာတွေ စမ်းသပ်ခုတင်ပေါ်တွင် ဒေါက်တာရဲမင်းဌေးက ညင်ညင်သာသာ ချလိုက်ပြီး ...

"သက်သောင့်သက်သာသလို နေနော်"

ကရုဏာသံလေးနှင့် ပြောလိုက်၏။

"ဆရာ သူ့စက်ဘီးကို ဘယ်လိုလုပ်ရမလဲ"

လူတစ်ယောက် ဆေးခန်းရှေ့ကနေပြီး လှမ်းအော်မေးလိုက်၏။

"ကျွန်တော့်ကားပေါ် တင်ထားပေးပါဗျာ၊ ကျေးဇူးပဲ"

ထိုလူထွက်သွားတာနှင့် ပွင့်သစ်ကို ဒေါက်တာရဲမင်းဌေး ပြုစုကုသပေးပါတော့သည်။

တံတောင်ဆစ်၌ ပွန်းပဲ့သွားသည်။

ထိုနေရာကို သေသေချာချာ ဆေးထည့်ပြီး ပလာစတာကပ်ပေးသည်။



ကတ္တရာလမ်းပေါ် ထောက်လိုက်မိ၍ ဘယ်ဘက်လက်ဖဝါး၌လည်း အရေခွံလန်ပြီး လက်မလေး နည်းနည်းပဲ့သွားတာကို ဆေးထည့်ပြီး ပလာစတာ ကပ်ပေးပြန်သည်။

"ခြေထောက်ဆန့်လိုက်နော်"

သူ ပြောသည့်အတိုင်း ပွင့်သစ် ခြေထောက်ဆန့်ကြည့်လိုက်သည်။

"အား"

"သိပ်နာသလား"

"ဟုတ်ကဲ့ ... နာတယ် ဆရာ"

နာသလားမပြောနဲ့။ ပွင့်သစ်မျက်ရည်များပင် ဝဲလာပြီ။

ဒေါက်တာရဲမင်းဌေးက နာနေသော ခြေထောက်နေရာကို ဆုပ်နယ်ပေးသည်။

"အား"

ဒေါက်တာရဲမင်းဌေး သိပ်လက်မြန်သည်။

ပွင့်သစ် ခြေထောက်ကို ဆုပ်နယ်မလိုနှင့် ဆတ်ခနဲ ဆွဲဆန့်လိုက်သည်။

ပွင့်သစ် ငယ်သံပါအောင် အော်လိုက်မိသည်။

"ကောင်းသွားပါလိမ့်မယ်ကွာ"

ဒေါက်တာရဲမင်းဌေး စကားတပြောပြောနှင့် ဆေးတစ်လုံးထိုးပေးပြီး ပွင့်သစ်ခြေထောက်ကို ပတ်တီးစည်းပေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညီမနာမည် ဘယ်လိုခေါ်သလဲ"

"ပွင့်သစ်"

"နေတာက"

"လမ်း ၃၀ မှာပါ"

"တို့ အိမ်လိုက်ပို့ပေးမယ်"

"ဟာ ... အားနာစရာကြီး"

"အို ... ဘာမှ အားနာစရာ မလိုဘူး၊ ပွင့်သစ် ဒီလိုဖြစ်တာ တို့ပယောဂနဲ့ မကင်းဘူး"

"ရှင်"

ဒေါက်တာရဲမင်းဒွေး အသေးစိတ် ပြန်ရှင်းပြသည်။

သည်တော့မှ ပွင့်သစ် သူ့ဇာတ်လမ်းကို ဇာတ်ရည်လည်တော့သည်။

ဟိုတီရဗ္ဗာန်ကောင် ကိုကိုလတ် ပွင့်သစ်ရဲ့စက်ဘီးကို ပွတ်တိုက်လိုက်တော့ ပွင့်သစ် ရှောင်ရင်းနှင့် ဒေါက်တာရဲမင်းဒွေး၏မော်တော်ကားကို ဝင်တိုက်မိပြီး လမ်းပေါ်လဲကျသွားခြင်းပင်။

"အဲဒီလို ပွင့်သစ် တို့ကားနဲ့ တိုက်မိပြီး လဲသွားတာဆိုတော့ တို့ပယောဂနဲ့လည်း ဘယ်ကင်းပါ့မလဲ၊ ဟုတ်တယ်မို့လား"

ပွင့်သစ် ယောင်ယောင်ယမ်းယမ်းနှင့် ခေါင်းညိတ်ပြလိုက်သည်။

ပြီးမှ ...



"အို ... ဘယ်ဟုတ်ပါ့မလဲ၊ ပွင့်သစ်က ဝင်တိုက်တာပဲဟာ၊ ဆရာ့ကားကော ဘာဖြစ်သွားသေးလဲ"

"နည်းနည်းပါးပါးတော့ ချိုင့်သွားတာပေါ့၊ ကိစ္စမရှိပါဘူးကွာ၊ ကားထက် လူက တန်ဖိုးရှိပါတယ်၊ မဟုတ်ဘူးလား"

ပွင့်သစ် ဒေါက်တာရဲမင်းဒွေးရဲ့ ပြောပုံဆိုပုံကို သဘောကျသွားပါသည်။

"ဆရာက သိပ်ပြီး စကားပြောကောင်းတာပဲ"

ပွင့်သစ် စကားကြောင့် ဒေါက်တာရဲမင်းဒွေး ပြုံးရယ်လိုက်ရင်း ...

"ကဲ ... ကဲ ... ပွင့်သစ်၊ နောက်မှ ချီးမွမ်း ... ဟုတ်လား၊ တို့ လိုက်ပို့မယ်၊ ဒေါ်ကြည်ရေ ... ခဏဗျာ၊ ကလေးမကို တွဲပေးပါဦး၊ လုပ်အားပေးပါဦး"

ဒေါက်တာရဲမင်းဒွေး လှမ်းအော်ခေါ်၍ ဆေးခန်းထဲသို့ အဒေါ်ကြီးတစ်ယောက် ဝင်လာပြီး ပွင့်သစ်ကို တွဲလိုက်သည်။

တစ်ဖက်ကလည်း ဒေါက်တာရဲမင်းဒွေး တွဲသည့်အပြင် ...

"ခိုလိုက်နော် ... ပွင့်သစ် ခြေထောက်မထောက်နဲ့ဦး"

ပွင့်သစ်ကို လမ်းညွှန်နေသေးသည်။

ဒေါက်တာရဲမင်းဒွေးကို ကျေးဇူးအလွန်တင်စရာကောင်းနေပါသည်။

ဆေးလည်း ကုသပေးသည်။

အိမ်ကိုလည်း လိုက်ပို့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အို ... သည်လိုလူမျိုးကို သူတော်ကောင်းလို့ မခေါ်ရင် ဘယ်သူ့ခေါ်မလဲနော်။

ပွင့်သစ် တွေးရင်း တွေးရင်း စဉ်းစားနေမိသည်။

❋ ❋ ❋



## အခန်း(၁၄)

"ငါတော့ ဒီကောင်ကို အစိမ်းလိုက် ဝါးစားလိုက်ချင်တယ်"

ရှမ်းကလေး နန်းအေးက ပြောလိုက်ခြင်းပါ။

ပွင့်သစ် စက်ဘီးချင်းတိုက်မိလို့ သူငယ်ချင်းတွေ လာကြည့်ကြသည်။

နန်းအေးရယ်၊ သဲသဲစံရယ်၊ နဝရတ်လှိုင်ရယ်။

ပွင့်သစ် သတင်းကြားကြ၍ ကျောင်းအဆောင်မှာ ဝင်ပြီးမေးကြခြင်းဖြစ်သည်။

"အို ... ငါကတော့ မရဘူး၊ ပွင့်သစ်သတင်းကြားတာနဲ့ မနက်က အပြုတ်ချပစ်လိုက်တယ်"

"ဟုတ်တယ် ... ငလောင်က မျက်နှာပြောင်တိုက်ပြီး ပထမတော့ ငါတို့ကို သူ ဘုမှတ်သေးတယ်ဟ"

"အောင်မာ ... အောင်မာ၊ ငါ့သူငယ်ချင်းတွေက တယ်လည်းသတ္တိရှိနေကြပါလား"

ပွင့်သစ်စ ဝမ်းသာလွန်းလို့ ပြောလိုက်ခြင်းဝင်။

ညတုန်းက ပွင့်သစ် တော်တော်ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အနာတွေက တစစ်စစ်နှင့် ကိုက်ခဲ့သလို၊ ခြေထောက်ကလည်း လှုပ်တောင်မလှုပ်ရဲ။

တစ်ညလုံး ပွင့်သစ် အနာတွေနာလို့ တညည်းညည်း တညူညူနှင့် အိပ်လို့ပင်မပျော်။

ဖေဖေကလည်း ခရီးသွားနေသည်။

ကျန်ရှိတဲ့ ဒေါ်လေးကလည်း ဘာမှမလုပ်တတ်တော့ ပွင့်သစ် တစ်ယောက်တည်း လိုမ့်ခံနေရ၏။

အခု သူငယ်ချင်းတွေ လာသတင်းမေးမှ ပွင့်သစ် ခမျာ နေသာထိုင်သာ ရှိသွားရသည်။

"ပြောစမ်းပါဦး၊ နင်တို့ ဘယ်လိုချဲလိုက်တာလဲ"

ပွင့်သစ် စိတ်ဝင်တစား မေးလိုက်သည်။

"ကျောင်းတက်ခါနီးမှ ဒီကောင် ရောက်လာတယ်ဟ၊ ဒါနဲ့ ငါက ကိုသူရကိုခေါ်ပြီး သူနဲ့သွားတွေ့တယ်၊ ပြီးတော့ နင်လုပ်လို့ ငါ့သူငယ်ချင်း ခြေကျိုးသွားပြီလို့ ပြောလိုက်တယ်"

"ဖွ ... လွဲပါစေ၊ ဖယ်ပါစေ၊ အဲဒီတော့ ..."

ပွင့်သစ် စကားထောက်ပေးလိုက်သည်။

"ဒီတော့ ဒီကောင်က ငါ ဘာလုပ်လို့လဲဟတဲ့၊ လူကိုများ ပြန်ပြီးကြောင်လိုက်သေးတယ်"

သဲသဲစံက တကယ်သတ္တိခဲ။

"ဟုတ်တယ် ... ငါနဲ့ ငါလည်း မနေ့က နင် စက်ဘီးနဲ့ ပွင့်သစ်ကို တိုက်ခဲ့တယ် မဟုတ်လားလို့၊ နင်တိုက်လိုက်လို့ အခု ပွင့်သစ် ခြေကျိုးသွားပြီလို့ ငါက ပြောလိုက်ကော"



လှိုင်ကလည်း ဘယ်ဆိုးလို့လဲ။

"အို ... စွပ်စွပ်စွဲစွဲ ငါ့ဘာသာငါ စက်ဘီးစီးသွားတာနဲ့ ပွင့်သစ် ခြေကျိုးတာ ဘာဆိုင်တုန်း၊ ခပ်တည်တည် ပြန်ပြောနေသေးတယ်၊ ဒါနဲ့ ငါက နင် မုန်လာဥလာမလုပ်နဲ့၊ နင် နမချင်း မစာနာဘူး၊ အကျင့်ယုတ်တာ အားလုံးသိတယ်၊ ငါတို့ မျက်မြင်သက်သေတွေရှိတယ်၊ နင့်ကြောင့် ပွင့်သစ် ဒီလိုဖြစ်ရတာ၊ အဲဒီမှာက လူတွေသိတယ်၊ ငါတို့ကို ဘာအောက်မေ့လို့လဲ၊ ဘာညာနဲ့ ဟောက်လိုက်မှ ..."

သဲသဲစံ မောသွားဟန်ဖြင့် စကားဖြတ်လိုက်သည်။ ပြီးတော့ ဒေါ်လေး တည်ခင်းထားသော ကြံရည်ခွက်ကိုယူပြီး သောက်လိုက်သည်။

"ဒီတော့မှ ဒီကောင်က ငါစတာပါဟာတဲ့၊ လေပျော့ကလေးနဲ့ ဖြစ်သွားတာ"

သဲသဲစံစကားကို လှိုင်က ဆက်ပေးသည်။

"ဒီနှစ်ကောင် ပြဿနာလုပ်နေတာ နန်းက ဘာမှမသိလိုက်ဘူးလေ၊ နန်း ကျောင်းမတက်ဖြစ်ဘူး၊ ကျောင်းဆင်းမှ ဒီကောင်တွေ အိမ်လာပြီး အကျိုးအကြောင်းပြောမှ နန်းသိရတာ၊ ဒီငလောင်တွေ သိပ်ကဲပါတယ်ဟယ်၊ ငါ့ကိုလည်း ဒီကောင် လုပ်ပြီးပြီ"

နန်းအေး ဝင်ပြောခြင်းပါ။

"ဟင် ... နင့်ကို ဒီကောင် ဘာလုပ်တာလဲ"

သဲသဲစံ နန်းအေးကို မေးလိုက်သည်။

အရင်က ပြောသံမှ မကြားဖူးပဲကိုး။

www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်ပါဘူးဟယ်၊ ရှက်စရာကြီး"

နန်းအေးသည် ပွင့်သစ်တို့အဖွဲ့ထဲ၌ အရိုးဆုံး၊ အအေးဆုံး၊ သည်းခံနိုင်ဆုံး။

သို့ပေမဲ့ သတ္တိတော့ရှိသည်။

သူတို့အဖွဲ့တွင် အစွာဆုံးက သဲသဲစံပဲ။ လှိုင်ကတော့ အဖွဲ့နှင့်သာ စွာရဲသူပါ။ တစ်ယောက်တည်းဆိုရင် ကုပ်ကုပ်ကလေး နေတတ်သူ။ သတ္တိမရှိပေ။

ဒါကြောင့် သူတို့အဖွဲ့ကို ယောကျ်ားလေး တော်တော်များများက အောင့်ကြောလန်ကြသည်။

တော်ရုံတန်ရုံ မကပ်ရဲကြ၊ မစရဲကြ။

သူတို့အဖွဲ့လေးယောက်က ခပ်တင်းတင်းတွေ နေတာကိုး။

ဒါပေမဲ့ လောင်ထိပ်ခေါင် ကိုကိုလတ်ကတော့ မရ။

လစ်လျှင်လစ်သလို သူတို့ တစ်ဖွဲ့လုံးကိုဖြစ်စေ၊ တစ်ယောက်ချင်းကိုဖြစ်စေ လုပ်တတ်သည်။

အခုလည်း ကြည့်လေ ...

"ပြောစမ်းပါဟာ၊ အပျင်းပြေတာပေါ့၊ နင့်အလှည့်ကျ သိပ်လျှို့တာပဲ၊ တစ်ခါမှ မပြောပြဘူးနော်"

ပွင့်သစ် စကားနာထိုးတော့မှ ...

"ဒီလိုပါဟာ၊ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ၊ ဒီကောင်ကို ငါ ဘတ်စ်ကားပေါ်မှာ တစ်ခါဆုံဖူးတယ်ဟ"

"ဆုံတော့"



နန်းအေးကလေးက လူကလည်းအေးအေး၊ စကားပြောတာလည်း ခပ်လေးလေးပဲ။

ဒါကြောင့် စကားကို ကျယ်ကျယ်မြန်မြန် ပြောတတ်သည့် လှိုင်က စိတ်မရှည်ချင်။

စကားကို ဝင်ထောက်လိုက်သည်။

"အေးပါဟ ပြောပါ့မယ်၊ နင်ကလည်း လောလိုက်တာ၊ ဘတ်စ်ကားပေါ်မှာ သူက အနားကပ်လာတယ်"

"အလဲ့ ... ဟုတ်ပြီ၊ ပြော ... ပြော၊ ကောင်းခန်းတော့ ရောက်ပြီ"

သဲသဲစံ မျက်နှာစပ်ဖြိုဖြိုလုပ်၍ ရှေ့နားထပ်တိုးရင်း ပြောလိုက်သည်။

"ဒီကောင်မ ... ညစ်ပတ်စုတ်ပွဲတာတွေ မတွေးနဲ့နော်၊ သန့်သန့်လေး ပြောနေတာ ဒီက ..."

နန်းအေး ဟောက်လိုက်သည်။

"အေးပါဟာ သဲသဲစံရယ်၊ ဝင်မရှုပ်ပါနဲ့၊ နန်းအေး အေးအေးဆေးဆေး ပြောပါစေ၊ ကဲ ... ပြောမှာသာပြော နန်းရေ"

အိမ်ရှင် ပွင့်သစ်က ဖျန်ဖြေလိုက်သည်။

"အနားကပ်လာတော့လည်း ငါက သတိထားနေရတာပေါ့ဟာ၊ အဲ ... သတိထားနေတဲ့ကြားကကို ခံလိုက်ရတာ"

"အလို ... ဘုရား ... ဘုရား၊ ဒီအယုတ်တမာကောင် နင့်ကို ဘာလုပ်လိုက်သလဲဟင်၊ ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါဟယ်"

www.burmeseclassic.com

www.burmeseclassic.com



သဲသဲစံပဲပေါ့။

သူက အားမလိုအားမရ မေးမိပြန်သည်။

"ဒီကောင် သိပ်ယုတ်မာတာပဲ၊ ဒီကောင့်ခေါင်းက ကြီးတော့ ကြီးပါတယ်၊ ယုတ်မာတဲ့အကြံတွေ စုထားတဲ့ခေါင်း၊ နင့်ကို ဘာလုပ်လိုက်သလဲဟင်၊ ရင်ထိတ်လိုက်တာဟာ၊ မြန်မြန်ပြောဆို"

ဒါက လှိုင်လှိုင်။

"စိတ်ရှည်ရှည် နားထောင်ကြမှပေါ့ဟာ၊ ဒီကောင် ငါ့နားခဏပဲလာကပ်ပြီး နောက်မှတ်တိုင်ကျ ဆင်းသွားတယ်၊ သူ ဆင်းသွားပြီး မကြာဘူး ကားပေါ်ကလူတွေက ငါ့ကြည့်ပြီး ပြုံးစိစိ လုပ်နေကြတယ်လေ"

"ဘုရားရေ ... နင့်ကိုကြည့်ပြီး ပြုံးကြတယ်"

"အေး... ပြုံးစိစိလုပ်ပြီး ကြည့်ကြတာနဲ့ ငါလည်း မသင်္ကာဘူး၊ ဒါနဲ့ ငါ့နောက်ကိုငါ ပြန်စမ်းကြည့်လိုက်ရတာပေါ့၊ လာ ... လာ"

"ဘာဖြစ်လဲဟင်၊ ဘာတွေလဲ"

"စက္ကူကို အမြီးကြီးလုပ်ပြီး ကပ်ချိတ်သွားတာပေါ့"

"အောင်မယ်လေး ... ဒီလိုဆိုရင် တော်ပါသေးရဲ့ဟာ၊ ဟား ဟား ... ငါဖြင့် ဘာများလဲလို့ ... ဟား ဟား"

ပွင့်သစ် အားရပါးရ ရယ်မောရင်း မှတ်ချက်ချလိုက်သည်။

"ငါလည်း ရှက်တာပေါ့ဟယ်၊ အဲဒီတော့ ရပ်မယ့်မှတ်တိုင်မှာ ပြေးဆင်းပြီး နောက်ကားကို ပြောင်းစီးခဲ့ရတယ်"



"ဟီး ဟီး ... ရယ်စရာချည်းပဲ၊ ရယ်ရတယ်၊ အစတုန်းက ငါတို့ကို ဘာလို့ မပြောတာလဲ"

လှိုင်က အထွန့်တက်လိုက်ပြန်သည်။

"အို ... ရှက်လို့ပေါ့"

"ကလေးတွေ ... ဆရာဝန်လာနေတယ်"

ဒေါ်လေးက အခန်းဝ လာရပ်ရင်း ပြောပြီးသည်နှင့် ပြန်ထွက်သွားသည်။

"ဟာ ... ဒါဆို တို့ ပြန်ကြမယ်"

နန်းအေးက ပြန်ရန်ဆော်ဩလိုက်သည်။

"အို ... ပွင့်သစ်ဆရာဝန်ကို ရှိရဦးမယ်၊ လာ ... လာ"

"ဟ ... နေကြပါဦး"

လှိုင်ကတားမှ ကောင်မလေးတွေ အားလုံး ခပ်တည်တည်နှင့် ပြန်ထိုင်ကြသည်။

"ဘယ့်နှယ်နေသေးလဲ ပွင့်သစ်"

ဒေါက်တာရဲမင်းဌေး ရောက်လာတာနှင့် မေးလိုက်သည်။

"ညတုန်းက တစ်ညလုံး မအိပ်နိုင်ဘူး ဆရာ၊ အနာက အရမ်းနာတယ်၊ ကိုက်လည်းကိုက်တယ်"

"ဩော် ... ဒီလောက်တော့ ရှိမှာပဲ"

ဒေါက်တာရဲမင်းဌေးက ပွင့်သစ်၏ လက်ဖွေးဖွေး လက်ကောက်ဝတ်ကလေးကိုကိုင်ပြီး သွေးစမ်းလိုက်သည်။

ဒါကို ကောင်မစုတ်တွေက သဘောကျပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးဖြီးဖြီး လုပ်ပြနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုကြည့်ပြီး ပွင့်သစ် မနည်းကို ဣန္ဒြေဆည်နေရသည်။

ဇရက်မတွေပဲ။

ဒေါက်တာရဲမင်းဒွေး ပွင့်သစ် အနာတွေကို စစ်ဆေးပြီး ဆေးထည့်ပေးသည်။

"အနာတွေကတော့ မဆိုးပါဘူး၊ ကျက်တောင်ကျက်ခါနီးပြီပဲ၊ ဒါပေမဲ့ ဆေးထိုးရဦးမယ်နော်"

"ဆရာ"

လှိုင်က ခေါ်လိုက်ခြင်းဖြစ်သည်။

"ခင်ဗျာ"

"ဟို ... သူ့ကို ဆရာ ဆေးထိုးပေးမယ်ဆိုရင် အပ်ကြီးကြီးနဲ့ ထိုးပေးပါနော်"

တော်တော်ကို ရဲတင်းတဲ့ကောင်မ။

ဆရာဝန်တောင် မနေရဘူး။

သည်လိုဝင်ပြီး နောက်ရသည်။

တို့ ဒေါက်တာရဲမင်းဒွေး ဆိုသူကလည်း သိပ်ကြီးသေးတာမှ မဟုတ်တာ။

အလွန်ဆုံးရှိလှ နှစ်ဆယ့်ငါးနှစ်လောက် ရှိမှာပေါ့။ ခန့်ချောကြီးပဲ။

ဒါကြောင့် ကောင်မတွေ နောက်ရဲဟန် တူပါသည်။

ဒေါက်တာရဲမင်းဒွေးကလည်း သဘောပေါက်ပါသည်။ သည်သူငယ်မတွေဟာ ဂျစ်တူးမတွေပဲလို့။



သူတို့တစ်တွေ နောက်နေမှန်း သိသည်။ စကားရောဖောရော ပြန်ပြောလိုက်သည်။

"ကျွန်တော်လည်း စိတ်ကူးရလို့ အပ်ကြီးကြီးကို ယူလာခဲ့ပါတယ်ဗျာ"

ကောင်မလေးတွေ အားရပါးရ ဟားတိုက်ရယ်လိုက်ကြသည်။

ဒေါက်တာရဲမင်းဒွေး ဆေးတစ်လုံး ထိုးပေးပြီးပြီ။

"ပေးထားခဲ့တဲ့ ဆေးတွေကို ဆက်သောက်ဦးနော်၊ တို့မနက်ဖြန်လည်း လာပါဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒါနဲ့ ပွင့်သစ်အဖေကော ပြန်ရောက်ပြီလား"

"ညကတော့ ဒေါ်လေး မန္တလေးကို ဖုန်းဆက်ပြီး ပြောလိုက်ပါပြီ၊ ကနေ့ ပြန်လာမယ်တဲ့၊ အခုထိတော့ မရောက်သေးပါဘူး ဆရာ"

"ဖေဖေနဲ့ အရေးတကြီးကိစ္စ တွေ့စရာရှိလို့လား ဆရာ"

"ဩော် ... မရှိပါဘူး၊ ရောက်မရောက်ပဲ မေးကြည့်တာပါ၊ ကဲ ... သွားဦးမယ်နော်၊ အားလုံးပဲ"

"အို ... ခဏ ဆရာ၊ ဒေါ်လေးက ဆရာ့ကိုမေးပါဦး၊ ဆေးဖိုး ဘယ်လောက်ကျသလဲလို့"

ပွင့်သစ်က သူ့ဒေါ်လေးကို တာဝန်ပေးလိုက်၏။

"နေပါစေ ပွင့်သစ်"

"ဘယ် ... မဟုတ်တာ ဆရာကလည်း၊ ဆေးဖိုးတော့ယူပါ ဆရာ၊ ဆေးတွေကလည်း ဈေးတွေကြီးနေမှာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်သစ် အနာက ကောင်းမှမကောင်းသေးတာပဲဟာ၊ တို့လည်း ဘယ်မှ ထွက်မပြေးပါဘူး၊ ဖြည်းဖြည်းပေါ့ကွယ်၊ ကဲ ... သွားပြီ"

ဒေါက်တာရဲမင်းဌေး ပြောပြောဆိုဆို ထပြန်သွားသည်။

"ကောင်မ ... တော်တော်လည်း ကဲတယ်ဟေ့၊ သူ့ဟာ ကရုဏာရှင်ကြီးနဲ့ တို့ကို မိတ်ဆက်မပေးဘူး၊ ဘာလဲ ... ကရုဏာရှင်ကြီးက တို့တစ်တွေကိုပါ ရောပြီး ကရုဏာတွေ ပွားများသွားမှာ စိုးလို့လား"

"အို ... ရှုပ်ရှုပ်ယှက်ယှက်"

"ဘာတဲ့ ... မနက်ဖြန်လည်း လာပါဦးမယ်တဲ့၊ အပ်ကြီး ကြီးလည်း ယူလာပါဦးမယ်တဲ့ ... ဟား ဟား"

သဲသဲစံနှင့် လှိုင်တို့ဟာ အတိုင်အဖောက် ညီနေကြသည်။

ပွင့်သစ် သိပါသည်။

သူတို့တွေ သည်လိုလောင်မယ် ဆိုတာလေ။

"ဆရာဝန်က ချောလည်းချော၊ ခန့်ညားတယ်၊ ငယ်လည်း ငယ်သေးတယ်၊ ပွင့်သစ်တို့ ပွတာပဲနော်"

သဲသဲစံ ဆက်နှောက်ပြောဆိုနေသည်။

ဒါကို နန်းအေးက နားမလည်။ ထို့ကြောင့် ...

"ဘာလဲဟာ ... ပွတာပဲ ဆိုတာ"

"ပွတာပဲဆိုတာ ပွတာပဲပေါ့၊ ကံကောင်းတယ်ပေါ့"



"ကဲ ... တော်ကြပါတော့၊ ကောင်မအစုတ်တွေရယ်၊ ပြန်ကြပါတော့၊ နင်တို့အိမ်က လူကြီးတွေ စိတ်ပူနေဦးမယ်"

ပွင့်သစ် အားလုံးကို နှင်ထုတ်လိုက်သည်။

"ပြန်ပါ့မယ် ... ပြန်ပါ့မယ်၊ တကတဲ၊ ပုံကိုက ဆေးမဝင် မီတစ်မျိုး၊ ဆေးဝင်ပြီး တစ်မျိုးနဲ့၊ ဘာလဲ ... တို့ပြန်သွားမှ အေးအေးဆေးဆေး စမြုံ့ပြန်မလို့ မဟုတ်လား"

"ဟုတ်တယ်ဟယ် ... ဟုတ်တယ်၊ နင်တို့ သိရင်လည်း အလိုက်တသိ စောစောပြန်ကြမှပေါ့"

ပွင့်သစ် ရွဲ့ပြီးပြောပစ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေ လာကြည့်တော့ အားရှိပြီး စိတ်အပြောင်းအလဲ ဖြစ်သွားလို့လား မသိ။ ထိခိုက် ဒဏ်ရာတွေတောင် ဘယ်လိုသက်သာသွားသလဲပဲ။

"သူငယ်ချင်းတွေကြောင့်တင်လား၊ ဒေါက်တာရဲမင်းဌေး ကြောင့်ရော မပါဘူးလား"

"ကိုယ့်ကိုယ်ကိုယ် မလှည့်စားနဲ့နော်၊ စိတ်ဝင်စားနေပြီ မဟုတ်လား၊ မိပွင့် တတ်တယ်နော်"

❄ ✳ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ပွင့်သစ် ပျင်းနေသည်။

အိပ်ခန်းပြတင်းပေါက်ဝမှတစ်ဆင့် ငေးမျှော်နေမိသည်။

ဟိုသရဲမတွေအုပ်ပဲဖြစ်ဖြစ်၊ ဒေါက်တာရဲမင်းဇွေးပဲဖြစ်ဖြစ် လာလည်စေချင်နေတယ်။

ကျောင်းက သရဲမအုပ်စုတွေ လာရင် ကျောင်းအကြောင်းတွေ သိရမှာပင်။

ရောက်တတ်ရာရာတွေ ပြောရင်း ရယ်ကြမောကြနှင့် ဘယ်လောက် ပျော်စရာကောင်းမလဲ။

အမှန်တော့ သင့်တင့်လျောက်ပတ်သော လူပျိုလူရွယ်တစ်ဦးဆိုလျှင် အပျိုမလေးတွေက စိတ်ဝင်စားတက်သည်ပဲဖြစ်မည်။ ရဲမင်းဇွေးသည် ကြည့်ကောင်းသည့် ရုပ်ရည်နှင့် အရုပ်အမောင်းရှိသည်။ ဆရာဝန်လည်း ဖြစ်သည်။ မိဘမျိုးရိုးကောင်းသည်။ အကျင့်စာရိတ္တလည်းမဆိုး။



သည်လိုလူမျိုးကို မိန်းကလေးဘက်က အိမ်ထောင်ဖက်အဖြစ် စိတ်ဝင်စားသည်မှာ မဆန်း။ ကိုယ့်ရင်ထဲ နှလုံးသားထဲက ချစ်သည်၊ မချစ်သည် ဆိုသည်ကို အပထား။

ဒေါက်တာရဲမင်းဇွေး လာရင်ကော။

အို … ဘာဖြစ်လဲ။ ကောင်းတာပေါ့။

ဒေါက်တာရဲမင်းဇွေးလာရင် ပွင့်သစ်မှာ ကြွားစရာရှိနေပါသည်။

အခုဆို ပွင့်သစ် တုတ်ကောက်အားကိုးနှင့် ဟိုနားသည်နား လျှောက်လို့ရနေပြီ ဆိုသည့်အကြောင်း။

လက်ကဒဏ်ရာတွေကတော့ ပျောက်လုနီးပါပြီ။

ပျောက်ရမှာပေါ့။

ဒေါက်တာရဲမင်းဇွေး နှစ်ရက် သုံးရက် ဆက်တိုက်လာပြီး ဆေးထိုးပေး၊ ဆေးထည့်ပေးတာကိုး။

သည်လို ဂရုတစိုက် ကုသပေးလို့ပဲ ဒေါက်တာရဲမင်းဇွေးကို ဖေဖေက အရမ်းကျေးဇူးတင်နေသည်။

ဖေဖေ ဆေးဖိုးပေးတာကိုလည်း ဒေါက်တာရဲမင်းဇွေးက လက်မခံပေ။

ဖေဖေကတော့ …

"သိပ်ပြီး ယဉ်ကျေးသိမ်မွေ့တယ်၊ မွန်ရည်တဲ့သူငယ်လေး"ဟု မကြာခဏ ပြောသည်။

ဖေဖေ အမြဲတမ်း အလုပ်များနေသည်။

ဖေဖေက ရှေ့နေလေ။ ဗဟိုတရားရုံးရှေ့နေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့ပေါ်က အမှုတွေကိုလည်း လိုက်ပေးရသည်။

မန္တလေးနှင့် အနီးတစ်ဝိုက်မှာရှိတဲ့ နယ်တွေကလည်း ဖေဖေ့သတင်းကောင်းလို့ အားကိုးတကြီး အမှုလာအပ်ကြသဖြင့် ဖေဖေ့မှာ လက်မလည်နိုင်အောင် အလုပ်များနေသည်။

ဖေဖေက အလုပ်ကို ကြိုးစားသည်။

အမှုသည်တွေအပေါ်လည်း စေတနာမှန်ထားပြီး အလုပ် လုပ်ပေးသည်။

သည်တော့ အမှုသည်တွေက ဖေဖေ့ကို အားကိုးတကြီး အမှုအပ်ကြသည်။

သည်လို ဖေဖေဟာ တော်လို့ ပွင့်သစ်တို့ မတောင့်မတ၊ မကြောင့်မကြ စည်းစိမ်ရှိရှိ နေနိုင်ကြတာပေါ့။

ဖေဖေ့ရဲ့အဒေါ်လေး ပွင့်သစ်ရဲ့အဘွားလေးကလည်း အိမ်ထောင်ကို အထိန်းကောင်းသည်။

အဲသည် အဘွားလေးရဲ့လက်ပေါ်တွင် ပွင့်သစ်ကြီးပြင်းလာခဲ့ရတာပေါ့။

အဘွားလေးကို ပွင့်သစ်က အမေခေါ်သလို ဒေါ်လေးလို့ပဲ ငယ်စဉ်ကတည်းက ခေါ်ခဲ့တာ အကျင့်ပါနေလေပြီ။

ပွင့်သစ်မှာ အမေ မရှိတော့။

ပွင့်သစ် သုံးနှစ်သမီးလောက်ကတည်းက ဆုံးပါးသွားသည်တဲ့။

မေမေ့ကို ဓာတ်ပုံတွေထဲမှာပဲ ကြည့်ရပါတယ်၊ ဓာတ်ပုံကိုပဲ ချစ်ရပါတယ်။



မေမေနှင့် နေခဲ့ရသောဘဝကို ပွင့်သစ် မမှတ်မိတော့ပါ။

မေမေက မိန်းမချောတစ်ယောက်။

ချမ်းလည်း ချမ်းသာသည်။

ဒါပေမဲ့ ပညာမတတ်။

ဖေဖေက နဂိုက ဆင်းရဲသည်။

ပညာတတ်တစ်ယောက်တော့ ဖြစ်သည်။

ဖေဖေရဲ့ဦးလေးတစ်ယောက်က ဖေဖေ့ကို ပညာဆုံးသည့်တိုင်အောင် သင်ကြားပေးသည်။

အဲသည်ဦးလေးကပဲ ဖေဖေနဲ့ မေမေကို နေရာချထားပေးတယ်လို့ ဒေါ်လေးက ပြောဖူးသည်။

ဖေဖေနဲ့ မေမေဟာ လူငယ်ချင်း ချစ်နှစ်သက်ပြီးယူတာမဟုတ်၊ လူကြီးတွေ ပေးစားတာတဲ့။

ပွင့်သစ်ကိုတော့ ဖေဖေ သိပ်ချစ်ရှာသည်။

ငယ်ငယ်လေးကတည်းက မိတဆိုးလေးဆိုပြီး ပွင့်သစ်ကို အရမ်းချစ်တယ်။

ဖူးဖူးမှုတ်ပြီးထားသည်။

ငယ်ငယ်တုန်းကများဆို ပွင့်သစ်ကို ဖေဖေကိုယ်တိုင် ရေချိုးပေး၊ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းပေးတတ်သည်။ နည်းနည်းလေးမှ အငိုမခံ။

မေမေဆုံးတော့ ဖေဖေက အရွယ်ကောင်းရှိသေး။

ဒါပေမဲ့ ပွင့်သစ်ကို ချစ်လို့တဲ့။

ပွင့်သစ် စိတ်ဆင်းရဲမှာ စိုးလို့တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်အိမ်ထောင် ထပ်မပြုတော့ပါ။

သည်တော့ ပွင့်သစ်ကလည်း ဖေဖေ့ကို အရမ်းချစ်ပြီး ဖေဖေ့စကားဆို အမြဲ မြေဝယ်မကျ နားထောင်ခဲ့တာပေါ့။

ပွင့်သစ် အခုလို စက်ဘီးနင့်တိုက်မိပြီး နောက်တစ်နေ့မှာ ခရီးထွက်ရာမှ ဖေဖေ ပြန်ရောက်လာသည်။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။

"ဖြစ်ရလေ သမီးရယ်၊ ငါ့သမီးမှ ဖြစ်ရလေ"

တဖျစ်တောက်တောက်။

စုပ်တသပ်သပ်နှင့်။

နှစ်ရက် သုံးရက် ဘယ်မှမသွားဘဲ ပွင့်သစ် အနားမှာ နေပေးရှာသည်။

ပွင့်သစ် ပျင်းမှာစိုးလို့ စီဒီယိုတစ်ခွေပြီးတစ်ခွေ ငှားပေးပြီးပြသည်။

ကနေ့တော့ ဖေဖေ ပြင်ဦးလွင်ကို သွားရမည်။

အမှုကိစ္စပါပဲ။

မသွားမဖြစ်လွန်းလို့ပါတဲ့။

ဖေဖေကလည်း ခရီးထွက်။

ဒေါ်လေးကလည်း အိမ်မှုကိစ္စတွေ လုပ်နေဆိုတော့ ပွင့်သစ် ပျင်းနေတာပေါ့။

ကားဟွန်းသံကြားရ၍ ပွင့်သစ် အတွေးစပြတ်သွားသည်။

ဂိတ်ဝကို လှမ်းမျှော်ကြည့်လိုက်၏။



အဖြူရောင် ဒတ်ဆန်းဆန်နီကားလေး ခြံထဲသို့ဝင်လာနေသည်။

ဒါ ဒေါက်တာရဲမင်းဌေးပေါ့။

ပွင့်သစ် တုတ်ကောက်ကို အားပြု၍ ဧည့်ခန်းဆီသို့ တစ်လှမ်းချင်း ထွက်ခဲ့သည်။

သွက်လိုက်သည့် ပွင့်သစ်ခြေလှမ်းတွေ။

သိပ်ပြီး မတွေ့ချင်ဘူးထင်ပါ့။

"ဟဲ့ ဟဲ့ ဟဲ့ ... လဲကျနေဦးမယ်နော်"

ဒေါ်လေးက လှမ်းအော်ပြီး သတိပေးတာလား၊ ရိတာလား။

ဒါပေမဲ့ ...

ပွင့်သစ်မမှုပါ။ အိမ်ရှေ့တံခါးကို ပွင့်သစ်ကိုယ်တိုင် ဖွင့်ပေးလိုက်သည်။

အို ... ပွင့်သစ်ရယ်။

ဘာဖြစ်လို့များ သည်လောက်တောင် ဒေါက်တာရဲမင်းဌေးကို တွေ့ချင်နေရပါလိမ့်နော်။

"ဟာ ... ပွင့်သစ်က လမ်းကောင်းကောင်း လျှောက်နိုင်နေပြီပဲ"

ဒေါက်တာရဲမင်းဌေး အိမ်ထဲလှမ်းဝင်ရင်း အားရဝမ်းသာ ပြောလိုက်သည်။

"ဟုတ်တယ် ဆရာ၊ မနေ့ကစပြီး စမ်း လမ်းလျှောက်ကြည့်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေလား၊ မအိုကေလားတော့ မသိပါဘူး ဆရာရယ်၊ ဆရာလာတာ ပြတင်းပေါက်က လှမ်းတွေ့တယ်ထင်ပါရဲ့၊ အိမ်ခန်းထဲကနေ လျှောက်လာလိုက်တာ လှစ်လှစ် လှစ်လှစ်နဲ့နေတာပဲ၊ ထိုင်ပါဦး ဆရာ၊ ရေနွေးကြမ်းသောက်နှင့်ဦး၊ ဒေါ်လေး လမ်းထိပ်က အကြော်သွားဝယ်လိုက်ဦးမယ်"

"ရေနွေးကြမ်းနဲ့ အကြော်ပူပူလေး စားသွားပါဦး"

"အို ... မလုပ်ပါနဲ့ အဒေါ်၊ ကျွန်တော် အခုပဲ ပြန်မှာပါ၊ မဝယ်ပါနဲ့တော့"

"ခဏပဲနေနေ အကြော်လေးတော့ သုံးဆောင်သွားပါဦး၊ တကူးတက မဟုတ်ပါဘူး၊ အိမ်အတွက်လည်း ဝယ်မလို့ပါပဲ၊ ပွင့်သစ်က အကြော်ကို သိပ်ကြိုက်တာ၊ ဆရာ ခဏလေး နေပါဦးနော်"

ဒေါ်လေးက ပြောပြောဆိုဆို အိမ်အပြင်ဘက် ခပ်သုတ်သုတ် ထွက်သွားသည်။ တစ်အိမ်လုံးမှာ ဒေါ်လေးကိုသာ အားကိုးနေရသည်။

ဒေါက်တာရဲမင်းဗွေး ထိုင်ခုံအလွတ် ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်ရင်း ...

"အန်ကယ်ကော"

"ပြင်ဦးလွင် တက်သွားတယ် ဆရာ၊ နေ့ချင်းပြန်ပါပဲ"

"အခုလို ပွင့်သစ် ခြေထောက် မြန်မြန်ကောင်းသွားတာတို့တော့ သိပ်ပြီးဝမ်းသာတာပဲ၊ နောက်တစ်ပတ်ဆို ပွင့်သစ်ကျောင်းတက်နိုင်မှာပါ"



"ဟင် ... ဆရာကလည်း တုတ်ကောက်ကြီးနဲ့တော့ မတက်ချင်ဘူး၊ ရှက်စရာကောင်းတယ်"

"ဘယ် ... ပွင့်သစ်ရဲ့အခြေအနေမျိုးဆိုရင် နောက်တစ်ပတ်ကျ တုတ်ကောက်လိုမှာ မဟုတ်တော့ပါဘူး၊ စိတ်ချ၊ နဂိုအခြေအနေအတိုင်း ပြန်ဖြစ်သွားမှာပါ၊ အာမခံတယ်"

"တကယ်နော် ဆရာ"

"တကယ်ပေါ့"

"တို့ ပွင့်သစ်ကို ဘာလို့လိမ်ရမှာလဲ၊ ဪ ... ဒါနဲ့ မနက်ဖြန် တို့ ရန်ကုန်ကိုဆင်းမလို့၊ အဲဒါ ...."

"ရန်ကုန် ..."

"ဟုတ်တယ် ပွင့်သစ်၊ ရန်ကုန်မှာ တို့အမေ နေတယ်လေ၊ မေမေက အခုတလော သွေးနည်းနည်း တိုးချင်နေတယ်၊ လာခဲ့ပါဦးဆိုလို့ တို့ သွားရမှာ"

"ဘယ်လောက်ကြာမှာလဲ ဆရာ"

"အင်း ... တစ်ပတ်ဆယ်ရက်လောက်တော့ ကြာမှာပေါ့၊ ဘာလဲ ... ပွင့်သစ်က တို့ကို သတိရပြီး လွမ်းနေမှာလား"

ပွင့်သစ် ကြောင်သွားသည်။

ဒေါက်တာရဲမင်းဗွေး သည်လိုစကားမျိုး ပြောလိမ့်မည်လို့ လုံးဝမထင်မိ။

နောက်ပြီး သည်လောက်မြန်လိမ့်မည်လည်း မမေ့မှန်းခဲ့။

ခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ပွင့်သစ် မျှော်လင့်နေသော စကားလုံးလေးကို မထင်မှတ်သည့်အချိန်မှာ ရုတ်တရက်ကြီး ကြားရခြင်းပါ။

ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

စိတ်ထဲမှာ ဝမ်းလည်းသာ။ ရှက်လည်းရှက်။

ပျော်မှပျော်။

အမှန်ပင် ဒေါက်တာရဲမင်းဒွေး အားသလို ပွင့်သစ်သူ့ကိုသတိရပြီး လွမ်းနေမယ်၊ မျှော်လည်း မျှော်နေမိမှာပါ။

အောက်မေ့နေမှာပါ။

ဒါပေမဲ့ ...

ပွင့်သစ် နှုတ်မှ ဘယ်ထွက်ရဲပါ့မလဲ။

ပျော်မှပျော်။

ပွင့်သစ် မျက်နှာကလေး ပန်းရောင်မရင့်တရင့် သမ်းသွားပြီး ခေါင်းကလေး ငုံ့လျှိုးသွားသည်။

"ဟင်း ... ပြောပါဦး ပွင့်သစ်ရယ်၊ တို့ကို သတိရပြီး လွမ်းနေမှာလားလို့"

ရှက်နေပါသည်ဆိုမှ ဒေါက်တာရဲမင်းဒွေးက ထပ်မေးနေသဖြင့် ...

"သိဘူး"

ပွင့်သစ် နှုတ်ခမ်းလေးစူပြီး နေလိုက်သည်။

မျက်နှာမကြည်ပြန်ဘူး။ သုန်သုန်မှုန်မှုန်နဲ့။

"တို့ပြောတဲ့စကားကို သဘောမကျလို့လား၊ မနှစ်မြို့က်ဘူးလား"



"အင်း"

ဆိုပြီး မျက်စောင်းတစ်ချက်ထိုးပြီး ခေါင်းပြန်ငုံ့ထားလိုက်ပြန်သည်။

"တော်ပါသေးရဲ့၊ ဆရာ မပြန်သေးလို့"

"စားပါဦး ဆရာရယ်၊ အကြောင်က ပူပူနွေးနွေး ကြွပ်ကြွပ်ရွရွလေးမို့ စားလို့သိပ်ကောင်းပါတယ်၊ စားပါဦး ဆရာ"

ဒေါ်လေး ပြန်ရောက်လာပြီး ဘူးသီးကြော်၊ ငါးပေါင်းကြော်၊ ဗယာကြော်တွေကို ကြွေပန်းကန်လုလုလေးထဲ ထည့်ပြီး ကျွေးမွေးဧည့်ခံနေသည်။

"အော် ... ဒေါ်လေးကလည်းဗျာ၊ ဒုက္ခရှာလို့"

"ဒုက္ခရှာတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲကွယ်၊ ငါ့တူကြီးက ဒေါ်လေးတို့ရဲ့ ကျေးဇူးရှင်ပဲ"

ဒေါ်လေးစကားကြောင့် ဒေါက်တာရဲမင်းဒွေး ဘူးသီးကြော် ကြွပ်ကြွပ်ရွရွလေးတစ်ခု ယူစားလိုက်ရင်း သူ့ခေါင်းကို ကျန်သည့်လက်တစ်ဖက်ဖြင့် ဖိထားလိုက်လေသည်။

"ဘာများဖြစ်သွားတာလဲ ဆရာ"

ဘူးသီးကြော် စားလိုက်လို့ တစ်ခုခုများ ဖြစ်သွားသလားလို့ စိုးရိမ်တကြီး ပွင့်သစ် အလန့်တကြား မေးလိုက်မိသည်။

"ဘာမှမဖြစ်ပါဘူး၊ ဘာလဲ ... ဒေါ်လေးက ခုနကပြောတော့ တို့က ကျေးဇူးရှင်ဆိုလို့ မိုးပေါ်ပျံတက်မသွားမိအောင် ကိုယ့်ခေါင်းကို မနည်းဖိပြီး ထားနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ငါ့တူကြီးက နောက်လည်းနောက်တတ်တာကိုး၊ ဒေါ်လေးဖြင့် ဘာများဖြစ်သွားသလဲလို့၊ လန့်လိုက်တာ၊ ပြောမပြတတ်အောင်ပါပဲ"

"ပျော်လွန်းလို့ပါ အဒေါ်ရယ်၊ ကဲ ... ကျွန်တော်ပြန်လိုက်ဦးမယ်၊ ကိစ္စလေးတွေ ရှိနေသေးလို့"

"ဟဲ့ ... ဘာမှလဲ မစားပါလား"

ဒေါ်လေးက အားမလို အားမရ ပြောလိုက်သည်။

"ဟုတ်သားပဲ ဆရာကလည်း၊ ဘာမှမစားဘဲကိုး၊ အေးအေးဆေးဆေးလေးများနေပြီး စားသောက်သွားပါဦး၊ ရေနွေးပူပူလေးနဲ့"

"တို့ ဆေးခန်းသွားချိန်နီးပြီ၊ ပြီးတော့ စောစောကလမ်းထိပ်မှာ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ခဲ့လို့ မဆာဘူးဖြစ်နေတယ်၊ ရန်ကုန်က ပြန်လာမှ လာခဲ့တော့မယ်နော်၊ ပွင့်သစ် ဘာမှာဦးမလဲ၊ လိုတာရှိရင်မှာပေါ့"

"ဟင့်အင်း ... ဘာမှ မှာစရာမရှိပါဘူး ဆရာရယ်"

ပွင့်သစ် မျက်နှာလေး ညှိုးငယ်သွားသည်။

စကားသံကလည်း မပွင့်တပွင့်။

ဒေါက်တာရဲမင်းဋ္ဌေးနဲ့ ခွဲရဦးမှာမို့လို့ထင့်။

"ဒါနဲ့ ငါ့တူကြီးက ရန်ကုန်သွားမှာလား"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ ရန်ကုန်ကို ဒေါ်လေး ဘာများမှာစရာရှိလို့လဲ"

"သြော် ... ဟို"



အရေးထဲ ဒေါ်လေးက စကားဝင်ပြီး ထစ်နေပြန်သည်။

ပွင့်သစ် ကြားထဲက အားနာနေမိပြီး ဒေါ်လေးကို နှုတ်ခမ်းလေးစူပြီး မျက်စောင်းလေး ထိုးကြည့်နေမိသည်။

"အားမနာပါနဲ့ ဒေါ်လေး၊ အားနာရမယ့်သူတွေ မဟုတ်ဘူးလို့ ထင်တယ်လေ၊ မှာသာမှာပါ"

"ဟိုကွယ် ... ဒေါ်လေးက ငါးပုပ်ခြောက်သိပ်ကြိုက်တယ်၊ အဲဒါကြောင့် နည်းနည်းပါးပါး တစ်ပိဿာလောက် ဆွဲလာခဲ့ပါလား"

ပွင့်သစ်တော့ အားနာလိုက်တာ မပြောနဲ့တော့။

"အို ... မဟုတ်တာ၊ ဒေါ်လေးကလည်း အားနာစရာကြီး၊ ငါးပုပ်ခြောက်က နံကနံနဲ့၊ လေးကလေးနဲ့၊ သယ်လာရမှာ"

"ဟာ ... ရပါတယ်၊ ရပါတယ် ဒေါ်လေး၊ ငါးပုပ်ခြောက်ပဲလား၊ ငါးပိ၊ ငံပြာရည်ကောင်းကောင်းတို့ရော မမှာချင်ဘူးလား။ ဟား ဟား ဟား ... ကဲ သွားပြီနော် ပွင့်သစ်"

ရယ်ရယ်မောမော နှုတ်ဆက်၍ ဒေါက်တာရဲမင်းဋ္ဌေး ပြန်သွားသည်။

"ဒေါ်လေးကလည်း ဘာမှန်းလဲ မသိဘူး၊ ကိုယ်လိုချင်တာပဲသိတယ်၊ သူတစ်ပါး ဘယ်လိုဒုက္ခခံပြီး ယူလာရမယ်ဆိုတာ မစဉ်းစားဘူး၊ တကယ့်ဒိတ်တွေ မှာတာပဲ၊ စိတ်ညစ်ရိုက်တာ"

"ဘာလဲဟဲ့ ပွင့်သစ်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ငါးပုပ်ခြောက်ဆိုတော့ ဘယ်လောက် နံစော်လိုက်မလဲ၊ သူ့ခမျာ လူပျိုလူရွယ်ကလေး၊ ဘယ်ယူချင်ပါ့မလဲ၊ ရှက်မှာပေါ့၊ ပြီးတော့ ဆရာဝန်တစ်ယောက်”

“သိပါဘူးအေ၊ ငါလည်း မစားရတာ ကြာပြီ၊ စားချင်တဲ့စိတ်ပေါ်လို့ မှာလိုက်မိတာ၊ ငါးခြောက်လည်း ကြွပ်ကြွပ်ကင်ပြီး ပဲဆီစစ်စစ်လေးဆမ်းပြီး အချိုမှုန့်လေးနည်းနည်းထည့်၊ သံပရာသီးခြမ်းပြီး အရည်ညှစ်ပြီး စားလိုက်ရရင်တော့ ခွေးမျိုးမေ့ပဲ”

“လုပ်မယ် ... ဒေါ်လေးကတော့၊ အစားဆို စဉ်းစားပြီး ဘာစားရမလဲဆိုတာ”

“အောင်မယ် ... ခုသာ ပြောနေတာ၊ ငါးပုပ်ခြောက်ဖုတ်ပြီး စောစောက ပြောသလိုလုပ်ပြီး ထမင်းပွဲမှာချလိုက်ရင် ညည်းလက်ချည်း ငါးခြောက်ပန်းကန်မှာ”

ဒေါ်လေးစကားကြောင့် ပွင့်သစ်ခမျာ လျှာလေးထုတ်သွားသည်။

တော်ပါသေးရဲ့ရှင်။

ဒေါက်တာရဲမင်းဌေး အပြန်စောသွားလို့။

နို့မို့ရင် ဒေါ်လေး ပွင့်သစ် အကြောင်းဖော်ပြီး ပြောလိုက်မှဖြင့် ...။

❄ ✻ ❄



## အခန်း(၁၆)

ဒေါက်တာရဲမင်းဌေး ရန်ကုန်သွားတာ သုံးရက်သာ ရှိသေးသည်။

ပွင့်သစ်အဖို့တော့ သုံးနှစ်သုံးကမ္ဘာလောက် ရှိပြီဟု ထင်မှတ်နေမိ၏။

ပျင်းပျင်းရှိတာနှင့် ပွင့်သစ် ကက်ဆက်ကလေးကို ယူဖွင့်ပြီး သီချင်းနားထောင်မိသည်။

တစ်ချိန်က ဦးတင်မောင် သီဆိုခဲ့သည့် ဖုန်းမောင့်သက်လယ်သီချင်းလေးကို နားထောင်နေမိသည်။

“မြင်လျှင်မြင်ချင်းပဲကွယ် ချစ်မိ ကြိုက်မိတယ် ... သူ့ဇာနတ်နွယ် ယုံပါကွယ် ... ရာသက်ပန် အသည်းစွဲ ... မောင်ကပင် မခွဲဘဲ ... အမြဲတမ်းပေါင်းဖို့ ဆုတောင်းတယ် ...”

စိတ်ဝင်စားစွာ သီချင်းကို နားထောင်ပြီး သီချင်းထဲ နစ်မျှောနေခိုက်မှာပင် ...

“တီ ... တီ”

www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံပေးရင်း ခြံအတွင်းသို့ ကားတစ်စီးဝင်လာနေ၏။

"သမီးရေ ... ဟော့ ... သမီး၊ ပွင့်သစ်"

ဖေဖေ့ခေါ်သံကြောင့် ပွင့်သစ် ကက်ဆက်ကလေးကိုပိတ်ပြီး တုတ်ကောက်ကလေးနှင့် ဧည့်ခန်းထဲ ထွက်ခဲ့သည်။

"လာပါဦး သမီးရဲ့၊ မြန်မြန်လေး လာပါဦးကွယ်"

အိမ်ရှေ့တံခါးဝကနေပြီး ဖေဖေ လှမ်းခေါ်နေခြင်းပါ။

ဖေဖေ့အသံကြားလို့ ထင်သည်။

မီးဖိုထဲမှာ အလုပ်တွေများနေသော ဒေါ်လေးလည်း ပြေးပြီး ထွက်လာရင်း ...

"ဟဲ့ ... ဟဲ့၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

ပျာပျာသလဲ စိတ်ပူပင်ပြီး မေးနေသည်။

ပွင့်သစ် တုတ်ကောက်ကလေး အားကိုးနှင့် ဖေဖေ့ဆီ မြန်သထက်မြန်အောင် လျှောက်လိုက်သည်။

"ဟိုမှာကြည့်စမ်း သမီး"

အဝါရောင်ဒတ်ဆန်း ဆန်နီပစ်ကပ်ကလေးတစ်စီး အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်ထားသည်။

"ဟယ် ... ကားလေးက လှလိုက်တာ"

အားရပါးရ ပြောလိုက်သည်။

"အေး ... အဲဒါ သမီးလေးအတွက် ဖေဖေ ဝယ်လာပေးတာ"

"အို ... သမီးအတွက်"



"အေးလေ ... သမီး ကျောင်းတက်ကျောင်းဆင်း ကားလေးနဲ့သွားလို့ရအောင် ဖေဖေ ဝယ်လာပေးတာ"

"ဟာ ... ဝမ်းသာလိုက်တာ ဖေဖေရယ်၊ သမီး ဖေဖေ့ကို သိပ်ပြီးကျေးဇူးတင်တာပဲ၊ သမီးကို ကားမောင်းသင်ပေးပါဦးနော်"

"သင်ပေးမှာပေါ့ သမီးရဲ့၊ သမီးခြေထောက်ပဲ အရင်ပျောက်အောင် လုပ်ပါဦး"

"ပျောက်တော့မယ် ဖေဖေရဲ့၊ သမီး နောက်တစ်ပတ်ကျောင်းတက်လို့ရပြီ"

"တကယ်ပြောတာလား သမီး"

"ဒေါက်တာရဲမင်းဒွေးက ပြောသွားတယ်လေ၊ နောက်နှစ်ရက်လောက်ဆိုရင် သမီး တုတ်ကောက်မပါဘဲ လျှောက်လို့ရတော့မှာတဲ့"

"ဒီအဖေ ဒီသမီးကတော့ ချစ်မှချစ်ပဲ၊ သမီးလေးကို ကြည့်မဝဘူး"

ဒေါ်လေး မဲ့ကာရွဲ့ကာ ပြောလိုက်သည်။

ဒေါ်လေးက သည်လိုပဲ။

သိပ်ကို ကပ်စေးနဲတာ။

"ဒါ ဘယ်လောက်ပေးခဲ့ရသလဲကွယ်"

ဒေါ်လေးက စပ်စုလိုက်သည်။

"ဘယ်လောက်ပဲ ပေးရ ပေးရပေါ့ဗျာ၊ သမီးလေးဖို့ ဝယ်လာတာ၊ ကားမစီးရလို့ အခုလို သမီး ဖြစ်ရတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ချက်ကျကျ ပြောလိုက်တော့မှ ဒေါ်လေး ငြိမ်သွားသည်။

"ဩော် ... ဒါနဲ့ သမီး၊ ဒေါက်တာရဲမင်းဌေး ရန်ကုန်သွားတာ ဘယ်လောက်ကြာသွားပြီလဲ"

"အတိအကျတော့ မသိဘူး ဖေဖေ၊ တစ်ပတ်လောက်ရှိပြီထင်ပါတယ်၊ ဘာလို့မေးတာလဲ ဖေဖေ"

"ဖေဖေ သူ့ကို ထမင်းကျွေးချင်လို့ပါကွယ်၊ ဆေးဖိုးလည်း မယူဘဲ အလကားလည်း ကုပေးနေတော့ ဖေဖေက ကျေးဇူးတုံ့ပြန်ချင်လို့ပါ၊ သူ ပြန်လာမှ ကျွေးကြတာပေါ့၊ ကဲ ... တက်"

"ဘယ်လဲ ... ဖေဖေ"

"ကားပေါ်တက်လို့ ပြောတာ"

"ဘာလုပ်ဖို့လဲ ဖေဖေ"

"ဩော် ... သမီးကလည်း၊ သမီးကို ကားစီးစေချင်လို့ ဖေဖေ ဝယ်လာတာ ... တက်"

"ဟော့ ... ငါလည်း လိုက်မယ်"

ဒေါ်လေးက တောင်းဆိုလိုက်သည်။

"ဒေါ်လေး နေခဲ့ပါ၊ အိမ်မှာ လူမရှိဘူး မဟုတ်လား၊ နောက်တော့ စီးရမှာပေါ့၊ ခု သမီး ဖေဖေနဲ့ လိုက်သွားဦးမယ်"

ပွင့်သစ် အော်ပြောပြီး ဒေါ်လေးကို နှုတ်ဆက်ခဲ့သည်။



"အေး ... သွားကြ၊ သွားကြ၊ လမ်းမှာ ဟိုဆိုင်ဝင်စား၊ ဒီဆိုင်ဝင်စား လုပ်မလာကြနဲ့နော်"

သည်လိုပဲ။

ဒေါ်လေးကတော့ အသက်ကြီးသူပီပီ စပ်စုသည်၊ ပူပင်တတ်သည်၊

လမ်းမှာ တစ်ခုခုဝင်ပြီးစားလာရင် အိမ်မှာမစားနိုင်မှာစိုး၍မှာသည်။

ဒေါ်လေးကတော့ ဖေဖေ့လည်း ဆူချင်ဆူသည်။ သမီးကိုလည်း စိတ်တိုင်းမကျရင် ဆူပူသည်။ သမီးငယ်စဉ်ကပင် ကျွေးမွေးလာခဲ့သူမို့ပါ။

"စိတ်ချပါ ဒေါ်လေးရေ၊ ဈေးထိပ်က ဒေါ်ပုဆိုင်က နန်းကြီးသုပ်စပါယ်ရှယ်နဲ့ ကြာဆံဟင်းခါး ပူပူလေးကို အဝမှာထိုင်ပြီး အဝစားခဲ့ပါ့မယ်လို့"

ဩော် ... ဖေဖေကြီးရယ်။

ဖေဖေ့ရဲ့စေတနာမေတ္တာတွေကတော့ သမီးအပေါ်မှာ တကယ့်ကို ကြီးမားပါပေတယ်။

သမီးဖေဖေရဲ့ စေတနာကို ဘယ်လိုပြန်ပြီး ပေးဆပ်ရပါ့မလဲ ဖေဖေရယ်။

❄ ✳ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

သူသွားတာ တစ်ပတ်ပင်ကျော်သွားပြီကော။ သူဆိုတာကတော့ ဒေါက်တာရဲမင်းဌေးပါ။

ပွင့်သစ် ကျောင်းတက်နေပြီလေ။

"ဟိတ် ... ဘာတွေများ စဉ်းစားနေလဲ"

မုန့်စားဆင်းချိန်။

ကျောင်းကင်တင်းကို ထမင်းဘူးလေးတွေ ကိုယ်စီကိုင်ပြီးလျှောက်လာစဉ်မှာ သဲသဲစံက ပွင့်သစ်ကို မေးလိုက်ခြင်းပါ။

"ဘာမှ မစဉ်းစားပါဘူးကွာ"

"မစဉ်းစားရင်လည်း တစ်စုံတစ်ယောက်သောသူကို သတိရလွမ်းနေတာပဲ ဖြစ်ရမယ်"

အပိုင်ပြောလိုက်နိုင်သူကတော့ လှိုင် ဖြစ်ပါသည်။

ပွင့်သစ် ဝန်ခံလိုက်ချင်ပါသည်။

ပွင့်သစ် ဒေါက်တာရဲမင်းဌေးကို သတိရလွမ်းအားကြီးပြီး လွမ်းစပြုနေပါသည်။



သံယောဇဉ်ဆိုတာကလည်း စကားလေးသုံးလုံးနှင့် ဆွဲဆောင်အားကြီးသား။

ဘယ်လိုအချိန်ကာလက အသည်းထဲမှာ ငြိတွယ်သွားမှန်းပင်မသိ။

အမှတ်မထင်ဘဲ ရင်ထဲကို တိုးဝင်ပြီး နေတာကိုး။

ဒါပေမဲ့ သည်ကောင်မတွေကတော့ ငလောင်မတွေပါပဲ။

အရှိကို အရှိအတိုင်း သူတို့ကို ဝန်ခံလို့မဖြစ်ပါ။

မုသားပါမှ လင်္ကာချောစမြဲ မဟုတ်လား။

ကိုကြောင့် ...

"ငါ့မှာ လွမ်းစရာ မရှိသေးဘူး"

သည်လိုပဲ ပြန်ပြီးပြောလိုက်တာပေါ့။

"ဟုတ်ရဲ့လားဟယ်၊ လိမ်တတ်မှ လိမ်ပါနော်"

"ဒါကတော့ နန်းအေး"

နန်းအေးကလည်း အလာကြီးပါလား။

လေပြည်ကလေးနှင့် ကလိတတ်ပါလား။

"ဟယ်"

သည်လို ရုတ်တရက် အောက်လိုက်သူကတော့ ...

သဲသဲစံရယ်ပေါ့။

"ဘာဖြစ်တာလဲ"

လှိုင်က မေးလိုက်သည်။

"ဟိုမှာလေ၊ ဟာ ... ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com



သဲသဲစံ လက်ညှိုးထိုးပြရာ ကြံရည်ဆိုင်ကို သူတို့အုပ်စု ကြည့်လိုက်ကြသည်။

"ဟယ် ... ဆရာဝန်လေ"

လှိုင်က တအံ့တသြ ရေရွတ်မိသလို ...

"အသက်ရှည်ဦးမယ်ဟယ်"

နန်းအေးကလည်း အံ့အားသင့် ဆိုလိုက်သည်။

"အို ... ရောက်နေပြီလေ"

အားရပါးရ ဝမ်းသာပြီး မတိုးမကျယ် အော်လိုက်မိသူကတော့ ပွင့်သစ်ပေါ့။

ကျန်သူငယ်ချင်း သုံးယောက်ကတော့ ပွင့်သစ်ကို တစ်ပြိုင်တည်း ဝိုင်းကြည့်ကြပြီး ...

"မိန်းမချော်နှာ ရှင်သွားတာပဲ၊ ဘယ်ရမလဲ၊ တို့က ဖမ်းချင်နေတာနဲ့ အတော်ပဲ"

သဲသဲစံ ခါးလေးထောက်ပြီး ပွင့်သစ်ကို ရန်တွေ့စကားလေး ပြောလိုက်ပြန်သည်။

ပွင့်သစ် အလိမ်ပေါ်သွားပြီ။

ဒါကြောင့် ပွင့်သစ်ခမျာ ရှက်လွန်းလို့လေ။

ခါးထောက် ရန်တွေ့နေသည့် သဲသဲစံကို လှမ်းဆွဲပြီး ကျောပြင်ကို လက်သီးဖြင့်ထုရင်း ရှက်ပြုံးပြုံးပြီး ရှက်ရယ်ရယ်နေမိ၏။

"ခုမှလာပြီး ရှက်ရမ်း ရမ်းမနေပါနဲ့၊ သွားပါ ... သွားပါ၊ ငါတို့ မလိုက်ခဲ့တော့ဘူး"

လှိုင် ပွင့်သစ်ကို နှင်ထုတ်လိုက်သည်။



"အိုကွယ် ... လိုက်ခဲ့ကြပါဟယ်၊ ငါတစ်ယောက်တည်း မသွားရဲဘူး"

"မလိုက်နိုင်ပါဘူးတော်၊ ဒါမျိုးက ဝင်လိုက်တတ်တာမျိုး ကောင်းမရဲ့၊ ကျိတ်ပုန်းခုတ်တုန်းက ခုတ်ထားပြီး ဘာအခုမှ ကြောက်ပါပြီလဲ၊ သွား ... သွား"

သဲသဲစံနှင့် နန်းအေးတို့က ပွင့်သစ်ကို တိုက်တွန်းလိုက်သည်။

ပွင့်သစ်ခမျာ တုန်တုန်ယင်ယင်နှင့် ဒေါက်တာရဲမင်းဌေး ထိုင်နေသည့် ကြံရည်ဆိုင်သို့ လျှောက်သွားလိုက်ရ၏။

အချစ်ဆိုတာ ပြောတော့သာ နှလုံးတည်းစကားပါ။

အဓိပ္ပာယ်ဖွင့်ဖို့ကျတော့ မလွယ်ကြဘူးလေ။ သည်ကမ္ဘာလောကကြီးမှာ နားလည်ရခက်ဆုံးသော အရာတစ်ခုပါ။

ရင်ခုန်လိုက်တာကွယ်။

ပွင့်သစ် စိတ်ထဲမှာ ခံစားချက် ပြင်းပါသည်။

"ဘယ်တုန်းက ရောက်လာလဲ"

မပွင့်တပွင့် လေသံကလေးနှင့် ပွင့်သစ် ဒေါက်တာရဲမင်းဌေးအား မေးလိုက်သည်။

"ထိုင်လေ ... အခုပဲ ရထားဆိုက်တယ်၊ အခုပဲ ပြေးပြီး လာခဲ့တာပဲ"

"အို ... အေးအေးဆေးဆေးမှ လာရောပေါ့၊ ခရီးကလည်း ပန်းတဲ့ဥစ္စာ၊ အရေးကြီးရန်ကော"

ပွင့်သစ် ဒေါက်တာရဲမင်းဌေးဘေးက ခေါ်ကုလားထိုင်မှာ ဝင်ပြီးထိုင်လိုက်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်သစ် မျှော်နေတယ် မဟုတ်လား၊ ကိုယ့်ကို သတိရနေတယ် မဟုတ်လား၊ ဒါကြောင့် ရောက်ရောက်ချင်း ပြေးလာရတာပေါ့"

ပွင့်သစ် တစ်ယောက် ရှက်သွားရပြန်သည်။

ခေါင်းလေး ငုံ့လိုက်မိသည်။

ဒါပေမဲ့ ချက်ချင်း ခေါင်းပြန်မော့ပြီး ...

"ဒါဆို တွေ့ချင်လို့လာတာ မဟုတ်ဘူးပေါ့နော်၊ မျှော်နေမှာ၊ သတိရနေမှာစိုးလို့သာ လာရတဲ့ သံယောဇဉ်ပေါ့လေ၊ ဟုတ်လား"

ပွင့်သစ် မေးခွန်းက ပိုင်သည်။

ဒေါက်တာရဲမင်းဌေးပင် ငိုင်ကျသွားသည်။

နောက် သဘောကျစွာ အားရပါးရ ရယ်ရင်း ...

"ဟာ ... ပွင့်သစ် သိပ်တော်တာပဲကွာ၊ ကိုယ့်တော့ အရှုံးပေးရပြီပေါ့၊ ကဲ ... ဘာသောက်မလဲ ပြော၊ ရှုံးသူကတိုက်ကြေးပဲ"

"ဆီးကြိုရည်"

"ကဲ ... ဆီးကြိုရည်တစ်ခွက်မှို့"

ဒေါက်တာရဲမင်းဌေး ဆိုင်ဆီသို့ လှမ်းအော်လိုက်ပြီးနောက် ပွင့်သစ်ဘက် ပြန်လှည့်၍ ...

"ခြေထောက် ဘယ့်နှယ်နေသေးလဲ"

"ကောင်းသွားပါပြီ"

"ကိုယ့် မပြောဘူးလား၊ ကောင်းသွားမှာပါလို့လေ၊ ဟိုနေ့က ကိုယ့်ပြောတာ မယုံသလိုလိုနဲ့ ခု ယုံပြီလား"



"သိဘူးလေ ... ပွင့်သစ်က ဆရာဝန်မှ မဟုတ်တာ၊ ဘယ်ခန့်မှန်းလို့ ရပါ့မလဲ"

"ဟား ... ဟား၊ ခံရပြန်ပြီဟေ့၊ ပွင့်သစ်ဟာ တော်တော်ကို စကားတတ်တယ်နော်၊ မန္တလေးသူပီသပါပေတယ်၊ ကဲ ... သောက်လိုက်ပါဦး၊ ဒီထက်ပိုပြီး စကားပြောကောင်းအောင်လို့"

ကိုယ့်မှာတော့ မိန်းကလေးတွေရယ်လို့ တစ်ယောက်မှ ရင်းရင်းနှီးနှီး နေခဲ့တာမျိုး မရှိခဲ့။ စွဲလမ်းမှုလည်း မရှိသေးတဲ့ အချိန်မှာ သည်တစ်ယောက်ပဲ ရှိတယ်လို့ ထင်မိတယ်။

ပွင့်သစ်ဟာ မိန်းကလေးတွေကြားထဲမှာ အများနည်းတူ မဟုတ်ဘဲ ထူးခြားပြီး စိတ်ဝင်စားစရာ ဖြစ်နေတယ်။ ရုပ်ကလေးကလည်း သာမန်ထက်ပိုပြီး ချောနေပြန်တယ်။ သူပြောပုံဆိုပုံ၊ ရယ်ပုံပြုံးပုံကလေးတွေဟာ ဒေါက်တာရဲမင်းဌေးအတွက် စွဲလမ်းချစ်မိပါပြီ။

ဒေါက်တာရဲမင်းဌေးက ပွင့်သစ်နှင့် စကားပြောနေရ၍ ပျော်ရွှင်ကြည်နူးနေသည်။ ခရီးပန်းပြီး အိပ်ရေးပျက်ခဲ့တာတွေတောင် ဘယ်ရောက်သွားမှန်းမသိ။

ပွင့်သစ်လည်း ဒေါက်တာရဲမင်းဌေးနည်းတူ ပျော်ရွှင်လန်းဆန်းနေမိသည်။

ဆီးကြိုရည်ကို ပိုက်ကလေးဖြင့် အသာအယာစုပ်နေရင်း ဒေါက်တာရဲမင်းဌေးကို တစိမ့်စိမ့် ခိုးကြည့်နေမိသည်။

တကယ်ချောမှ ချောပါလား။

"ပွင့်သစ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဆရာ"

"ဟာ ... ဆရာလို့ မခေါ်ပါနဲ့ကွာ၊ ဒီလောက် ရင်းနှီးနေကြပြီပဲ၊ ပြောင်းခေါ်နော်"

"ဟင် ... ပြောင်းခေါ်ရမယ်၊ ကြံကြံစည်စည် ဆရာ၊ နာမည်နောက်တစ်မျိုး ဘယ်လိုခေါ်ရမလဲ၊ ပြောင်းတဲ့လား"

ပွင့်သစ်က နောက်လိုက်သည်။

ပြီးတော့ တခစ်ခစ် ရယ်နေလိုက်သေး။

ဒေါက်တာရဲမင်းဋ္ဌေးကတော့ ပွင့်သစ်ကိုသာ မျက်တောင်မခတ် ငေးကြည့်နေလိုက်သည်။

ပွင့်သစ်ရဲ့ ကူနွဲ့ရရလေးနှင့် ဝတ်စားဆင်ယင်ပြီး ပွင့်လင်းမြူးကြွဟန်လေးကိုပင် ချစ်နေမိတာဖြစ်၏။

"ကောင်မလေးနော် ... လူကို အသည်းယားအောင်မလုပ်နဲ့၊ ပြောပါဦး ... ဘယ်လိုခေါ်မလဲဆိုတာ"

"ဘယ်လိုခေါ်စေချင်တာလဲ"

မျက်လုံးကလေး ထောင့်ကပ်၍ကြည့်ရင်း ပွင့်သစ်မေးလိုက်သည်။

ပွင့်သစ် အမေးကြောင့် ဒေါက်တာရဲမင်းဋ္ဌေး ခေါင်းကလေးမော့ပြီး သူ့မေးစေ့ကို လက်ညှိုးကလေးနှင့် တဖျပ်ဖျပ် ရိုက်လျက် ခဏကြာ စဉ်းစားနေပြီးမှ ...

"ဟို ... ဟို ... ကိုကိုလို့ ခေါ်ပါလား"

"ဟို ... ကိုကို၊ ခစ် ခစ်"

ပွင့်သစ် နောက်နေမိပြန်သည်။



"မဟုတ်ဘူး၊ ကိုကို ... ကိုကို၊ မနောက်နဲ့နော်၊ နောက်ရင် ဟောဒီလက်ကလေးကိုဆွဲပြီး နမ်းပစ်လိုက်မှာ"

ပြောပြောဆိုဆို ပွင့်သစ်ရဲ့ ဖြူဖွေးနုထွတ်သည့် လက်ဖဝါးလေးကို ကိုင်မည့်ဟန်လုပ်လိုက်၍ ပွင့်သစ် လန့်ဖျပ်သွားသည်။

"အို ... မနောက်တော့ပါဘူး၊ မလုပ်ပါနဲ့၊ ကိုကိုလို့ ခေါ်ရမယ်လား"

"အင်း"

"ဟင် ... ရှက်စရာကြီး"

"ဘာရှက်စရာရှိလဲ၊ အစ်ကိုအရွယ်မို့ ကိုကိုလို့ခေါ်ရတဲ့ ဥစ္စာနော်၊ ခေါ်မယ် မဟုတ်လား"

ပွင့်သစ် ခေါင်းညိတ်ပြလိုက်သည်။

"တို့လေ ပွင့်သစ်ကို သိပ်လွမ်းတာပဲ၊ ရန်ကုန်ရောက်တဲ့ နေ့ကစပြီး ပွင့်သစ်ကို လွမ်းတာနဲ့ မန္တလေးကို ပြန်ပြေးလာချင်နေတာပဲ"

"မယုံပါဘူး"

"ဩော် ... ခက်ပဲ ခက်ရချည်ရဲ့"

"ယုံပါ ပွင့်သစ်ရယ်၊ တို့ရဲ့နှလုံးသားထဲက စကားပြောတာပါ"

ပွင့်သစ် စောစောကလို နောက်ရွတ်မနေရဲတော့။

မျက်လွှာလေး ချထားမိသည်။

"ပြောပါဦး ... ယုံဘူးလို့လေ"

ပွင့်သစ် တုတ်တုတ်မလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ရင်ထဲက စကားတွေ ပြောလာတော့လည်း ပွင့်သစ် အရှက်ကြီး ရှက်နေမိပါသည်။

"တို့ ပွင့်သစ်ကို ချစ်နေမိပြီကွာ"

တုန်ယင်လှိုက်မောစွာဖြင့် ဒေါက်တာရဲမင်းဒွေး ပြောနေမိသည်။

ပွင့်သစ်ခမျာ သောက်လက်စ ဆီးကြံရည်ပိုက်က လေးကို နှုတ်ခမ်းမှ ဖြုတ်လိုက်မိပါသည်။

ပွင့်သစ် ဘယ်လိုဖြစ်မှန်းမသိ။ တစ်ကိုယ်လုံးလည်း ရှိန်းတိန်းတိန်း ပူပူထူထူနှင့် တစ်မျိုးကြီး ခံစားနေရသည်။

ရင်တွေခုန်နေမိတာလည်း အရမ်းပါပဲ။

ပွင့်သစ် ရင်ခုန်သံတွေ ကိုကိုများ ကြားသွားမလား။ ကြားသွားမှဖြင့် ရှက်စရာကြီးလို့တွေးပြီး ပူနေမိ၏။

ပွင့်သစ်သည် ရိုးသားသည်။

ချစ်ဦးသူလည်း မတွေ့ခဲ့သေး။

ပွင့်သစ် တစ်သက်မှာ ဒါ ပထမဦးဆုံးအကြိမ် ချစ်စကားအပြောခံရခြင်းပါ။

သည်တော့ ...

အတွေ့အကြုံမရှိသေး။ အရိုင်းသက်သက် ဖြစ်နေသည့် ပွင့်သစ်ခမျာ နေမတတ် ထိုင်မတတ် ဖြစ်ရတာပေါ့။

ခေါင်းကိုသာ တွင်တွင်ငုံ့ပြီး ထားမိတော့သည်။

"ခေါင်းလေးကို မော့စမ်းပါဦးကွာ"

အို ... ဘယ်မော့ရဲပါ့မလဲနော့။

ခက်လိုက်တာ။



ရှက်နေပါတယ် ဆိုမှပဲ။

"တို့အချစ်ကို လက်ခံမှာလားဟင်၊ ပြောပါဦးကွယ်၊ ဖြေပါဦး"

ပွင့်သစ် ဘယ်လိုဖြေရမှန်းကို မသိပါ။

"တို့ကို စိတ်ဆိုးသွားပြီလား၊ စကားလေးများ ပြောပါဦးကွယ်"

ပွင့်သစ် ဘာပြန်ပြောရလဲ။

ဘာပြောရမလဲနော်။

ပွင့်သစ် စိတ်တောင်ညစ်ချင်လာပါပြီ။

"တို့မှာ အဖေမရှိတော့ပါဘူးကွာ၊ အမေရှိတယ်၊ တို့အဖေက ဒေါက်တာဦးဘဒွေးနဲ့ အမေက ဒေါ်ထားအိပါ၊ တို့က မိကောင်းဖခင် သားသမီးပါ ပွင့်သစ်"

"ပွင့်သစ် စဉ်းစားချင်သေးလား"

အခုမှပဲ ပွင့်သစ် အသက်ရှူလို့ ရတော့သည်။

ပွင့်သစ် စဉ်းစားချင်ပါသေးသည်။

"ပြောပါဦး ပွင့်သစ်ရဲ့၊ စကားလေးတစ်ခွန်းတော့ ပြောပါဦးနော်၊ တို့ အကြပ်ကိုင်နေတာ မဟုတ်ပါဘူး"

"ပွင့် ... ပွင့်သစ် ဘာပြောရမှန်း မသိဘူး"

ပွင့်သစ်ထံမှ တုန်တုန်ယင်ယင်နှင့် အသံလေးထွက်လာသည်။

"ဟုတ်ပြီ ... ကြိုက်တာပြော၊ တို့က ပွင့်သစ်ကို ချစ်တယ်၊ ပွင့်သစ် ဘယ်လိုဆုံးဖြတ်မလဲ"

"ပွင့်သစ် စဉ်းစားပါရစေဦး"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ရတယ်၊ ရပါတယ် ပွင့်သစ်ရယ်၊ စဉ်းစားပါ၊ ခေါင်းအေးအေးထားပြီး စဉ်းစား ... ဟုတ်လား"

ပွင့်သစ် ဘာမှပြန်မပြောမိ။

ဒေါက်တာရဲမင်းဌေးကိုလည်း မကြည့်ရဲပါ။ ဘာကြောင့်မှန်းမသိ။

ခေါင်းလေးကိုသာ ညိတ်ပြလိုက်သည်၊

"ဟော ... ပြောရင်းဆိုရင်း ပွင့်သစ်ရဲ့သူငယ်ချင်းတွေလာနေကြပြီ"

ပွင့်သစ် လှည့်ကြည့်လိုက်မိပါသည်။

ဟုတ်ပါသည်။ သုံးယောက်သား ဖြိုးဖြိုးနှင့် ပွင့်သစ်ကို စူးစိုက်ကြည့်ရင်း လျှောက်လာကြသည်။

ပွင့်သစ် ကြောင်ကြည့်နေသည်။

"ပွင့်သစ် ကျောင်းပြန်တက်ရတော့မယ်နဲ့ တူတယ်"

"အင်း"

"ဒါဖြင့် တို့ လစ်မယ်နော်"

"အင်း"

"ဟို ... ဟို၊ တို့ပေးထားတာလည်း စဉ်းစားထားပါဦးနော်"

"အင်းပါ"

သဲသဲစံတို့ အနားကိုမရောက်မီ ဒေါက်တာရဲမင်းဌေး ဆီးကြိုရည်ဖိုး စားပွဲပေါ်ချပြီး ဆိုင်ထဲမှ ထွက်သွားတော့သည်။

"ဟိတ် ... ဒါက ဘာသဘောလဲကွ"



မချိုမချဉ်မျက်နှာနှင့် သဲသဲစံက ပွင့်သစ်ပခုံးလေးကို တို့ရင်းမေးလိုက်သည်။

ပွင့်သစ် ထိုင်ရာမှထရင်း ...

"ငါ ဘာလုပ်လို့လဲ"

"နှင့်မပြောဘူး၊ ဆရာဝန်ကိုလေ"

"ဆရာဝန် ဘာဖြစ်လဲ"

"ဆရာဝန်က တို့လာမှ ဘာပြုလို့ ရုတ်တရက် ထပြန်သွားရတာလဲ၊ အဲဒါကို မေးတာ"

"ဩော် ... ဒါလား"

ပွင့်သစ် စဉ်းစားလိုက်သည်။

ဒါပေမဲ့ ဘယ်လိုလိမ့်ရမယ်မှန်း အဖြေမထွက်။

"စဉ်းစားမနေနဲ့၊ မြန်မြန်ပြော"

"သူ့ကို လိုက်မေးပေါ့ဟ"

စိတ်ပေါက်ပေါက်နှင့် ပွင့်သစ် ပြောချလိုက်သည်။

"နှင့်ကို ကောင်းကောင်းမေးတာ၊ ကောင်းကောင်းဖြေနော်၊ အချင်းချင်းတွေပဲဟာ"

လှိုင်က ဝင်ပြီးမေးနေပြန်သည်။

"ကောင်းကောင်းဖြေရင် အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့တဲ့"

"ရိုးရိုးသားသားဖြေနော်"

"ရိုးရိုးသားသားပါပဲဟယ်"

"တော်ပါတော့ သဲသဲစံရယ်၊ အရေးတကြီးကိစ္စဆိုတာ ဟို ... ဟိုဟာနဲ့ တူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လှိုင်က ဘာတွေရည်ရွယ်ပြီး ပြောနေပြန်ပြီမသိ။

"ဘာလဲဟ"

အရိုးခံမ နန်းအေးကလည်း စပ်စုနေသေး။

"အို ... သူ အိမ်သာတက်ချင်လို့ ရုတ်တရက် ထသွားတာ ဖြစ်မှာပေါ့"

"ဟား ... ဟား ... ဟား"

ပွင့်သစ်တောင် သူတို့ဟာသပြောပြီး ရယ်ကြလို့ ရောပြီးရယ်လိုက်မိတော့မလို့။

သူတို့ကတော့ ပြောပြောပြီး အားပါးတရ ဟားနေကြတာ။

ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ပြီး ဣန္ဒြေဆည်နေလိုက်သည်။

နို့ ဟိုကောင်တွေ ဆက်ပြီးလောင်နေကြမှာစိုးလို့။

ပွင့်သစ် သူတို့ဘာပြောပြော ရယ်ချင်တဲ့စိတ်ကို မျိုသိပ်နိုင်ပေမယ့် ချစ်တဲ့စိတ်ကလေးကိုတော့ မျိုသိပ်ထားနိုင်ပါ့မလားနော်။

❋ ❋ ❋



## အခန်း(၁၈)

နောက်တစ်နေ့ ...

ကျောင်းဆင်းချိန်။

ပွင့်သစ် အိမ်ပြန်ရန် မြင်းလှည်းတစ်စီး ငှားနေသည်။

ပွင့်သစ်နှင့်အတူ နန်းအေးက အဖော်ရအောင်နေပေးရှာသည်။

ကျန်တဲ့နှစ်ယောက်ကတော့ စက်ဘီးစီးပြန်ကြပြီ။

နန်းအေးကတော့ လမ်းလျှောက်ပြန်မည့်သူ။

သူ့အိမ်က ကျောင်းနှင့်သိပ်မဝေးပဲကို။

ကနေ့ ဖေဖေ ခရီးထွက်သွားရပြန်သည်။

ဒါကြောင့် အိမ်ကကားကို မောင်းမယ့်သူမရှိ။ ကျောင်းမကြိုနိုင်။

ပွင့်သစ်ကို စက်ဘီးနှင့် ကျောင်းမတက်ရန် ဖေဖေ အမိန့်ပေးထားပြီးဖြစ်သည်။

ဒါကြောင့် ပွင့်သစ် ဖေဖေ ကျောင်းကြိုကျောင်းပို့ မလုပ်ပေးနိုင်သည့် အခါတိုင်း မြင်းလှည်းငှားစီး ပြန်နေကျ။

www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီ"

ကားတစ်စီး ဟွန်းသံပေးပြီး ပွင့်သစ်တို့ရှေ့မှာ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

"ပွင့်သစ်တို့ အိမ်ပြန်ကြမှာ မဟုတ်လား"

ဒေါက်တာရဲမင်းဒွေးက ကားပေါ်မှ မဆင်းဘဲမေးလိုက်သည်။

ပွင့်သစ်စ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် ကားပေါ်တက်လေ၊ တို့ လိုက်ပို့ပေးပါ့မယ်"

"ဟုတ်သားပဲ၊ လိုက်သွားလိုက်လေ"

နန်းအေးက တိုက်တွန်းလိုက်သည်။

"လာလေ ... ပွင့်သစ်ရဲ့သူငယ်ချင်းကိုပါ ခေါ်ခဲ့ပါ"

နန်းအေးက ...

"ကျွန်မ မလိုက်တော့ပါဘူး၊ လမ်းလျှောက်ပြန်မှာပါ အိမ်အနီးလေးမို့၊ ပွင့်သစ် တက်လေ"

နန်းအေးက ထပ်တိုက်တွန်းလိုက်ရပြန်၏။

ဒေါက်တာရဲမင်းဒွေးကလည်း သူ့ဘေး ဘယ်ဘက်က ကားတံခါးကို ဖွင့်ပေးနေပြန်သည်။

"ငါသွားတော့မယ် နန်း"

"အေး ... အေး"

ပွင့်သစ် ကားပေါ်ရောက်သည်နှင့် ဒေါက်တာရဲမင်းဒွေး နန်းအေးကိုကြည့်ပြီး ခေါင်းညိတ်ပြုံးပြရင်း ကားမောင်းထွက်ခဲ့သည်။



"ပွင့်သစ် ဒီလိုပဲ နေ့တိုင်း မြင်းလှည်းနဲ့ ပြန်တာလား"

ကားမောင်းရင်း ဒေါက်တာရဲမင်းဒွေး မေးလိုက်သည်။

"မဟုတ်ပါဘူး၊ အိမ်မှာ ကားဝယ်လိုက်ပြီလေ၊ ခါတိုင်းဆို ဖေဖေ ကျောင်းပို့ကျောင်းကြိုပေးပါတယ်၊ ခု ဖေဖေခရီးထွက်သွားတော့ ကားမောင်းမယ့်လူ မရှိတာနဲ့ ပွင့်သစ် မြင်းလှည်းနဲ့ သွားတာပါ"

"ဪ ... ပွင့်သစ်တို့ ကားဝယ်လိုက်တာကိုး၊ ကောင်းတာပေါ့"

နှစ်ယောက်သား စကားပြတ်သွားကြသည်။ မီးပွိုင့်တစ်ခုကို ဖြတ်ကျော်နေ၍ဖြစ်သည်။

"ပွင့်သစ်"

"ရှင်"

"စဉ်းစားပြီးပြီလား"

သိသည်။

ပွင့်သစ် သိပ်ကိုသိပါသည်။

သူ သည်မေးခွန်းကို မေးလာတော့မယ် ဆိုတာကို။

ပွင့်သစ် စဉ်းစားပြီးပါပြီ။

ညက တစ်ညလုံး အိပ်လို့မပျော်၊ ပွင့်သစ် အပြန်ပြန် အလှန်လှန် စဉ်းစားနေမိ၏။

ဒေါက်တာရဲမင်းဒွေးနှင့်တွေ့တာ သိပ်မကြာသေး။

သို့သော်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရဲမင်းဌေးသည် ချစ်ခင်စရာကောင်းတဲ့ လူငယ်တစ်ဦးပါ။ သူသည် အနေအထိုင် အေးဆေးသည်။ ယဉ်ကျေးသိမ်မွေ့သည်။ ရိုးသား၍ ကြင်နာတတ်သော သူတစ်ယောက်မှန်း ပွင့်သစ် သိပြီးဖြစ်သည်။

ပွင့်သစ်မှာ ဘာမှပြင်းရန်မရှိ။

ဒါပေမဲ့ ...

ပွင့်သစ် ငယ်သေးသည်။

အခုမှ တက္ကသိုလ် ပထမနှစ်ပဲရှိသေး။

"ပွင့်သစ်"

ဒေါက်တာရဲမင်းဌေး ထပ်မံခေါ်လိုက်ပြန်သည်။

"ရှင်"

"ဘာတွေ စဉ်းစားနေတာလဲ၊ တို့အချစ်ကို လက်မခံနိုင်ဘူးပေါ့ ... ဟုတ်လား"

"မဟုတ်ပါဘူး"

သူ့အမေးကြောင့် ပွင့်သစ် ယောင်ယမ်းပြီး ထွက်သွားသည်။

"ဘယ်လို"

ဒေါက်တာရဲမင်းဌေးက ထပ်မေးသည်။

ပွင့်သစ် သဘောကျစွာ ပြုံးလိုက်မိသည်။

သူ့ကို ပွင့်သစ် အဖြေပေးမိသွားတာကိုလေ။

"ထပ်ပြီး ပြောပါဦး ပွင့်သစ်ရဲ့၊ ဘာပြုံးနေတာလဲကွယ်"

ပွင့်သစ်မဖြေ။

"တို့ကို ချစ်တယ်ပေါ့နော် ... ဟုတ်လား"



ပွင့်သစ် သူ့ကိုမကြည့်ဘဲ ခေါင်းညိတ်ပြသည်။

"ဝမ်းသာလိုက်တာ အချစ်ရယ်၊ ဝမ်းသာလိုက်တာ၊ တကယ်ပါ ပွင့်သစ်ရာ၊ တို့တစ်သက်မှာ ပွင့်သစ်ဟာ ပထမဦးဆုံး ချစ်သူပါ"

"ယုံရမှာလား အစ်ကိုရယ်"

ပွင့်သစ် နှုတ်ဖျားမှ မပွင့်တပွင့်လေး မေးလိုက်သည့် အသံ ထွက်ပေါ်လာသည်။

"ဘာတဲ့ ... အစ်ကို၊ ဟာ ... ပြန်ခေါ်စမ်းပါဦး၊ ပွင့်သစ်က သိပ်လိမ္မာတာပဲ"

ဒါကြောင့် ...

အစ်ကို အသည်းထဲစွဲပြီး သိပ်ချစ်နေရတာ။

ဒေါက်တာရဲမင်းဌေး သိပ်ပျော်နေသည်။

ပွင့်သစ်လည်း ပျော်တာပါပဲ။

"ပွင့်သစ်နှင့် အစ်ကိုတို့ ချစ်တဲ့နေ့မို့ တစ်ခုခု သွားစားရအောင်နော် ချစ်"

"ဟင့်အင်း အစ်ကို၊ အိမ်မှာ ဒေါ်လေး စိတ်ပူနေလိမ့်မယ်၊ နောက်မှ စားကြတာပေါ့နော်"

"ဟုတ်သားပဲ၊ ကဲ ... ဒီလိုဆို အိမ်ပဲ ပြန်ကြတာပေါ့၊ နက်ဖြန် ပွင့်သစ် ကျောင်း ဘာနဲ့သွားမှာလဲ"

ဖေဖေက နှစ်ညအိပ်ခရီးသွားတာဖြစ်သည်။ သည်ညနှင့် မနက်ဖြန်ည။

သည်တော့ မနက်ဖြန်လည်း ပွင့်သစ် ကျောင်းကို မြင်းလှည်းနှင့်ပဲ သွားရမှာပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ...

"မြင်းလှည်းနဲ့ သွားမယ် အစ်ကို"

"ဒီလိုဆိုရင် အစ်ကို လာကြိုမယ်လေ"

"ဒေါ်လေး ရိပ်မိသွားဦးမယ် အစ်ကို၊ အသွားကိုတော့ မြင်းလှည်းနဲ့ပဲ သွားမယ်လေ၊ အပြန်ကျမှ လာကြိုပေါ့"

"ဟုတ်သားပဲ၊ ပွင့်သစ်က ဖြတ်ထိုးဉာဏ် သိပ်ကောင်းတာပဲကွာ"

ပွင့်သစ်တို့အိမ် ရောက်လာပြီ။

ဆင်ဝင်မှာ ကားထိုးရပ်လိုက်တော့ ...

"ဆင်းဦးလေ အစ်ကို"

ပွင့်သစ် တံခါးဖွင့်ရင်း ခေါ်လိုက်သည်။

"ဟင့်အင်း ... မဆင်းတော့ဘူး၊ တော်ကြာ ဒေါ်လေးက မေးနေဦးမယ်၊ သူမှာတဲ့ ငါးပုပ်ခြောက် ပါမလာဘူးလို့လေ"

ဒေါ်လေး ငါးပုပ်ခြောက်ကိစ္စ ပွင့်သစ် ခုမှပဲ သတိရသွားသည်။

"သြော် ... ဟုတ်ပါရဲ့၊ ဒါဖြင့် အစ်ကို ငါးပုပ်ခြောက်ပါမလာဘူးပေါ့"

"ရန်ကုန်ကတော့ ဝယ်လာပါတယ်၊ အခုပါမလာသေးလို့ ပြောတာပါ၊ မနက်ဖြန်မှ ယူလာခဲ့မယ်လေ ... ဟုတ်လား၊ ကဲ ... သွားပြီ အချစ်၊ မနက်ဖြန် ကျောင်းဆင်း ဆက်ဆက်စောင့်နေနော်၊ အစ်ကို လာခဲ့မယ်"

ပွင့်သစ် ခေါင်းညိတ်ပြသည်။



ဒေါက်တာရဲမင်းဌေး မျက်စိတစ်ဖက် မှိတ်ပြပြီး ကားမောင်းထွက်သွားသည်။

"ဟဲ့ ... ပွင့်သစ်၊ ဘယ်သူနဲ့ ပြန်လာတာလဲ"

ဒေါ်လေးက တံခါးဖွင့်ရင်း မေးလိုက်သည်။

"အစ်ကို ... အဲ ... ဒေါက်တာရဲမင်းဌေးနဲ့ပါ"

"အို ... သူ ပြန်သွားပြီလား"

"ဟုတ်ကဲ့ပါ"

"ငါမှာလိုက်တဲ့ ငါးပုပ်ခြောက် ဝယ်မလာဘူးနဲ့တူတယ်၊ အိမ်ထဲတောင် မဝင်တော့ဘူး"

"ပါလာပါတယ်တဲ့ ဒေါ်လေးရဲ့၊ မနက်ဖြန် ဆက်ဆက်လာပြီး ပို့ပေးပါ့မယ်တဲ့"

ပွင့်သစ် ဒေါ်လေးကိုပြောပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။

❄ ✳ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"ခဏလေးနော်၊ ပွင့်သစ် ဒါလေးတွေ အပျင်းပြေဖတ်နေပေါ့"

မနေ့က ပြောထားသည့်အတိုင်း ဒေါက်တာရဲမင်းဌေး ကျောင်းလာကြိုသည်။

အိမ်အပြန်လမ်းမှာ လူနာတစ်ယောက်ကို ဝင်ပြီးကြည့်ရသည်။

ပွင့်သစ်က ကားပေါ်မှာ စာဖတ်ပြီး နေခဲ့ရသည်။

ဒါကြောင့် ...

ဒေါက်တာရဲမင်းဌေး ပွင့်သစ် ပျင်းနေမှာစိုးလို့ သူ့ကားပေါ်မှာပါလာသည့် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များကိုပေးပြီး ထားခဲ့သည်။

သို့သော် ပွင့်သစ် အတွေးနယ်ချဲ့နေသောကြောင့် မဖတ်ဖြစ်ပါပေ။

"ဆရာ အခုလို အိမ်တိုင်ရာရောက် ကြည့်ပေးတာ ကျေးဇူးပါပဲ ဆရာ"



ပွင့်သစ် စာစောင်များကို ကိုင်ထားရာမှ မော့ကြည့်လိုက်သည်။

လူနာရှင်ဟု ထင်ရသော ဒေါက်တာရဲမင်းဌေးတို့အရွယ် ယောကျာ်းတစ်ယောက်က ဒေါက်တာရဲမင်းဌေး၏အတက် ချီကေ့(စ်)ဆေးသေတ္တာကို လှမ်းပေးရင်း ပြောနေခြင်းပါ။

"ရပါတယ်ဗျာ ... အချင်းချင်းတွေပဲဟာ၊ ဒါနဲ့ ခင်ဗျားကော ဘယ်တော့ ပြင်ဦးလွင်ကို ပြန်မှာလဲ"

"အမေသက်သာတာနဲ့ ပြန်ရမယ် ဆရာ၊ ခွင့်ကသိပ်မရဘူးလေ"

"ဒါပေါ့ ... ဒါပေါ့၊ ဆေးတွေကိုသာ မှန်မှန်သောက်ပေးပါ၊ မြန်မြန်သက်သာသွားမှာပါ၊ ကဲ ... သွားပြီနော် ကိုသန်းထိုက်"

"ဟုတ်ကဲ့"

ကိုသန်းထိုက် ဆိုသူက ဒေါက်တာရဲမင်းဌေးကို ခေါင်းညိတ်ပြရင်း ပွင့်သစ်ကိုပါ လှမ်းကြည့်ပြီး ပြုံးပြနေသေးသည်။

ပွင့်သစ်လည်း ဘုမသိ ဘမသိ ပြန်ပြီးပြုံးပြမိလေသည်။

ဒေါက်တာရဲမင်းဌေး ကားပေါ်တက်ပြီး ပွင့်သစ်ကို တစ်ချက်ကြည့်ပြီး ပြုံးပြကာ စက်နှိုးပြီး ကားမောင်းထွက်ခဲ့သည်။

"ပျင်းနေပြီလား ပွင့်သစ်"

ကားမောင်းနေရာမှ ပွင့်သစ်ကို လှမ်းမေးလိုက်သည်။

"ဟင့်အင်း ... မပျင်းဘူး အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပွင့်သစ်ရေ၊ အစ်ကိုတို့ ရှမ်းခေါက်ဆွဲ ဝင်စားကြ ရအောင်နော်"

"အစ်ကိုကလည်း ခက်တော့တာပဲ၊ ကဲ ... စားကြတာပေါ့၊ ဒါပေမဲ့ သိပ်ကြာလို့တော့ မဖြစ်ဘူးနော်၊ ဒေါ်လေးဆူလိမ့် မယ်"

"ဟာ ... ဒေါ်လေး မဆူရစေဘူးကွာ၊ ဒီမှာလေ ဒေါ်လေး အတွက် ငြိမ်းဆေးလေး"

ကားတွင်ချိတ်ထားသော ငါးပုပ်ခြောက် အထုပ်ကြီး ကိုပြရင်း ပြောလိုက်သည်။

"ဟွန်း ... အစ်ကိုနော်၊ တော်တော်လည်"

ပွင့်သစ် ပြုံးချိုသော လေသံလေးနှင့်ပြောပြီး ချစ် မျက်စောင်းလေးတစ်ခု ချစ်သူကို ပေးဆက်လိုက်ပါသည်။

❄ ❄ ❄



တစ်နေ့ ပွင့်သစ်တစ်ယောက် အလုပ်ရှုပ်နေသည်။

မနက်စောစောထပြီး ဒေါ်လေးနှင့် ဈေးဝယ်လိုက် သွားသည်။

သည်နေ့ ဝက်သားနှင့် ပုန်းရည်ကြီး ချက်မယ်။ ငရုတ်သီးမကြေတကြေ ကြက်သွန်ဖြူလေးနဲ့ထောင်းပြီး ကြွပ်ကြွပ် ကြော်၊ ကြာဆံဟင်းခါးချက်စားရန် ဝယ်ခဲ့သည်။

ဈေးကအပြန် ဒေါ်လေးနှင့်အတူ မီးဖိုထဲဝင်ပြီး ဟင်းလျာများ ဝိုင်းကူညီ ချက်ပြုတ်ပေးရပြန်သည်။

နေ့ခင်းမှာ တစ်အိမ်လုံး သန့်ရှင်းရေးပြုလုပ်ရပြန် သည်။

ပိုးအိမ်ပိုးမျှင် တစ်မျှင်မျှ မကျန်ရအောင် ခေါင်းမှာ အဝတ်ပတ်ပြီး လုပ်လိုက်သည်။

ဧည့်ခန်းထဲက စားပွဲတွေ၊ ကုလားထိုင်တွေမှာလည်း ဖုန်လုံးဝမရှိစေရ။

ဧည့်ခန်းအလယ်က စားပွဲပေါ်တင်ထားသော ငွေ ပန်းအိုးကိုလည်း မန်ကျည်းသီးနှင့် တိုက်ချွတ်ဆေးကြော သုတ် သင်ပြီး မနက် ဈေးကဝယ်လာခဲ့သည့် သစ္စာပန်းနီနီရဲရဲလှလှတွေ ကို ပန်းအိုးထဲဝေအောင် ထိုးစိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အို ... ပွင့်သစ်တို့အိမ် သပ်သပ်ရပ်ရပ်နှင့် သားသား နားနား ဖြစ်သွားပြီ။

တံခါးပိတ်တွေ အားလုံး အဝင်ခန်းဆီး အနီရဲရဲ လေးတွေ တပ်ဆင်လိုက်သည်။

အားလုံး ပြင်ဆင်ပြီးတော့ ညနေသုံးနာရီထိုးပြီ။

ပွင့်သစ် မောမောပန်းပန်းနှင့် ရေချိုးခန်းထဲဝင်ပြီး စိမ်ပြေနေပြေ ရေချိုးလိုက်သေးသည်။

ရေချိုးပြီး သနပ်ခါး ခြေဆုံးခေါင်းဆုံး လူးလိမ်းပြီးမှ ပွင့်သစ် ပြဿနာပေါ်ရသည်။

ပွင့်သစ် အဝတ်ဗီရိုကိုဖွင့်ပြီး ငိုင်သွားရသည်။

ဘာဝတ်ရမှာပါလိမ့်။

ဘလောက်လား၊ တီရှပ်လား၊ ရှပ်အင်္ကျီလား၊ ရှပ် လက်ရှည် ဝတ်ရမလား၊ ဂျက်ကက်လား၊ မြန်မာအင်္ကျီလက်ရှည် လေး ဝတ်မလား၊ ဘာဝတ်ရင် ကောင်းမလဲ။

ဘာရွေးရမှန်းမသိ။

အစ်ကိုက ပွင့်သစ်ကို ဘာဝတ်ရင် အလှဆုံးကိုမှ ပြောမထားဘဲကိုး။

ခက်ပါတယ်နော်။

နောက်ဆုံး ပွင့်သစ် ရင်ဖုံးအင်္ကျီလက်ရှည်လေးတစ် ထည်ကိုပဲ ရွေးလိုက်သည်။

ဟောတော့ ... အခုမှ ဒုက္ခ။

မြန်မာဆန်ဆန်အင်္ကျီကို ရွေးတာတော့ ဟုတ်ပါပြီ။

ဘာအရောင် ရွေးရပါ့မလဲ။



ဘယ်အရောင်ကို ကြိုက်သလဲ အစ်ကိုရယ်။

ပွင့်သစ် ရွေးရခက်နေလို့ပါ။

ပြောပါဦးဆို။

ဇာအပြာရောင်ကလေးကို ပွင့်သစ် ရွေးလိုက်သည်။

ဘာကြောင့်လဲဆိုတော့ အပြာရောင်သာ အချစ်ရဲ့ အထိမ်းအမှတ်အရောင်ကိုး။

ထဘီကျတော့ လွယ်သွားပြီ။

ဘီဘဲ(လ်)အဖုကြီး အပြာရောင်ကို ရွေးလိုက်သည်။

အသေအချာ ဖြီးလိမ်းပြင်ဆင်ပြီးတော့လည်း ပွင့် သစ်အဖို့ မပြည့်စုံသေးပါ။

မီးဖိုချောင်ကို ပြေးရပြန်သည်။

“ဟဲ့ ... ဒီကလေးမ၊ ဖြီးလိမ်းပြီး ဝတ်စားကြော့မော့ပြီးမှ ဘာပြုလို့ မီးဖိုချောင်ထဲ ပြန်ဝင်လာပြန်တာလဲ”

ဒေါ်လေးဗျစ်တောက် ဗျစ်တောက် လုပ်ပြောနေပြန် သည်။

ပွင့်သစ် ရှင်းပြမနေအား။

ဝက်သားနဲ့ ပုန်းရည်ကြီးကိုမွှေ။

ကြာဆံဟင်းခါး ရေတို့ကောင်းထည့်မွှေ။

“အို ... အစောကြီးရှိသေး ဘာပြုလို့ ပြန်မွှေနေရတာလဲ၊ ထားလိုက်စမ်းပါ သမီး၊ ဒေါ်လေး လုပ်ပေးပါ့မယ်၊ သွား ... သွား အိမ်ရှေ့မှာ သွားထိုင်နေ”

“ဟုတ်သားပဲ”လို့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် ပြောပြီး ပွင့်သစ် ပခုံးလေးတွန့်ပြပြီး အိမ်ရှေ့ ပြန်ထွက်ခဲ့သည်။

နံရံကပ်နာရီကို ကြည့်လိုက်တော့ ...

ငါးနာရီတောင်ထိုးပြီ။

အို ... အစ်ကိုလည်း မလာသေးပါလား။

ဖေဖေလည်း ရောက်မလာပါလား။

တစ်နေ့ ဖေဖေက အစ်ကို့ကို ထမင်းစားဖိတ်ကျွေးတာ။

ကနေ့ညနေ ငါးနာရီမှာ ထမင်းစားလာပါလို့ မနေ့ကတည်းက ဒေါက်တာရဲမင်းဌေးကို ဖိတ်ပြီးသား။

ဖေဖေကရော ဧည့်သည်ကို ထမင်းစားဖိတ်ထားပြီးမှ ဘာကြောင့် ကြို့ပြီးရောက်မနေရပါလိမ့်၊ မေ့များနေပြီလား။

ပွင့်သစ် ဆက်မတွေးချင်တော့။

စိတ်ရှုပ်လာသည်။

ထို့ကြောင့် ...

ပွင့်သစ် ကက်ဆက်ကလေး ဖွင့်လိုက်၏။ ဟေမာနေဝင်း၏ သီချင်းတစ်ပုဒ် ထွက်လာသည်။ သီချင်းနာမည်က တောင်းတဲ့ဆုနဲ့ ပြည့်ဝရစေသားတဲ့။

"မောင် ဘာဖြစ်လို့ချစ်တာလဲ ... မောင် ဘာဖြစ်လို့ ချစ်မှာလဲ၊ မောင် ဘယ်လောက်ကို ချစ်မှာလဲ ... နှစ်လေး,ငါး, ခြောက်ဆယ်လောက် တစ်ယောက်တည်းမခွဲ ချစ်နိုင်မလား"



အဲသည်သီချင်း ထွက်လာတော့ ပွင့်သစ် အတွက် ကောင်းတဲ့နိမိတ်ကောင်းလို့ ပွင့်သစ် ယူဆရင်း သီချင်းအရသာ ခံစားနေလိုက်သည်။

"မောင် ဘယ်တုန်းက ချစ်တာလဲ ... မောင် ဘယ်ထိဆက် ချစ်နိုင်မလဲ ... မောင် တကယ်အပြည့်အဝ ချစ်ရဲ့လား_ ဘဝနဲ့တိုင်းတာပြီး စိတ်မပြောင်းဘဲ ချစ်ပါ့မလား _"

ဟေမာနေဝင်းရဲ့ သီချင်းအလိုက်ကလေးရော စာသားကလေးကိုပါ ပွင့်သစ် သိပ်ကြိုက်တာပဲ။

"တီ ... တီ"

ခြံထဲသို့ ကားတစ်စီး ဝင်လာသံ ကြားရသည်။

ပွင့်သစ် ရင်တွေခုန်သွားမိ၏။

ချက်ချင်း ကက်ဆက်ပိတ်ပြီး အိမ်ရှေ့ကို ပြေးထွက်ကြည့်မိသည်။

"ဖေဖေ"

ရောက်လာသူကတော့ ဖေဖေပါ။

ဒေါက်တာရဲမင်းဌေး မဟုတ်ပါသား။

"မောင်ရဲမင်းဌေး မရောက်သေးဘူးလား သမီး"

"မရောက်သေးပါဘူး ဖေဖေ၊ ဖေဖေကလည်း နောက်ကျလိုက်တာ"

"အမှုသည်တစ်ယောက်နဲ့ ချိန်းထားမိလို့ပါ သမီး"

"တီ ... တီ"

နောက်ထပ် ကားတစ်စီး ဝင်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မောင်ရဲမင်းဌေး လာပြီ၊ သမီးပဲ ဧည့်ခံထား
ပါဦး၊ ဖေဖေ ရေချိုးလိုက်ဦးမယ်"

ပြောပြီး ဖေဖေ အိမ်ထဲဝင်သွားသည်။ အစ်ကိုက သူ့ကားကို ဖေဖေရဲ့ကားနောက်မှ ထိုးဆိုက်သည်။

အစ်ကိုက ကားပေါ်က ဆင်းလာသည်။ ပြုံးပြုံးလေး ပဲ။

"နည်းနည်းလေး နောက်ကျသွားတယ်နော်၊ ဆောရီးပဲ"

ဘယ်ရမလဲ။

ပွင့်သစ်က နှုတ်ခမ်းလေး စူပစ်လိုက်တာပေါ့။

ဟွန်း ... ကောင်းကောင်းသတိထားနော်၊ သိမယ်။

❋ ❋ ❋



"ဒါက ဝက်သားဖေဖေ"

ဖေဖေရဲ့ထမင်းပန်းကန်ထဲ ဝက်သားဦးချ ထည့်ပေးလိုက်သည်။

"မောင်ရဲမင်းဌေးကိုလည်း ထည့်ပေးဦးလေ သမီးရဲ့"

"ရပါတယ် အန်ကယ်၊ ဖြည်းဖြည်းပေါ့"

"ဘာရမလဲ၊ ဖေဖေ့အလှည့်ပြီးတော့ အစ်ကို့အလှည့်ပေါ့"

ဖေဖေ့လိုပဲ အသားတုံးကြီးတစ်တုံး ထည့်ပေးလိုက်သည်။

နောက် ငါးဖယ်သုပ်လေးကိုလည်း ဖေဖေနှင့် အစ်ကိုတို့ကို ဇွန်းနှင့်တစ်ယောက်တစ်ဇွန်းစီ ထည့်ပေးလိုက်သည်။

"ရတယ် ပွင့်သစ်၊ ထည့်စားပါ့မယ်"

ပွင့်သစ် ဟင်းတွေ ဟိုတစ်လှည့် သည်တစ်လှည့် ထည့်ပေးရသည့်အတွက် ဒေါက်တာရဲမင်းဌေး သူ့ချစ်သူကို သနားလာပြီး ပြောလိုက်ခြင်းပါ။

"ဟုတ်သားပဲ သမီးရယ်၊ မောင်ရဲမင်းဌေး သူ့ဘာသာ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် စားပါစေ၊ ထည့်စားနော် မောင်ရဲမင်းဌေး၊ အားမနာနဲ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ပွင့်သစ် ဖေဖေ့ဘေးက ကုလားထိုင်မှာထိုင်ရင်း ဟင်းများလိုအပ်ပါက ဖြည့်ပေးနိုင်ရန် အသင့်စောင့်နေမိသည်။

ဒေါ်လေးကတော့ ထမင်းစားခန်းနှင့် မီးဖိုဆောင် တစ်လှည့်စီ ကူးချည်သန်းချည်ပေါ့။

"ပွင့်သစ်ကရော၊ တစ်ခါတည်း ဝင်စားလိုက်ပါလားကွယ်"

ဒေါက်တာရဲမင်းဒွေး ခေါ်လိုက်ခြင်းပါ။

ပွင့်သစ် ကိုယ်စား ဖေဖေက ဝင်ဖြေလိုက်၏။

"သမီးနဲ့ ဒေါ်လေးက နောက်မှစားကြပါလိမ့်မယ်၊ ဒါနဲ့ မောင်ရဲမင်းဒွေး မိဘများက ဘယ်သူတွေလဲကွယ်"

ဒေါက်တာရဲမင်းဒွေးကို မေးခွန်းတွေ ထုတ်နေသေးသည်။

"ကျွန်တော့်အဖေက ဒေါက်တာဘဒွေးပါ။ အခုတော့ မရှိတော့ပါဘူး ဆုံးသွားပါပြီ၊ ကျွန်တော့် အမေကတော့ ဒေါ်ထားအိတဲ့၊ ရန်ကုန်မှာပဲ နေကြပါတယ်"

"သားချင်းတွေရော ဘယ်နှယောက်ရှိသလဲ"

"ကျွန်တော် တစ်ယောက်တည်းပါပဲ အန်ကယ်"

အစ်ကို့ပြောစကားကို ဖေဖေ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"ဖေဖေ ဘာဖြစ်လို့ သည်မေးခွန်းတွေ မေးနေရပါလိမ့်"

ပွင့်သစ် စဉ်းစားခန်း ဝင်နေမိသည်။

"ဟဲ့ ... သမီး၊ မောင်ရဲမင်းဒွေးကို ထမင်းထည့်ပေးပါဦး ဟင်းတွေလည်း ထည့်ပေးပါ"



"နေပါစေခင်ဗျ၊ ပွင့်သစ် ... အစ်ကို တော်ပြီ"

"ဟင် ... နည်းလှချည်လား အစ်ကို၊ စားလို့မကောင်းဘူးလား"

ပွင့်သစ် အားမလိုအားမရ မေးလိုက်သည်။

"စားပါဦးကွယ့်၊ အားနာလို့လား၊ အားမနာပါနဲ့နော်၊ ကိုယ့်အိမ်လို သဘောထားစားပါ"

ဒေါ်လေးကလည်း ဝင်ပြောပါသည်။

"တော်ပါပြီ ဒေါ်လေး၊ ကျွန်တော်က ညဘက်ဆိုရင် သိပ်ပြီး အများကြီး မစားတတ်ဘူးခင်ဗျ"

"ကောင်းတယ်၊ ညဘက်ကို သိပ်များများမစားတာ ကောင်းပါတယ်"

အစ်ကိုပြောသမျှ ဖေဖေကတော့ အကောင်းချည်းပဲမြင်နေတော့သည်။

"သင်္ဘောသီးမှည့်လေး စားပါဦး၊ အချိုပေါ့"

သင်္ဘောသီးစိတ် ပန်းကန်လေးကို ပွင့်သစ် ချပေးရင်း ပြောလိုက်သည်။

"ဒါနဲ့ မောင်ရဲမင်းဒွေးက အစိုးရလခစား မလုပ်ဘူးလား"

ဖေဖေ တစ်ခေါက် စပ်စုနေပြန်သည်။

ဖေဖေက ရှေ့နေရယ်လို့ မပြောရဘူး။

အမေးအမြန်း တယ်ထူသည်။

ဒါကြောင့် ပွင့်သစ် အစ်ကို့ကိုတောင် အားနာချင်လာသည်။

အစ်ကိုကတော့ အပြုံးမပျက် စိတ်ထားကောင်းပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေးချင်သမျှ မေးတာကို စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

ဖေဖေရယ် ... ဘာပြုလို့ သည်လောက်တောင် မေး မြန်းနေရတာလဲလို့ မချိုတင်ကဲ ပြောချင်လှပါသည်။

"ကျွန်တော်က မနှစ်က ဟောက်(စ်)ပြီးတာပါ အန်ကယ်။ အစိုးရအလုပ်ကို လျှောက်ထားဆဲပါ၊ မဝင်ရသေးပါဘူး"

"ဒါဖြင့် မောင်ရဲမင်းဌေးက ငယ်ငယ်လေး ရှိသေးတာပဲ"

"ဟုတ်ကဲ့၊ ကျွန်တော် အသက်နှစ်ဆယ့်ငါးနှစ်ပါ"

"နှစ်ဆယ့်ငါးနှစ်နဲ့ ဆရာဝန်ဖြစ်တယ်ဆိုတော့ တော်တာ ပေါ့၊ အန်ကယ်တို့ ခေတ်တုန်းကဆို နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်နှစ်လောက်မှ ဆရာဝန် ဖြစ်ကြတာလေ"

"ဟုတ်ကဲ့ ... စကားကောင်းနေလိုက်တာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး အန်ကယ်"

ဒေါက်တာရဲမင်းဌေး လက်သုတ်ရင်း ပြောလိုက် သဖြင့် ..

"ဟင် ... မြန်လှချည်လား"

"ဟုတ်ကဲ့ ... ကျွန်တော်မိတ်ဆွေတစ်ယောက် ရန်ကုန် ခဏပြန်သွားလို့၊ သူ့ဆေးခန်းမှာ သွားထိုင်ပေးရဦးမှာမို့ ပါ၊ ကဲ ... ပွင့်သစ်၊ အစ်ကို ပြန်တော့မယ်နော်"

"သမီးရေ ... မောင်ရဲမင်းဌေးကို လိုက်ပို့လိုက်ပါဦးကွယ်"

ပွင့်သစ် အစ်ကိုနှင့် နှစ်ယောက်ချင်း တွေ့ချင်နေ တာနှင့် အတော်ဖြစ်သွားရသည်။

ကားနောက်ရောက်တော့ ...



"ပွင့်သစ် ... အစ်ကို သွားမယ်နော်၊ ဟင်းတွေက ပွင့်သစ် ချက်တာတွေလား၊ အရမ်းကို ကောင်းတာပဲ၊ တကယ်ပြော တာပါ၊ သိပ်စားလို့ ကောင်းတယ်ကွာ"

"တော်ပါ ... များများဖြင့် မစားဘဲနဲ့၊ ဟင်းတွေက ပွင့်သစ် တစ်ယောက်တည်းချက်တာ မဟုတ်ပါဘူး၊ ဒေါ်လေးနဲ့ အတူတူချက်တာပေါ့၊ ဒါနဲ့ အစ်ကို မနက်ဖြန် တော့ ကျောင်းမလာနဲ့ဦးနော်"

"ဘာဖြစ်လို့လဲ"

"ဖေဖေ ရိပ်မိသွားပြီလား မသိဘူး၊ ဒီနေ့ ဖေဖေ အစ်ကို့ ကို စကားပြောတာတွေ တစ်မျိုးပဲနော်၊ နောက်နှစ်ရက် သုံးရက်ကြာမှ တွေ့ကြတာပေါ့ အစ်ကိုရယ်၊ နော်လို့နော်"

"ဟင်း ... တို့တော့ သတိရပြီး လွမ်းနေတော့မယ်"

"ဟွန်း ... ပိုလိုက်တာ လွန်ရော"

"ပိုတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ ကဲ ... အချိန် နီးနေပြီ၊ သွားပြီနော်"

"အင်း"

ပွင့်သစ် ခေါင်းညိတ်ပြလိုက်သည်နှင့် ဒေါက်တာ ရဲမင်းဌေး သူ့ရဲ့ကားလေးကို မောင်းထွက်သွားပါတော့သည်။

ပွင့်သစ် ရင်ထဲမှာ ဟာပြီးသွားသလိုပါပဲ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

ကနေ့ ဒေါက်တာရဲမင်းခွေး ပျော်နေသည်။

ပွင့်သစ်နဲ့ တွေ့ရတော့မှာမို့လေ။

ပွင့်သစ်က ကျောင်းကို နှစ်ရက် သုံးရက် မလာပါနဲ့ဦးဆို၍ သူ သုံးရက်တိတိ ပွင့်သစ်ကို သွားမတွေ့ဘဲ နေလိုက်ရသည်။

အဲသည်သုံးရက်အတွင်းမှာတော့ ဒေါက်တာရဲမင်းခွေးခမျာ ရဲပြာပူလူး နေမထိ ထိုင်မသာ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။

နှစ်ယောက်သား တွေ့နေကျ ပွင့်သစ်တို့ မုန့်စားဆင်းချိန်ဆို သူ့မှာ ရောဂါတက်ပြီးနေသည်။

ပွင့်သစ်ကို ချစ်လိုက်တာ။

ပွင့်သစ်ကို တွေ့ချင်သည့်စိတ်တွေဟာ တားမရဆီးမနိုင် တဖြိုင်ဖြိုင်ပေါ်ပေါက်လျက်။

အဲသည်အချိန်ကလည်း သူ့ဆေးခန်း ထမင်းစားနားချိန်မို့ သူ့ရဲ့ကိုယ်ပိုင်အားလပ်ချိန်။



စိတ်ဖြေစရာ လူနာလာချိန်ကလည်း မဟုတ်တော့ ဒေါက်တာရဲမင်းခွေး ပိုပြီးသတိရကာ အနေခက်ရတာပေါ့။

သူ့ရဲ့စိတ်တွေ အကြီးအကျယ် ကယောက်ကယက်ဖြစ်ပြီး မစားနိုင် မသောက်နိုင်ချေ။

ဘာလုပ်ရမှန်းလဲမသိ။

ဘာကိုင်ရမှန်းမသိ။

ပွင့်သစ်နှင့် တစ်သက်လုံးများ မတွေ့ရတော့ဘူးလို့ထင်ပြီး ခံစားနေရသည်၊

ဆွေးနေရတာ။

လွမ်းနေရတာလည်း အရမ်း အရမ်းပါပဲ။

ဒေါက်တာရဲမင်းခွေး ပွင့်သစ် အကြောင်း စဉ်းစားရင်း ဆေးခန်းဖွင့်ချိန်တုန်းက မွှေနှောက်ထားခဲ့သော ဆေးဗီရိုထဲရှိ ဆေးပုလင်းတွေကို ပြန်စီနေမိသည်။

ပွင့်သစ်ဆီသွားဖို့ အချိန်လိုနေသေးသဖြင့် သူ့ဘဝအကြောင်းကိုပါ တစ်ဆက်တည်း တွေးနေမိပြန်သည်။

သူက အမေရိကန်ပြည်မှာ မွေးခဲ့သည်။

ဟိုမှာပင် သူ ဆယ်တန်းအောင်ခဲ့သည်။

သူ ဆယ်တန်းအောင်သည့်နှစ်မှာပင် သူ့အဖေမမျှော်လင့်ဘဲ ရုတ်တရက် ကားအက်စီးဒင့်တစ်ခုဖြစ်ပြီး ကွယ်လွန်ခဲ့သည်။

သို့နှင့် ...

သူနှင့် သူ့အမေတို့ မြန်မာပြည်ကို ပြန်လာခဲ့သည်။

ရန်ကုန်မှာ ဆေးတက္ကသိုလ် ဆက်တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဆရာဝန်ဖြစ်ချိန်နှင့် ဖခင်၏ညီဖြစ်သူ ဦးလေး ဆရာဝန် စင်ကာပူသွား အလုပ်လုပ်ချိန် ကြုံကြိုက်လာသည်။

သည်တော့ မိတ်ဆွေပေါတဲ့ ဦးလေးဆေးခန်းမှာပဲ သူလာပြီး ထိုင်ခဲ့ရခြင်းပင်။

ဤဆေးခန်းထိုင်နေရင်းကပင် လက်ထောက်ဆရာ ဝန်အတွက် စာမေးပွဲ ဖြေဆိုထားနိုင်ခဲ့ပါသေးသည်။

ဟော ... ကျောင်းဆင်းချိန် နီးပြီမို့ ဒေါက်တာရဲမင်း ဌေး ဆေးခန်းမှ ထွက်ခဲ့သည်။

ကျောင်းရှေ့ သူ့ကားရပ်နေကျနေရာမှာ ကားကို ရပ်လိုက်၏။

ပွင့်သစ်နှင့် တွေ့နေကျ ဆီးကြိုရည်ဆိုင်ကိုသွား၍ ဆီးကြိုရည်တစ်ခွက်မှာပြီး ပွင့်သစ်တို့ မုန့်စားဆင်းချိန်ကို စောင့် နေလိုက်သည်။

မုန့်စားကျောင်း ဆင်းလာပြီ။

ပွင့်သစ်တို့အုပ်စု ကင်တင်းထဲ ဝင်လာကြသည်။

ဒါပေမဲ့ ပွင့်သစ်တစ်ယောက် ပါမလာ။

သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားရသည်။

"ဒါနဲ့ ... ပွင့်သစ်ကောဟင်"

ပွင့်သစ်တို့ အုပ်စုထဲက သူ မျက်မှန်းတန်းမိသော ကလက်တက်တက် ကောင်မလေးတစ်ယောက်ကို မေးလိုက်မိ သည်။

"ပွင့်သစ် ကျောင်းမတက်ဘူး ဆရာ"

"ဘာဖြစ်လို့လဲ၊ ပွင့်သစ် နေမကောင်းဘူးလား"



သူ ခပ်လောလော မေးလိုက်မိပြန်သည်။

"သဲသဲစံတို့လည်း မသိသေးဘူး၊ ပွင့်သစ် ကျောင်းကိုမ တက်တာတော့ နှစ်ရက်ရှိသွားပြီ"

သည်လိုဆို သူ ပွင့်သစ်တို့အိမ် ထမင်းစားပြီးနောက် မှာတော့ ပွင့်သစ် ကျောင်းတက်တာပေါ့။

သဲသဲစံ နောက်များနေသလားဆိုပြီး သူ သဲသဲစံကို ဆေးစေ့ကြည့် အကဲခတ်လိုက်သည်။

ကောင်မလေး နောက်ပုံမရ။

မျက်နှာညှိုးညှိုးလေး ဖြစ်နေသည်။

"သဲသဲစံတို့ သူ့အိမ်ကိုသွားပြီး သတင်းမမေးကြဘူးလား"

"သွားမလို့ပါဘဲ ဆရာ၊ သဲသဲစံတို့လည်း အဖော်ညှိလို့ မရကြသေးလို့ မသွားဖြစ်ကြသေးတာပါ"

ပိတ်ထားသော ပွင့်သစ်တို့ ခြံတံခါးက ဒေါက်တာ ရဲမင်းဌေးကို ဆီးကြိုနေသည်။

ဒေါက်တာရဲမင်းဌေး ကားဟွန်းတစ်ကြိမ် ထပ်တီး ပြန်သည်။

ဘယ်သူမှ ထွက်မလာ။

နောက်တစ်ကြိမ် ထပ်တီးသည်။

မလာပါ။

နောက်တစ်ကြိမ် ဟွန်းရှည်ကြီး တီးသည်။

ထူးမခြားနား။

ဘယ်သူမှ ရှိပုံမရ။

ဒေါက်တာရဲမင်းဌေး လက်လျှော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေလည်း အရမ်းပူပင်သောက ရောက်နေလေသည်။

ပွင့်သစ် ဘယ်ရောက်နေလဲ။

ပွင့်သစ်တို့ ဘယ်များသွားလဲ။

ပွင့်သစ်အဖေရော ဒေါ်လေးရော ဘယ်ရောက်ကုန်ကြပြီလဲ။

အရေးထဲ သူ့မှာ ပွင့်သစ်တို့အဖေနာမည်ကို မသိပါ။

တစ်ခါမှလည်း စကားစပ်ပြီး မမေးမိ။

ဒါက သူ့အကျင့်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ခင်မိလျှင် ထိုပုဂ္ဂိုလ်၏အဆောင်အယောင် အသိုင်းအဝိုင်းကို သူ စိတ်မဝင်စားတတ်ပါ။

ထိုပုဂ္ဂိုလ်တစ်ဦးတည်း၏ စိတ်နေသဘောထားအပေါ်သာ ကြည့်ပေါင်းတတ်သည့် သူ့အကျင့်ကြောင့်ပါ။

သူ လက်မှိုင်ချပြီး ဆေးခန်းကို ပြန်ခဲ့ရတော့သည်။

ဘယ်များရောက်နေပြီလဲ ပွင့်သစ်ရယ် ... အချစ်ရယ်။

❄ ❄ ❄



## အခန်း(၂၁)

မြူနှင်းငွေ့တို့က တဝေ့ဝေ့ တဝဲဝဲ ကျဆင်းလျက်...

နှင်းငွေ့တွေကြား ဆီးနှင်းတွေ တဝဲဝဲကျဆင်းသည့်ကြားက ထင်းရှူးပင်ကြီးတွေကလည်း မပီပြင်ဝိုးတဝါး။

လေပြည်လေညင်း ခပ်ပြင်းပြင်းကလေး တိုက်ခတ်လိုက်တိုင်း ထင်းရှူးပင်တို့၏ အရွက်ချင်းပွတ်သံ၊ ထိခိုက်သံတို့မှာ ပွင့်သစ်အဖို့ ခုလို အခြေအနေမျိုးမှာ နားဝင်ပီယံမဖြစ်မိ။

ပင်လုံးကျွတ် ဝေဝေဆာဆာဖြင့် ပွင့်နေသော စိန်ပန်းနီပင်တို့ကို ပွင့်သစ် ချစ်သည်။

အဲသည် စိန်ပန်းနီတွေ ဝေဆာပြီး လှပနေတာကို ပွင့်သစ် တစ်နေကုန် ထိုင်ကြည့်ပြီး အလွမ်းဖြေနေရသည်။

ပွင့်သစ် ရောက်နေတာက ပြင်ဦးလွင်။

တစ်ပတ်ကျော်ကျော်တောင် ရှိသွားပြီ။

သည်တစ်ပတ်လုံးကတော့ ပွင့်သစ်အဖို့ မှာအဝီစိငရဲခံနေသည့်အတိုင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်သစ်ခမျာ မချိတဲ့နှလုံး ဟန်ဆောင်ပြုံးနှင့် ဖုံးအနေချင်တော့ဘူးဟု ပွင့်လင်းစွာ ပြောခွင့်ရလျှင် ခံစားချက် လျော့ပေမလားဘဲ။

ဖေဖေရဲ့မျက်နှာ သည်လောက် တင်းတင်းမာမာဖြစ်နေတာမျိုး ပွင့်သစ် တစ်ခါမျှ မမြင်ဘူး၊ မတွေ့ဘူးပါ။

ဖေဖေရဲ့စကားပြောဆိုသံတွေကလည်း မာကျောတိုတောင်း ပြတ်သားလွန်းနေသည်။

"သမီးကို ဖေဖေ ပြောစရာရှိတယ်၊ ထိုင်"

သည်လို ဖေဖေ စကားစခဲ့သည်။

ဖေဖေ့မျက်နှာနှင့် ဖေဖေ့အသံတို့ကြောင့် ပွင့်သစ် ဖေဖေ့ဘေးမှာ ကုပ်ကုပ်ကလေးထိုင်ရင်း ဖေဖေ ဘာပြောမလဲဆိုတာ စောင့်ဆိုင်းနေရသည်။

"သမီး ... မောင်ရဲမင်းဌေးနဲ့ အမြန်ဆုံး အဆက်အသွယ်ဖြတ်ပါ"

"ရှင် ... ဘာဖြစ်လို့လဲ ဖေဖေ"

ပွင့်သစ် ဖေဖေ့ကို အရမ်းအံ့ဩသွားသည်။

ဒါကြောင့် အံ့အားတသင့် ပြန်မေးမိတာပင်။

"ဘာမှပြန်မမေးနဲ့၊ ကနေ့ကစပြီး အဆက်ဖြတ်"

ဖေဖေရဲ့စကားတွေဟာ မာကျောသိပ်တိုတောင်းလွန်းနေသည်။ တင်းမာပြင်းထန်နေသည်။

ဖေဖေ့မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေသည်လို့ ပွင့်သစ် ထင်မိသည်။



ဖေဖေဟာ ဘယ်လိုများ ဖြစ်သွားသလဲလို့ ပွင့်သစ် စဉ်းစားလို့မရ။ မကြာမီကပဲ အစ်ကိုကို ထမင်းဖိတ်ကျွေးလို့။ အစ်ကိုနှင့်လည်း တရင်းတနှီး အေးအေးဆေးဆေး စကားတွေ သက်ဆုံကျလို့။

ဒါပေမဲ့ ...

သည်နေ့ ရုံးအပြန်ကျတော့ ဖေဖေ ခုလိုပုံမျိုးဖြစ်သွားခြင်းပါ။

"ဒေါ်လေး ... ဒေါ်လေး"

ဘုမသိ ဘမသိ ဒေါ်လေး မီးဖိုထဲက ပြေးထွက်လာသည်။

"ဒေါ်လေးနဲ့ ပွင့်သစ်တို့ ပြင်ဦးလွင် သွားနေရမယ်"

"ပြင်ဦးလွင်"

ဖေဖေ့ထံမှ ရုတ်တရက်ကြီး ကြားလိုက်ရသော စကားကြောင့် ဒေါ်လေး မျက်လုံးပြူးပြီး ဖေဖေ့ကို နားမလည်စွာ ကြည့်ရင်းမှ ရေရွတ်မိသည်။

"ဟုတ်တယ် ... ပြင်ဦးလွင်၊ ပြင်ဦးလွင်က ကျွန်တော့်ရဲ့ မိတ်ဆွေအိမ်မှာ ခဏပြောင်းနေပါ၊ ပစ္စည်းတွေသိမ်းထား၊ မနက်ဖြန်မနက်စောစော ထွက်မယ်"

ဒါပဲ ဖေဖေ ပြောပြီး ဧည့်ခန်းထဲမှ ထွက်သွားသည်။

သည်လိုနှင့် ပွင့်သစ် ဒေါ်လေးနှင့်အတူ ပြင်ဦးလွင် ရောက်လာရခြင်းပါ။

ဖေဖေ့ရဲ့သူငယ်ချင်းအိမ်က မည်သူမှမရှိပါ။ တိုက်ကလေးအလွတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခြံကျယ်ဝင်းကျယ်ကြီး။ သစ်ပင်ကြီးတွေ ဝိုင်းစိုတ်ထားတဲ့ တိုက်ပုပုလေး။ တစ်ထပ်တိုက်လေးပေါ့။

ဖေဖေကတော့ တစ်ည နှစ်ညအိပ်ပြီး မန္တလေးပြန်ပြီး ဆင်းသွားသည်။

မန္တလေးမှာ နှစ်ညသုံးညအိပ်ပြီး ပြင်ဦးလွင်ကိုပြန်တက်လာပါသည်။

ဖေဖေမရှိတဲ့အခါ ပွင့်သစ်တို့မှာ အိမ်စောင့်အဘိုးကြီးကိုသာ ယောက်ျားအဖော်လုပ်နေရသည်။

ခြံစောင့်အဘိုးကြီးကို ဝင်းခြံတံခါးကို အမြဲသော့ခတ်ထားရမည်။ မည်သူ့ကိုမှ တံခါးဖွင့်ပေးရဘူးလို့ ပြောထားသည်။

နေ့လည်းနေ့။

ညလည်းည။

ခြံစောင့်အဘိုးကြီးက ပွင့်သစ်တို့ကို မပြတ်စောင့်ရှောက်နေပါသည်။

အထူးသဖြင့် ပွင့်သစ် ခြေလှမ်းကိုပေါ့။

ပွင့်သစ် ခြံထဲဆင်း လမ်းလျှောက်သွားလာခွင့်ရပါသည်။

ဝင်းခြံအပြင်ကိုတော့ မထွက်ရပါ။

မြို့ထဲလည်း လျှောက်မလည်ရ။

ဒေါ်လေးကတော့ တစ်ခါတစ်ရံ ဈေးကိုသွားရပါသည်။

ဖေဖေ ဘာတွေလုပ်နေတာလဲ။



ပွင့်သစ် နားမလည်။

ပွင့်သစ်လိုပါပဲ။ ဒေါ်လေးလည်း နားမလည်။

ဖေဖေ ဘာလို့ ချက်ချင်းစိတ်ပြောင်းသွားရပါလိမ့်။ ဆောဆောကတော့ သမီး စိတ်ချမ်းသာရတောမလို့။ ယခုတော့ ...

ပွင့်သစ် အစ်ကိုနဲ့ တွေ့ချင်လိုက်တာ။

ပွင့်သစ် အစ်ကို့ကို လွမ်းလှပါပြီ။

ပွင့်သစ်ကို အစ်ကို သတိရနေမှာပဲ။ အစ်ကို ဘယ်လိုများ ဖြစ်နေပါလိမ့်နော်။

အစ်ကိုနဲ့ ပွင့်သစ် တကယ်ပဲ ဝေးရတော့မှာလား အစ်ကိုရယ်။

ပွင့်သစ်ကတော့ အချိန်ရှိသရွေ့ အစ်ကို့ကို သတိရလွမ်းလွန်းလို့ မျက်ရည်တွေ သွင်သွင်စီးနေမိတော့တာပဲ အချစ်ရယ်။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရဲမင်းဒွေး ဆိုင်းဘုတ်ကို အသေချာ ရှုးရှုးစိုက်စိုက် ဖတ်နေမိသည်။

ဆိုင်းဘုတ်မှာ ရေးထားတာက ...

ဦးထွန်းဦး

ဘီအက်(စ်)စီ၊ (ဘီ–အယ်လ်)

ဗဟိုတရားရုံးရှေ့နေကြီး။

ဆိုင်းဘုတ်ဖတ်ပြီး ဒေါက်တာရဲမင်းဒွေး ပြုံးလိုက်သည်။

တပ်ထားသည့် နေကာမျက်မှန်ကိုလည်း ချွတ်လိုက်၏။

ဆိုင်းဘုတ်နှင့်ကပ်လျက် တံခါးမကြီးမှတစ်ဆင့် ရုံးခန်းထဲ ဝင်လိုက်ပါသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ"

ရုံးအတွင်းမှ လူတစ်ယောက်က ဆီးကြိုမေးလိုက်သည်။

"ဦးထွန်းဦးနဲ့ပါ"

"ချိန်းထားပါသလားခင်ဗျ"



"မချိန်းထားပါဘူး"

"ဒါဆိုရင် ခဏထိုင်စောင့်ပါဦး၊ ဆရာ အမှုသည်တွေနဲ့ စကားပြောနေလို့ပါခင်ဗျ"

ဒေါက်တာရဲမင်းဒွေး ခေါင်းညိတ်ပြပြီး ကုလားထိုင် အလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ဦးထွန်းဦးဆိုတာ ပွင့်သစ်အဖေပါ။

ပွင့်သစ် အခု ဘယ်ရောက်နေသည်ဆိုတာကို ပြောပြနိုင်စွမ်းရှိသော သူကတော့ ဦးထွန်းဦး။

သည်နာမည်သိရဖို့ ဒေါက်တာရဲမင်းဒွေး သိပ်ပြီး မကြိုးစားလိုက်ရပါ။

သိပ်မခဲယဉ်းလိုက်ပါ။

ပွင့်သစ်တို့နှင့်ကပ်လျက် ခြံတစ်ခြံကို ဝင်စုံစမ်း လိုက်တာပင်ဖြစ်၏။

နာမည်လည်းသိပြီး အလုပ်အကိုင်က ရှေ့နေဆိုတာ သိပြီးနောက် ဘယ်ရုံးမှာ ထိုင်သလဲဆိုသည့် ကိစ္စကတော့ ဒေါက်တာရဲမင်းဒွေး အဖို့က အလွယ်လေး။

မန္တလေးမြို့က ကျဉ်းပါသည်။

အို ... ကမ္ဘာကြီးတောင် ကျဉ်းတယ်လို့ ထင်တယ်၊ မန္တလေးမြို့ဆိုတာ ပြောမနေနှင့်တော့။

တစ်ရက်၊ နှစ်ရက် အချိန်ယူ စုံစမ်းလိုက်ရုံနှင့် ဦးထွန်းဦး ဘယ်မှာရုံးထိုင်သည်ဆိုသည့်ကိစ္စ သိလာရတော့ပေါ့။

"ဆရာ အားပြီခင်ဗျ၊ ဝင်လို့ရပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



စောစောက ရုံးအဝင်ဝမှာ တွေ့ခဲ့သည့် လူကဝင်ပြောလိုက်ခြင်းပါ။

"ဩော် … ကျေးဇူးပါပဲဗျာ"

ဒေါက်တာရဲမင်းဌေး ပြောလိုက်ပြီးတော့ ထိုလူညွှန်ပြရာ ရုံးခန်းတစ်ခန်းထဲသို့ ဝင်လိုက်ပါသည်။

"ဟာ … မောင်ရဲမင်းဌေး၊ လာ … လာ၊ ဘာကိစ္စပေါ် လာလို့တုန်း"

ဦးထွန်းဦးရဲ့ မျက်လုံးများကို ဒေါက်တာရဲမင်းဌေး အကဲခတ်ရင်း ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ဆို … ကိစ္စ"

ဦးထွန်းက ခပ်ပြတ်ပြတ် မေးလိုက်သည်။

သူက လူကြီးကိုး။

ဒေါက်တာရဲမင်းဌေးက လူငယ်ပဲ။

သူ့သမီးနှင့်မှ မတိမ်းမယိမ်း အရွယ်ဆိုတော့ ဦးထွန်းဦး အပေါ်စီးက ပြောဆိုနိုင်တာပေါ့။

"ကိစ္စကတော့ လူကြီးမင်းရဲ့သမီး၊ ကျွန်တော့်ရဲ့အချစ်ဦး မပွင့်သစ် ပျောက်နေတဲ့ကိစ္စကို လူကြီးမင်း အရေးယူ စုံစမ်းဆောင်ရွက်ပေးဖို့ လာပြောတာပါ"

အို … သည်လိုပဲ ဒေါက်တာရဲမင်းဌေး ပြောဆိုချင်မိတာ အရမ်းပါပဲ။

သို့သော် သူ တကယ်ပြောဖြစ်သွားသည်ကတော့ …



"အန်ကယ်တို့နဲ့ မတွေ့ရတာကြာလို့ ကျွန်တော် ဝင်လာတာပါ၊ ပွင့်သစ်တစ်ယောက်လည်း ကျောင်းမတက်ဘူးနော်၊ အန်ကယ်တို့မိသားစု ခရီးသွားနေကြတာလား"

"မင်းနဲ့ပွင့်သစ် ဘာဆိုင်လို့ ငါ့ကို လာမေးနေရတာလဲကွယ်"

သည်လို ဦးထွန်းဦး ပြန်ဘုတောလိုက်သည့် မေးခွန်းမျိုးကို ဒေါက်တာရဲမင်းဌေး မေးလိုက်ခြင်းပါ။

အဘိုးကြီး သည်လိုဘုတောလွှတ်ရင်လည်း ခံနိုင်ရည်ရှိဖို့ ဒေါက်တာရဲမင်းဌေးအား မွေးလာခဲ့ပြီးဖြစ်သည်။

သို့ပေမဲ့ …

ဦးထွန်းဦး ပြန်ဖြေလိုက်သည့် စကားကြောင့် ဒေါက်တာရဲမင်းဌေး ဦးထွန်းဦးကို အံ့အားသင့်သွားရသည်။

ဦးထွန်းဦးက ပျော့ပျောင်းယဉ်ကျေးသော လေသံလေးဖြင့် …

"ဩော် … သမီးလား၊ ရန်ကုန်ကို အရေးတကြီး ထွက်သွားတယ်ကွယ့်၊ သူ့ဒေါ်လေးလည်း ပါသွားတယ်၊ အန်ကယ် မရှိတော့ အိမ်မှာ ဘယ်သူမှမရှိလို့ ခြံတံခါးသော့ ပိတ်ခဲ့ရတယ်လေ"

အထစ်အငေါ့မရှိ ဟန်ကောင်းကောင်းနှင့် ပြေပြစ်စွာ ပြောလိုက်သည်။ ဦးထွန်းဦး စကားကို ဒေါက်တာရဲမင်းဌေး အကြွင်းမဲ့ ယုံကြည်သွားသည်။

"ရန်ကုန်မှာ ကြာဦးမှာလား ခင်ဗျာ"

ဒေါက်တာရဲမင်းဌေး အရဲစွန့်ပြီး မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြာမှာပေါ့၊ ရန်ကုန်က သူ့အဘွားတစ်ယောက်က တော်တော်မမာ ဖြစ်နေတာ၊ အဲဒီအဘွားကို ပြုစုမယ့်လူလည်း မရှိဘူး၊ ဒါကြောင့် ပွင့်သစ်တို့ မြေးအဘွားကို လွှတ်လိုက်ရတာ"

"ဒီလိုဆို ပွင့်သစ် ကျောင်းပျက်ရက်တွေ သိပ်များကုန်မှာပေါ့နော် အန်ကယ်"

"အို ... ကိစ္စမရှိပါဘူး၊ ရန်ကုန်တက္ကသိုလ်ပြောင်းဖို့လည်း အန်ကယ် စီစဉ်ထားပြီးပြီကွယ့်"

ဒေါက်တာရဲမင်းဋ္ဌေး ငြိမ်သွားရသည်။

အဘိုးကြီးကို မေးသင့်သောစကား၊ မေးသင့်သော မေးခွန်းများ ကုန်သွားပြီ။

ဒါထက်လည်း သူ မေးစရာမရှိတော့ပါ။

"ဒါနဲ့ ငါ့တူက ပွင့်သစ်ကို တော်တော်စိတ်ဝင်စားပုံရတယ်"

ဒေါက်တာရဲမင်းဋ္ဌေး မျက်လုံးပြူးထွက်မသွားရအောင် မနည်းထိန်းသိမ်းလိုက်ရပါသည်။

အဘိုးကြီးထံမှ မမျှော်လင့်သော မေးခွန်းတစ်ခု ကြားလိုက်ရလို့ပင်။

ရုတ်တရက် သူဘာပြန်ပြီး ဖြေရမှန်းမသိ ဖြစ်သွားပြီးမှ ...

"ဩော် ... ဟို ပွင့်သစ်က ကျွန်တော့်လူနာ ဖြစ်ခဲ့ဖူးတယ်လေ၊ ဒီတော့ ပွင့်သစ်ရောဂါ အခြေအနေ တိုးတက်မှုရှိမရှိ သိချင်နေလို့ပါခင်ဗျ"



မယုတ်မလွန် ဦးထွန်းဦး ကြားကောင်းရန် ဒေါက်တာရဲမင်းဋ္ဌေး ဖြေလိုက်မိပါသည်။

"အန်ကယ် မောင်ရဲမင်းဋ္ဌေးကို မေးစရာတစ်ခု ရှိနေသေးတယ်"

ဒေါက်တာရဲမင်းဋ္ဌေး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြန်၏။

အဘိုးကြီး ဘာများမေးဦးမလဲပေါ့။

သူနှင့် ပွင့်သစ်တို့ အကြောင်းများလား။

အဲသည်မေးခွန်းမျိုး ဆိုရင်တော့ သူ ဘယ်လိုဖြေလိုက်ရမှာပါလိမ့်။

အို ... အမှန်အတိုင်းပဲ ဖြေလိုက်ရုံပေါ့။

ဘာခက်တာမှတ်လို့။

ဒါကြောင့် ...

"ဟုတ်ကဲ့ ... မေးပါ အန်ကယ်၊ အားမနာပါနဲ့"

ရိုရိုသေသေပင် ပြန်ပြီးဖြေလိုက်သည်။

"ဟိုနေ့ ညစာဖိတ်ကျွေးတုန်းက မမေးလိုက်ရလို့ပါ၊ စိတ်တော့မရှိနဲ့နော်"

ရှေ့နေပီပီ ဦးထွန်းဦး စကားချီးတွေ၊ နိဒါန်းတွေ အပိုးတွေ လုပ်နေသေးသည်။

"စိတ်မရှိပါဘူး အန်ကယ်၊ မေးသာမေးပါ"

ပွင့်သစ်ရဲ့မျက်နှာကို ဒေါက်တာရဲမင်းဋ္ဌေး ထောက်ထားရမယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်သစ်အဖေဆိုတော့ မေးသမျှ သည်းခံဖြေဖို့ ဒေါက်တာရဲမင်းဒွေး ဆုံးဖြတ်လိုက်ပါသည်။

"မောင်ရဲမင်းဒွေးရဲ့အမေ ဒေါ်ထားအိမှာ တခြားနာမည်ရော ရှိသေးလား"

ဦးထွန်းဦးရဲ့ မေးခွန်းကြောင့် ဒေါက်တာရဲမင်းဒွေး တွေးပြီး ထင်ထားသည်နှင့် လွဲနေပြန်သည်။

ဒါပေမဲ့ ကိစ္စမရှိ။

သည်မေးခွန်းက သူ့အတွက် အခြေအနေကောင်းနေသည်။

တကယ်လို့ ခင်မင်သူ သူငယ်ချင်းတွေ ဖြစ်ကြရင် သူတို့ကိစ္စ ဖြေလည်နိုင်မည်လေ။

ထို့ကြောင့် အားရဝမ်းသာစွာဖြင့် ...

"ရှိပါတယ် အန်ကယ်၊ ဒေါ်စိမ်းစိုပါ၊ အန်ကယ် သိပါသလားခင်ဗျာ"

ဦးထွန်းဦး ခေတ္တမျှငိုင်ပြီး စဉ်းစားဟန် ပြုပြီးမှ ...

"ဟင့်အင်း"

"မသိပါဘူး၊ သိများသိနိုင်မလားလို့ အန်ကယ်မေးကြည့်တာပါ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ဒီလိုဆိုရင် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ မောင်ရဲမင်းဒွေး"

အပြန်လမ်းတစ်လျှောက်မှာတော့ ဒေါက်တာရဲမင်းဒွေး လေလေးတချွန်ချွန်နှင့်ပေါ့လေ။



ပွင့်သစ် ရန်ကုန် ရောက်နေပြီလို့ ကြားရသည့် သတင်းစကားကြောင့် သူ စိတ်ချမ်းသာသွားရလေသည်။

အမေ့ဆီသွားရင် သူ ပွင့်သစ်အကြောင်း စုံစမ်းပြီး သွားတွေ့နိုင်သည် မဟုတ်လား။

ပွင့်သစ်ကို တွေ့လိုသည့် စိတ်ဆန္ဒနှင့် စိတ်ပူပင်သောကဖြစ်ပြီး နေရတဲ့ သူ့ရင်ထဲမှာ နည်းနည်းလေး လျော့နည်းသွားသလိုပါပဲ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

"ပွင့်သစ်ရေ ... ဒေါ်လေး ဈေးသွားဦးမယ်၊ ဘာစားမယ်၊ ဘာမှာဦးမှာလဲ"

ဒေါ်လေးရဲ့အသံသည် ပွင့်သစ်အဖို့တော့ မင်္ဂလာပါပဲ။

ထို့ကြောင့် တတွေတွေ စီးကျနေသည့် မျက်ရည်စီးကြောင်းလေးတွေကို လက်ကိုင်ပဝါနီရဲရဲဖြင့် ကပျာကသီ သုတ်လိုက်ရင်း ...

"ဘာမှ မှာစရာတော့ မရှိပါဘူး ဒေါ်လေး၊ ဒေါ်လေးသာ မြန်မြန်ပြန်လာခဲ့ပါနော်၊ သမီး တစ်ယောက်တည်း အားငယ်တယ်၊ ကြောက်တယ်"

"အေးပါ ... မြန်မြန်ပြန်လာခဲ့မယ်"

ပွင့်သစ် တံခါးထပိတ်ရန် မလိုပါ။

ဒေါ်လေး ဈေးသွားတိုင်း အိမ်ရှေ့က လူဝင်လူထွက် တံခါးမကြီးကို အပြင်ကနေ သော့ခတ်သွားလေ့ရှိသည်။

ဒေါ်လေးတစ်ယောက် တော်တော်ရယ်ရသည်။



အိမ်ရှေ့က တံခါးမကြီးကိုတော့ အပြင်းအထန် သော့ခတ်နေသော်လည်း နောက်ဖေးဘက်က ရေချိုးခန်းတံခါးတွေ၊ မီးဖိုချောင်တံခါးတွေကိုတော့ သော့ခတ်လေ့မရှိပါ။

ချက်ထိုးရုံသာ ထိုးတတ်သည်။

ပွင့်သစ် အခန်းပြတင်းပေါက်ကနေ ဒေါ်လေးထွက်သွားတာကို ကြည့်နေမိသည်။

ဒေါ်လေး ခြံဝတွင်ရပ်ပြီး ခြံစောင့် အဘိုးကြီးနှင့် ပင် စကားစမြီ ပြောဆိုရယ်မောနေသေးသည်။

ကောင်းကောင်းစောင့်နေနော်။

ကျွန်မ ဈေးကို သွားလိုက်ဦးမယ်။

ဘာညာကွိကွ ပြောဆိုတာတွေ ဖြစ်မှာပေါ့။

ဒေါ်လေးပြောဆိုသမျှကို ခြံစောင့်အဘိုးကြီးကလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်တတ်စမြဲပါ။

ဒေါ်လေး ခြံဝမှ ထွက်သွားသည်နှင့် အဘိုးကြီး ခြံဝင်းတံခါးကို ပြန်ပိတ်သော့ခတ်လိုက်သည်။

ခြံစောင့်အဘိုးကြီးက အိမ်ဘက်ကို ပြန်ကြည့်ပြီး ပြုံးပြလိုက်သည်။

အဘိုးကြီး ပြုံးပြသည့် အဓိပ္ပာယ်ကိုတော့ ပွင့်သစ် စဉ်းစားမရ၊ တွေးမရ။

အဘိုးကြီး ခြံဝကနေ အိမ်ဘက်ကို ပြန်လျှောက်လာပြီး အိမ်ကို တစ်ပတ်ပတ်လိုက်ပြီး ကြည့်နေသည်။

အဘိုးကြီးကြည့်ရတာ ခြံကြီးရဲ့လုံခြုံရေးအတွက် စိတ်ချသွားပြီနှင့်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



သူထိုင်နေကျ ဝင်းတံခါးနှင့် မလှမ်းမကမ်းရှိ ခုံတန်းလျားရှည်လေးမှာထိုင်ရင်း ဆေးပေါ့လိပ်ကြီးကို အားပါးတရဖွာပြီး သောက်နေပြန်သည်။

တစ်နေ့တော့ ဖေဖေကလည်းမရှိ။

ဖေဖေမန္တလေးဆင်းသွားတာ တစ်ပတ်လောက်တော့ ရှိသွားပြီ။

ဖေဖေမရှိလျှင် ဒေါ်လေး ဈေးမသွားတတ်ပါ။

ပွင့်သစ်ကို အနီးကပ်ကြီးကြပ်ဖို့နှင့် တူသည်။

အိမ်မှာပဲနေပြီး ရှိတတ်သည်။

အနည်းအကျဉ်း ဝယ်စရာရှိလျှင်လည်း ခြံစောင့်တဲ့ အဘိုးကြီးကိုပင် ဝယ်ခိုင်းလိုက်သည်။

ကနေ့ ဒေါ်လေး ဘာစိတ်ကူးပေါက်ပြီး ဈေးသွားသလဲမသိ။

ဆိုင်းမဆင့် ဗုံမပါ ဈေးကိုထွက်သွားသည်။

မနက်စောစောတုန်းကတော့ ဒေါ်လေးထံမှ ညည်းသံကြားလိုက်ရသည်။

"ညနေအတွက် ဘာဟင်းမှလဲ မရှိဘူးကွယ်၊ ဘဲဥ ကြက်ဥလည်း မရှိတော့ဘူး၊ ငါးခြောက်လည်း မရှိဘူး၊ မောင်ထွန်းဦးကလည်း နှစ်ရက်လောက်ဆိုပြီး ထွက်သွားလိုက်တာ ခုထိ ပြန်မလာသေးဘူး"

အဲသည်အသံ ကြားပြီးကတည်းက ပွင့်သစ်တော့ ဒေါ်လေးကို အကဲခတ်နေမိသည်။

ဒေါ်လေးများ ဈေးသွားမလားလို့ပါ။



ဟော ... ခုတော့ ပွင့်သစ် မျှော်မှန်းချက် ကိုက်ညီနေပေပြီ။

ပွင့်သစ် ခြံစောင့်အဘိုးကြီးကို အဆက်မပြတ် အကဲခတ်နေမိသည်။

အဘိုးကြီး ခုံတန်းလျားအမှီကို မှီပြီး ခြေဆင်းထိုင်ကာ ငိုက်မျဉ်းစပြုနေပြီ။

သည်အခြေအနေမျိုးသည် ပွင့်သစ်အဖို့ အကောင်းဆုံးအနေအထားဟု ပွင့်သစ် ဆုံးဖြတ်လိုက်သည်။

သားရေလက်ဆွဲအိတ်ထဲမှ ပိုက်ဆံတွေထုတ်ပြီး စလင်းဘက်ထဲ အားလုံးထည့်လိုက်သည်။

တီရှပ်တစ်ထည်နှင့် လုံချည်တစ်ထည်ကိုလည်း ဖြစ်သလို လုံးထွေးပြီး ထည့်လိုက်ပါသည်။

အားလုံး အဆင်သင့် ဖြစ်သောအခါ ...

ပွင့်သစ် ဧည့်ခန်းပြတင်းပေါက်မှနေ၍ ...

"အဘရေ ... အဘ၊ မြန်မြန်လာပါဦး"

ပွင့်သစ် အော်သံကြောင့် အဘိုးကြီး မျက်လုံးဖွင့်ကြည့်သည်။

ပွင့်သစ် ပြတင်းပေါက်မှ လက်ကိုထုတ်၍ လက်ဖြရင်း ...

"အဘရေ ... လာပါဦး၊ အရေးကြီးလို့ပါ၊ မြန်မြန်လာပါ"

ခုမှ အဘိုးကြီး ငိုက်နေတာ ပြေသွားပြီး ပွင့်သစ်ဆီကိုပြေးလာသည်။

"ဘာဖြစ်သလဲ ကလေးမ"

www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်သိပ်အောင့်နေလို့ အဘရယ်၊ လုပ်ပါဦး"

အဘိုးကြီးလည်း စိတ်ပူပြီး ဘာလုပ်ရမှန်းမသိ၊ ခေါင်းကုတ်စဉ်းစားနေသည်။

နောက် ချာခနဲ လှည့်ထွက်သွားပြန်သည်။

"ဘယ်သွားမှာလဲ အဘရဲ့၊ ဒီမှာ ဗိုက်က အရမ်းကိုအောင့်နေတယ်ဆိုမှ"

"လာမယ် ... လာမယ်၊ ခုလာခဲ့မယ်၊ ခဏလေး"

အဘိုးကြီး ထွက်သွားသည်။ ဘယ်ကိုသွားမှန်းမသိ။

ပွင့်သစ် ရယ်ချင်လိုက်တာ မပြောပါနှင့်တော့။

အဘိုးကြီး ပွင့်သစ်ရဲ့အမူအရာကောင်းလို့ ယုံကြည်သွားဟန်တူသည်။

အဘိုးကြီး ပြန်လာသောအခါ လက်ထဲတွင် ဘမ်းပရုတ်ဆီဘူးလေးတစ်ဘူး ပါလာသည်။

ပွင့်သစ်ကတော့ အစွမ်းကုန် ဗိုက်နှိပ်ပြီး ရှုံ့မဲ့ပြနေသည်။

"အမယ်လေး ... နာလိုက်တာ အရမ်းပါပဲ၊ အဘရယ် ... လုပ်ပါဦး"

"အေး ... အေး ... ကလေးရေ၊ ဗိုက်ကို ပရုတ်ဆီလိမ်းရော့ ..."

"ပရုတ်ဆီနဲ့မရဘူး အဘရဲ့၊ လိမ်းပြီးပြီ၊ သမီးကို ဆရာဝန် ခေါ်ပေးပါ"

အဘိုးကြီး ခေါင်းကုတ်နေပြန်သည်။



"ဒီမှာ သေတော့မှာပဲ၊ ဗိုက်အောင့်လွန်းလို့ အဘရယ်၊ ဆရာဝန် ဒီနားမှာ မရှိဘူးလား၊ ခေါ်ပေးပါနော်"

"လုပ်ပါ အဘရယ်၊ ပွင့်သစ်ကို ကယ်ပါဦး"

ပွင့်သစ် မျက်ရည်ကျပြီး ပြောသည်။

အဘိုးကြီး ပွင့်သစ်ကို စေ့စေ့ကြည့်နေပြန်သည်။

အဘိုးကြီးလည်း သနားလာပြီး သူ့မျက်လုံးများအတွင်း၌ ကရုဏာအငွေ့အသက်များ ယှက်သမ်းလာပြီး ...

"ကဲ ... ဒါဖြင့် ခဏနေချည်နော် ကလေး၊ အဘ တစ်ခြံကျော်ကဆရာဝန် ပင့်ကြည့်ပေးပါ့မယ်"

အဘိုးကြီး ခြံဝင်းတံခါးဖွင့်ပြီး ခပ်သုတ်သုတ် ထွက်သွားတော့သည်။

ဘာရမလဲ။

ပွင့်သစ် စလင်းဘက်ကိုလွယ်ပြီး နောက်ဖေးတံခါးဆီ ပြေးခဲ့သည်။

နောက်ဖေးတံခါးချက်ကိုဖြုတ်ပြီး ခြံပြင်ထွက်ခဲ့သည်။

နောက်ဖေးခြံထောင့်မှာ ခြံစောင့်အဘိုးကြီးနေသော တဲအိမ်ကလေးတစ်လုံးရှိသည်။

ထိုတဲကလေး၏နောက်ဖေး၌ ခွေးတိုးပေါက်လေးတစ်ပေါက် ရှိနေမှန်း ပွင့်သစ် လေ့လာထားပြီးသား။

မလွယ်ပေါက်ဆီ ပြေးသွားပြီး ပွင့်သစ် ခြံအပြင်ဘက် တိုးထွက်လိုက်သည်။

တစ်ဖက်တွင် အိမ်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးတောတန်းကြီးနှင့် လူသွားလမ်းလေးပဲရှိသည်။

ထိုလူသွားလမ်းအတိုင်း ပွင့်သစ် မြေးခဲ့ရာ တစ်မြကျော်ကျော်လောက်တွင် ကတ္တရာလမ်းမကြီးပေါ် ပြန်တက်နိုင်ခဲ့သည်။

ရထားလုံးတစ်စီးလာသည်။

ပွင့်သစ် ဝမ်းသာအားရနှင့် ...

"လာပါဦး"

လမ်းမကြီးပေါ်၌ အဆင်သင့်မောင်းလာနေသော မြင်းရထားတစ်စီးကို ပွင့်သစ် လှမ်းခေါ်လိုက်၏။

"ဘယ်သွားမလဲ အစ်မ"

"မန္တလေးကားဂိတ်"

မြင်းရထားသမားလေးကို ဖြေပြီးချိန်မှာတော့ ပွင့်သစ် မြင်းရထားလုံးပေါ် ရောက်နေပြီ။

အခုမှပဲ ပွင့်သစ် သက်ပြင်းရှည်တစ်ခုကို အားပါးတရ မှုတ်ထုတ်လိုက်သည်၊

ပွင့်သစ် စွန့်စွန့်စားစား လုပ်ခဲ့ပြီ အစ်ကိုရေ။

❊ ✳ ❊



## အခန်း(၂၃)

"ဟာ ... ကိုသန်းထိုက်၊ လာ ... လာ"

လူနာပါးချိန်မှ ဆေးစာအုပ်တစ်အုပ် ဖတ်နေသော ဒေါက်တာရဲမင်းဌေးက ဆိုင်ထဲဝင်လာသူကို ခရီးဦးကြိုပြုလိုက်၏။

"ဘယ်က လှည့်လာတာလဲ၊ ခင်ဗျား အဘွားကြီး သက်သာနေပြီ မဟုတ်လား"

ကိုသန်းထိုက်မှ ဒေါက်တာရဲမင်းဌေး အိမ်တိုင်ရာ ရောက်သွားပြီး ဆေးကုသပေးနေရသည့် လူနာအဘွားကြီး၏ သားဖြစ်သည်။

သည်အဘွားကြီးကို ဆေးကုပေးရင်း ဒေါက်တာရဲမင်းဌေးနှင့် ကိုသန်းထိုက်တို့ ခင်မင်နေကြပြီဖြစ်၏။

"သက်သာနေပါတယ် ဆရာ၊ ဆရာ့ကုသမှုကလည်း ကောင်းတာကိုး ဆရာရဲ့၊ ကျွန်တော့် အဘွားကြီးအခြေအနေ လာကြည့်တာ ဆရာရဲ့၊ မနက်ကပဲရောက်တယ်"

ကိုသန်းထိုက်က ပြင်ဦးလွင်မှာ နေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်နှင့် မန္တလေး ကူးချည်သန်းချည် လုပ်နေသူတစ်ဦးပင်။

"အခု ဘာလဲ ... ခင်ဗျား အဘွားကြီးအတွက် ဆေးလာယူတာလား"

"ဟုတ်ကဲ့ ဆရာ၊ စားဆေးတွေ ဒီနေ့အတွက်ပဲ ရှိတော့မယ်လေ၊ အဲဒါ လာယူတာ၊ ဩော် ... ဆရာတွေမှ ကျွန်တော် တစ်ခု သွားသတိရတယ်၊ ကျွန်တော့်စိတ်ထဲလည်း ဘဝင်မကျဖြစ်နေလို့"

ကိုသန်းထိုက် စကားကို ဒေါက်တာရဲမင်းဌေး စိတ်ဝင်စားသွားသည်။

"ဘာများလဲဗျ၊ ကိုသန်းထိုက် စကားကလည်း ထူးထူးဆန်းဆန်းပါလား"

"တစ်ခါတုန်းက ကျွန်တော့်အဘွားကြီးကို ဆရာဆေးလာကုပေးတုန်းက ဆရာ့ရဲ့ကားပေါ်မှာ မိန်းကလေးတစ်ယောက် ပါလာတယ် မဟုတ်လား၊ ဆရာ မှတ်မိသေးလား"

"ဟာ ... မှတ်မိတာပေါ့ဗျာ၊ ကျွန်တော့်ကားပေါ်က မိန်းကလေးဆိုလို့ သူတစ်ယောက်ပဲ တင်ပြီးစီးဖူးပါတယ်ဗျာ၊ သူက ကျွန်တော့်ရဲ့ချစ်သူ၊ ချစ်ဦးသူလေး၊ ဘာဖြစ်လို့လဲ"

"ဩော် ... အဲဒီမိန်းကလေးကို ကျွန်တော် ဒီမနက် မန္တလေးအဆင်းကားမှာ တွေ့ခဲ့လို့"

"ဗျာ ... လမ်းမှာတွေ့ခဲ့တယ်၊ ဟာ ... ကျွန်တော့်ကို သေချာရှင်းပြပါဦးဗျာ"



ဒေါက်တာရဲမင်းဌေး လျှာခလုတ်တိုက်မတတ် ဖမ်းခါပါသည်။

စိတ်ထဲမှာလည်း ဇဝေဇဝါ ဖြစ်နေသည်။

ပွင့်သစ် ရန်ကုန်မှာစို။

ဘယ်လိုကြောင့် ...

ကိုသန်းထိုက်က မန္တလေးဆင်းကားမှာ တွေ့ခဲ့ပါလိမ့်။

"ဘယ်မှာတွေ့ခဲ့တာလဲ ကိုသန်းထိုက်ရဲ့"

"ပြင်ဦးလွင်မှာလေ"

"ဗျာ ... ပြင်ဦးလွင်မှာ"

ဒေါက်တာရဲမင်းဌေး မျက်စိလည်သွားရပြီပဲ။

ဦးထွန်းဦး ငါ့ကိုပြောတော့ ရန်ကုန်မှာ ပွင့်သစ်ရှိတယ်တဲ့။

"ဟုတ်ရဲ့လား ကိုသန်းထိုက်ရယ်၊ ခင်ဗျား လူမှားနေတာလားလို့"

"မမှားပါဘူးဗျာ၊ သူနဲ့တောင် ကျွန်တော် စကားပြောခဲ့ရပါသေးတယ်"

"ကိုသန်းထိုက်က ဘာပြောလိုက်လဲ"

ကိုသန်းထိုက်က အပိုင်ပြောလိုက်သည်။

သည်လိုဆို စဉ်းစားစရာပဲပေါ့။

ဒေါက်တာရဲမင်းဌေး ကိုသန်းထိုက်ကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းထိုက် အတည်ပေါက်နှင့် သူ့ကို နောက်နေသလား။

ဒါပေမဲ့ နောက်ရအောင်လည်း ကိုသန်းထိုက်နှင့်သူက သည်လောက်ကြီး မရင်းနှီးခဲ့ပါ။

"ကဲ ... ပြောပါဦးဗျာ၊ ကျွန်တော်က မွှင့်သစ် ရန်ကုန်သွားတယ်လို့ပဲ သိထားတာဗျ၊ ခုတော့ အံ့သြနေမိတာပေါ့ ...

"သူကြည့်ရတာလည်း ထိတ်ထိတ်ပျာပျာနဲ့ တစ်စုံတစ်ယောက် သူ့နောက်လိုက်လာနေသလိုပဲ၊ ကားကလည်း ခရီးသည်တစ်ယောက်ပဲ လိုနေချိန် သူရောက်လာတာနဲ့ ကားထွက်တော့တာပဲ ...

"ကားပေါ်မှာ သူနဲ့ကျွန်တော်က ကပ်လျက်နေရာရတယ်၊ ကားပေါ်ကျမှ သူကလည်း ကျွန်တော့်ကို မှတ်မိပုံရတယ်၊ ပြုံးပြပြီး အဘွားဆီ သွားမလို့လားလို့ နှုတ်ဆက်သေးတယ် ...

"ဒီတော့မှ ကျွန်တော် သူ့ကို မှတ်မိတာ၊ အဲဒါနဲ့ ကျွန်တော်က ဆရာရော မပါဘူးလားလို့ မေးတော့ မပါဘူးတဲ့၊ အခု ဆရာ့ဆီ သွားမလို့တဲ့ ...

"နောက် စကားမပြောဖြစ်ဘဲ လာခဲ့ကြတာ၊ အဲ နှစ်ဆယ့်တစ်မိုင်ကျတော့ ထုံးစံအတိုင်း ကားရပ်လို့ ကျွန်တော်တို့နှစ်ယောက်လည်း ဆင်းကြတာပေါ့၊ အဲဒီအချိန်မှာ ..."

ကိုသန်းထိုက် တဲတွေးမျိုချပြီးမှ ...



"အဲဒီအချိန်မှာ မန္တလေးဘက်က တက်လာတဲ့ ကားတစ်စီး ရောက်လာတယ်၊ ဆန်နီပစ်ကပ်လေးပဲ၊ အဲဒီကားလည်း မြင်ရော သူ မျက်လုံးပြူးသွားပြီး လက်ဖက်ရည်ဆိုင်နောက်ထဲ ဝင်ပြေးပါလေရောပဲဗျာ"

"လွတ်သွားလား"

"မလွတ်ဘူးဗျ၊ ကားပေါ်ကဆင်းလာတဲ့ လူကလည်း လျင်တယ်၊ ဆိုင်ရှင်ကိုပြောပြီး ဆိုင်နောက်ဘက်ကို လိုက်ဝင်သွားတယ်"

"မွှင့်သစ် ပြန်ပါသွားသလားဗျာ"

"ဒါတော့ ကျွန်တော်လည်း မသိတော့ဘူး၊ ကျွန်တော်တို့ကားက ထွက်လာခဲ့ပြီကိုး"

"နေပါဦး ... အခုနက ဒတ်ဆန်းဆန်နီကားပေါ်က ဆင်းလာတဲ့လူက ကြီးပြီလား"

"သိပ်တော့ မကြီးသေးဘူးဗျ၊ လေးဆယ့်ငါးနှစ်လောက်တော့ ရှိမယ်ထင်တယ်၊ အသားဖြူဖြူ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့၊ ဆိုင်ရှင်နဲ့ စကားပြောနေတာ ပြုံးပြီး သွားဆွယ်လေးနှစ်ချောင်းနဲ့ နေကာမျက်မှန် တပ်ထားတယ် ဆရာ"

"တောက် ... ရိုင်းလိုက်လေ ဦးထွန်းဦးရယ်"

ဒေါက်တာရဲမင်းဌေး သိပ်ကို ဒေါသထွက်သွားရှာသည်။

ဦးထွန်းဦး လူကြီးမပီသဘူး။ လူလိမ်ကြီးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဦး ဘာကြောင့် ငါ့ကို စကားမှန်မှန်မပြောဘဲ လိမ်ရတာလဲ။

ဒေါက်တာရဲမင်းဋ္ဌေး ငိုင်သွားသည်။

ဘာကြောင့် သူနှင့် ပွင့်သစ်ကို ဝေးအောင်ခွဲရတာလဲ။

သူ့ရင်ထဲမှာ ပဟေဠိမေးခွန်းတွေ အပြည့်အသိပ်ပါ။

"ခင်ဗျား ပြင်ဦးလွင်ကို ဘယ်တော့ပြန်မလဲ"

"မနက်ဖြန်မနက်စောစော ပြန်မယ် စိတ်ကူးတယ် ဆရာ၊ အဘွားကြီးကလည်း သက်သာနေပြီပဲ"

"ဒီလိုဆိုရင် ကျွန်တော် လိုက်ခဲ့ချင်တယ်ဗျာ"

"လိုက်ခဲ့ပါ ခင်ဗျာ ... လိုက်ခဲ့ပါ၊ ပြင်ဦးလွင်မှာ ဆရာလိုတဲ့အကူအညီ အားလုံးပေးပါ့မယ်"

"ကျေးဇူးပါပဲဗျာ၊ မနက်စောစော ခင်ဗျားအိမ်ကစောင့်၊ ဝင်ခေါ်မယ် ... ဟုတ်လား"

"စောင့်နေပါ့မယ်ဗျာ၊ ကဲ ... အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"ခင်ဗျားနဲ့ တွေ့ရတာ သိပ်ပျော်တာပဲဗျာ၊ မနက်ဖြန်ဆက်ဆက်စောင့်နေနော်"

"စိတ်ချပါ ဆရာရယ်၊ သွားပြီ"

ဘယ်ရမလဲ ဦးထွန်းဦးရယ်။



အလိမ်အညာဆိုတာမျိုးဟာ တစ်နေ့နေ့တော့ ပေါ်စမြဲပဲ။

ချစ်သူ ပွင့်သစ်ကို ရှာမြဲဆုံးပါစေ။ လိုက်ရှာရန် ဒေါက်တာရဲမင်းဋ္ဌေး ဆုံးဖြတ်လိုက်သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"ဖေဖေ့ကို မှန်မှန်ပြောစမ်း ပွင့်သစ်၊ သမီးနဲ့ မောင်ရဲမင်းဇွေးတို့ ကြိုက်နေကြပြီ မဟုတ်လား"

ဖေဖေ့ရဲ့အသံကား မိုးချုန်းသံအလားပမာ။

ဖေဖေ့ရဲ့မျက်နှာက နီနီရဲရဲ တင်းမာနေသည်။

နှစ်ဆယ့်တစ်မိုင်မှာတုန်းကတော့ ဖေဖေက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်။

သူ့ဒေါသတွေကို ဘယ်လိုထိန်းချုပ်ထားသလဲ မဆိုနိုင်။

"ဘယ်ကိုသွားမလို့လဲ သမီး"

ပွင့်သစ်ကို တွေ့တွေ့ချင်း သည်လို လေချိုသွေးခဲ့ပါသည်။

"သမီး ပြင်ဦးလွင်မှာ နေရတာ ပျင်းလို့လား၊ ဖေဖေ့ကို ပြောရောပေါ့ကွယ်၊ နောက် ဖေဖေ မန္တလေးကိုဆင်းရင် သမီးကို ခေါ်သွားပါ့မယ်၊ လာ ... လာ ... ပြန်စို့ သမီး၊



သမီးပျင်းရင် ရုပ်ရှင်ခွေကြည့်ရအောင်၊ တီဗီနဲ့ဒက်ပါ ဖေဖေ ယူလာခဲ့တယ်"

လေပျော့ပျော့လေးနှင့် ဖေဖေ ပြန်ခေါ်နေတော့လည်း ပွင့်သစ် ဖေဖေ့နောက် ပြန်လိုက်လာမိသည်။

ပြင်ဦးလွင်အတက် တစ်လမ်းလုံးမှာတော့ ပွင့်သစ် ငိုမစဲပါ။

အခုလို ထွက်လာတာကို ဖေဖေနဲ့မှ ပက်ပင်းတွေ့ရလေခြင်းလို့တွေးပြီး ပွင့်သစ် ရှက်စိတ်နှင့် မျက်ရည်များကျမိတာလည်းပါသည်။ နောက် ကိုယ်ရည်မှန်းထားသည့် အစ်ကို့ဆီကို မရောက်ဘဲ ဖေဖေနှင့် ပြန်လိုက်လာရသည့်အတွက် ဝမ်းနည်းလွန်းလို့ ငိုကြွေးမိတာလည်း ဖြစ်ပါသည်။

အိမ်ရောက်တော့ ဖေဖေ့ အမူအရာတွေ ချက်ချင်းပြောင်းသွားသည်။ မျက်နှာအမူအရာလည်း အပြောင်းအလဲ မြန်လိုက်တာ။ တတ်လည်း တတ်နိုင်တဲ့ ဖေဖေရယ်။

ခရီးတစ်လျှောက်လုံး အောင်းထားခဲ့သမျှ ဒေါသတွေက ရေအိုးကြီး ပေါက်ခွဲချလိုက်သလို အလုံးအရင်းနှင့် ပေါက်ကွဲထွက်လာသည်။

"ပြောစမ်း ... ငါမေးနေတာကို၊ ငိုမနေနဲ့"

ဖေဖေ အားမလို အားမရ ထပ်မေးနေသည်။

ပွင့်သစ် အံကြိတ်လိုက်သည်။

နောက် ဖေဖေ့ကိုမကြည့်ဘဲ ...

"ဟုတ်တယ် ... ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"တောက် … သိပ်ဟုတ် … သိပ်ကောင်း၊ ဟား ဟား… ဒီလူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာဇာစ်မြစ်မှ မသိဘဲ ကြိုက်လိုက်ပြီ၊ ဟား ဟား … ကောင်းကွာ၊ ကြိုက်စရာ ဒီလောက်ပဲ ရှားသလား … ဟင်"

ဖေဖေ ရူးများသွားလေပြီလား။

အော်လိုက် ရယ်လိုက်၊ တောက်ခေါက်လိုက်နှင့်။

ပွင့်သစ် ငိုနေသည့်ကြားကပင် ဖေဖေ့ကို မော့ကြည့်လိုက်မိသည်။

"ဒီမှာ သမီး၊ သူ့ကိုချစ်နေတဲ့ သမီးရဲ့စိတ်တွေ အကုန်လုံး ဖယ်ထုတ်ပစ်လိုက်လို့ မရဘူးလားဟင်၊ စွန့်ပစ်လိုက်စမ်းပါ၊ သူ့ကို မေ့ပစ်လိုက်စမ်းပါ၊ ဒီလောကမှာ ဒီလူနဲ့ တစ်ခါမှ မဆုံမိဘူးလို့ အောက်မေ့လိုက်စမ်း"

ပြင်းထန်လွန်းသော အမိန့်တစ်ခု ဖေဖေ ပေးနေပြန်သည်။

"ဖေဖေရယ် … မဖြစ်နိုင်တာတွေ မပြောပါနဲ့၊ သမီး သူ့ကိုချစ်တယ်၊ သိပ်ချစ်တယ် ဖေဖေ၊ မခွဲနိုင်ဘူး"

ပွင့်သစ် ဖေဖေ့ခြေထောက်ကိုဖက်၍ ငိုရှိုက်ရင်း ပြောလေသည်။

"ဘာ … ဘာမဖြစ်နိုင်တာတွေလဲ၊ ဖြစ်နိုင်ရမယ်၊ ဖြစ်ကို ဖြစ်ရမယ်၊ မဖြစ်နိုင်ဘူးဆိုတာ သမီးတို့နှစ်ယောက်ပေါင်းဆုံဖို့ကိစ္စပဲရှိတယ်၊ သမီးတို့နှစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘယ်တော့မှလဲ မဖြစ်စေရဘူး၊ အဲဒါ မြဲမြဲမှတ်ထား"



"ဖေဖေရယ် … သူ့မှာ ဘာအပြစ်များ ရှိလို့လဲဟင်"

"အပြစ်သိပ်ရှိတယ်"

ဖေဖေ စကားကို တုံးတိတိကြီး ပြောလိုက်သည်။

ဖေဖေ့ကြည့်ရတာ ကြောက်စရာ ကောင်းနေသည်။

မျက်လုံးကြီးများနီရဲပြီး အဆမတန် ပြူးထွက်နေသည်။

အကြီးအကျယ် စိတ်တုန်လှုပ်နေပုံလည်း ရပါသည်။

ပွင့်သစ် ဖေဖေ့ကို လုံးဝနားမလည်နိုင်။

"ဖေဖေရယ် … သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ ဘာဖြစ်လို့ ဖေဖေ လက်မခံနိုင်တာလဲဆိုတာ သမီး မသိရဘူးလားဟင်"

ဦးထွန်းဦး ဘာမှပြန်မပြော။

တုံဏှိဘာဝေ လုပ်နေသည်။

"ပြောပါ ဖေဖေရယ်၊ သူ့အပြစ်ကို သမီးသိရရင် ကျေနပ်ပါပြီ၊ သူ့ကို မချစ်နဲ့ဆို သမီး မချစ်တော့ပါဘူး"

"တော်စမ်း သမီး၊ အဲဒီအပြစ်ကို မပြောနိုင်ဘူး၊ ဘာမှ ထပ်ပြီး မမေးနဲ့၊ ဖေဖေ့ကို ဘာမှ မိချောင်းမင်း ရေခင်း မပြနဲ့၊ အဲဒီလူနဲ့ ကနေ့ကစပြီး အဆက်အသွယ်ဖြတ်ပါ၊ အခုလိုထပ်ပြီး ထွက်ပြေးမယ်ဆိုရင် နင့်ကို ငါသတ်ပစ်မယ်၊ ငါကိုယ်တိုင်ကို သတ်မယ် … မှတ်ထား"

ဖေဖေက သမီးကိုသတ်ပစ်မယ်တဲ့။

ရက်စက်လှချည်လား ဖေဖေရယ်။

ဖေဖေ သတ်မယ်ဆိုရင် သမီး သေရဲပါတယ် ဖေဖေရယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ... ဒေါ်လေး"

ဖေဖေ တအားကုန်းအော်ခေါ်နေပြန်သည်။

"ဘာလဲ မောင်ထွန်းဦး၊ ငါ့နား ကောင်းပါတယ်ဟာ၊ ဘာဖြစ်လို့ ဒီလောက် အော်ခေါ်နေတာလဲ၊ တိုးတိုးခေါ်လည်း ရပါတယ်"

"ကျွန်တော့်ရဲ့သမီး ပွင့်သစ်ကို ဒေါ်လေးလည်း ဒီထက်ပို ဂရုစိုက်ပါ၊ ကြည့်ပါ၊ ဒီလူနဲ့ နောက်ထပ်မတွေ့ရအောင် ကြိုးစားပြီး စောင့်ရှောက်ထိန်းသိမ်းပေးပါ"

"ခက်တယ် မောင်ထွန်းဦး၊ ငါလည်း တတ်နိုင်သမျှကြည့်ရှုစောင့်ရှောက်ပါတယ်ကွယ်၊ ငါ့မှာ မျက်လုံးနှစ်လုံးပဲရှိတော့ ဒါ လက်ကုန်ပဲ"

"ပွင့်သစ်ကို ကျွန်တော် ဒီမှာ ကြာကြာမထားပါဘူး ဒေါ်လေး၊ အမြန်ဆုံး ကျွန်တော် ပြောင်းပေးမယ်၊ မန္တလေးနဲ့ ဝေးရာအရပ်ကို ကျွန်တော် ပြောင်းပေးမယ်၊ အခုလတ်တလောကလေးတော့ ဒေါ်လေး အရင်ထက်ပိုပြီး ဂရုစိုက်ပေးပါနော် ဒေါ်လေး၊ ကျွန်တော့်မှာ ဒီသမီးတစ်ယောက်တည်း အစွမ်းကုန် ချစ်နေရတာပါဗျာ"

"ဒီကလေးကို ပွင့်သစ်နဲ့ ဘာလို့ မင်းက သဘောမတူရတာလဲ မောင်ထွန်းဦး"

"ကျွန်တော် နောက်တော့ ရှင်းပြပါ့မယ် ဒေါ်လေးရယ်၊ အေးအေးဆေးဆေး ဖြစ်တဲ့အခါကျရင် ကျွန်တော် အစုံရှင်းပြပါမယ်၊ အခုတော့ ခဏသည်းခံပါဦးဗျာ၊ ကျွန်တော် ခေါင်းရှုပ်နေသေးလို့"



"သမီးလေး တိတ်တော့နော်၊ သမီး သိပ်ပြီးပင်ပန်းနေပြီ၊ အိပ်ခန်းထဲမှာ သွားနားနေဦးနော်"

ဒေါ်လေးက တယုတယနှင့် ပွင့်သစ်ကိုတွဲပြီး အိပ်ခန်းထဲ ပို့ပေးသည်။

ကိုကိုရယ် ...။ ပွင့်သစ်ရဲ့အဖြစ်ကို မြင်လှည့်ပါဦး၊ ပွင့်သစ်တော့ ငိုရပြန်ပြီ။

ပွင့်သစ် လှောင်ချိုင့်ထဲမှာ အစ်ကို့ကို လွမ်းလွန်းလို့ ဆက်ပြီးငိုနေရဦးမှာပါ။

ပွင့်သစ်ရဲ့အဖြစ်တွေကို အစ်ကိုရယ် မြင်စမ်းစေချင်ပါတယ်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"ဒေါ်လေး"

မျက်နှာချင်းဆိုင် လျှောက်လာနေသော ပွင့်သစ်ရဲ့ ဒေါ်လေးကို ဒေါက်တာရဲမင်းဒွေး ဆီးကြိုနှုတ်ဆက်လိုက်၏။

တပ်ထားသည့်နေကာ မျက်မှန်ကိုလည်း ချွတ်လိုက်သည်။

ထပ်ထားသည့် နေကာမျက်မှန်ကိုလည်း ချွတ်လိုက်သည်။

မထင်မှတ်ဘဲ ဒေါက်တာရဲမင်းဒွေးကို တွေ့လိုက်ရသော ဒေါ်လေးမှာ တုန်လှုပ်ချောက်ချားသွားပုံရသည်။

အသံပင်လျှင် တုန်တုန်ယင်ယင် ဖြစ်သွားပြီး ...

"မောင်ရဲမင်းဒွေး ... မဟုတ်လား"

ပြန်လည် နှုတ်ဆက်လိုက်သည်။

"ဟုတ်ပါတယ် ဒေါ်လေး၊ ကျွန်တော် ရဲမင်းဒွေးပါ၊ ဒေါ်လေးနဲ့ တွေ့ရတာ ကျွန်တော် အရမ်းဝမ်းသာတာပဲ ဗျာ၊ သိပ်ကို ဝမ်းသာမိပါတယ်"



ဒေါက်တာရဲမင်းဒွေးက ဝမ်းသာအားရ နှုတ်ဆက်လိုက်သော်လည်း ဒေါ်လေးကတော့ အရင်လိုမဟုတ်။

ဒေါက်တာရဲမင်းဒွေးအပေါ် လှိုက်လှိုက်လှဲလှဲ မရှိပါ။

"ပြင်ဦးလွင်ကို အလည်လာတာလားကွယ်"

ဝတ္တရားကျေရုံ ဒေါ်လေးက ပြန်နှုတ်ဆက်လိုက်သည်။

ဒေါက်တာရဲမင်းဒွေးက မချိုမပြုံးကလေး ပြုံးပြပြီး ...

"ပြင်ဦးလွင်မှာ ပွင့်သစ် ရောက်နေတယ်ကြားလို့ လာရှာတယ် ဒေါ်လေးရယ်"

ချက်ချင်းပဲ ဒေါ်လေးမျက်နှာ ပျက်သွားသည်။

ခေါင်းကိုလည်း ငုံ့ပစ်လိုက်သည်။

ဒေါ်လေးတစ်ယောက် ပွင့်သစ် နာမည်ပြောလိုက်တာနှင့် အမူအရာတွေ အရမ်းပျက်သွားရသည်။

"ကျွန်တော် ပွင့်သစ်ကို တွေ့ပါရစေ ဒေါ်လေးရယ် ကျွန်တော့်ကို ကူညီမယ် မဟုတ်လားဟင် ဒေါ်လေး"

ဒေါက်တာရဲမင်းဒွေး မရှက်နိုင်တော့ပါ။

ပြင်ဦးလွင်ဈေးလယ်ကောင်ထဲမှာပင် ဒေါ်လေးကို အလွတ်မပေးဘဲ ချက်ချင်း အကူအညီ တောင်းလိုက်သည်။

ဒေါ်လေးကတော့ တွေဝေနေသလိုလို [illegible] သလိုလို လုပ်နေသည်။

စကားတစ်ခွန်းမှ ပြန်မတုံ့သေး။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးရယ် ... ကျွန်တော့်ကို စကားလေးများ ပြန်ပြောပါဦး၊ ပွင့်သစ်နဲ့ ကျွန်တော့်ကို တွေ့ခွင့်ပေးပါလား ဒေါ်လေးရယ်၊ တွေ့ခွင့်ပေးမယ် မဟုတ်လား ဒေါ်လေး"

ဒေါ်လေး ပြန်ခေါင်းကိုမော့ပြီး ...

"ဝမ်းနည်းပါတယ် မောင်ရဲမင်းဒွေး၊ ဒေါ်လေးကို စိတ်မရှိပါနဲ့ကွယ်၊ ပွင့်သစ်နဲ့ တွေ့ခွင့်မပေးနိုင်ဘူး"

ဒေါ်လေးထံမှ ပြတ်ပြတ်သားသား အဖြေစကားကြောင့် ဒေါက်တာရဲမင်းဒွေး ငိုင်ကျသွားသည်။

"ကဲ ... ဒေါ်လေးကို ခွင့်ပြုပါ၊ ဒေါ်လေးသွားမယ် မောင်ရဲမင်းဒွေး"

ဒေါ်လေး နှုတ်ဆက်စကား ဆိုလေပြီ။

"နေပါဦး ဒေါ်လေးရယ်၊ ခဏကလေး နေပါဦး၊ ကျွန်တော် ပြောစရာလေးတွေ ရှိလို့ပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

ဒေါက်တာရဲမင်းဒွေး စကားကြောင့် ဒေါ်လေး ခပ်ဆတ်ဆတ်ကလေး ပြန်ပြောသည်။

"ပြောစရာရှိ မြန်မြန်ပြောကွယ်၊ ဒေါ်လေးလည်း အချိန်မရဘူး"

"ပွင့်သစ် အခု ဘယ်မှာလဲ"

"ဒေါ်လေးတို့နဲ့ နေတာပေါ့"

"ကျွန်တော် တွေ့ပါရစေ၊ တွေ့ခွင့်ပေးပါဗျာ"

"တွေ့ခွင့်မပေးနိုင်ဘူးလို့ ဒေါ်လေး ပြောပြီးပြီပဲ၊ ကဲ ... သွားပါရစေတော့"



ဒေါ်လေး ဒါပဲပြောပြီး လှည့်ထွက်သွားတော့သည်။

ဒေါက်တာရဲမင်းဒွေးက ဒေါ်လေးနှင့် ဘေးချင်းယှဉ်လျှောက်လိုက်လာရင်း ...

"ပွင့်သစ်နဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ မတွေ့စေချင်ကြရတာလဲ ဒေါ်လေး"

"ပွင့်သစ်ရဲ့အဖေက တားထားတာပဲကွယ်"

"ဘာလို့ တားထားရတာတဲ့လဲ"

"အို ... မသိပါဘူးကွယ်၊ ဒေါ်လေး ဘာမှမသိပါဘူး မောင်ရဲမင်းဒွေးရယ်၊ ဒေါ်လေးကို ဆက်ပြီးအနှောင့်အယှက်မပေးပါနဲ့တော့နော်၊ ဒေါ်လေး လွတ်လွတ်လပ်လပ်သွားပါရစေ"

ဒေါ်လေးက ယဉ်ယဉ်ကျေးကျေးလေး ဒေါက်တာရဲမင်းဒွေးကို တောင်းပန်စကားဆိုပြီး ခပ်သုတ်သုတ် ဆက်လျှောက်သွားသည်။

ဒေါက်တာရဲမင်းဒွေးလည်း ဒေါ်လေးနောက်ကို ဆက်ပြီး လိုက်မသွားဘဲ အသာရပ်ကြည့်နေလိုက်သည်။

ဒေါ်လေးက ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့်ကြည့်နေသေးသည်။

ဒေါ်လေး နောက်ကို ခြေရာခံလိုက်ရန် အတွက် ဒေါက်တာရဲမင်းဒွေး ဈေးထွက်ပေါက်နားက လက်ဖက်ရည်ဆိုင်ဆဲသို့ ဝင်လိုက်သည်။

ပွင့်သစ်ရေ ... အစ်ကို လိုက်လာပြီနော်။

❄ ✳ ❄

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးရင်ထဲမှာ နည်းနည်းမှမကောင်း။

ဒေါက်တာရဲမင်းဗွေအား ပြတ်ပြတ်တောက်တောက် ဆက်ဆံလိုက်ရသည့်အတွက်ကြောင့်ပင်။

ဒေါက်တာရဲမင်းဗွေသည် တကယ်တော့ သူတို့မိသားစု၏ ကျေးဇူးရှင်လူကောင်းတစ်ယောက်။

မိကောင်းဖခင် သားသမီးပီသစွာ သူတို့မိသားစုအပေါ်မှာ ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ရှာသည်။

ပြီးတော့ ပညာတတ်တစ်ယောက်။

အလုပ်အကိုင်ကလည်း ဆရာဝန်။

သည်လိုလူငယ်လေးက ပညာအရည်အချင်း ပြည့်စုံရက်သားနဲ့ မောင်ထွန်းဦး ဘာကြောင့် ကလေးတွေရဲ့ချစ်ချင်းမေတ္တာကို ခွဲရပါလိမ့်။

မောင်ထွန်းဦး မတရားဘူး။

သည်ကိစ္စမှာ မောင်ထွန်းဦး လုပ်ကိုင်ပုံတွေ လုံးဝမတရားပါ။

သူလည်း သည်ကိစ္စမျိုးမှာ အတွေ့အကြုံ ရှိခဲ့ဖူးပြီးသား ဖြစ်ပါလျက်နှင့်။



မစိမ်းစို နိုင်ငံခြားထွက်သွားခါစတုန်းက သူ့မှာ အရူးကြီးပမာ နေမထိ ထိုင်မသာ။

မရှုနိုင်၊ မကယ်နိုင်။

မှိုင်တွေချနေပြီးတော့။

ကိုယ်ချင်းမှ မစာတတ်ပလေ။

အဲသည်တုန်းက ဒေါ်လေးမှာ စိတ္တဇဝေဒနာသည် အစ်ကိုဖြစ်သူကို ပြုစုရတာကတစ်ဖက်။

တူတော်မောင်ကို နှစ်သိမ့်ချော့မော့ အားပေးရတာကတစ်ဖက်နှင့် ဗျာများခဲ့ရတာ အမောပါပဲ။

"အချစ်အကြောင်း ဒေါ်လေးထက် မင်းက အသိဆုံးပါ၊ ခံစားခဲ့သူမို့လေ"

အဲသည်လို အော်အော်ပြီး ပြောလိုက်ချင်ပါရဲ့။

ဟုတ်သည်လေ။

သူများကတော့ တစ်သက်လုံး တစ်ကိုယ်တည်း အပျိုကြီးဘဝ မဟုတ်လား။

မောင်ချစ် နှမချစ်ပဲ သိတာပေါ့။

သမီးရည်းစားအချစ်ကို ဘယ်သိပါ့မလဲ။

ဒါတောင် သူ့ထက်ငါက ကိုယ်ချင်းစာတတ်သေးတယ်။

အခုကြည့်စမ်း ...။

သူလုပ်လို့ ကလေးနှစ်ယောက် ဘယ်လောက်စိတ်ဆင်းရဲကုန်ပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်က ပွင့်သစ်ဆိုလည်း တစ်နေ့ တစ်နေ့ မျက်ရည်နဲ့ မျက်ခွက်။

ထမင်းလည်း မစားနိုင်။

ကောင်းကောင်းလည်းမအိပ်။

စကားလည်း သိပ်ပြီးမပြော။

တွေဝေ ငိုင်ငေးနေတာ။

ဒေါ်လေးမှာတော့ မောင်ထွန်းဦးတုန်းက တစ်ခါ။

ဟော ... အခု သူ့သမီး ပွင့်သစ်ကျတော့ တစ်ခါ။

မြင်ဖူး တွေ့ဖူး ကြုံဖူးနေရပြီ။

မောင်ရဲမင်းဌေး ခမျာလည်း အစေးကမပြေလာရပြီးမှ ရင်ဝကို ဖနောင့်နှင့် ကန်ခံလိုက်ရသလို အမောဆိုက်သွားရရှာမှာပဲ။

ကြက်ကြီး လည်လိမ်ချိုးခံရသည့်ပုံစံနှင့် ကျန်ရစ်ခဲ့ရှာပြီ။

သူ ဈေးထဲပြန်လှည့်ကြည့်တော့ မောင်ရဲမင်းဌေးလေးခမျာ ခေါင်းကို ငိုက်စိုက်ချလို့။

အတော်လေး စိတ်ဆင်းရဲသွားပုံပဲ။

ဒေါ်လေး တစ်စုံတစ်ခု ဆုံးဖြတ်ချက် ချလိုက်လေသည်။

"မောင်ထွန်းဦးရေ ... မင်း ငါ့ကို စိတ်ဆိုးရုံအပြင် ဘာလုပ်နိုင်မှာလဲ၊ ကလေးတွေကိစ္စကို ငါ မကြည့်ရက်တော့လို့ ငါ ကူညီလိုက်တယ်ဟော့"



သည်တစ်ခါ မောင်ထွန်းဦး ပြောရင်လည်း ငါသည်လိုပဲ အော်ပြောလိုက်မယ်ဟု ဒေါ်လေး စိတ်ကူးပြီး ဈေးထဲမှ ထွက်လာခဲ့သည်။

ဒေါက်တာရဲမင်းဌေးကို ရှာရန်ပ။

ဒေါ်လေး သိပ်ပြီးမရှာလိုက်ရ။

ဈေးထွက်ပေါက်နားက လက်ဖက်ရည်ဆိုင်မှာ ငေးမှိုင်ပြီး ထိုင်နေသော ဒေါက်တာရဲမင်းဌေးကို ဒေါ်လေး အဆင်သင့် တွေ့လိုက်ရ၏။

ဒေါက်တာရဲမင်းဌေးကတော့ ဒေါ်လေးကိုမတွေ့။

"မောင်ရဲမင်းဌေး"

ဒေါက်တာရဲမင်းဌေး လန့်ဖျပ်ပြီး မော့ကြည့်ရှာသည်။

ပြီးမှ ...

ဖျာပျာသလဲ အားရဝမ်းသာ ပြုံးချိုစွာဖြင့် ...

"ဟာ ... ဒေါ်လေး၊ လာထိုင်ပါ၊ ဘာသောက်မလဲ၊ လက်ဖက်ရည်လား၊ ကော်ဖီလား၊ အအေးလား"

"ဘာမှ မသောက်တော့ဘူးကွယ်၊ ဒေါ်လေး မောင်ရဲမင်းဌေးတို့ကိစ္စကို အကူအညီပေးမလို့ လာခဲ့တာပဲ"

"ခင်ဗျာ"

ဒေါက်တာရဲမင်းဌေး အံ့အားသင့်သွားရသည်။

ပြီးမှ အားရဝမ်းသာစွာဖြင့် ...

"ကျေးဇူးတင်လိုက်တာ ဒေါ်လေးရယ်၊ ဒေါ်လေးရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး၊ ဒါဖြင့် ကျွန်တော် ပွင့်သစ်နဲ့ တွေ့ရမယ်ပေါ့၊ ဟုတ်လား ဒေါ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး တွေ့ခွင့်တော့ မပေးနိုင်ဘူး၊ ဒေါ်လေး တတ်နိုင်တာက မောင်ရဲမင်းဌေး ပွင့်သစ်ဆီ စာကလေး ဘာလေး ပေးချင်တယ် ဆိုရင်တော့ ယူသွားပေးမယ်လေ"

"ဟာ ... ဒါလည်း ကောင်းပါတယ် ဒေါ်လေး၊ ကျွန်တော် အခုပဲ ရေးပေးပါ့မယ်၊ ခဏလေးနော်"

ဒေါက်တာရဲမင်းဌေး အိတ်ထဲက စာရွက်တစ်ရွက် ထုတ်ပြီး စာအမြန်ရေးနေလိုက်သည်။

"မြန်မြန်ရေးနော် မောင်ရဲမင်းဌေး၊ ဒေါ်လေးမှာ အချိန်သိပ်မရဘူးကွယ့်"

ချစ်သူတို့၏ အတွေ့အကြုံမျိုး ဒေါ်လေးမှာမရှိ။

ဒါကြောင့် ပွင့်သစ်တို့နှစ်ယောက်ကြား ကူညီလို့သာ နေရသည်။ ဒေါ်လေးမှာ ရှက်သလိုလို၊ ရင်ဖိုသလိုလိုနှင့်။

"ပြီးပြီ ဒေါ်လေး ... ရော့"

စာရွက်ကလေးကို ဒေါ်လေး ရင်ဘတ်ထဲ ထိုးထည့်ရင်း ...

"ကဲ ... ဒေါ်လေး သွားတော့မယ်၊ စိတ်အေးအေးသာထားနေနော်"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ သိပ်ကျေးဇူးတင်တာပဲ၊ သြော် ... ဒါနဲ့ ပွင့်သစ် နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွယ် ... ကောင်းပါတယ်၊ ကဲ ... သွားမယ်နော်"

သူများအကျိုး သည်ပိုးခဲ့ရလို့ထင့်။

ဒေါ်လေးစိတ်ထဲ ပီတိတွေ ဖြာနေသည်။



ခြေလှမ်းများလည်း ပိုပြီးသွက်လက်နေသလိုလို။

သြော် ... အချစ် ... အချစ် ... တယ်လည်း စွမ်းအားကြီးပါလားကွယ်။

"တို့ရင်ထဲက ခံစားချက်တွေက ပြင်းထန်လွန်းပါတယ်၊ တို့လေ ရင်တွေကွဲမတတ်၊ အသည်းတွေ ကြေကျမတတ် ချစ်တယ်၊ သိပ်ချစ်တယ်၊ အဟုတ်ချစ်တယ်၊ တကယ်ချစ်တယ်၊ ရူးမလောက်အောင်ပဲ ချစ်မိတယ်"

သူ့နှုတ်များက တတွတ်တွတ်ပြောလျက်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

အစ်ကို သိပ်နိုပ်စက်တယ်။ တစ်ညလုံးပဲ ဆိုပါတော့။ ကောင်းကောင်းအိပ်လို့မရပါ။

မနက်စောစောမှာ အစ်ကို့နောက် လိုက်ရတော့မှာမို့ ပွင့်သစ် နှလုံးသား လှုပ်ရှားလွန်း၍ အိပ်မပျော်ဖြစ်နေတာလည်းပါသည်။

ဘဝအသက်ထက်ဆုံး အစ်ကိုနှင့် အတူတူနေကြရမှာမို့ ရှေ့ရေးတွေကိုတွေးပြီး ကြိုပျော်နေတာကြောင့် ပွင့်သစ် မအိပ်နိုင်တာလည်းပါသည်။

ဒါတွေကြောင့် ပွင့်သစ်ခမျာ တစ်ညလုံး ကြက်အိပ်ကြက်နိုး။

"ပွင့်သစ် ...

လာမယ့် တနင်္ဂနွေနေ့မနက် လေးနာရီ ခြံအပြင်ထွက်ခဲ့ပါ။ အစ်ကိုစောင့်နေမယ်။ ရွှေငွေပစ္စည်း ဘာတစ်ခုမှ မယူခဲ့ပါနဲ့နော် ...

ချစ်ရဲ့ ...

အစ်ကို

ခေတ္တ ပြင်ဦးလွင်မြို့"



ဒေါ်လေး ယူလာခဲ့သော အစ်ကိုရဲ့စာကို ပွင့်သစ် တစ်ဆယ့်လေးငါးကြိမ်မက အခေါက်ခေါက် အခါခါ ဖတ်ခဲ့ပြီးပြီမို့ အလွတ်ပင် ရနေပြီ။

အစ်ကို့စာ ဖတ်ပြီးပြီးချင်း ပွင့်သစ် ဘာလုပ်ရမှန်းမသိ။

ရုတ်တရက် ကြောင်သွားမိသည်။

ဟုတ်တယ်လေ။

ဝမ်းနည်းပက်လက် ဖြစ်နေရသော ပွင့်သစ် နှလုံးသားလေး ပြုန်းခနဲ အရမ်းကြီးကို ပျော်သွားရတာကို။

"ပွင့်သစ် ဘာလုပ်ရမလဲ ဒေါ်လေးရယ်၊ ပြောပါဦး၊ ပွင့်သစ် ဘာလုပ်ရမလဲဆိုတာ"

"ဘာလုပ်ရမလဲ၊ တစ်ခါတည်း လိုက်သွားပေါ့၊ နို့မို့ရင် နှင့်အဖေကြောင့် နင်တို့ တစ်သက်လုံး ဝေးကြရတော့မှာ"

"ဒါဖြင့် ပွင့်သစ်ကို ကူညီပါနော် ဒေါ်လေး၊ ဖေဖေလည်း မသိစေနဲ့နော်"

"အောင်မယ်လေး ... မိပွင့်သစ်ရယ်၊ နှင့်အဖေကို ပေးသိချင်မှတော့ ဒီစာကို နှင့်ဆီတောင် ရောက်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ် ဒေါ်လေးရယ်၊ ပွင့်သစ် ဒေါ်လေးရဲ့ကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး၊ ဒါကြောင့် ဒေါ်လေးကို ပွင့်သစ် အားလည်းကိုးတယ်၊ သိပ်လည်းချစ်တာပဲ သိလား"

ပွင့်သစ် သည်လိုချွဲလိုက်သဖြင့် အဘွားကြီးမှာ သဘောတွေကျပြီး အရည်ပျော်သွားမတတ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးလေး စိတ်မချမ်းသာတာကို ဒေါ်လေး မကြည့် ရက်ပါဘူး၊ ဒါကြောင့် စိတ်ချ၊ ဒေါ်လေး ကူညီမယ်၊ အခုမှ သောကြာနေ့ ရှိသေးတာပဲ"

ဟော ... အခုတော့ အစ်ကိုချိန်းတဲ့ တနင်္ဂနွေတော့ ရောက်လာပြီ။

မကြာမီ အရုဏ်လာတော့မည်။

အရုဏ်ထက်စောပြီး အစ်ကိုရောက်လာမှာပါလား လို့လို့ ကြားလိုက်ရသည်။

ပွင့်သစ် ဝမ်းသာလွန်းလို့ ရင်တွေ အရမ်းခုန်နေ သည်။

တစ်ညလုံး လက်မှာပတ်ထားသည့် ညကြည့်လက် ပတ်နာရီလေးကိုပဲ ကြည့်နေသည်။

"ဟင် ... သုံးနာရီတောင် ခွဲတော့မယ်"

ပွင့်သစ် တိုးတိုးလေး ရေရွတ်လိုက်မိသည်။

ကပျာကရာ အိပ်ရာမှ လူးလဲထလိုက်သည်။

ပွင့်သစ်နဲ့အတူ အိပ်နေသော ဒေါ်လေးလည်း နိုး လာရသည်။

"ဘယ်နှနာရီ ထိုးပြီလဲကွယ့်"

"သုံးနာရီခွဲနေပြီ ဒေါ်လေး"

"ဒီလိုဆို မြန်မြန်လုပ်လေ၊ လုပ်စရာတွေလုပ်"

ပွင့်သစ် ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ရေချိုးခန်းထဲဝင်ပြီး သွားတိုက် မျက်နှာသစ်၊ ကိုယ် လက်သန့်ရှင်းမှုကို အမြန်ဆုံး လုပ်ပစ်လိုက်သည်။



မျက်နှာတွင် သနပ်ခါးလေးလိမ်းပြီး အဝတ်အစား အမြန်ဝတ်ကာ ...

"ချမ်းလိုက်တာ ဒေါ်လေးရယ်"

ပွင့်သစ် အေးမြသော ပြင်ဦးလွင်၏ ရာသီဥတုကို ညည်းညူလိုက်မိသည်။

"ကဲ ... ညည်းမနေနဲ့၊ အချိန်မရှိဘူး၊ မြန်မြန်လုပ်"

"ဒါနဲ့ ခြံစောင့်အဘိုးကြီးကို စိတ်ချရပါ့မလား ဒေါ်လေး"

"စိတ်မပူနဲ့၊ ဒီအဘိုးကြီး မနက်လင်းတာတောင် နိုးမှာ မဟုတ်ဘူး၊ ငါ လက်ဖက်ရည်ထဲ အိပ်ဆေးထည့်ပြီး တိုက်ထားတယ်"

"ဒါနဲ့ ဖေဖေရော"

"ညည်းအဖေလည်း ဒီလမ်းပဲပေါ့အေ"

"ဟီး ... ဟီး"

သည်တစ်ခါ သူ ထွက်ရမယ့် ခရီးလမ်းပန်းက သာယာလှပနေသည် မဟုတ်လား။

"ဒါကြောင့် ဒေါ်လေးကို သိပ်ချစ်တာ"

"လာပြန်ပြီ၊ မိန်းမကိုက အူမြူးနေတာ၊ တော်ကြာ လွဲ သွားဦးမယ်"

"ဟင် ... ဒေါ်လေးကလည်း ပါးစပ်ပုပ်ကြီးနဲ့၊ သွားပြီး ရေဆေးလိုက်"

"ကဲ ... ဖြီးလို့ လိမ်းလို့ ပြီးပြီလား၊ လေးနာရီထိုးခါနီး ရင် အောက်ဆင်းကြမယ်"

"ပြီးပါပြီ ဒေါ်လေးရယ် ... ပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"လာ ... သွားကြမယ်"

အိမ်ရှေ့ပေါက်ကို သူတို့ မသုံးရဲပါ။

နောက်ဖေးကပဲပတ်ပြီး ထွက်ကြရသည်။

ခြံစောင့်အဘိုးကြီးတဲနား မရောက်တရောက်မှာ ဒေါ်လေးက ခဲလုံးတစ်လုံးနှင့် လှမ်းပစ်ပေါက်လိုက်သည်။

ပွင့်သစ် မျက်လုံးပြူးသွားပြီ။

"ဘာလုပ်တာလဲ ဒေါ်လေးရဲ့"

"အိုအေ ... အိပ်ပျော်နေမနေ စမ်းကြည့်ရတာပေါ့"

ဒေါ်လေး ပေါက်လိုက်သည့်ခဲက တဲနံရံကို ဘုတ်ခနဲမြည်အောင် ထိမှန်သွားသည်။

ဒါပေမဲ့ အဘိုးကြီးထမှ တုတ်တုတ်မလှုပ်။ ဘာသံမှမကြား။

ကဲ ... ကြည့်။ အိပ်ပျော်နေတယ် မဟုတ်လားဆိုသည့် သဘောမျိုး။

"သွားတော့ သမီး"

ခြံဝနားအရောက် ဒေါ်လေး ပြောလိုက်ခြင်းပါ။

ပွင့်သစ် အားငယ်သွား၏။

"နေပါဦး ဒေါ်လေးရယ်၊ ခဏလေး နေပါဦး၊ သူလာမှ သွားပါနော်"

"အို ... အေ၊ တော်ကြာ နှစ်ယောက်စလုံး ပြန်မိနေဦးမယ်၊ အယ် ... ခုမှ သတိရတယ်"

"ဘာလဲဟင် ဒေါ်လေး၊ ဘာလဲ"

ပွင့်သစ် အလန့်တကြား ပြန်မေးလိုက်၏။



"ငါ ကလေးကို လိပ်စာမပေးမိခဲ့ဘူး၊ သူကလည်းမမေးရှာဘူး၊ ဒုက္ခပါပဲတော်"

ပွင့်သစ် အရမ်းစိတ်ညစ်သွားရသည်။

သည်လိုဆို အစ်ကို ဘယ်လိုလုပ်ပြီး လာမလဲ။

"ဒေါ်လေးကလည်း လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ အခု ဘယ်လိုလုပ်ကြမလဲ"

"အရေးထဲ ညည်းကလည်း ငါ့အပြစ်တင်နေသေးတယ်၊ ယောကျ်ားလေးပဲ၊ ကြံဖန်လာမှာပေါ့"

ပွင့်သစ်ရဲ့ ခုနက အစ်ကိုနဲ့တွေ့ရတော့မှာမို့ ပျော်ခဲ့တာလေးတွေတောင် ဘယ်ကိုထွက်ပြေးကုန်ပြီလဲ မသိ။

"ဒီလိုဆိုရင် နေပါဦး ဒေါ်လေး၊ သမီးကို စောင့်ပေးနော်"

"နှိပ်စက်ကြပါ ... နှိပ်စက်ကြပါနော်၊ အမယ်လေး ... ချမ်းလိုက်တာ တုန်နေတာပဲနော်"

ဒေါ်လေးက ညည်းညူရင်း ထင်းရှူးပင်ရိပ်အကွယ်မှာ ထိုင်ချရင်း ဒူးနှစ်ဖက်ကို လက်နှင့်ပိုက်ထားလိုက်သည်။

လာမှ လာတတ်ပါ့မလား အစ်ကိုရယ်။

❋ ✳ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

"ကဲ ... သွားတော့ ဆရာ ဒွတ်လပ်"

"သိုင်းကျူးကိုသန်းထိုက်၊ သွားပြီဗျို့"

ဒေါက်တာရဲမင်းဒွေး ဆိုင်ကိုယ်ကို စက်ကုန်အောင် တင်မောင်း ထွက်ခဲ့သည်။

မြူနှင်းတွေက တဖွဲဖွဲကျဆင်းလျက် ဒေါက်တာရဲမင်းဒွေး၏ မျက်နှာပေါ် အပြေးလာရောက် ပက်ဖျန်းနေကြ၏။

ပြင်ဦးလွင်နံနက်ခင်းကား အရမ်းကို လှပအေးချမ်းလို့နေပါသည်။

လမ်းပေါ်တွင် လူသွားလူလာ မရှိသလောက် ရှင်းလင်းနေ၏။

အချို့လက်ဖက်ရည်ဆိုင်များကတော့ ဆိုင်စပြီး ခင်းကျင်းရန် လုပ်နေသည်။

ကိုသန်းထိုက်အိမ်က ပြင်ဦးလွင်-လားရှိုးလမ်းမကြီးရဲ့ဘေးမှာ။

ပွင့်သစ်တို့အိမ်က ချယ်ရီလမ်းထဲမှာ။



သည်နှစ်နေရာက အရှေ့နှင့်အနောက်။

နည်းနည်းတော့ လှမ်းသည်။

ဟိုနေ့တုန်းက ဒေါ်လေး သူ့ကို လိပ်စာမပြောခဲ့။ မေ့သွားသည်ထင့်။

သူကလည်း မေ့ပြီးမမေးမိ။

သတိရလို့ သူကြည့်လိုက်တော့ ဒေါ်လေး မြင်းရထားလုံးပေါ် တက်သွားပြီ။

သို့နှင့်။

သူလည်း ဒေါ်လေး မြင်းရထားနောက်က မော်တော်ဆိုင်ကယ်ဖြင့် လိုက်သွားလိုက်သည်။

ဒါကြောင့် ပွင့်သစ်တို့အိမ်ကို သူသိခဲ့ပြီးဖြစ်သည်။

ထိုနေ့မှာပင် ကိုသန်းထိုက် မော်တော်ဆိုင်ကယ်ကို ပြန်ထားပြီး မန္တလေးကို သူ့ကားနှင့် ပြန်ဆင်းခဲ့သည်။

ထိုနေ့ညရထားဖြင့် သူ့အမေ မန္တလေးကို ရောက်သည့်အတွက်ကြောင့်ပါ။

သူ့အမေက မန္တလေးကို ဘုရားဖူး အလည်လာခြင်းဖြစ်သည်။

နောက်တစ်နေ့။

စနေနေ့ညနေ၌ သူ ပြင်ဦးလွင်ကို ပြန်တက်ခဲ့ပြန်သည်။

သူ့အမေကိုတော့ မိတ်ဆွေတစ်ယောက် မင်္ဂလာဆောင်ကူရန် သွားဦးမည်ဟု ကြည့်ကောင်းအောင် ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ်ကို ချယ်ရီလမ်းထဲ ချိုးကွေ့ဝင်လိုက်၏။

စက်အရှိန်ကို လျှော့လိုက်သည်။

ရှေ့မီးကိုလည်း ပိတ်လိုက်သည်။

လက်ပတ်နာရီကို ကြည့်လိုက်တော့ လေးနာရီထိုးပြီးစလေး။

ဒေါက်တာရဲမင်းဌေး ရင်တွေက ဒိတ်ဒိတ်ခုန်နေသည်။ ရင်ခုန်သံ မြန်နေသလား။

အို ... ချစ်သူနဲ့တွေ့ရတော့မှာကိုး။

ချစ်သူနှင့် မတွေ့ရသည်မှာ ကြာလေပြီ။

မော်တော်ဆိုင်ကယ် စက်သတ်ပြီး သူ့အရှိန်နှင့်သူ လိမ့်လာခဲ့သည်။

ပွင့်သစ်တို့ခြံဝ ရောက်တော့မှာကိုး။

ပွင့်သစ်တို့ခြံကြီးကို ဒေါက်တာရဲမင်းဌေး လှမ်းကြည့်လိုက်သည်။

အရိပ်တစ်ခု လှုပ်ရှားသွားတာ ဒေါက်တာရဲမင်းဌေး အရင်ဆုံး တွေ့လိုက်ရသည်။

ဝင်းတံခါးကို ဆွဲဖွင့်လိုက်သည်။

ပြီးတော့ သူ့ဆီကို အပြေးကလေး လျှောက်လှမ်းလာသည်။

"လာ ... လာ ... ပွင့်သစ်၊ တက် ... တက်"

ပွင့်သစ် ဆိုင်ကယ်နောက်မြီးပေါ် ရောက်သည်နှင့် သူ စက်ကုန်ဖွင့်မောင်းလိုက်သည်။



ပွင့်သစ် ဒေါက်တာရဲမင်းဌေးခါးကိုဖက်၍ လိုက်ပါလာသည်။

မော်တော်ဆိုင်ကယ်ကို မန္တလေး-ပြင်ဦးလွင်လမ်းမကြီးဘက်သို့ ဦးတည်လိုက်သည်။

မန္တလေးကို သွားကြရအောင်။

ပွင့်သစ်ကို အိမ်ကိုတန်းခေါ်သွားလို့တော့ မဖြစ်သေး။

သူငယ်ချင်းတစ်ယောက်အိမ်မှာ ဏထားရဦးမည်။

ရုံးမှာ လက်ထပ်စာချုပ် လက်မှတ်ထိုးပြီးမှ အိမ်ကိုခေါ်သွားမယ်။

"ဒါ အမေ့ချွေးမ ချောချောလေး"

ဤသို့ အောင်မြင်ဝံ့ကြွားသော အသံဖြင့် ပြောလိုက်မည်။

"ပွင့်သစ်ရေ ... အစ်ကို့ခါးကို သေသေချာချာ တအားဖက်ထားနော်၊ တောင်ပေါ်က ဆင်းနေပြီ"

သူ အော်ပြီးပြောလိုက်သည်။

ပွင့်သစ်က သူ့ခါးကို ဖွဖွလေးပဲ ဖက်ထား၍ ဖြစ်သည်။

သူပြောမှ ပွင့်သစ် သူ့ခါးကို တအားဖက်ထားလိုက်၏။

သူ့စိတ်ဆန္ဒတွေ စောနေသည်။ ရင်တွေလည်း ခုန်တာမြန်နေပြီ။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ် စက်ကုန်တင်ပြီး မောင်းနှင်လာရာ အကွေ့တစ်ခု၌ မီးရောင်တစ်စု လက်ခနဲ တွေ့လိုက်ရသည်။

သူ စက်ရှိန်ကို ပြန်ပြီးလျှော့လိုက်သည်။

ဘရိတ်ကိုလည်း အုပ်လိုက်သည်။

သည်တွင် သူ့ရဲ့အမှား။

ဆိုင်ကယ်လည်းထွက်သွားပြီး သူနှင့် ပွင့်သစ်တို့ ဆိုင်ကိုယ်ပေါ်မှ လွင့်စဉ်ကျသွားကြတော့သည်။

သည့်နောက်တော့ ...

သူ ဘာမျှမသိတော့ပါ။

❄ ❄ ❄



## အခန်း(၂၈)

"ဒေါ်လေး ... ကျုပ်တို့တော့ ချွေးဖြစ်ပြီဗျ၊ ချွေးဖြစ်ကုန်ပြီ"

မောင်ထွန်းဦး တစ်ခါဖူးမျှ သည်လိုဒေါသထွက်တာ ဒေါ်လေး မတွေ့ဖူးသေး။

သည်တစ်ခါတော့ မောင်ထွန်းဦး ဒေါသအကြီးအကျယ်ထွက်ပြီး မုန်ယိုနေသည့် ဆင်ကြီးအလား။

ဒေါ်လေး ဖျော်ပေးထားသည့် ကော်ဖီခွက်နှင့် ထမင်းကြော် ငါးဖယ်ကြော်တို့ကို အကုန်လွှင့်ပစ်လိုက်သည်။

အားလုံး ပေါက်ခွဲပစ်လိုက်သည်။

တိုက်နံရံကို လက်သီးနှင့် ထုသည်။

ဒေါ်လေးကို လိုက်ဆွဲသည်။

ဒါလည်းမရ။

ဒေါ်လေးထံမှ အတင်းရုန်းထွက်ပြီး စားပွဲကို လက်သီးဖြင့်ထုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ခွေးဓာတ်ခင်းလိုက်ကြရပြီ၊ ခွေးတွေ ဖြစ်ကုန်ကြပြီ ဒေါ်လေးရဲ့"

ဦးသံပါကြီးနှင့်လည်း အော်ဟစ်နေသည်။ ငိုလည်း ငိုသည်။

မောင်ထွန်းဦး မနက်ရစ်နာရီကျော်ကျော်မှ အိပ်ရာ ကထသည်။

ညှိုးငယ်သော မျက်နှာထားနှင့် ဒေါ်လေးပွင့်သစ် ရေးပေးခဲ့သော စာကလေးကို မောင်ထွန်းဦးကို ပေးလိုက်သည်။

ဒေါ်လေးက ဦးသံပါကြီးနှင့် ...

"ပွင့်သစ် မရှိတော့ဘူးကွယ့် မောင်ထွန်းဦးရဲ့၊ ဒေါ်လေး လည်း အိပ်ကောင်းကောင်းနဲ့ အိပ်ပျော်သွားမိတယ်ကွယ်"

ဒေါ်လေး ခေါင်းငုံ့ပြီး လက်ကိုင်ပဝါဖြင့် မျက်ရည် သုတ်သလို လုပ်နေသည်။

နှာခေါင်းပိတ်ပြီး နှပ်ညှစ်သလို တရှုံးရှုံးလုပ်နေသေး သည်။

သည်လောက်တော့ ဟန်အမူအရာ လုပ်ပြရမှာပေါ့ လေ။

နို့မို့ ဒေါ်လေးခမျာ မလွယ်ကြော မဟုတ်ဘူးလား။

ပွင့်သစ်ရဲ့စာကို ဖတ်ပြီးသည်နှင့် မောင်ထွန်းဦး မေးကြောကြီးများ ထောင်လောက်အောင် အံကိုတင်းတင်းကြီး ကြိတ်ထားလိုက်သည်။

တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်လိုက် သေးသည်။



လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထမင်းစား စားပွဲကို ဒုန်းခနဲထုပစ်လိုက်သည်။

ဒေါ်လေးခမျာ လိပ်ပြာလွင့်စဉ်မတတ်။

"ကဲ ... ဘယ့်နှယ်လုပ်မလဲ ဒေါ်လေး၊ ခင်ဗျာကို ကျုပ် ပြောထားတယ် မဟုတ်လား၊ ပွင့်သစ်ကို သေချာထိန်းပါ လို့လေ၊ အခု ဘယ့်နှယ်ရှိပါစ၊ ဘယ်လိုလုပ်ကြမလဲ၊ သူတို့နှစ်ယောက်ဟာ မောင်နှမတွေဗျ"

"ဟေ"

ဒေါ်လေး၏ ဟေကတော့ ကမ္ဘာတုန်သွားမတတ် အကျယ်ကြီး ထွက်သွားသည်။

မျက်လုံးကြီးပြူးပြီးတော့လည်း ကိုထွန်းဦးကိုကြည့် နေလိုက်သည်။

"အခုမှတော့ ဟေတို့ ဟာတို့ လုပ်မနေနဲ့၊ မရတော့ဘူး၊ အားလုံးလွန်ကုန်ပြီ"

"ငါ့ကို ရှင်းပြစမ်းပါဦး မောင်ထွန်းဦးရယ်၊ ငါ ရင်တွေ တုန်လိုက်တာဟယ်"

ကိုထွန်းဦးက သူနှင့် မစိမ်းစို နောက်ဆုံးဖြစ်ပျက် ခဲ့ရသည့် အခြေအနေကို အတိုချုံး၍ ဒေါ်လေးအား ရှင်းပြလိုက် သည်။

"ဒါပဲ ဒေါ်လေး၊ သမီးနဲ့ မောင်ရဲမင်းဌေးဟာ မောင်နှမ ဗျ၊ ဖအေတူ မအေကွဲဆိုတာ မောင်နှမအရင်းပဲ"

"ငါ့ကို အစက ဘာလို့ပြောမပြတာလဲ မောင်ထွန်းဦးရယ်၊ အခုတော့ ဒုက္ခပါပဲ၊ အားလုံး ဒုက္ခရောက်ကုန်ကြပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီလောက်တောင် ကျွန်တော့်ခေါင်းတွေ ထူပြီး သူတို့နှစ်ယောက်ကို ခွဲဖို့ပဲ အရေးတကြီး စဉ်းစားနေရတာ ဒေါ်လေးကို ရှင်းပြဖို့ အချိန်ဘယ်ရှိမှာလဲ၊ ပြီးတော့ ဒီအကြောင်းတွေကို ကျွန်တော်တို့ ကာယကံရှင် နှစ်ဦးအပြင် ဘယ်သူမှ အသိမပေးချင်လို့ တစ်သက်လုံး ကျွန်တော် ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရတာဗျ"

"ကလင် ... ကလင် ... ကလင်"

"အရေးထဲမှာဗျာ ... ဒီဖုန်းကလည်း"

ဒေါ်လေး အလိုက်တသိပြေးပြီး ဖုန်းကိုင်လိုက်ရ၏။

"အောင်မယ်လေး ... လုပ်ကြပါဦး၊ မောင်ထွန်းဦး ... လာပါဦး၊ မြန်မြန်လာပါဦးဟဲ့"

"ဘာဖြစ်လို့လဲ၊ ဒေါ်လေး ... ဘာဖြစ်လို့လဲ"

ဦးထွန်းဦး ဒေါ်လေးဆီ ပြေးသွားရင်း ပြောလိုက်သည်။

"မန္တလေးဆေးရုံကြီးကတဲ့လေ၊ ကလေးနှစ်ယောက် တစ်ခုခု ဖြစ်ကုန်ပြီလား မသိဘူး၊ ဘုရား ... ဘုရား ... ဘုရား၊ ကယ်ပါ"

ဦးထွန်းဦး တယ်လီဖုန်း ကောက်ကိုင်လိုက်ပြီး ...

"ဟလို"

"ဆေးရုံကြီးကပါ"

"ဟုတ်ကဲ့ ... ကျွန်တော် ထွန်းဦးပါ"

"ကလေးနှစ်ယောက် ဆိုင်ကယ်မှောက်လို့ ဆေးရုံရောက် နေကြတယ်"



"ဟုတ်လား ... အခြေအနေက ဘယ်လိုရှိပါသလဲခင်ဗျာ"

"ကောင်မလေးကတော့ အနည်းအကျဉ်း ဒဏ်ရာရတယ်၊ ကောင်လေးကတော့ ဒဏ်ရာများတယ်"

"ဟုတ်ကဲ့ ... လာခဲ့ပါ့မယ်၊ လာခဲ့ပါ့မယ်၊ အခုပဲ လာခဲ့ပါ့မယ်ဗျာ"

ဦးထွန်းဦး ဖုန်းချပြီး အိပ်ခန်းထဲ ပြေးဝင်သွားသည်။

ဒေါ်လေးကတော့ ကြောင်တက်တက်၊ မျက်လုံးလေး ကလယ်ကလယ်ဖြစ်ပြီး ကျန်ရစ်ခဲ့လေသည်။

အဝတ်အစားလဲပြီး ဦးထွန်းဦး ပြန်ထွက်လာတော့မှ ...

"မောင်ထွန်းဦး ဘာတွေလဲကွယ်"

ဒေါ်လေး တုန်တုန်ယင်ယင်ဖြင့် ဆီးမေးလိုက်သည်။

"သမီးတို့ ဆိုင်ကယ်မှောက်ပြီး ဆေးရုံရောက်ကုန်ကြပြီတဲ့"

ဦးထွန်းဦး ဒါပဲပြောပြီး အိမ်ထဲမှ ပြေးထွက်သွားတော့သည်။

"အောင်မယ်လေး ... ဘုရားရေ၊ ဒီတစ်ခါတော့ တကယ်ပဲ အကျိုးနည်းကုန်ကြပြီနဲ့ တူပါရဲ့တော်"

တစ်ယောက်တည်း ညည်းညူ၍ ဆောက်တည်ရာမရဘဲ မျက်ရည်များ ကျဆင်းကာ ကျန်ရစ်ခဲ့လေသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

"သမီးကို ခွင့်လွှတ်ပါ ဖေဖေရယ်၊ သမီးတို့နှစ်ယောက် ချစ်ချင်းကို မခွဲပါနဲ့တော့ ဖေဖေ"

ဦးထွန်းဦးကို မြင်လိုက်သည်နှင့် ပွင့်သစ်က ဆီးကြို ပြောလိုက်သည်။

ဦးထွန်းဦးက သမီးပွင့်သစ်ရဲ့ခေါင်းကလေးကို ပွတ် သပ်ရင်း ...

"မသေကောင်း မပျောက်ကောင်း သမီးရယ်၊ ဒါတွေ နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့နော် သမီး၊ အခု သမီးဘယ်လိုနေသလဲ၊ နေထိုင်ကောင်းရဲ့လား၊ ဘယ် နာသွားသေးလဲ သမီး"

"သမီးက ဘာမှသိပ်ပြီး မဖြစ်ပါဘူး ဖေဖေ၊ သမီးက အကျကောင်းသွားတယ်၊ လမ်းဘေးမြက်ပင်တောထဲရောက် သွားတယ်လေ။ ဒူးရယ်၊ တံတောင်ဆစ်ရယ်ပဲ ပွန်းပဲ့သွား တာပါ။ အစ်ကိုကတော့ ခေါင်းထိပြီး မေ့နေတယ် ဖေဖေ ရယ်၊ သိပ်သနားစရာ ကောင်းပါတယ်"



"ဟုတ်ပါတယ် ဦးထွန်းဦး၊ ကလေးမကော သတိကောင်းလာ ပါတယ်၊ သူ့ကို ခေါ်သွားမယ် ဆိုရင်တောင် ခေါ်သွားနိုင် ပါပြီ"

တာဝန်ကျဆရာဝန်၏ ခွင့်ပြုချက် အထောက်အထား ကို ကြားရသည့်အတွက် ဦးထွန်းဦးက ...

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒီလိုဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျ"

အရေးပေါ်ဌာနမှ အထွက်တွင် ပွင့်သစ်က ...

"ဖေဖေ"

"ဘာလဲ သမီး"

"အစ်ကို့ဆီ လိုက်ပို့ပေးပါဦး ဖေဖေရယ်"

ပွင့်သစ် အရဲစွန့်ပြီး ဖေဖေ့ကို ပြောခြင်းပါ။

"သွားမယ်လေ သမီး၊ ဖေဖေ လိုက်ပို့မှာပေါ့"

ပွင့်သစ် မနည်းစိတ်ထိန်းထားလိုက်ရပါသည်။

ထပြီး ကချင်စိတ် ပေါက်သွားမိ၍ပင်။

ပွင့်သစ် ဝမ်းသာလွန်းလို့ပါ။

ကြည့်ပါဦး။

ဖေဖေက အစ်ကို့ဆီ လိုက်ပို့ပေးမယ်တဲ့။

ဦးထွန်းဦး ရင်ထဲမှာတော့ သမီးအပူအေးသွားရပေ မယ့် နောက်တစ်ပူက ကျန်နေသေးသည်။

"သားအပူ"

ငါ့သားကြီး မောင်ရဲမင်းဌေး ဘယ်လိုများနေပါလိမ့် မလဲကွယ်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

"ကိုဦး ... စိမ်း ဒီမှာလေ ကိုဦး"

ဤအသံကို ဦးထွန်းဦးအဖို့ ဘယ်အချိန်မှာဖြစ်ဖြစ် ဘယ်နေရာမှာဖြစ်ဖြစ် နှစ်ပရိစ္ဆေဒ မည်မျှကြာသွားသည်ဖြစ်ဖြစ် မှတ်မိပါ၏။

နားထဲတွင် စွဲနေအောင် မှတ်မိပါ၏။

လူနာရဲမင်းဒွေး၏ ခုတင်ခေါင်းရင်းဆီသို့ ဦးထွန်းဦး ပြုံးခနဲ ပျာခနဲ လှမ်းကြည့်လိုက်သည်။

လူနာအခန်းထဲ ဝင်လာစဉ်ကတော့ ငါ့ရင်သွေး၊ ငါ့သားလေး အနာတရ ဖြစ်ရပါလားဟူသော စိတ်ဖြင့် လူနာ ခုတင်ပေါ်ကိုသာ အာရုံစူးစိုက်နေမိသည်။

"ဟင် ... စိမ်း ... မစိမ်းစို"

"ဟုတ်ပါတယ် ကိုဦး၊ စိမ်းရယ်ပါ"

"ဒါဆို ... ဒါဆို ... ဟောဒီ လူလေးရဲမင်းဒွေးဟာ ကိုဦး... ကိုဦးရဲ့ ..."



ဒေါ်စိမ်းစိုက သူမ၏နှုတ်ခမ်းတွင် လက်ညှိုးကန့်လန့်လေးထောင်ပြီး ဆက်မပြောစေလိုသည့် သဘောသင်္ကေတပြလိုက်သဖြင့် ဦးထွန်းဦး စကားကို ရပ်နားလိုက်သည်။

ပွင့်သစ်ကတော့ လူကြီးနှစ်ဦးအား ဂရုပြုကြည့်နိုင်ခြင်းမရှိဘဲ အိပ်ရာပေါ်တွင် ငြိမ်သက်စွာ ရှိနေသည့် သူမ၏ချစ်စွာသော ကိုကိုရဲမင်းဒွေးကိုသာ မျက်ရည်စက်လေး တဝေဝေဖြင့် စူးစိုက်ကြည့်နေမိသည်။

"လာ ... ကိုဦး၊ စိမ်း ပြောမယ်"

ဒေါ်စိမ်းစိုကပင် လူနာခန်း၏ ထွက်ပေါက်သို့ ဦးဆောင်သွားသည်။

ဦးထွန်းဦးမှာ ဒေါ်စိမ်းစို နောက်သို့ လိုက်ရမလိုလို၊ သမီးနှင့် သားရဲမင်းဒွေးကို ထားခဲ့ရမှာ ဝန်လေးသလိုလို စိတ်ဒွိဟဖြစ်နေရသည်။ အစကတည်းက သဘောမတူ၍ မဟုတ်။

မဖြစ်သင့်တာကို မဖြစ်စေချင်သည့် သဘောဆန္ဒသာ ဖြစ်သည်။

ဘယ့်နှယ် မောင်နှမချင်း။ မဖွယ်မရာ။

"လာလေ ... ကိုဦး"

"ဒီမယ် စိမ်း၊ သူတို့နှစ်ယောက် ..."

ဒေါ်စိမ်းစိုက ပြုံးလိုက်သည်။

"လာသာလာပါ ကိုဦးရယ်၊ စိမ်း ရှင်းပြစမ်းပါရစေ၊ ဒီသားနဲ့ သမီးဟာ ကိုဦး စိတ်ထဲ စဲလမ်းထင်ရှိနေသလို ဟုတ်မှမဟုတ်တာ၊ ဘာသွေးတစ်စက်တောင် မစော်စပ်ပါဘူး ကိုဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"လာလေ"

ဦးထွန်းဦးသည် ခြေလှမ်းတွန့်ဆုတ်နှင့်ပင် ခေါ်စိမ်းစိုနောက်သို့ လိုက်သွားသည်။

ပြင်ပဝရန်တာတွင် နှစ်ဦးသား ရပ်မိကြသည်။

အရေးပေါ် လူနာခန်းမှ လူရှင်းပါ၏။

"ကိုဦး စိတ်ထဲမှာ သားရဲရဲဟာ ကိုဦးရဲ့ရင်သွေးလို့ ထင်နေတယ် မဟုတ်လား"

"နို့ မဟုတ်ဘူးလား၊ စိမ်းပဲ လေယာဉ်ပေါ်တက်ခါနီးမှာ စိမ်းမှာ ကိုဦးရဲ့ ... လေး ရှိနေပြီလို့ ပြောသွားခဲ့တာ၊ ကိုဦး ရင်ထဲမှာ နင့်နေအောင် ခွဲကျန်ခဲ့တာပဲ စိမ်း၊ အခု တော့ စိမ်းက မဟုတ်ပြန်ဘူးဆိုတော့"

"ကိုဦးရဲ့ရင်သွေးလေး စိမ်းနဲ့အတူ နိုင်ငံခြားကို ပါသွားတာလည်း အမှန်ပဲ ကိုဦး၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ စိမ်း"

"နိုင်ငံခြားမှာပဲ အဲဒီရင်သွေးလေးဟာ ပျက်စီးသွားတယ် ကိုဦး၊ ကိုဦးနဲ့ ခွဲခွာသွားပြီး လေယာဉ်ပေါ် တက်လိုက်တဲ့ အချိန်ကစပြီး စိမ်း တအား စိတ်ထိခိုက်သွားတယ် ...

ကိုယ်နဲ့အတူပါသွားတဲ့ ရင်သွေးလေးကို ဘယ်လို မွေးဖွားမလဲ ...

ဖအေမရှိတဲ့ကလေးကို စိမ်းဖေဖေနဲ့ မေမေကို ဘယ်လိုဖွင့်ပြောရမလဲ ...



စိတ်ညစ်လွန်းလို့ လေယာဉ်ပျံပေါ်က ခုန်ချချင်တဲ့ စိတ်တွေတောင် ပေါက်လာတယ် ...

အဲဒီလို စိတ်ထိခိုက်နေတာရော၊ ညအချိန်ကြီးမှာ လေယာဉ်ပျံကဆိုက်ပြီး လေယာဉ်လှေကားက အောက်အဆင်းမှာ စိတ်မတည်ငြိမ်တဲ့ စိမ်းဟာ လေယာဉ်လှေကားပေါ်က ချော်ကျတယ် ...

ဖေဖေ လာကြိုနေပါတယ် ...

ဖေဖေရဲ့အိမ်ကိုရောက်ပြီး တစ်နာရီ နှစ်နာရီအတွင်းမှာပဲ စိမ်း ရင်တွေအောင့်၊ ဗိုက်တွေနာပြီး ...

ပြောရမှာ ကန်တော့နော် ကိုဦး၊ ဘဲလ်ဒင်းဖြစ်ပြီး အယ်ဘောရှင်း(ကိုယ်ဝန်ပျက်ကျ)ဖြစ်တော့တာပဲ ကိုဦး"

"ဖြစ်ရလေ စိမ်းရယ်၊ စိမ်းအဖေနဲ့ မေမေ သိသွားကြတာပေါ့နော်"

"သိကြတာပေါ့၊ ဒါပေမဲ့ ဖေဖေနဲ့မေမေရဲ့ ထင်မြင်ယူဆတာက ကိုဦးအပေါ် အပြစ်မမြင်ပါဘူး၊ စိမ်းကို နိုင်ငံခြားလိုက်ဖို့ ဖွတ်ခေါ်လို့ လိုက်လာရရှာတာ၊ ဒီကိစ္စဖွင့်ပြောဖို့လည်း စိမ်းက အရှက်ကြီးလို့ ဖွင့်မပြောဘူး၊ မိဘကိုလည်း မခွဲနိုင်လို့ လိုက်လာရှာတယ်လို့ပဲ ယူဆတယ်၊ စိမ်းကလည်း ကိုဦး စိမ်းကားတာကို ဖေဖေနဲ့ မေမေ ဆုံးသွားတဲ့နေ့အထိ တစ်လုံးမှ မပြောပြဘူးလေ"

"ဪ... စိမ်းရယ်၊ ကိုဦးအပေါ် ဒီအထိတောင် ကာကွယ်ပေးခဲ့တယ်နော်၊ ကိုဦးအဖြစ်ကလည်း အဲဒီတုန်းက ... ဝတီမှာ ဖေဖေက အသည်းအသန် ဖြစ်နေတယ်၊ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



အကိုင်လည်း မရှိရုံမကဘူး၊ ဆွေမျိုးအိမ်မှာ ကပ်နေရတယ်၊ ဒီတော့ စိမ်းကိုလက်ထပ်ပြီး သာယာဝတီခေါ်သွားရင် စိမ်းအတွက် အရာရာ မျက်နှာငယ်ရမယ်၊ မိဘလက်ထဲမှာ ခြေမွေးမီးမလောင် ချမ်းချမ်းသာသာနေခဲ့တဲ့ စိမ်းရဲ့ဘဝကို ဖျက်ဆီးပစ်ရာရောက်မယ်၊ နောက် အခြေအနေတကျ အလုပ်အကိုင်နဲ့ တည်တည်တန့်တန့်ဖြစ်မှ စိမ်းဆီကို စာလှမ်းရေးပြီး လက်ထပ်ဖို့ပြောမယ်လို့ စိတ်ထဲဆုံးဖြတ်ထားရတယ် စိမ်း၊ အဲ ... အဓိက,တာတော့ စိမ်းဟာကိုယ့်ရင်သွေးလေး ရနေပြီဆိုတာ လုံးဝဖွင့်မပြောတော့ ကိုဦး လုံးဝမသိဘူးလေ ...

နို့မို့ရင်တော့ ဘာကြီးပဲဖြစ်ဖြစ် အဲဒီကတည်းက စိမ်းကို ကိုဦး လက်ထပ်မှာပေါ့၊ စိမ်းက လေယာဉ်ပေါ်တက်ခါနီးမှ ဖွင့်ပြောလိုက်တော့ ကိုဦး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတဲ့အချိန်မှာပဲ လေယာဉ်က မိုးပေါ်ပျံတက်သွားပြီလေ၊ အဲဒီတော့ ဘာတွေဆက်ဖြစ်လဲ စိမ်း၊ ပြောပါဦး"

"ညတွင်းချင်းပဲ ဒေါက်တာမြင့်မောင်ကို ခေါ်ရတယ်ကိုဦး၊ ဒေါက်တာမြင့်မောင်က ရန်ကုန်ဆေးတက္ကသိုလ်က အမ်ဘီဘီအက်စ်ဘွဲ့ ရတယ်၊ လက်ထောက်ဆရာဝန်နဲ့ မြန်မာပြည်မှာ အမှုထမ်းရင်းက ပါရဂူဘွဲ့ထပ်ယူဖို့ နိုင်ငံခြားမှာ ရောက်နေတာပဲ၊ နိုင်ငံခြားရောက် မြန်မာအချင်းချင်းမို့ ဖေဖေနဲ့ အကျွမ်းတဝင် ရှိကြတယ်၊ စိမ်းအဖြစ်က လက်ထပ်ထားတဲ့ ယောကျ်ားမရှိဘဲနဲ့ ကိုယ်ဝန်ပျက်ကျ



တာဆိုတော့ သူတို့နိုင်ငံက ဆရာဝန်တွေနဲ့ ခေါ်ကုရင် အရှက်ရကြမယ်လေ၊ ဒါနဲ့ပဲ ဒေါက်တာမြင့်မောင်ကို ဖေဖေက ခေါ်ပြီးကုတယ် ...

စိမ်းက ဒေါက်တာမြင့်မောင်ကို မကွယ်မဝှက်ဘဲ မြန်မာပြည်မှာ ချစ်သူနဲ့ မှားယွင်းခဲ့တာကို ဖွင့်ပြောလိုက်တယ် ...

ဒီနောက်တော့ ဒေါက်တာမြင့်မောင်က စိမ်းတို့ မေတ္တာရှိနေပြီး လက်ထပ်ပါရစေလို့ ပြောလာတာပဲ ကိုဦး—

ဖေဖေနဲ့ မေမေက ရာနှုန်းပြည့် ဒေါက်တာမြင့်မောင်နဲ့ သဘောတူတယ်လေ ...

စိမ်းအဖို့ ဒေါက်တာမြင့်မောင်ကို လက်ခံရုံကလွဲပြီး တခြားဘာရှိဦးမှာလဲ ကိုဦး"

"မှန်တယ် စိမ်း"

"အဲဒီမှာပဲ ဒေါက်တာမြင့်မောင်နဲ့ စိမ်း လက်ထပ်ကြတယ်၊ ဒေါက်တာမြင့်မောင် သမားတော်ဘွဲ့ယူဖို့ သင်ကြားတာရော၊ နောက်ထပ် ဒေါက်တာမြင့်မောင်က တခြားဘာသာရပ်တစ်ခု ထပ်ပြီးဘွဲ့ရအောင် သင်တာရော လေးနှစ်ကြာတယ်၊ ဒေါက်တာမြင့်မောင်နဲ့ လက်ထပ်ပြီးတဲ့ ဒုတိယနှစ်မှာပဲ သားလေး ရဲမင်းဒွေး ကိုယ်ဝန်ရပြီး နိုင်ငံခြားမှာပဲ မွေးဖွားခဲ့တယ် ...

ဒေါက်တာမြင့်မောင်ရဲ့ ဘွဲ့လွန်ကိစ္စတွေ ပြီးလို့ မြန်မာပြည်ပြန်လာတော့ သားသားရဲမင်းဒွေးက နှစ်နှစ်သားအရွယ်ရှိပြီ ...

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာပဲ စိမ်းတို့ နေကြတယ်၊ စိမ်းအနေနဲ့ ကိုဦးရဲ့သတင်းကို လုံးဝမစုံစမ်းတော့ဘူး၊ ကိုယ့်မှာတရားဝင်လင်နဲ့ သားလေးနဲ့ ဖြစ်နေပြီဆိုတော့ မစုံစမ်းတော့ဘူး ကိုဦး ...

ကိုမြင့်မောင်က သားလေးရဲရဲ ဆေးတက္ကသိုလ်ဗိုင်နယ်ပတ်တူး တက်နေတုန်းမှာပဲ နှလုံးရောဂါနဲ့ ကွယ်လွန်သွားတယ် ...

"သားရဲရဲ ဆရာဝန်ဖြစ်တော့ မန္တလေးဆေးရုံမှာ လက်ထောက်ဆရာဝန်နဲ့ တာဝန်ချထားတယ်၊ ဆေးရုံတာဝန်နဲ့ လွတ်တဲ့အချိန်မှာ ကိုယ်ပိုင်ဆေးခန်းဖွင့်တယ်၊ စိမ်းကိုခေါ်ပါတယ်၊ စိမ်းက ရန်ကုန်အိမ်နဲ့ခြံကို စိတ်ချလက်ချ ထားခဲ့ရမယ့်သူ မရှိလို့ သားရဲရဲနောက်ကိုမလိုက်နိုင်ဘူး"

"နေဦး စိမ်း ... စိမ်းက ဘာလို့ ရန်ကုန်မှာ မစိမ်းစိုနာမည်ကို မသုံးတော့ဘဲ မထားအိ နာမည် ပြောင်းပေးထားတာလဲ"

ဒေါ်စိမ်းစို သက်ပြင်းချလိုက်သည်။

"နိုင်ငံခြားက ရန်ကုန်ကို ကိုမြင့်မောင်နဲ့အတူ ပြန်လာရမယ် ဆိုကတည်းက မစိမ်းစိုဘဝနဲ့ ပြန်မလာချင်တော့ဘူး ကိုဦး"

"ကိုဦးကို စိတ်နာသွားတဲ့ သဘောလား"

"ဟင့်အင်း ... ကိုဦးကို စိမ်း ဘယ်တုန်းကမှ စိတ်မနာခဲ့ပါဘူး၊ ဖြစ်သွားခဲ့တာတွေ အားလုံးဟာ သူ့ဘက်ကိုယ့်



ဘက် အခက်အခဲတွေကြောင့် ဖြစ်သွားကြတာလို့ပဲ စိမ်းခံယူတယ်"

"ဒါဖြင့် ဘာလို့ မထားအိ ပြောင်းတာလဲ"

"တစ်မျိုးပဲလေ၊ စိမ်း ဘယ်လိုပြောရမှန်း မသိဘူး၊ လူသစ်ဘဝသစ်နဲ့ အတိတ်ကို ဖာက်မြှုပ်ပစ်ချင်တဲ့သဘောလို့ ပြောရမလားပဲ"

"ကိုဦး သဘောပေါက်ပါတယ် စိမ်း၊ ဆက်ပြောပါဦး၊ မောင်ရဲမင်းဌေးက သူ့မှာ ချစ်သူရှိပြီဆိုတာကော ပြောမပြဘူးလား"

"ရန်ကုန်လာတုန်းက ပြောသွားပါတယ်၊ သူ ငါးပုပ်ချောက်ဝယ်နိုင်းလို့ စိမ်းက အံ့သြပြီးမေးရာမှာ သားကဖွင့်ပြောတာပဲ၊ မန္တလေးမှာ ပွင့်သစ်ဆိုတဲ့ ကျောင်းသူလေးတစ်ယောက်နဲ့ သူ မေတ္တာရှိနေပြီတဲ့၊ ပွင့်သစ် ကျောင်းပြီးရင် လက်ထပ်မယ်တဲ့၊ မေမေ့ကိုပြောပြဖို့ စောလွန်းနေသလားလို့ မပြောဘဲနေတာတဲ့၊ အခု ငါးပုပ်ချောက်က သူ့ချစ်သူ ပွင့်သစ်ရဲ့ အဘွားတော်တဲ့ ဒေါ်လေးက မှာလိုက်တာတဲ့ ...

စိမ်းအနေနဲ့က သား ဘယ်လိုအမျိုးသမီးကို ချစ်ချစ်၊ ဘယ်အမျိုးသမီးကိုပဲ လက်ထပ်လက်ထပ် သူ့သဘောပဲလို့ နဂိုကတည်းက ဆုံးဖြတ်ထားတယ်လေ၊ စိမ်းငယ်ငယ်ကလို သားလေး ရဲမင်းဌေးကို ချစ်သောကတို့၊ ချစ်ဒုက္ခတို့မရောက်စေချင်တဲ့ဆန္ဒနဲ့ စေတနာပဲ ကိုဦး"

"ဒါဆို ပွင့်သစ်ဟာ ကိုဦးရဲ့သမီးမှန်း စိမ်း လုံးဝမသိခဲ့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းစို ခေါင်းခါပြသည်။

"မော်တော်ဆိုင်ကယ် မှောက်တယ်၊ သားလေး ဆေးရုံ ရောက်နေတယ်လို့ တယ်လီဖုန်း ဝင်လာတာနဲ့ အိမ်ကကား နဲ့ တရကြမ်းမောင်းပြီး ရောက်လာတာပဲ ကိုဦး၊ ဒီကျမှ သားဟာ မိန်းကလေးရဲ့အဖေ သဘောမတူလို့ သူ့ချစ်သူ ကို ပြင်ဦးလွင်က သွားခိုးခဲ့ရာမှာ မော်တော်ဆိုင်ကယ် မှောက်လို့ နှစ်ယောက်လုံး ဒဏ်ရာရတာကို သိရတယ်၊ စိမ်းပွင့်သစ်ရဲ့ လူနာခန်းကို သွားကြည့်ပါသေးတယ်၊ အဲဒီမှာသိတဲ့လူက ဒါ ဦးထွန်းဦးရဲ့သမီးလို့ ပြောတယ် ...

ကိုဦးရဲ့သမီးများ ဖြစ်နေမလားလို့ စိမ်း တွေးမိလိုက်တယ် ...

ဆက်စပ်ပြီး စိမ်းရဲ့သားကို သူ့အဖေက သဘော မတူဘူးဆိုတာ သားရဲ့အရည်အချင်းညံ့လို့တော့ မဖြစ်နိုင်ဘူး၊ တခြားအကြောင်းရှိနိုင်တယ်ဆိုတာလည်း စိမ်းတွေး မိတယ် ...

တကယ်လို့သာ ပွင့်သစ်ရဲ့ဖေဖေ ဦးထွန်းဦးဟာ စိမ်းရဲ့ငယ်ငယ်က ကိုဦး ဖြစ်နေပြီးတော့ ကိုဦးဟာ သား ရဲရဲကို ဒေါ်စိမ်းစိုရဲ့သားမှန်းလည်း သိသွားမယ် ...

ဒါဆိုရင်တော့ ကိုဦးရဲ့ရင်သွေး ပါသွားတဲ့ စိမ်းရဲ့ သားဟာ ပွင့်သစ်နဲ့ မောင်နှမတော်နေတယ် ဆိုတာကို တွေးမိပြီး သားရဲရဲကို သဘောမတူတာ ဖြစ်နိုင်တယ်လို့ လည်း တွေးမိပြန်တယ် ကိုဦး"

"စိမ်း တွေးမိတာတွေ အားလုံး ဟုတ်တာပေါ့"



"ဒါဆို အခု ကိုဦးက စိမ်းရဲ့သားနဲ့ ကိုဦးရဲ့သမီးကို သဘောတူပြီလားဟင်"

"သိပ်တူတာပဲ စိမ်း၊ ကိုဦးလည်း စိမ်းလိုပဲ သဘောထားခဲ့ တာပေါ၊ သမီးလေး ပွင့်သစ်ရဲ့ ရင်ထဲက နှစ်နှစ်ကာကာ ချစ်သူကို ဘယ်လိုပဲဖြစ်ဖြစ် သဘောတူမယ်လို့၊ ကိုယ်က ငယ်ငယ်က ခံခဲ့ရပြီကိုး၊ အခုလို ဖြစ်သွားတာက စိမ်းရယ်၊ သူတို့နှစ်ယောက်ဟာ ဖအေတူမအေကွဲ မောင်နှမရင်းဖြစ် နေရင် မသင့်တော်လွန်းလို့ပါ"

"ကိုဦးက ပထမတုန်းက ဒေါက်တာမြင့်မောင် ဒေါ်ထားအိ ရဲ့သားအနေနဲ့ သဘောတူပြီးမှ မစိမ်းစိုရဲ့သားမှန်း ဘယ် လိုခြေရာကောက်မိသွားတာလဲဟင်"

"ဝေဝေနဲ့ ဈေးချိုထောင့်မှာ အမှတ်မထင် သွားတွေ့ကြ တယ်လေ၊ ဝေဝေက မိုးကုတ်သားတစ်ယောက်နဲ့ အကြောင်း ပါပြီး မိုးကုတ်မှာ ရောက်နေတယ်၊ မန္တလေးကို ရန်ကုန် ကအပြန်ဝင်ရင်း တိုက်တိုက်ဆိုင်ဆိုင် ကိုဦးနဲ့ သွားတွေ့ တယ်၊ အဲဒီမှာ ဝေဝေဟာ ရန်ကုန်မှာ မထားအိ နာမည် ပြောင်းပြီး နေတယ်တဲ့၊ အိမ်ထဲက အိမ်ပြင်မထွက်ဘူးတဲ့၊ သူ့မှာ သားတစ်ယောက် ရှိတယ်တဲ့၊ ဆရာဝန်ပေါက်စတဲ့၊ အဲဒီလို ကြားလိုက်ရတော့ မောင်ရဲမင်းခွေးကို ကိုဦး တစ်ခါက မင်းမိဘတွေ ဘယ်သူလဲလို့ မေးဖူးတယ်၊ သူက ဒေါက်တာမြင့်မောင်နဲ့ ဒေါ်ထားအိလို့ ပြောတာကို ချက်ချင်း အမှတ်ရလိုက်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



သေချာအောင်ဆိုပြီး မောင်ရဲမင်းဒွေးကို မင်းမေမေမှာ တခြားနာမည် ရှိသေးလားလို့ တစ်ခါပြန်မေးတော့ ရှိပါတယ်တဲ့၊ ဒေါ်စိမ်းစိုပါတဲ့ ...

အဲဒါမှာတင် ရဲမင်းဒွေးဟာ ကိုဦးရဲ့သား၊ သမီးပွင့်သစ်နဲ့ မောင်နှမပါလားလို့ သိလိုက်ပြီး သမီးကို ပြင်ဦးလွင်ခေါ် ကိုယ်ရှောင်ဖျောင်လိုက်တာပဲ စိမ်း"

"ကဲ ... ဒါဆို ကိစ္စကပြီးပြီ"

ရှင်းပြီ။

"ကလေးနှစ်ယောက်ဆီ သွားစို့၊ သားလေးကဒဏ်ရာနည်းနည်း ပိုများတယ်၊ စိုးရိမ်စရာ မရှိဘူးလို့တော့ ပြောတာပဲ"

ဦးထွန်းဦးနှင့် ဒေါ်စိမ်းစိုတို့နှစ်ယောက် ရဲမင်းဒွေး၏သီးသန့်လူနာခန်းတံခါးသို့ ဝင်လိုက်သည်။

အံ့မှာမင်း။

မြင်ကွင်းက ကြည်နူးစရာ။

လူနာရဲမင်းဒွေးက ခေါင်းတွင် ပတ်တီးစည်းပြီး ခုတင်ခေါင်းရင်းကို ခေါင်းအုံးခံ ကျောမှီနေသည်။

ပွင့်သစ်က ရဲမင်းဒွေး၏လက်ဖဝါးတစ်ဖက်ကို သူမ၏လက်ဝါးနုနုလေးနှင့် ကိုင်တွယ်ဆုပ်နယ်နေသည်ကို တွေ့ရပါ၏။

ဩော် ... အသည်းနုနု၊ နှလုံးနုနုလေးတွေ ချစ်ကြပါစေ။

❄ ❄ ❄

BURMESE CLASSIC .com

## အခန်း(၃၁)

"ကဲ ... စိမ်း၊ ကြမ္မာရဟတ်က တစ်ပတ်လည်ပေးလိုက်တာပါ စိမ်း ...

စိမ်းလည်း မုဆိုးမပါ ...

ကိုဦးလည်း မုဆိုးဖိုပါ ...

နှစ်ယောက်စလုံးဟာ ကိုယ်လက်ထပ်ခဲ့တဲ့ ခင်ပွန်းအပေါ်မှာရော၊ ဇနီးအပေါ်မှာရော သစ္စာရှိရှိ မဖောက်မပြန် ဝတ္တရားကျေခဲ့ကြတာပါ ...

အခုဆို ကံအကြောင်းက သူ့ဟာသူ အပြောင်းအလဲ ဖန်တီးပေးလိုက်လို့ ကိုဦးနဲ့စိမ်း ပြန်ဆုံစည်းရတာပါ စိမ်း ...

အဲဒီတော့ ကိုဦး ပြောတာကို စိမ်း လက်ခံပါလားဟင်"

"အရွယ်တွေကိုငဲ့ရဦးမယ် ကိုဦး၊ ဒီအရွယ်ရောက်မှ လူ့ကဲ့ရဲ့စရာတွေ ဖြစ်ကုန်မယ်"

မန္တလေးဘူတာကြီးထဲတွင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သူတို့နှစ်ဦးစလုံးမှာ ယောက္ခမရယ်လို့ မသတ်မှတ်နိုင်ဘဲ မိဘလို သတ်မှတ်နိုင်သွားမှာပါ”

ဒေါ်စိမ်းစို အပြောရ ခက်လှပါ၏။

ကိုယ်တိုင်က မစွမ်းရင်း ရှိနေသည် မဟုတ်လား။

ပြီး အနှစ်တစ်ရာ မမေ့သာ။

အနှစ်တစ်သောင်း မမေ့ကောင်း။

အချစ်ဦး ... ငယ်ချစ်တွေလေ။

ဒါပေမဲ့ ဒေါ်စိမ်းစို ကာကူဖြေပိုင်းကို အလေးထားသူမို့ နည်းနည်း နောက်တွန့်နေမိသည်။

“ဘော်ပူ ... ဘော်ပူ”

ဟော ...

ဥသြဆွဲလေပြီ။

ဟော ... ရထားဘီးလိမ့်လေပြီ။

“ဟော ... ကြည့် ... ကြည့်၊ ပွင့်သစ်ရေ ... ကြည့်၊ မေမေတော့ ဒုက္ခပါပဲ၊ အဲ ... အဲ ... မေမေတော့ သုခပါပဲ”

ရဲမင်းဒွေး ပါးစပ်ထဲတွေ့သလို ပြူးပြူးပြဲပြဲပြောသည့် အချိန်မှာပင် ဦးထွန်းဦးသည် အင်မတန် သွက်လက်လျင်မြန်စွာဖြင့် ဘီးလိမ့်နေသော ရထား၏ ဒေါ်စိမ်းစိုရှိရာ ပထမတန်းပေါက်သို့ ဇွတ်ခနဲ တက်ရောက်လိုက်ပါသည်သွားသည်။

ဤသည်မှာပင် ...

ပွင့်နှင့်ရဲတို့ ရထားနောက် အပြေးကလေးကိုလိုက်ရင်း ပြောဆိုသံလေးများ အပြန်အလှန် စီညံသွားပါ၏။



“သမီး ... ဒေါ်လေးကို ပြောလိုက်၊ ဖေဖေ ရန်ကုန်လိုက်သွားတယ်လို့၊ တစ်ပတ် အနည်းဆုံး ကြာမယ်လို့”

“ဖေဖေ ... ဖေဖေ၊ လက်မှတ်လည်း မယူဘဲနဲ့၊ ဖမ်းခံထိတော့မယ်”

“ရတယ် သမီး၊ ရှေ့ဘူတာကျ ဆင်းယူမယ်၊ မပူနဲ့၊ ဒဏ်ကြေးပါ ဆောင်လိုက်မယ်”

ရဲမင်းဒွေးကလည်း သည့်ပြင် အထူးမှာကြားစရာ မရှိသဖြင့် သူ အစိုးရိမ်ဆုံး ဖြစ်သွားရသည့်ကိစ္စကို မေမေ ဒေါ်စိမ်းစိုအား လှမ်းအော်ပြောလိုက်သည်။

“မေမေ ... မေမေ၊ သားတို့က အရင်နော်၊ မေမေတို့က သားတို့ကိစ္စပြီးမှနော်၊ ပွင့် ကျောင်းပြီးတဲ့အထိ လုပ်မနေနဲ့တော့နော် ... မေမေ”

ဘေးလူတွေကတော့ ဘာမှန်းညာမှန်း မသိကြစေကာမူ မြင်တွေ့ရသည့် မြင်ကွင်းကို ပီတိဖြစ်စွာ ဝိုင်းကြည့်နေပါ၏။

ပီတိဖြစ်စရာပေကိုး။

ရထားတွဲပေါ်တွင် ယှဉ်ထိုင်သွားကြသည့် လူကြီးစုံတွဲကလည်း ကြည့်ကောင်း၊ မြင်ကောင်း ပသာဒဖြစ်ပါ၏။

အောက်မှ အင်မတန်လှပချောမောသော လုလင်ပျိုလေးနှင့် လုံမပျိုလေး အပြေးအလွှား ရထားနောက်သို့လိုက်ရင်း အော်ပြောနေသံလေးတွေကလည်း နားဝင်ပီယံ ကြားရသူတိုင်းတွင် နားဝင်ချိုနေလှသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com